# ဆောင်းလုလင်

## ဒေါက်တာစိုးထိုက် နှင့်
## နေအဝင် ညအကူး တစ္ဆေမြှူးတဲ့တော

ဂမ္ဘီရဆန်းကြယ်လုံးချင်းဝတ္ထု



## *ဒေါက်တာစိုးထိုက်၏ မိတ်ဆက်အမှာစာ*

ကျွန်ုပ်ဒေါက်တာစိုးထိုက်သည် ဆရာဝန်တစ်ဦးပင်ဖြစ်လင့်ကစား အသက်၄၀အရွယ်မှစ၍ ဆေးကုသခြင်းအလုပ်ကို စွန့်လွှတ်၍ ကျွန်ုပ်ဝါသနာပြင်းပြသောလုပ်ငန်းတွင်သာ အာရုံနှစ်၍ လုပ်ကိုင်ခဲ့လေသည်။

ကျွန်ုပ်သည် အသက်၄၀အထိသာ အစိုးရဆေးရုံများတွင်ဝန်ထမ်းဆရာဝန်အဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၀ခုနှစ်မှစ၍ ဝန်ထမ်းအဖြစ်မှနှုတ်ထွက်ကာ ကျွန်ုပ်စိတ်ဝင်စားသော ဝိညာဉ်လောက၊ နာမ်လောကဆိုင်ရာ လေ့လာမှုသုတေသနလုပ်ငန်းများတွင် အာရုံနှစ်၍လှုပ်ရှားခဲ့လေသည်။

ကျွန်ုပ်သည်ဝန်ထမ်းဘဝတွင် အင်္ဂလန်နိုင်ငံသို့ ပညာတော်သင်ခရီးသွားရောက်ခဲ့ရသေးရာ အင်္ဂလန်နိုင်ငံရှိ **'ဗြိတိသျှမနောသုတေသန'** အသင်းကြီးသို့ဝင်ထွက်သွားလာခဲ့ပြီး ထိုအသင်းကြီးတွင် တစ်ဦးတည်းသော မြန်မာနိုင်ငံသားအသင်းဝင်တစ်ဦးအဖြစ် အသင်းဝင်ရောက်ခဲ့လေသည်။

မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိပြီးနောက် ဝန်ထမ်းအဖြစ်မှနှုတ်ထွက်ပြီးချိန်တွင် မြန်မာနိုင်ငံအရပ်ရပ်ရှိကျွန်ုပ် လေ့လာတွေ့ရှိသမျှသော ဝိညာဉ်၊ နာနာဘာဝ၊ စုန်း၊ တစ္ဆေ၊ ကဝေ၊ ဥစ္စာစောင့်၊ လူဝင်စား၊ မှော်အစရှိသည့် နာမ်လောကဆိုင်ရာကိစ္စရပ်များကိုလေ့လာသုတေသနပြုခဲ့ပေသည်။ ကျွန်ုပ် လေ့လာတွေ့ရှိခဲ့သောအမှုတွဲများအနက် သက်သေသက္ကာယခိုင်လုံသောဖြစ်ရပ်များကို လန်ဒန်ရှိမနောသုတေသနအသင်းကြီးသို့ အထောက်အထား အချက်အလက်များနှင့်အတူ ရေးသားပေးပို့ခဲ့လေသည်။

ကျွန်ုပ်တွေ့ရှိချက်များအား အသင်းကြီးမှ အခါအားလျော်စွာထုတ်ဝေသော စာစောင်၊ စာအုပ်များတွင် ဖော်ပြခဲ့ရာ ကမ္ဘာအရပ်ရပ်ရှိဝိညာဉ်သုတေသနပညာရှင်များကြားတွင် ကျွန်ုပ်အမည်မှာအတန်အသင့်ထင်ရှားလျှက်ရှိပေပြီ။

၁၉၉၈ခုနှစ်တွင် ကျွန်ုပ်သည် အမှုတွဲတစ်ခုအတွက် မန္တလေးမြို့သို့သွားရောက်ခဲ့ရာ ကျွန်ုပ်၏လုပ်ငန်းများကိုစိတ်ပါဝင်စားစွာကူညီလုပ်ကိုင်ပေးခဲ့သည့်လူငယ်လေးတစ်ဦးနှင့် ရင်းနှီးသိကျွမ်းခဲ့ရလေသည်။ ထိုလူငယ်သည် စာပေရေးသားရန်ကြိုးစားလေ့လာနေသောစာပေဝါသနာရှင်တစ်ဦးဖြစ်ရုံမက မနောသုတေသနလုပ်ငန်းများကိုလည်း စိတ်ဝင်စားလှပေသည်။ လူငယ်က ကျွန်ုပ်အင်္ဂလိပ်ဘာသာဖြင့်ရေးသားသော ဆောင်းပါးအချို့ကို ဖတ်ရှုခဲ့ဖူးပြီးဖြစ်သဖြင့် ကျွန်ုပ်မှာအံ့သြရသေးသည်။

လူငယ်သည် ကျွန်ုပ်သွားရောက်လိုသည့်နေရာများကို သူ၏မော်တော်ဆိုင်ကယ်လေးဖြင့် လိုက်လံပို့ဆောင်ပေးရုံမက၊ ကျွန်ုပ်တွေ့ဆုံလိုသောလူများကို ဆက်သွယ်ပေးခြင်း၊ စုံစမ်းပေးခြင်းများပြုလုပ်ခဲ့ရာ ကျွန်ုပ်မှာ များစွာကျေးဇူးတင်မိပေ၏။

နောက်ပိုင်းတွင်လည်း လူငယ်နှင့်ကျွန်ုပ်သည် အဆက်အသွယ်မပြတ်ခဲ့ပေ။ သူရန်ကုန်မြို့သို့ ရောက်လာသည့်အခါတိုင်းလည်း ကျွန်ုပ်ထံ ဝင်ရောက်လည်ပတ်လေ့ရှိ၏။ ကျွန်ုပ်သုတေသနပြုခဲ့သောအမှုတွဲများကို လေ့လာဖတ်ရှု၏။ ဖြစ်ရပ်များကိုလည်း သေချာမေးမြန်း၍ မှတ်စုတွင်မှတ်သားထားပေ၏။

၂၀၀၃-ခုနှစ်၏ မိုးရာသီနေ့တစ်နေ့တွင် ထိုသူငယ် ကျွန်ုပ်ထံသို့ရောက်လာပြန်ရာ ယခုတစ်ကြိမ်တွင်မူ ကျွန်ုပ်အတွက် အံ့သြစရာ၊ အားရစရာ လုပ်ရပ်များကို ထိုသူငယ်က ယူဆောင်လာခဲ့ပေသည်။

' ကျွန်တော် စာရေးဝါသနာပါတာကို ဆရာကြီးလဲအသိပဲ၊ အခု ကျွန်တော် ဝတ္ထုတချို့ရေးထားပါတယ်ဆရာကြီး၊ ကျွန်တော်ရေးတဲ့ဝတ္ထုတွေကတော့ တခြားမဟုတ်ပါဘူး၊ ဆရာကြီးကိုယ်တိုင် လေ့လာသုတေသနပြုထားတဲ့ဖြစ်ရပ်တွေကို ဝတ္ထုပုံစံနဲ့ ရသပါအောင်ပြန်ရေးထားတာပါ၊ ဆရာကြီးဖတ်ကြည့်ပြီး ဝေဖန်ချက်ပေးပါဦး၊ ဆရာကြီးကြေနပ်တယ်ဆိုရင် လူအများ

www.burmeseclassic.com

ဖတ်ရှုနိုင်အောင် စာအုပ်အဖြစ် ထုတ်ဝေချင်ပါတယ်၊ စာအုပ်ထုတ်ဖို့လည်း ဆရာကြီးဆီကခွင့်ပြုချက်ရလိုပါတယ် '

လူငယ်က သူရေးသားပြီးစီးထားသည့် စာမူများကို ကျွန်ုပ်အားပေးအပ်ခဲ့ပေ၏။

ကျွန်ုပ်သည် ဝတ္ထုအဖြစ်ရေးသားထားသော ၎င်းစာမူများအားဖတ်ရှုကြည့်ရာ ဖြစ်ရပ်များကို ကိုယ်တိုင်သုတေသနပြုခဲ့သောကျွန်ုပ်ကိုယ်တိုင်ပင် ဇာတ်ကြောင်းကိုသိပြီးဖြစ်ပါ လျှက်ရင်ခုန်ထိတ်လန့်ခြင်း၊ အံ့သြတုန်လှုပ်ခြင်းများကို ခံစား ရပေ၏။ ယင်းသို့ခံစားရသည်မှာအခြားကြောင့်မဟုတ်။ ၎င်း၏ဇာတ်လမ်းဖွဲ့စည်းပုံ၊ ရေးသားမှုကျွမ်းကျင်ပုံများကြောင့်ပင် ဖြစ်ပေတော့သည်။

ဆောင်းလုလင်က အချို့ဝတ္ထုများတွင်. . ကျွန်ုပ်အားဇာတ်ကောင်အဖြစ်ထည့်သွင်းထားပြီး အချို့ဝတ္ထုများ၌ ကျွန်ုပ်ကိုယ်တိုင် လေ့လာသုတေသနပြုခဲ့သည့်အတိုင်း ရေးသားထားသည်။ အချို့ဝတ္ထုများတွင်ကား ဖြစ်ရပ်ကိုဝတ္ထုသဖွယ် သရုပ်ဖော်ရေးသားထားပေ၏။

မည်သို့ဆိုစေ ကျွန်ုပ်၏အတွေ့ကြုံများကိုရသပါသောဝတ္ထုသဖွယ်တန်ဆာဆင်ရေးသားထားသည့်အတွက် ကျွန်ုပ်မှာကြေနပ်ဝမ်းမြောက်မိပေသည်။

ကျွန်ုပ်သည် မြန်မာစာဖတ်ပရိသတ်များသိရှိရန်အလို့ငှာ ကျွန်ုပ်၏ လေ့လာတွေ့ရှိချက်များကို စာပေဖြင့် ရေးသားတင်ပြရန်စိတ်ကူးမှာ မဆွကတည်းကပင် ရှိခဲ့လေ၏။ သို့ရာတွင် ကျွန်ုပ်မှာ မအားလပ်ခြင်း၊ မြန်မာစာရေးသားရာတွင် ကျွမ်းကျင်မှုမရှိခြင်း (ကြွားဝါခြင်းမဟုတ်၊ ကျွန်ုပ်သည်အင်္ဂလိပ်ဘာသာဖြင့်ရေးသားခြင်းကိုသာ ကျွမ်းကျင်ပါသည်)တို့ကြောင့် ကျွန်ုပ်၏ဆန္ဒများနှောင့်နှေးခဲ့ရပေ၏။

ယခု ကျွန်ုပ်ခင်မင်သောလူငယ်က ' ***ဆောင်းလုလင်*** ' ဆိုသောကလောင်အမည်ဖြင့် ကျွန်ုပ်၏ အတွေ့အကြုံများကို ရသပါသောဝတ္ထုသဖွယ် စီကုံးရေးသားပေးသည့်အခါ ကျွန်ုပ်၏ အာသာဆန္ဒကိုဖြည့်စွမ်းပေးရာရောက်သဖြင့် ကျွန်ုပ်မှာ များစွာ ကျေးဇူးတင်ရပေ၏။

**ဆောင်းလုလင်**က အချို့ ဖြစ်ရပ်များကို နေရာဒေသ၊ ကာယကံရှင်တို့ ၏အမည်နာမများပြောင်းလဲရေးသားထားပေရာ ဤသည်မှာလည်း ဖြစ်သင့်သောအချက်တစ်ရပ်ပင် ဖြစ်ပေ၏။ အချို့ဝတ္ထု၌ကား ဖတ်ရှု၍ပိုအဆင်ပြေစေရန် စိတ်ကူးယဉ်ဇာတ်ကောင်များဖြည့်စွက်ထားသည်ကို တွေ့ရပေသည်။ ဤသည်မှာလည်း ရသဝတ္ထုအဖြစ်တင်ပြသည်မို့ ဖတ်ရှုသူများအဖို့ အရသာပို၍ပြည့်ဝစေမည်ဟု ယူဆပါသည်။

ကျွန်ုပ်ကိုယ်တိုင်သာ ဤဖြစ်ရပ်များကို စာဖြင့်ရေးသားတင်ပြရလျှင် အချက်အလက်များပါသော ဆောင်းပါးရှည်ကြီးသဖွယ်သာဖြစ်နေမည်ဖြစ်ပြီး၊ ငြီးငွေ့ဖွယ်ကောင်းမည်အမှန်ဖြစ်ကြောင်းဝန်ခံရပေသည်။ ဆောင်းလုလင်ကစာဖတ်ပရိသတ်များကို ကျွန်ုပ်တင်ပြလိုသောအကြောင်းအရာများအား ကျွန်ုပ်ကိုယ်စား ရသဝတ္ထုအနေနှင့်တင်ပြပေးသည့်အတွက် ကျေးဇူးတင်ရပါသည်။

သို့ပါ၍ ဆောင်းလုလင်ဆိုသောသူငယ် နောက်တစ်ခေါက်ရောက်လာ၍ ကျွန်ုပ်၏သဘောထားကို မေးမြန်းသည့်အခါ ကျွန်ုပ်က ၎င်း၏စာပေရေးသားခြင်းအတတ်ပညာကိုချီးကျူးကာ ဝတ္ထုများအဖြစ် ပုံနှိပ်ထုတ်ဝေလိုပါက ထုတ်ဝေနိုင်ပါကြောင်း ကြေနပ်စွာဖြင့်ခွင့်ပြုချက်ပေးလိုက်ရပါသတည်း။

**ဒေါက်တာစိုးထိုက်**
**မနောဝိညာဉ်သုတေသီ**
M.B., B.S.
M. Med. Sc
M.P.H (London )

www.burmeseclassic.com

# အပိုင်း - ၁

## *မြင်ယောင်**စိုးဝါး** အ**တိ**တ်ပန်းချီကား*

◆

အချိန်ကာလကား ၁၉၈၂ခုနှစ်ဖြစ်ပေသည်။

ညားကာစဇနီးမောင်နှံဖြစ်သော ကိုကောင်းတင်နှင့် မာလာမွန်တို့သည် ကိုယ်ပိုင်ကားလေးကို မြောက်ပိုင်းရှမ်းပြည်၏ အဝေးပြေးလမ်းမအတိုင်း မောင်းနှင်လာခဲ့သည်။

ဤခရီးစဉ်သည် သူတို့အတွက် ပျားရည်ဆမ်းခရီးစဉ်ဆိုလျှင်လည်း မမှားပါပေ။

၁၉၈၂ခုနှစ်၊ မတ်လ ၁၂ရက်နေ့တွင် မင်္ဂလာပွဲကျင်းပ၍ လက်ထပ်ခဲ့သော ဇနီးမောင်နှံအသစ်စက်စက်အတွက် ပထမဆုံးခရီးစဉ်လည်းဖြစ်ပေသည်။ ကိုကောင်းတင်မှာ အသက်၂၇နှစ်သာရှိသေးသော်လည်း အစိုးရ၏အရေးပါအရာရောက်သောဌာနကြီးတစ်ခုတွင်အရာရှိတစ်ဦးဖြစ်သည့်အားလျော်စွာ အားလပ်ချိန်နည်းလှပေသည်။ တာဝန်ကျေပွန်တတ်သောသူဖြစ်၍လည်း အကြောင်းမဲ့ ရုံးမှခွင့်ယူခြင်းမျိုးမပြုလိုခဲ့ပေ။

ထို့ကြောင့် လက်ထပ်ပြီးသည့်တိုင် ဇနီးသည်နှင့်အတူ မည်သည့်ဒေသကိုမှ ခရီးမထွက်ဖြစ်ခဲ့။

လက်ထပ်ပြီး ၅လအကြာမှသာ အကြောင်းသင့်၍ ယခုလိုထွက်လာနိုင်ခြင်းဖြစ်ပါသည်။

အကြောင်းသင့်သည် ဆိုရာမှာလည်း ကိုကောင်းတင်သည် သူတို့ဌာနအကြီးအကဲကြီး၏ ကိုယ်ရေးအရာရှိဖြစ်နေ၍ အားလပ်သည်ဟူ၍ မရှိသလောက်ဖြစ်နေရာမှ. . ယခုလပိုင်းတွင် အထက်အရာရှိကြီး နိုင်ငံခြားခရီးထွက်ခွာသွားသောကြောင့် တာဝန်တချို့မှလွတ်လပ်သွားစဉ် ခွင့်ဆယ်ရက် ယူနိုင်ခဲ့ခြင်းဖြစ်လေသည်။

ကိုကောင်းတင်နှင့်မာလာမွန်တို့ဇနီးမောင်နှံသည် ကိုယ်ပိုင်ကားဖြင့်ပင် ခရီးထွက်လာခဲ့ကြ၏။

သူတို့ ခရီးထွက်ခဲ့သောအချိန်မှာ ဩဂုတ်လကုန်ပိုင်းဖြစ်ပါ၏။ မိုးကာလဖြစ်သော်လည်း အချိန်ရွေးမနေအားပဲ ခွင့်ရတုန်းထွက်ခဲ့ကြခြင်းဖြစ်ပါ၏။

သူတို့ ဦးတည်ချက်ထားသောနေရာမှာ သူငယ်ချင်းဖြစ်သူ ဒေါက်တာမျိုးအောင် အခြေချနေထိုင်သည့် ရှမ်းပြည်မြောက်ပိုင်းသို့ဖြစ်လေသည်။

ဒေါက်တာမျိုးအောင်သည် ကျောင်းဆင်းပြီးကတည်းက အစိုးရအလုပ်ဝင်မလုပ်ပဲ ရှမ်းပြည်မြောက်ပိုင်းရှိ သူ၏ဇာတိရွာကြီးတွင် ဆေးခန်းဖွင့်၍ အောင်မြင်နေသူဖြစ်သည်။

ကိုကောင်းတင်တို့ မင်္ဂလာဆောင်ကို ရောက်လာစဉ်က သူနေသည့် **'ကျောက်ကွေ့ရွာ'**သို့ အလည်အပတ်လာပါရန် အထပ်ထပ်ဖိတ်ခေါ်ခဲ့လေသည်။ ကျောက်ကွေ့ရွာသည် ရွာဆိုသော်လည်း မြို့အဆင့်အတန်းမီအောင် စီးပွားရေးဖြစ်ထွန်းကြောင်း၊ လူနေမှုမှာလည်း မြို့ပြဆန်ကြောင်းများပြောပြ၍ လာလည်ဖြစ်အောင် လာလည်ဖို့ ဖိတ်ခေါ်ခဲ့ပေသည်။

ခွင့်ရတုန်းအချိန်မှာ ခရီးထွက်ရန်စဉ်းစားရာ ဒေါက်တာမျိုးအောင်ဖိတ်ခေါ်ထားသည်ကို သတိရ၍ ရှမ်းပြည်မြောက်ပိုင်းကို ဦးတည်၍ထွက်ခွာခဲ့ကြခြင်းဖြစ်လေသည်။

www.burmeseclassic.com

ခွင့်ရက်မှာ ဆယ်ရက်ပင်ရခဲ့သည်မို့ ကိုကောင်းတင်တို့သည် ရန်ကုန်-ပြည်လမ်းမှပတ်ကာ ပြည်၊ မကွေးရှိဘုရားများကိုဝင်ဖူးခဲ့သည်။ ထိုမှ ပုဂံဘုရားများကိုဝင်ဖူးကာ. . မန္တလေးသို့ ခရီးဆက်ခဲ့ကြ၏။ မန္တလေး၌ နှစ်ညအိပ်ပြီး စစ်ကိုင်း၊ မင်းကွန်းနှံ့အောင်လည်း သွားရောက်နိုင်ခဲ့၏။

ခရီးထွက်ခဲ့ပြီး ငါးရက်မြောက်နေ့ရောက်မှ သူငယ်ချင်းဒေါက်တာမျိုးအောင်ရှိရာ ရှမ်းပြည်မြောက်ပိုင်းသို့ ခြေဦးလှည့်နိုင်ပေတော့သည်။

ထိုနေ့သည် ဝါခေါင်လပြည့်နေ့ဖြစ်ပေ၏။ မြန်မာသက္ကရာဇ် **၁၃၄၄ခုနှစ် ဝါခေါင်လပြည့်နေ့**ဖြစ်ပါသည်။ ခရစ်နှစ်အရ ၁၉၈၂ခုနှစ် စက်တင်ဘာလ ၃ရက်နေ့ဖြစ်ပေသည်။

ကိုကောင်းတင်တို့သည် မနက်စောစောတွင် မန္တလေးမှထွက်ခဲ့ကြပြီး. . ပြင်ဦးလွင်၌ ရုက္ခဗေဒဥယာဉ်၊ ဘီအီးရေတံခွန်၊ ပိတ်ချင်းမြောင်စသည်တို့ကို ဝင်ရောက်လည်ပတ်ခဲ့သေးသည်။

ထို့ကြောင့် . . မြောက်ပိုင်းရှမ်းပြည်နယ်သို့အဝင်တွင် မှောင်ရီပျိုးနေပေပြီ။

ကိုကောင်းတင်က ပါလာသောကင်မရာလေးဖြင့် ရှုခင်းလှလှမြင်တိုင်း ကားရပ်ကာ ဓာတ်ပုံဆင်းရိုက်နေသည့်အတွက်လည်း ဤမျှကြာမြင့်သွားခြင်းဖြစ်ပါသည်။

ကိုကောင်းတင်က လှပသောရှုခင်းတွေ့တိုင်း ချစ်ဇနီးမာလာမွန်ကို ရှုခင်းရှေ့၌ရပ်စေကာ စံပြမယ်လုပ်၍ဓာတ်ပုံရိုက်လာခဲ့လေသည်။ တောင်ပေါ်ရှုခင်းဆိုသည်ကလည်း ကိုကောင်းတင်တို့လို ရန်ကုန်သားများအဖို့ အမြင်ဆန်းနေသည်။ မြင်ကွင်းများကလည်း စိမ်းစိုသောတောအုပ်၊ ရောင်စုံတောပန်းများ၊ တောင်တန်းတောင်စဉ်အသွယ်သွယ်၊ မြူခိုးတိမ်လိပ်များနှင့် ဒေသခံ တောသူတောင်သားတို့၏ ကွဲပြားသောဝတ်စားဆင်ယင်မှုများကို လမ်းတလျှောက်မြင်တွေ့လာခဲ့ရသည်။

ကိုကောင်းတင်ဓာတ်ပုံရိုက်လွန်း၍ မာလာမွန်ပင်ငြီးငွေ့လာခဲ့လေပြီ။

'ကဲ. . ကိုကို၊ ဒီပုံအတိုင်းဆို လမ်းမှာတင် မှောင်သွားလိမ့်မယ်၊ ကိုကို့ကင်မရာကိုသိမ်းလိုက်ပါတော့'

မာလာမွန်က သတိပေးလိုက်ရသည်။

'ကိုမျိုးအောင်နေတဲ့ရွာက လမ်းမကြီးကနေ တော်တော်ချိုးကွေ့ပြီးဝင်ရဦးမှာဆို၊ တစ်ခါမှမရောက်ဖူးတဲ့နေရာကို မှောင်မှောင်မည်းမည်းကြီးထဲ သွားနေရပါဦးမယ်ကို'

ကိုကောင်းတင်က ကင်မရာကို ပိတ်သိမ်းလိုက်ကာ မာလာမွန့်ဆီသို့ကမ်းပေးလိုက်သည်။

'ကဲ. . မွန်ပဲသိမ်းထားပေတော့၊ ကိုကို့လက်ထဲမှာရှိရင် ရိုက်ချင်စိတ်ပေါက်နေဦးမယ်'

မာလာမွန်က ကင်မရာလေးကို လက်ပွေ့အိတ်ထဲသို့ ထည့်ထားလိုက်လေသည်။

ထို့နောက် လင်မယားနှစ်ယောက်သား ကားပေါ်ပြန်တက်ကာ မောင်းထွက်ခဲ့ကြလေသည်။

'ကိုမျိုးအောင်တို့ရွာကို တော်တော်များ ရှာရဦးမလားမသိဘူး'

နယ်ခရီးကိုတစ်ခါမှမထွက်ဖူးသည့် ရန်ကုန်သူမာလာမွန်ကစိုးရိမ်စွာငြီးလိုက်လေသည်။

'ကိုယ့်မှာမြေပုံပါပါတယ်၊ လမ်းမှာလည်း လမ်းညွှန်ဆိုင်းဘုတ်ရှိတယ်ပြောတယ်မွန်၊ မျိုးအောင်ရွာက ရွာဆိုပေမယ့် မြို့ကလေးလောက်ရှိတာပါတဲ့၊ မစိုးရိမ်ပါနဲ့မွန်'

'ဟော. . ကို၊ မိုးတွေရွာလာပြန်ပြီ'

သူတို့ကား စအထွက်မှာပင် မိုးများက တဖွဲဖွဲရွာသွန်းလာလေသည်။

မိုးကာလဖြစ်သော်လည်း ခရီးစဉ်တလျှောက်၌ မိုးရွာသည်ကို သိပ်မတွေ့ခဲ့ရပါချေ။ သူတို့ထွက်ခွာလာသည့်ခရီးစဉ်ကလည်း မိုးခေါင်သောအညာဒေသတလျှောက်မို့ မိုးနှင့်ကင်းလွတ်ခဲ့ခြင်းဖြစ်ပါသည်။

www.burmeseclassic.com

ပြင်ဦးလွင်အထွက်ရောက်မှသာ မိုးရွာသည်နှင့် မကြာခဏကြုံရတော့ခြင်းဖြစ်သည်။

မိုးက သည်းသည်းမည်းမည်းလည်းမဟုတ်။ ဖြည်းဖြည်းချင်း စွေ၍ ခပ်ပါးပါးသာရွာသွန်းနေခြင်းဖြစ်သည်။ ပတ်ဝန်းကျင်ကတော့ နေဝင်ရီတရောအမှောင်နှင့် မိုးသားတိမ်လိပ်တို့၏အမှောင်တို့ရောနှောကာ အတန်ငယ်မှိုင်းရီသွားခဲ့လေပြီ။

တစ်နေရာအရောက်တွင် အတန်ငယ်မတ်စောက်သည့် တောင်ကုန်းတစ်ခုကိုတက်ခဲ့ရသည်။ တောင်ကုန်းမှာ အတော်မတ်စောက်သည့်အတွက် ဂီယာကြီးသုံး၍တက်ခဲ့ရလေသည်။

'မြေပုံအရဆိုရင် ဒီတောင်ကုန်းအလွန်မှာ လမ်းခွဲရှိတာပဲမွန်'

ကိုကောင်းတင်က ပြောလိုက်သည်။

ကားက တောင်အဆင်းဖက်ခြမ်းသို့ဆင်းလာခဲ့လေပြီ။

'တောင်ခြေရောက်မှ မြေပုံပြန်ကြည့်ရဦးမယ်'


ကိုကောင်းတင်စိတ်ကူးက တောင်ခြေမြေပြန့်အရောက်တွင် ကားကိုလမ်းဘေး၌ခဏရပ်ကာ မြေပုံကိုထုတ်ကြည့်ပြီး ပတ်ဝန်းကျင်အနေအထားကို စနည်းနာရန်ဖြစ်ပါသည်။

သို့ရာတွင် မြေပြင်ညီညာသောနေရာရောက်သည်နှင့် ကားကိုပင်မရပ်လိုက်ရပဲ ကြီးမားသောလမ်းညွှန်ဆိုင်းဘုတ်ကြီးကို တွေ့လိုက်ရလေသည်။

'ဟော. . ကိုကို၊ ဟိုမှာ ကျောက်ကွေ့ရွာသို့တဲ့၊ ဆိုင်းဘုတ်ကြီး'

'ဟုတ်သားပဲ'

ဆိုင်းဘုတ်ကိုလမ်း၏နှစ်ဖက်လုံးမှမြင်ရရန် ဘေးစောင်းတိုက်အနေအထား ထောင်ထားကာ လေးပေ၊ သုံးပေအရွယ်ရှိ သံပြားပေါ်၌ ထင်ရှားစွာရေးသားထားခြင်းဖြစ်ပါသည်။




ဆိုင်းဘုတ်က ကတ္တရာလမ်းမကြီး၏ ညာဖက်၊ အရပ်မျက်နှာအရ အနောက်ဖက်သို့ မျှားပြ လမ်းညွှန်ထားခြင်းဖြစ်သည်။

ကိုကောင်းတင်သည် ကားလေးကို မျှားညွှန်ထားသည့် လမ်းထဲသို့ချိုးကွေ့လိုက်သည်။

ကတ္တရာလမ်းမကြီးမှ ချိုးကွေ့လိုက်သည်နှင့် လမ်းသည် မြေလမ်းဖြစ်သွားကာ. . မညီညာသောမြေပြင်နှင့်ထိတွေ့လိုက်ရလေ၏။

ထိုနေရာ၌. . မိုးအတော်သည်းလာသည့်အတွက် ကိုကောင်းတင်က ကားရှေ့မီးကိုဖွင့်လိုက်ရလေသည်။

လမ်းမှာ မြေလမ်းဖြစ်သည့်အပြင် မိုးရာသီဖြစ်သောကြောင့် အချို့နေရာ၌ ရေများဝပ်နေသည်။ နွားလှည်းများသွားထားသည့်အတွက် နွားခြေရာနှင့် လှည်းဘီးရာများက ရွှံ့ထဲနစ်ဝင်နေလေသည်။ ကားကလေးသည် မညီညာသောလမ်းပေါ်ဝယ် ဘယ်ညာယိမ်းထိုးနေလေ၏။

လမ်းမှာကျဉ်းသောကြောင့် လမ်းဘေးနှစ်ဖက်ရှိသစ်ပင်ကြီးများမှာ လမ်းမပေါ်သို့ ပြန်လည်အုပ်မိုးနေသည်။

'မွန်တို့ လမ်းမှာအချိန်မဖြုန်းခဲ့မိရင် ကောင်းမှာနော်၊ တော်တော်များမိုးချုပ်နေပလားလို့'

မာလာမွန်က စိုးရိမ်ကြောင့်ကျသောလေသံဖြင့် ပြောလိုက်သည်။

'မိုးရွာလို့ပါမွန်၊ ခုမှ ခြောက်နာရီပဲရှိသေးတယ်'

နယ်ခရီးကိုမထွက်ဖူးသည့်မာလာမွန် စိတ်ပူမှာစိုး၍ပြောလိုက်ရသော်လည်း. . ကိုကောင်းတင်ကိုယ်တိုင်ပင် အနည်းငယ်စိတ်ပူပန်နေလေသည်။ သူပုန်သူကန်များ သောင်းကျန်းသည့်ကာလမျိုးမဟုတ်တော့၍ တော်ပေသေးသည်။

www.burmeseclassic.com

တစ်မိုင်ခန့်မောင်းလာသည့်အတွင်း လမ်း၌ ရွာဖက်သို့ ပြန်သောလှည်းတစ်စီးကိုသာ တွေ့ခဲ့ရလေသည်။ သူတို့ကား ရှေ့မှရောက်နှင့်နေသောလှည်းကို နောက်မှဟွန်းတီးကျော်တက်ရာတွင် ကျဉ်းသောလမ်း၌ အလွန်သတိထား၍ကျော်တက်ခဲ့ရပေ၏။ ပေါင်းမိုးလှည်းကလေးက လမ်းဘေးခြုံတောထဲအထိ တိုး၍ ရပ်ပေးသည့်အတွက် အဆင်ပြေသွားခဲ့သည်။

ခရီးတစ်ဝက်ကျော်ကျော်လောက်တွင် ချောင်းတစ်ခုကို ဘွားကနဲတွေ့လိုက်ရလေသည်။ ချောင်းမှာ မိုးရာသီမို့ ရေပြည့်လျှံနေပြီး ရေစီးသန်လှသည်ကိုတွေ့ရပေ၏။

ရွာသို့သွားသောလမ်းသည်လည်း ချောင်းကမ်းပါး အတိုင်း ဆက်လက်ဖောက်လုပ်ထားသည်ကို တွေ့ရလေသည်။

လမ်း၏တစ်ဖက်တွင် လယ်ကွင်းပြင်များကို တမျှော်တခေါ် တွေ့ရလေ၏။ စပါးပင်များ စိမ်းစိုစွာပေါက်နေလေသည်။

လေတိုက်လိုက်သည့်အခါတိုင်း စပါးပင်များ ယိမ်းနွဲ့လှုပ်ရှားသွားပုံမှာ အပေါ်စီးမှကြည့်လျှင် ရေလှိုင်းများ တွန့်လိပ်ရိုက်ခတ်သွားပုံနှင့်တူလှပေ၏။

ချောင်းက သူတို့ကားရှေ့ရှုရာ၏ ဘယ်ဖက်တွင်ရှိပြီး၊ လယ်ကွင်းများက ညာဖက်တွင်ရှိနေလေသည်။

လယ်ကွင်းများကိုမြင်ရခြင်းအားဖြင့် ရွာနှင့်နီးလာပြီဟု ခန်းမှန်းလိုက်ကြသည်။

လမ်းဘေးနှစ်ဖက်လုံး တစ်ဖက်ကချောင်း၊ တစ်ဖက်က လယ်ကွင်းပြင်များမို့.. သစ်ပင်အုံ့ဆိုင်းသော တောလမ်းခရီး လောက်မမှောင်တော့ပေ။ မိုးကလည်း အနည်းငယ်ပါးသွားသည့် အတွက် ပတ်ဝန်းကျင်မှာ လင်းလင်းချင်းချင်းပြန်ဖြစ်လာလေ၏။

လူမှာလည်း စိတ်လက်ရွှင်လန်းပေါ့ပါးသွားလေ၏။

မလိုအပ်တော့သည့်အတွက် ကိုကောင်းတင်က ကားရှေ့မီးများကို ပြန်ပိတ်ပစ်လိုက်သည်။

ကိုကောင်းတင်သည် ကားကိုဖြည်းညှင်းစွာပင် ချောင်းကမ်းပါးလမ်းမအတိုင်း ဆက်မောင်းလာခဲ့လေသည်။

အနည်းငယ်သွားမိသည့်အခါ ချောင်းကိုကျော်၍ မီးရောင်တချို့ကိုမြင်လိုက်ရသည်။ လျှပ်စီးတစ်ချက်လက်လိုက်ရာ ရွာတစ်ရွာ၏ရှုခင်းကို ခပ်လှမ်းလှမ်းအမြင်ဖြင့် မြင်တွေ့လိုက်ရလေသည်။

'ဟောဟိုကရွာထင်တယ်ကို'

'ဟုတ်တယ်မွန်၊ မြေပုံအရဆို အဲဒီရွာပဲ'

'ရွာမြင်ရမှ စိတ်အေးတော့တယ်ကိုရယ်၊ တကယ်ဆို ကိုမျိုးအောင်ကြီးက ပြင်ဦးလွင်ကနေ လာကြိုနေဖို့ကောင်းပါတယ်'

'သူ့မလဲ သူ့လူနာတွေနဲ့ အခြေအနေမပေးလို့ထင်ပါတယ်မွန်ရယ်၊ ကိုယ်တို့အတွက်သာ ဒီခရီးက ဆန်းနေတာကိုး၊ သူကသွားနေလာနေကျဆိုတော့ ခပ်လွယ်လွယ်ပဲလမ်းညွှန်လိုက်တာလေ၊ ကို့ကို မြေပုံဆွဲပေးလိုက်တာတောင် ကျေးဇူးတင်ရဦးမယ်'

ချောင်းနဘေးဖြစ်သည်မို့ လမ်းမှာ သဲမြေဖြစ်နေသည်။ ကျောက်တုံးကျောက်ခဲနှင့် ရွှံ့ထူသောလမ်းနှင့်စာလျှင် ကားမောင်းရတာပြေပြစ်မှုရှိသွားသည်။ သဲထဲတွင်ရုန်းရသည့်အတွက် ကားကိုနှေးနှေးမောင်းရတာသာရှိတော့သည်။

'ဟင်.. ကို၊ မွန်တို့ကားက ရွာကို ကျော်လာပြီထင်တယ်'

မာလာမွန်က ရွာဖက်ရှိမီးရောင်လက်လက်များကို လှမ်းကြည့်ရင်း ပြောလိုက်သည်။

'ကျော်လာတာမဟုတ်ဖူးမွန်၊ ရွာက ချောင်းရဲ့ဘေးမှာပဲ'

'သြော်.. ဒါဖြင့် တံတားဖြတ်ရဦးမှာပေါ့နော်'

မာလာမွန်က သူ့အထင်အမြင်ကိုပြောလိုက်သည်။

'တံတားဖြတ်စရာမလိုပါဘူးမွန်၊ ရွာနဲ့ ကိုတို့လာနေတဲ့လမ်းနဲ့က ကမ်းတစ်ဖက်ထဲပဲ'

'ဟင်..'

www.burmeseclassic.com

'မြေပုံအရဆိုရင် ချောင်းက ရှေ့နားမှာ ကွေ့သွားတယ် ကွ၊ အကွေ့ကိုလွန်မှ ရွာကိုရောက်မှာ၊ အဲဒါကြောင့် ဒီကနေ ကြည့်ရင် ရွာကိုနောက်မှာကျန်ခဲ့သယောင်ထင်ရတာမွန်'

'အမယ်. . ကိုက အတတ်ပြောနိုင်နေလိုက်တာ၊ ရောက် ဖူးတာကျနေတာပဲ'

'ကိုက မြေပုံကိုအလွတ်ကျက်ထားတာကိုးကွ'

သူတို့စကားအဆုံးမှာပင် ချောင်းကွေ့နေရာသို့ရောက် လာလေ၏။

ချောင်းသည် တည့်မတ်စွာစီးဆင်းနေရာမှ ညာဖက်သို့ 'ဂငယ်'ပုံသဏ္ဍာန် တစ်ဆစ်ချိုး ချိုးကွေ့သွားလေသည်။ ဂငယ်ပုံ ဝိုက်၍ကွေ့နေသောနေရာ၌ အထက်မှစီးဆင်းလာသောရေများ သည် အရှိန်ပြင်းစွာတိုးဝင်သောကြောင့် ချောက်ကမ်းပါးကြီးတစ် ခုအဖြစ် လှိုက်စားနေလေသည်။

'ရှုခင်းလေးက ကြည့်လို့လှလိုက်တာ၊ ဆင်းကြည့်ရ အောင်မွန်'

'လုပ်ပြီ၊ ကိုကတော့'

'ရွာကိုမြင်နေရပြီပဲ၊ ခါတ်ပုံတော့မရိုက်တော့ပါဘူးမွန်'

ကိုကောင်းတင်က ကားကိုစက်သတ်ရင်း ပြောလိုက်လေ သည်။

မိုးမှာ အတော်ပင် စဲသွားပြီး တစ်ပေါက်နှစ်ပေါက်သာ ကျပေတော့သည်။

မာလာမွန်သည်လည်း မိုးရွာပြီးစ တိမ်ကင်းစင်သောည နေခင်း၏ရှုခင်းကို စိတ်ဝင်စား၍ တစ်ဖက်မှကားတခါးကိုဖွင့် ကာဆင်းလိုက်လေသည်။ မိုးပါးသွားပြီဖြစ်၍ မာလာမွန်က ပုဝါ လေးကိုသာ ခေါင်းပေါ်လွှမ်း၍တင်လိုက်လေသည်။

ကိုကောင်းတင်က ရှေ့မှလျှောက်သွားနှင့်ကာ ချောင်း ကမ်းစပ်သို့ရောက်နေလေပြီ။

'ကြည့်စမ်းမွန်၊ ဒီလိုမြင်ကွင်းမျိုးသိပ်ရှားတယ်၊ လှလည်း လှတယ်၊ နိုင်ငံခြား ရှုခင်းပြက္ခဒိန်တွေမှာတောင် ဒါမျိုးမတွေ့ဘူး'

'ဟုတ်ပါရဲ့ကိုရယ်'

နှစ်ယောက်သား ချောင်းကမ်းပါးအောက်သို့ ငုံ့ကြည့် လိုက်ကြသည်။

ချောင်းမှာ မြောက်မှတောင်သို့စီးဆင်းလာရာမှ. . ဤ နေရာအရောက်တွင် အနောက်မြောက်ဖက်သို့ ရုတ်တရက် ချိုး ကွေ့သွားလေသည်။ အကွေ့နေရာသည် ဂငယ်ပုံသဏ္ဍာန် ဝိုက်နေ၏။ ရေစီးသည် ချောင်းကွေ့နေရာ၌ ကမ်းပါးကိုအရှိန် ပြင်းစွာရိုက်ခတ်ပြီးမှ တစ်ဖက်သို့ကွေ့ဆင်းသွားသည့်အတွက် ချောင်းကွေ့သည် အတွင်းဖက်သို့ခွက်ဝင်လှိုက်စားနေလေသည်၊

အကွေ့နေရာ၌ ကမ်းပါးအစွန်သည် ချောင်းရေပြင် အထက်အထိ ငေါ်ထွက်နေလေသည်။ အောက်ခြေတွင် မြေသား များလှိုက်စားနေသည့်အတွက် ကမ်းပါးအောက်ခြေမှာခွက်ဝင်နေ ခြင်းဖြစ်လေသည်။ ထိုအခြေအနေကြောင့် ကမ်းပါးထိပ်ပိုင်းသည် အချိန်မရွေးပဲ့ကျသွားနိုင်သည်ဟု ခံစားလိုက်ရလေသည်။

'ကမ်းပါးစောက်ကြီးက အသည်းယားစရာကြီးနော်ကို'

မာလာမွန်က နက်ရှိုင်းလှသော ချောက်ကမ်းပါးကြီး အောက်ခြေသို့ ငုံ့ကြည့်ရင်းပြောလိုက်သည်။

'ဟုတ်တယ်နော် မွန်၊ ချောက်ထိပ်စွန်းသာ သွားရပ်ရင် မြေကြီးတွေပဲ့ကျပြီး ချောင်းထဲကျသွားနိုင်တယ်'

ကမ်းပါးသည် ချောင်းရေပြင်အထက်ထိ စွန်းထွက်နေ သောကြောင့် ကမ်းပါးထိပ်မှ ညောင်ပင်ကြီး၏အမြစ်များသည် ကမ်းပါးနံရံ၌ ထိုးထွက်နေလေသည်။ ကမ်းပါးအောက်ခြေနှင့် ချောက်ကမ်းပါးယံ တစ်လျှောက်တွင် သစ်ပင်များထိုးထိုးထောင် ထောင်ပေါက်ရောက်နေကြ၏။

ချောင်းကွေ့၍စီးသွားသော အလည်မြေသားနေရာမှာမူ ကျွန်းကလေးတစ်ခုသဖွယ်ဖြစ်နေပေသည်။ ကျောက်စွန်းကျောက် စွယ်များဖြင့်အတိပြီးသော ကျွန်းကလေးဖြစ်နေပေ၏။

'ရှုခင်းလေးက သာယာလိုက်တာ'

www.burmeseclassic.com

မာလာမွန်က ပတ်ဝန်းကျင်ကိုလှည့်ပတ်ကြည့်ရင်းပြောလိုက်သည်။

မိုးစက်မှုံဖွဲဖွဲလေးများသာ ကျတော့သည့်အပြင် ကောင်းကင်၌ တိမ်များကင်းစင်သွားသည့်အတွက် မိုးရိပ်မည်းမည်းများ မရှိတော့ချေ။ နေဝင်စပြုသော နေဝင်ရီတရောအချိန်အဖြစ်သာ အမှောင်လဲ့လဲ့သန်းနေပေ၏။

'ဟင်. . ဟိုမှာ ဘာပါလိမ့်'

ကိုကောင်းတင်က ခပ်လှမ်းလှမ်းမှ ပြေးလာနေသော အရိပ်ကိုမြင်လိုက်၍ လက်ညှိုးညွှန်ပြရင်းပြောလိုက်သည်။

'လူနှစ်ယောက်ပဲကို၊ ဒီဖက်ကို ပြေးလာနေကြတာ'

လူနှစ်ယောက်သည် အသက်လု၍ ပြေးလာကြသည့်သဖွယ် အမောတကြီးပြေးလွှားလာနေကြပေသည်။

မြင်သာသည့်နေရာအရောက်တွင် ယောကျ်ားပျိုတစ်ဦးနှင့် မိန်းမပျိုတစ်ဦးတို့ဖြစ်ကြောင်း တွေ့လိုက်ရလေသည်။

ယောကျ်ားလေးက မိန်းကလေး၏လက်ကိုတွဲကာ ခေါင်ငင်ရင်း အမောတကောပြေးလာနေကြ၏။

ထိုစဉ် သူတို့ထွက်ပေါ်လာရာ သစ်တောအုပ်ထဲမှ နောက်ထပ်လူတစ်ယောက် ထွက်လာပြန်သည်ကို တွေ့လိုက်ရလေသည်။ ထိုသူသည် လက်ထဲ၌ ဌက်ကြီးတောင်ဓားတစ်လက်ကိုကိုင်ထားပြီး ရှေ့မှပြေးသွားနေသော လူငယ်စုံတွဲနောက်သို့ လိုက်လာခြင်းဖြစ်သည်။

ဓားကိုင်လူကြီးမှာ ဗလကောင်းကောင်းနှင့် သန်မာသူတစ်ဦးဖြစ်ကြောင်း မြင်ရုံနှင့်သိနိုင်ပေ၏။ နီးလာသည်နှင့်အမျှ သူ၏မျက်နှာမှာ ခက်ထန်မာကျော၍ ဒေါသအမျက်ထွက်နေပုံကို မြင်တွေ့ရလေသည်။

ရှေ့မှပြေးလာသောစုံတွဲသည် ချောင်းထိပ်သို့အရောက်တွင် ဆက်ပြေးစရာမြေမရှိတော့။ စုံတွဲက ချောင်းကမ်းပါး၏ ထိပ်တွင်ရပ်လိုက်သည်။

'ကို. . သူတို့ထွက်ပြေးလာတာကို နောက်ကလိုက်ဖမ်းနေတာလား မသိဘူးနော်'

'အင်း. . ကြည့်ရတာ နောက်က လိုက်လာတဲ့လူက ကောင်မလေးရဲ့ အစ်ကိုတို့မောင်တို့ ဖြစ်လိမ့်မယ်ထင်ပါရဲ့'

'သူတို့ ဝတ်ပုံစားပုံကလည်း. . အို. . '

မာလာမွန်သည် ပြောလက်စစကားကို ဆက်မပြောနိုင်တော့။

ကမ်းပါးထိပ်တွင်ရောက်နေသော လူငယ်စုံတွဲ၏အပြုအမူကြောင့်. . ထိတ်လန့်တကြားရေရွတ်လိုက်လေသည်။

လုလင်နှင့်လုံမငယ်သည် ဆုံးဖြတ်ချက်ချလိုက်ကြဟန်ဖြင့် နှစ်ယောက်သားဖက်ပွေ့လိုက်ကြသည်။ လုံမငယ်သည် လုလင်၏ရင်ခွင်ထဲသို့ရောက်သွားလေ၏။

အဖြစ်အပျက်မှာ မြန်ဆန်လွန်းလှလေသည်။

'ကို. . ကို. . သူတို့ ခုန်ချတော့မယ်၊ လုပ်ပါဦး'

မာလာမွန်၏ အော်သံအဆုံးမှာပင် စုံတွဲသည် ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်ကာ ချောက်ကမ်းပါးပေါ်မှာ အောက်သို့ ခုန်ချလိုက်လေ၏။

'ဟေ့. . မလုပ်နဲ့'

ကိုကောင်းတင်က ဟန့်တားရန် ထိုနေရာသို့ ပြေးသွားမည့်ဟန်ပြင်နေစဉ်မှာပင် လူငယ်စုံတွဲက ချောင်းထဲသို့ ခုန်ချလိုက်လေ၏။

လူငယ်၏ခေါင်းတွင်ပေါင်းထားသော ပိုးပုဝါလေးသည် ကျွတ်ကျသွားကာ လေထဲ၌လွင့်မျောနေလေ၏။ ထို့နောက် ပုဝါလေးသည် ကမ်းပါးယံတွင်ပေါက်နေသော သစ်ပင်တစ်ပင်၏ ကိုင်းတွင် ငြိနေလေသည်။

ချောင်းရေသည်လည်း နှစ်ယောက်သားလုံးထွေးကျသွားသည့်အရှိန်ဖြင့် 'ဗွမ်း'ကနဲမြည်ကာ ဂယက်များထသွားလေတော့သည်။

ထိုအချိန်၌ နောက်မှ ဓားကိုင်၍လိုက်လာသော လူသန်ကြီးသည်လည်း ချောင်းအနီးသို့ ရောက်ရှိလာလေသည်။

www.burmeseclassic.com

ကိုကောင်းတင်နှင့် မာလာမွန်သည် အဖြစ်အပျက်ကို ကြောင်အစွာငေးကြည့်နေမိ၏။

လူသန်ကြီးသည် ကမ်းပါးထိပ်အရောက်တွင် ချောင်းအောက်သို့ ငုံ့ကြည့်လိုက်သည်။

ချောင်းရေကား လူငယ်နှစ်ဦးကျသွားသည့်အရှိန်ဖြင့် ဂယက်ထနေဆဲပင်။

လူသန်ကြီးသည် မေးကြောကြီးများတင်းလာသည်အထိ အံကြိတ်ရင်း တောက်ခေါက်လိုက်ရာ. . တောက်ခေါက်သံကြီးသည် ကျယ်လောင်စွာထွက်ပေါ်သွားလေ၏။

ထို့နောက် သူက လက်ထဲမှ ငှက်ကြီးတောင်ဓားကို ရေထဲသို့ပစ်ချလိုက်လေသည်။

'ဟား. . ဟား. . ဟား. . ဟား. . ဟား. .'

မမျှော်လင့်ပဲ လူသန်ကြီး၏ရယ်မောမှုကိုတွေ့လိုက်ရ၍ ကိုကောင်းတင် အံ့အားသင့်သွားလေသည်။ သူသည် ဒေါသအမျက်ချောင်းချောင်းထွက်စွာဖြင့် လူငယ်စုံတွဲနောက်သို့လိုက်လာသည်မှာ သိသာလှပေသည်။

ယခုကဲ့သို့ ရယ်မောလိုက်ခြင်းမှာ ပုံမှန်မဟုတ်ပါလေစ၊ ရူးသွပ်သွားခြင်းပေလော။

'ဟား. . ဟား. . ဟား. . မစပယ်ရေ၊ မင်းနဲ့ငါနဲ့ မပေါင်းရမှတော့ မင်းသေသွားတာကောင်းပါတယ်ကွာ၊ အေး. . ဒါပေမယ့် ငါက မင်းအချစ်ကိုရအောင် တမလွန်အထိလိုက်ယူဦးမယ်ကွ'

လူသန်ကြီးက စကားဆုံးသည်နှင့် ချောက်ကမ်းပါးအထက်မှ ခုန်ချလိုက်လေတော့သည်။

'ဟင်. .'

'အို. .'

ကိုကောင်းတင်နှင့်မာလာမွန်မှာ တဒင်္ဂအတွင်း ရုတ်တရက်တွေ့လိုက်ရသော အဖြစ်ကိုကြည့်၍ အံ့အားသင့်ခြင်းနှင့်အတူ ထိတ်လန့်ချောက်ချားနေရလေပြီ။

အဖြစ်အပျက်မှာ သူတို့နှင့် ဝါးတစ်ရိုက်အကွာလောက်မှာဖြစ်ပျက်သွားကြခြင်းဖြစ်လေသည်။

တကယ်တော့ . . ဖြစ်စဉ်အစအဆုံးသည် စက္ကန့်ပိုင်းလောက်သာကြာလိုက်ပါသည်။

ကိုကောင်းတင်တို့အနေနှင့် ဘာမှ ဝင်ရောက်စွက်ဖက်ခွင့်မရလိုက်။

ထိုလူသုံးယောက်သည်လည်း ကိုကောင်းတင်နှင့်မာလာမွန်တို့လင်မယား အနီးမှာရှိနေကြသည်ကို မြင်ပုံပင်မပေါ်။ သူတို့ဇောနှင့်သူတို့ ဆုံးဖြတ်လုပ်ကိုင်သွားကြခြင်းဖြစ်လေသည်။

စက္ကန့်ပိုင်းလောက်သာ မြင်လိုက်ရသော အဖြစ်ကိုကြည့်၍ ဖြစ်စဉ်ကိုမူ မှန်းဆလို့ရလိုက်ပါပြီ။

လုံမငယ်၏အမည်မှာ မစပယ်ဖြစ်သည်။ လုံမငယ်နှင့် လုလင်ပျိုတို့သည် ချစ်သူများဖြစ်ကြပြီး နောက်မှလိုက်လာသော လူသန်ကြီးမှာ မစပယ်ကို တစ်ဖက်သတ်ချစ်ကြိုက်နေသူကြီးဖြစ်လိမ့်မည်။ လူသန်ကြီးသည် မစပယ်တို့၏ချစ်ခြင်းကိုခွင်းရန်၊ သို့မဟုတ်. . မစပယ်ကို လုလင်၏လက်မှလုယူရန် လိုက်လာခဲ့ခြင်းဖြစ်လေမည်။

ဇာတ်လမ်း၏နိဂုံးပိုင်းကတော့ ကိုကောင်းတင်တို့ရှေ့တွင်ပင် ဆက်လက်ဖြစ်ပျက်ပြီးခဲ့လေပြီ။

ကိုကောင်းတင်က ကမ်းပါးအစွန်သို့ ပြေးသွားကာ ချောင်းအောက်ကို ငုံ့ကြည့်လိုက်သည်။

မည်သို့သောထူးခြားမှုကိုမှ မမြင်ရချေ။ ဂယက်ထနေသောနေရေများသည်လည်း ငြိမ်သက်နေကာ စီးဆင်းမြဲအတိုင်း စီးဆင်းနေပေ၏။ လူသုံးယောက်ကိုလည်း ရေပြင်ထက်၌ပြန်ပေါ်လာသည်ကို မတွေ့ရပါချေ။

လုလင်၏ခေါင်းထက်မှ ကျွတ်ကျကျန်ခဲ့သော ပိုးပုဝါလေးမှာမူ ကမ်းပါးယံမှသစ်ပင်တွင် ငြိနေဆဲ၊ ထိုပိုးပုဝါလေးကိုသာ မြင်တွေ့မနေရပါက မကြာခင်ကဖြစ်ပျက်သွားသော အဖြစ်

www.burmeseclassic.com

အပျက်ကို တကယ်မှဖြစ်ခဲ့ပါလေစဟုသံသယဝင်စရာပင်ကောင်းတော့သည်။

အနီရောင်ပေါ်တွင် အနက်ရောင် အစက်အပြောက်ကလေးများပါသော ပိုးပုဝါလေးက လေအတိုက်တွင် သစ်ပင်ထိပ်ဖျား၌ တလွန့်လွန့်လွင့်နေပေသည်။

ကိုကောင်းတင်က မာလာမွန်ရှိရာသို့ပြန်လာလိုက်သည်

မာလာမွန်သည် မောဟိုက်စွာအသက်ရှူရင်း ကားကိုမှီ၍ရပ်နေ၏။

'မွန်. . ဘယ်လိုဖြစ်လို့လဲမွန်'

'မွန်ရင်တုန်လိုက်တာကိုရယ်၊ ကြောက်လဲကြောက်လိုက်တာ'

'ကိုလည်း ဟန့်တားဖို့ကြိုးစားပါသေးတယ်'

'သူတို့. . သူတို့. . ဘာလို့ ဒီလိုလုပ်ကြတာလဲ မသိဘူးနော်'

'ကိုတို့ ရွာကိုမြန်မြန်ရောက်အောင် သွားကြစို့မွန်၊ သူတို့အသက်ကို ကယ်ရင် ကယ်နိုင်ကောင်းပါရဲ့'

'သူတို့ အသက်ရှင်နိုင်ကြပါဦးမလားကိုရယ်'

'ကံကောင်းရင်တော့အသက်ရှင်နိုင်ပါသေးတယ်၊ ကိုမျိုးအောင်ကိုပြောပြပြီး ရွာကလူတွေခေါ်လာပြီး ချောင်းတလျှောက်လိုက်ရှာရမှာပေါ့မွန်'

'ဒါပေမယ့် သူတို့ပြေးလာကြတာ ရွာဖက်ကမဟုတ်ဖူးနော်ကို၊ တောဟို တောအုပ်ထဲကပြေးလာကြတာ'

'ဘာပဲဖြစ်ဖြစ်လေ၊ လူ့အသက်ဆိုတာ ကယ်ရမှာပဲ၊ သူတို့ဟာ ကျောက်ကွေ့ရွာသားတွေ ဟုတ်ဟုတ်-မဟုတ်ဟုတ်ပေါ့၊ ကဲ-မွန်၊ ကားပေါ်ကိုပြန်တက်၊ ကိုတို့ ရွာကိုအမြန်ရောက်အောင်သွားကြစို့'

ကိုကောင်းတင်က မာလာမွန်ကို ကားတခါးဖွင့်ပေးပြီး ထိုင်စေလိုက်သည်။ သူကိုယ်တိုင်လည်း ကားတစ်ဖက်ခြမ်းသို့ ပြန်လျှောက်သွားကာ တံခါးပေါက်ကိုဖွင့်၍ ဒရိုင်ဘာခုံတွင် ဝင်ထိုင်လိုက်၏။

ကားမောင်းမထွက်မီ ကိုကောင်းတင်က ချောင်းထဲသို့ကြည့်လိုက်ရာ. . သစ်ကိုင်းတွင်ငြိနေသော ပိုးပုဝါလေးကိုမမြင်ရတော့ပေ။

အနီရောင်ပေါ်၌ အစက်အပြောက်ကလေးများပါသော ပိုးပုဝါလေးသည် ချောင်းထဲသို့လွင့်ကျသွားပြီထင်ပါသည်။

ကိုကောင်းတင်က ကားကို အမြန်ဆုံးနှုန်းဖြင့်မောင်းကာ မလှမ်းမကမ်းမှာမြင်နေရသော 'ကျောက်ကွေ့ရွာ'ဆီသို့ ဦးတည်ခဲ့လေသည်။

သူတို့နှစ်ဦးစလုံး၏ အတွေးအာရုံထဲ၌ကား ထိတ်လန့်ချောက်ချားဖွယ်မြင်ကွင်းက စွဲထင်ပါလာခဲ့လေပြီတည်း။

♣♣♣♣♣

ငါးမိနစ်ခန့် မောင်းလိုက်သည်နှင့်ပင် ရွာဆီသို့ရောက်သွားလေသည်။

ရွာထိပ်လမ်းမပေါ်တွင် ထီးတစ်ချောင်းကိုဆောင်း၍ရပ်နေသော သူငယ်ချင်းဒေါက်တာမျိုးအောင်ကိုမြင်လိုက်ရလေ၏။

ဒေါက်တာမျိုးအောင်က လမ်းအလည်တွင် ပိတ်ရပ်လိုက်ကာ သူတို့ကိုလက်ပြလေ၏။ ကိုကောင်းတင်က ကားကို ဒေါက်တာမျိုးအောင်ရှေ့၌ရပ်လိုက်သည်။

'ဟား. . ဟား. . မင်းတို့ရောက်လောက်ပြီဆိုပြီး ငါလာစောင့်နေတာကွ၊ လာကြ၊ ဟောဟိုက ကြက်ခြေနီဆိုင်းဘုတ်အထိ မောင်းခဲ့လိုက်၊ အဲဒါ ငါ့ဆေးခန်းပဲ၊ ငါကတော့ ခြေထောက်မှာ ရွှံ့တွေနဲ့မို့ မင်းတို့ကားပေါ် မတက်တော့ဘူး'

ဒေါက်တာမျိုးအောင်က သူ့ထုံးစံအတိုင်း ရယ်ရယ်မောမောရွှင်ရွှင်ပျပျဖြင့် ဆီးကြိုလိုက်သည်။

www.burmeseclassic.com

ကိုကောင်းတင်နှင့်မာလာမွန်တို့ကမူ တွေ့ခဲ့ရသော ရင်ထိတ်ဖွယ်ဖြစ်ရပ်ကြောင့် သူ့ကိုလိုက်လှဲ့စွာ မတုန့်ပြန်မိပေ။

ကိုကောင်းတင်က တခါးကိုဖွင့်ကာ ကားပေါ်မှဆင်းလိုက်သည်။

ဒေါက်တာမျိုးအောက်ရှိရာသို့ ဆင်းလျှောက်သွားရင်း ဒေါက်တာမျိုးအောင်ကိုပြောလိုက်လေ၏။

'သူငယ်ချင်း မျိုးအောင်၊ မင်းအိမ်ကိုနောက်မှသွားမယ်၊ အခုလောလောဆယ် ရသလောက်လူစုပြီး ချောင်းထိပ်ကိုပြန်သွားမှဖြစ်မယ်ကွ'

ကိုကောင်းတင်၏စကားကြောင့် ဒေါက်တာမျိုးအောင် အံ့အားသင့်သွားလေသည်။

'ဟေ. . ဘာဖြစ်လို့လဲကွ'

'ချောင်းထဲကို လူသုံးယောက်ခုန်ချသွားတယ်မျိုးအောင်'

'ဘာ. . '

'ငါတို့ မျက်စိရှေ့တွင်ပဲ၊ ငါတို့ သူတို့အသက်ကိုကယ်မှ ဖြစ်မယ်၊ အသက်မီရင်မီနိုင်သေးတယ်မျိုးအောင်၊ ဆရာဝန် မင်းတစ်ယောက်လုံးလဲရှိနေတာပဲ'

'ကောင်းတင်၊ မဟုတ်ဖူး၊ မင်းတို့ ဘာတွေမြင်လာတာလဲ၊ ငါ့ကိုသေချာပြောပါဦး'

'အချိန်မရဘူးမျိုးအောင်၊ သူတို့ကို အချိန်မီကယ်ဖို့လိုတယ်ကွ'

'ကောင်းတင်၊ လူသုံးယောက်က ချောင်းထဲခုန်ချတယ်၊ ဟုတ်လား၊ အဲဒါကို မင်းမြင်ခဲ့ရတယ်၊ တကယ်လားကောင်းတင်'

'မင်းကို ငါက ဘာညာစရာလိုမလဲ၊ ဒါနောက်စရာမှ မဟုတ်တာ၊ ငါတစ်ယောက်တည်း မြင်တာမဟုတ်ဖူး၊ မွန်လည်းမြင်တယ်၊ ငါတို့ရှေ့မှာတင် ခုန်ချသွားတာကွ'

မာလာမွန်လည်း ကားပေါ်မှဆင်းလာကာ ထောက်ခံပြောဆိုလိုက်သည်။

'ဟုတ်တယ်ကိုမျိုးအောင်၊ သူတို့ ကျွန်မတို့ရှေ့မှာတင် ချောင်းထဲခုန်ချသွားကြတာ၊ ချောင်းကွေ့က ချောက်နှုတ်ခမ်းပေါ်ကနေ. . '

'ကဲပါလေ၊ အဲဒါထားပါ၊ နောက်မှ ငါ မင်းတို့ကို အေးအေးဆေးဆေးရှင်းပြမယ်၊ လာ. . လာ. . အိမ်ကိုသွားကြစို့'

ဒေါက်တာမျိုးအောင်က လူသုံးယောက် ဒုက္ခရောက်သည့်အကြောင်းပြောသည်ကိုပင် အရေးမကြီးဟန်လုပ်လိုက်၍ ကိုကောင်းတင်နှင့်မာလာမွန် အံ့သြသွားရလေသည်။

'ဟေ့ကောင်. . ဟိုမှာ လူသုံးယောက်လုံး ချောင်းရေထဲခုန်ချသွားတာကွ၊ မင်းဆရာဝန်တစ်ယောက်မဟုတ်ဖူးလား၊ သူတို့ကိုကယ်ရမယ်လေကွာ၊ လုပ်ပါ၊ လူစုပါ၊ ချောင်းထဲမှာလိုက်ရှာရင် သူတို့အသက်မီနိုင်ပါသေးတယ်ကွ'

'ဒုက္ခပါပဲကောင်းတင်ရာ၊ အဲဒါ တကယ်မဟုတ်ဖူးကွ'

'ဘာ. . '

'မင်းတို့မြင်ခဲ့ရတဲ့ဟာ တကယ်မဟုတ်ဖူး'

'ဘာကွ၊ ဒါဖြင့် ဇာတ်တိုက်နေကြတာလား၊ ရုပ်ရှင်ရိုက်နေကြတာလား'

'အို. . မဟုတ်ဖူး၊ မဟုတ်ဖူးကိုမျိုးအောင်၊ သူတို့ တကယ် ချောင်းထဲခုန်ချသွားတာရှင့်၊ ကျွန်မတို့မျက်စိမမှားဘူး၊ ကျွန်မတို့နဲ့ ဆယ်ပေလောက်အကွာမှာဖြစ်သွားတာ၊ တကယ်ပါ ကိုမျိုးအောင်၊ သူတို့ကို အသက်မီလိုမီငြား ကယ်ကြရအောင်ပါရှင်'

မာလာမွန်ကပါ ထပ်ဆင့်ဝင်ပြောလိုက်ပြန်သည်။

ဒေါက်တာမျိုးအောင်က သူတို့လင်မယားကိုကြည့်ရင်း ခေါင်းကိုခါယမ်းကာ သက်ပြင်းချလိုက်လေ၏။

'ငါပြောရင်လည်း မင်းတို့ကယုံမှာမဟုတ်ဖူး၊ တကယ်တော့ မင်းတို့လင်မယား သရဲချောက်ခံရတာကွ'

'ဘာ. . '

'ဟုတ်တယ်၊ အဲဒါ သရဲချောက်တာ'

'မဖြစ်နိုင်တာရှင်'

www.burmeseclassic.com

'မင်း လူ့အသက်သုံးချောင်းကို မကယ်ချင်တာနဲ့ ထင်ရာလျှောက်ပြောမနေနဲ့မျိုးအောင်၊ သူတို့ဟာ သရဲတစ္ဆေ ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး'

'ခက်ပါလားကောင်းတင်ရယ်၊ လာပါ၊ အိမ်ကိုသွားရအောင်ပါ၊ အိမ်ကျမှ မင်းတို့ကိုရှင်းပြမယ်'

'မျိုးအောင်၊ မင်းတော်တော်ဥပေက္ခာပြုနိုင်ပါလား၊ မင်းဟာ ဆရာဝန်တစ်ယောက်ပါကွာ'

'ကိုမျိုးအောင်က ကျွန်မတို့ပြောတာ မယုံဘူးထင်တယ်'

မာလာမွန်က ငြီးငြူလိုက်သည်။

'ယုံပါတယ်မာလာမွန်၊ ယုံပါတယ်၊ တကယ်ယုံပါတယ်၊ ယုံလို့လည်း ခင်ဗျားတို့သရဲချောက်ခံရတာပါလို့ ရဲရဲကြီးပြောရဲတာပါ၊ ကျွန်တော်ပြောတာကိုလည်း ယုံကြပါမာလာမွန်၊ ကောင်းတင်၊ တကယ်ပါကွာ၊ အဲဒါဟာ သရဲချောက်တာကွ၊ ဒီနေ့ဟာ ဝါခေါင်လပြည့်နေ့လေ၊ ဝါခေါင်လပြည့်နေ့တွေမှာ အဲဒီသရဲအတွဲလိုက်ဟာ အဲဒီချောင်းထိပ်မှာ ချောက်နေကျ'

'သရဲအတွဲလိုက်'

'ဟုတ်တယ်ကောင်းတင်၊ သူတို့ အတွဲလိုက် သရဲဖြစ်နေကြတာ'

ကိုကောင်းတင်က မာလာမွန့်ဖက်သို့ လှည့်ကြည့်၍ မျက်ခုံးပင့်ပြလိုက်သည်။ ဒေါက်တာမျိုးအောင်စကားကိုယုံသင့်သလားဟု အဖော်စပ်လိုက်သည့်သဘောပင်။

'ဒါပေမယ့် ကိုမျိုးအောင်၊ သူတို့ကိုမြင်ရတာ ကျွန်မတို့ ရိုးရိုးလူလိုပဲမြင်ခဲ့ရတာပါ၊ သရဲလိုလည်း ကြောက်စရာမကောင်းပါလား၊ ပြီးတော့ နောက်ဆုံးခုန်ချလိုက်တဲ့လူကြီးပြောတဲ့စကားတွေကိုပါ ကြားလိုက်ရသေးတာ'

'ဟုတ်ပါတယ်မာလာမွန်၊ အဲဒီအဖြစ်အပျက်ဖြစ်ခဲ့တာ နှစ်ပေါင်းတစ်ရာလောက်တောင်ရှိပါပြီ'

'ဟင်. .'

'တစ်ချိန်က ဝါခေါင်လပြည့်နေ့မှာ ဖြစ်ခဲ့တဲ့အဖြစ်အတိုင်း သူတို့ ကိုယ်ထင်ပြပြီး ချောက်လှန့်လေ့ရှိပါတယ်မာလာမွန်'

'ဘုရား. . ဘုရား. .'

'ကဲပါကောင်းတင်၊ ဒါတွေ အိမ်ရောက်တော့ သေချာရှင်းပြပါ့မယ်ကွာ၊ ငါ့ကို ကိုယ်ချင်းစာစိတ်မရှိတဲ့လူလို့ မထင်ပါနဲ့၊ ဒီကိစ္စနဲ့ပတ်သက်ပြီး တစ်ရွာလုံးသက်သေရှိပါတယ်၊ လာ- သွားကြစို့၊ ငါလည်း ကားနဲ့ပဲလိုက်ခဲ့တော့မယ်'

ဒေါက်တာမျိုးအောင်က စကားကို ရအောင်ဖြတ်ကာ ကားနောက်ခန်းတွင် တက်ထိုင်လိုက်လေသည်။

'ကောင်းတင်၊ ဟိုက မြင်နေရတဲ့ ကြက်ခြေနီဆိုင်းဘုတ်ကလေးဆီရောက်အောင်သာ မောင်းပေတော့၊ အဲဒါငါ့အိမ်၊ ငါ့ဆေးခန်းပဲ'

ကိုကောင်းတင်သည် အစာမကြေလှသော်လည်း ကားကိုမောင်းထွက်ခဲ့ရလေတော့သည်။

သူ့မျက်လုံးထဲ၌ လုလင်ပျိုနှင့် မစပယ်တို့စုံတွဲကိုငှင်း၊ ငှက်ကြီးတောင်ဓားကိုင် လူကြမ်းကြီးကိုငှင်း မြင်ယောင်နေဆဲ။ ဓားကိုင်လူကြမ်းကြီး ကြိမ်းမောင်းလိုက်သည့် စကားသံများကိုလဲ ကြားယောင်နေဆဲပါပေ။

သရဲဆိုသည်ကို အရုပ်ဆိုးအကျည်းတန် ထိတ်လန့်ချောက်ချားဖွယ်အဖြစ်သာ ထင်မှတ်ထားခဲ့သော ကိုကောင်းတင်သည်. . မြင်ခဲ့ရသောလူပုဂ္ဂိုလ်များကို သရဲဟု ဘယ်လိုမှယုံလို့မရအောင်ဖြစ်နေလေ၏။

!!! !!! !!!

ဒေါက်တာမျိုးအောင်အိမ်ရှေ့သို့ ကားရပ်လိုက်သည်နှင့် အိမ်ထဲမှ အမျိုးသမီးကြီးတစ်ဦးက ထွက်၍ကြိုလေသည်။

ထိုအမျိုးသမီးကြီးကိုမြင်ရုံနှင့် ဒေါက်တာမျိုးအောင်၏ အစ်မသော်လည်းကောင်း၊ အဒေါ်သော်လည်းကောင်းဖြစ်မည်ဟု ခန့်မှန်းနိုင်ပါသည်။ ရုပ်ချင်းက အတော်ဆင်ကြသည်။ အသက်

www.burmeseclassic.com

ကလည်း အတော်လေးကွာလေသည်။ အမျိုးသမီးကြီးမှာ အသက်လေးဆယ်ခန့်ပင်ရှိပေပြီ။ ဒေါက်တာမျိုးအောင်က သူ့တွင် အသက်လွန်စွာကွာသောအစ်မကြီးတစ်ယောက်ရှိကြောင်း၊ မောင်နှမနှစ်ယောက်သာရှိကြောင်း ပြောပြထားဖူး၍ ကိုကောင်းတင်က ထိုအမျိုးသမီးကြီးကို ဒေါက်တာမျိုးအောင်အစ်မဖြစ်မှန်းသိလိုက်လေသည်။

'မောင်လေး၊ ဧည့်သည်တွေရောက်လာပြီလား၊ လာကြကွယ်၊ ဝင်ကြ၊ ခရီးပန်းလာကြမှာပေါ့'

အမျိုးသမီးကြီးက ဖော်ရွေပြုံးရွှင်စွာ ဆီးကြိုနှုတ်ဆက်လိုက်သည်။ တောရွာဓလေ့ထုံးစံအတိုင်း အိမ်ကိုဧည့်သည်လာ၍ ဝမ်းမြောက်ဝမ်းသာဖြစ်နေပုံပင်။

'မောင်ကောင်းတင်ကိုတော့ မောင်လေးနဲ့တွဲရိုက်ထားတဲ့ဓာတ်ပုံတွေထဲမှာ မြင်ဖူးပြီးသား၊ မာလာမော်တော့ ခုမှမြင်ဖူးတော့တယ်၊ လှလိုက်တာကလေးမရယ်'

အစ်မကြီးက ကြားမှမိတ်ဆက်မပေးသေးပဲ ရင်းနှီးစွာပင်ပြောလိုက်လေသည်။

'ကျွန်မနာမည် မာလာမွန်ပါအစ်မကြီး'

'ဩော်. . ဟုတ်လား'

'ဒါ ငါ့အစ်မအကြီးဆုံးပဲ၊ မမကြီးက အကြီးဆုံး၊ ငါကအငယ်ဆုံး၊ မောင်နှမနှစ်ယောက်ထဲရှိတာလေ၊ မမကြီးနာမည်က ဒေါ်လှယဉ်တဲ့'

ဒေါက်တာမျိုးအောင်က မိတ်ဆက်ပေးလိုက်သည်။

'ဒီမှာရောက်တုန်းတော့ လွတ်လွတ်လပ်လပ်သာနေကြညီမလေးရေ၊ အစ်မကြီးတို့က အိမ်ကြီးတစ်လုံးထဲမှာ မောင်နှမနှစ်ယောက်ထဲရှိကြတာ၊ ဘာမှအားနာစရာမလိုဘူး'

'ကျေးဇူးတင်ပါတယ်အစ်မကြီး'

ဧည့်ခန်းထဲတွင်ဝင်ထိုင်မိသည်နှင့် ဒေါက်တာမျိုးအောင်ကပြောလိုက်သည်။

'မမကြီး၊ သူတို့ ဘာတွေ့ခဲ့တယ်ထင်သလဲ'

'ဟေ. . ဘာလဲကွဲ့'

'သူတို့ ချောင်းကွေ့ထိပ်မှာ **မောင်ဒေါနနဲ့မစပယ်ကို** တွေ့ခဲ့ကြတယ်တဲ့'

'အမလေး. .'

ဒေါ်လှယဉ်က လွှတ်ကနဲထိတ်လန့်တကြားအော်လိုက်လေသည်။

'အလိုလေး. . လေး. . သူတို့၊ သူတို့မကျွတ်လွတ်ကြသေးဘူးပေါ့၊ ဘုရား၊ ဘုရား၊ အေးလေ. . ဟုတ်ပါရဲ့၊ ဒီနေ့က ဝါခေါင်လပြည့်နေ့ကိုး'

ကိုကောင်းတင်နှင့်မာလာမွန်တို့က ဒေါ်လှယဉ်မျက်နှာကို ငေးကြည့်နေမိကြသည်။

'မောင်ကောင်းတင်တို့ ဘယ်လိုမြင်ခဲ့ကြတာလဲဟင်၊ သူတို့ ရေထဲကိုခုန်ချသွားကြတာပဲလား၊ သူတို့နောက်မှာ မုန်တိုင်းကြီးရော ပါသေးသလား'

ကိုကောင်းတင်သည် ဒေါက်တာမျိုးနောင်က သူတို့ကို သရဲချောက်ခံရတာပါလို့ပြောခဲ့ခြင်းအား မယုံကြည်ခဲ့ချေ၊ ဒေါ်လှယဉ်က သူတို့မြင်ခဲ့ရပုံများကို အတိအကျထုတ်ဖော်မေးမြန်းလိုက်သည့်အခါမှ. . ဤအဖြစ်တွင် ထူးခြားမှုတစ်ခုရှိနေတာကို လက်ခံလိုက်ရသည်။

'**မုန်တိုင်း**ဆိုတာက နောက်က ဓားကိုင်လိုက်လာတဲ့ လူကြီးကိုပြောတာလား မမကြီး'

'ဟုတ်တာပေါ့ကွယ်၊ မုန်တိုင်းဟာမောင်ဒေါနနဲ့မစပယ်တို့ ချစ်ခြင်းကို ခွဲခဲ့တဲ့ လူရမ်းကားတစ်ယောက်ပေါ့'

'သုံးယောက်လုံးကို မြင်ခဲ့ရတာပါမမကြီး၊ မမကြီးက ကျွန်တော်တို့မြင်ခဲ့ရတဲ့မြင်ကွင်းကို အားလုံးသိနေတယ်နော်၊ မမကြီးကိုယ်တိုင်ရော. . ဒါကိုမြင်ခဲ့ဖူးလို့လားဟင်'

'အမလေး. . မောင်ကောင်းတင်ရယ်၊ မမြင်ပါရစေနဲ့၊ နေဝင်ချိန်ရောက်တာနဲ့ အဲဒီနားဖြင့် သီတောင်မသီရဲပါဘူး၊ အထူးသဖြင့် ခုလို ဝါခေါင်လပြည့်နေ့မျိုးမှာပေါ့'

www.burmeseclassic.com

'ကျွန်တော်တော့ မယုံနိုင်ဘူးဗျာ၊ သရဲဆိုတာရှိတယ်လို့ ကျွန်တော်မယုံဘူး၊ လက်မခံဘူး၊ ဒါပေမယ့် ခုတွေ့ခဲ့တဲ့မြင်ကွင်းကို မျိုးအောင်ရော၊ မမကြီးကပါ ကြုံသိနေတယ်ဆိုတော့ ကျွန်တော် ဘယ်လိုမှမစဉ်းစားတတ်တော့ဘူး'

'သရဲတစ္ဆေကို အယုံအကြည်မရှိတဲ့အထဲမှာ ငါက မင်းထက် ပိုတာပေါ့ကောင်းတင်၊ ငါက ဆရာဝန်ပါ။ ဒါပေမယ့် အခု မင်းတို့မြင်ခဲ့ရတဲ့အဖြစ်ဟာ ဟိုတစ်ချိန်က တကယ်ဖြစ်ခဲ့တဲ့ အဖြစ်အပျက်တစ်ခုရဲ့ ပုံရိပ်ဖြစ်နေတယ်ကွ၊ တို့ရွာမှာ ဒီအဖြစ်ဟာ လူကိုင်းသိတဲ့အဖြစ်၊ ဆယ်နှစ်တစ်ခါ ဝါခေါင်လပြည့်ရောက်တိုင်းလည်း ဒါကိုတွေ့နေကျ၊ လက်မခံလို့ မဖြစ်တော့ဘူးလေ'

'ဆယ်နှစ်တစ်ခါ၊ ဟုတ်လား၊ အဲဒီသရဲတွေက အမြဲချောက်နေတာမဟုတ်ဖူးလား မျိုးအောင်'

'မဟုတ်ဖူး၊ သတိပြုပြီးမှတ်သားထားတဲ့သူတွေအပြောအရ ဆယ်နှစ်ပြည့်မှတစ်ခါချောက်တယ်'

'ထူးဆန်းလှချည်လား၊ သရဲကလည်း ရက်အတိအကျနဲ့ နှစ်ကာလအပိုင်းအခြားအတိအကျနဲ့ချောက်ရတယ်လို့၊ ငါတော့ ကိုယ်တိုင်မြင်ခဲ့လို့သာ လက်ခံလိုက်ရတယ်၊ ဒါတောင် သရဲဆိုတာတွေကိုမြင်ရတာ တကယ့်လူအတိုင်းပါပဲ၊ တကယ့်အဖြစ်ကို မြင်ရသလိုပါပဲ၊ ဟုတ်တယ်နော် မွန်'

ကိုကောင်းတင်က မာလာမွန်ဖက်သို့လှည့်၍မေးလိုက်သည်။

'ဟုတ်ပါတယ်၊ မမကြီးကိုယ်တိုင်ပြောလို့သာ၊ ကိုမျိုးအောင်တစ်ယောက်ထဲကသာပြောရင် ကျွန်မဖြင့် ယုံချင်မှတောင် ယုံမိမယ်၊ တကယ်ပါ။ ကိုမျိုးအောင် သိက္ခာကိုထိပါးတာမဟုတ်ပါဘူး'

'မာလာတို့ကို တစ်ရွာလုံးက သက်သေခံနိုင်ပါတယ်မာလာ၊ ဒီရွာမှာ ဒီအကြောင်းကိုမသိတဲ့လူမရှိဘူး၊ ကလေးကအစ သိတယ်ဗျ'

'ထားပါတော့ကိုမျိုးအောင်၊ ကျွန်မတို့မြင်ခဲ့ရတဲ့အဖြစ်မျိုး တစ်ချိန်က တကယ်ပဲဖြစ်ခဲ့လို့ပေါ့နော်'

မာလာမွန်က ရင်ပတ်ကိုလက်နှင့်ဖိထားကာ ရင်တုန်မပျယ်သေးပဲ မေးလိုက်သည်။

'မောင်ဒေါနနဲ့ မစပယ်ဆိုတဲ့ သမီးရည်းစားစုံတွဲ ရှိခဲ့တယ်၊ သူတို့အချစ်ရေးမှာ အနှောက်အယှက်ပေးနေသူက သူကြီးသားမုန်တိုင်း၊ သူက မစပယ်ကို တစ်ဖက်သတ်ချစ်နေသူလေ၊ မုန်တိုင်းက သူကြီးသားမို့ လူတွင်ကျယ်လုပ်ခွင့်ရနေတယ်၊ ခေတ်ကာလကလည်း သူတို့တွင်ကျယ်ချင်သလို တွင်ကျယ်လို့ရတဲ့ခေတ်မျိုး၊ မုန်တိုင်းက သူ့အဖေအာဏာနဲ့ မောင်ဒေါနကို မတရားဖမ်းချုပ်ထားတယ်၊ မစပယ်ကို အဓမ္မသိမ်းပိုက်ဖို့ကြံတယ်၊ ကြားကဝင်ကူသူတွေကြောင့် မောင်ဒေါနလွတ်မြောက်သွားတော့ ချစ်သူနှစ်ယောက်ထွက်ပြေးကြတယ်၊ **အဲဒီနေ့က ဝါခေါင်လပြည့်နေ့**၊ မုန်တိုင်းကသတင်းရပြီး ချစ်သူနှစ်ယောက်နောက်ကို ဓားဆွဲပြီးလိုက်တယ်၊ ချောင်းကွေ့မှာဆုံကြတယ်တဲ့၊ ဆက်ဖြစ်တဲ့အဖြစ်ကတော့ မင်းတို့မြင်ခဲ့ရတဲ့အဖြစ်ပေါ့ကွာ'

ဒေါက်တာမျိုးအောင်က ရှည်လျားစွာပြောပြလိုက်သည်။

'ဘုရား. . ဘုရား. .'

'သရဲဖြစ်တော့လည်း အတွဲလိုက်ကြီးဖြစ်နေကြတယ်တဲ့၊ ချောက်ပုံကလည်း သူတို့မသေခင်ကဖြစ်ခဲ့တဲ့အဖြစ်မျိုးလုပ်ပြပြီး ချောက်တယ်၊ တော်တော်ထူးဆန်းတဲ့ သရဲတွေပဲ'

'မွန်တော့ ဒီလိုမထင်ဘူး'

မာလာမွန်က သူမအမြင်ကို ဝင်ပြောလိုက်သည်။

'သူတို့ဟာ လူတွေကို ချောက်လှန့်နေကြတာမဟုတ်ပါဘူး၊ မွန်တို့မြင်ခဲ့ရတာလည်း ကြောက်လန့်စရာအသွင်အပြင်မှမဟုတ်တာ၊ ပြီးတော့ သူတို့ဟာ မွန်တို့ကို သက်သက်ကြောက်လန့်အောင်လုပ်ပြနေတာမဟုတ်ဖူးလေ၊ သူတို့ကြည့်ရတာ အနားမှာ မွန်တို့ရှိတာကိုမြင်ပုံတောင်မရဘူး၊ ကျွန်မတို့က ဆယ်ပေအကွာလောက်ကနေ သူတို့အဖြစ်ကို မြင်နေရတာပါကိုမျိုးအောင်၊ သူတို့က ကျွန်မတို့ကိုမမြင်ပါဘူး၊ ကျွန်မအထင်တော့ မကျွတ်လွတ်တဲ့ သူတို့ဝိညာဉ်တွေဟာ ဝိညာဉ်ဘဝမှာလည်း လူ့

www.burmeseclassic.com

ဘဝတုန်းကအတိုင်း အဲဒီဇာတ်လမ်းကို ဆက်ကနေကြတာထင်ပါရဲ့’

‘မာလာ့အမြင်က သဘာဝကျပါတယ်၊ ဟုတ်တယ်၊ သူတို့ ဘယ်တုံးကမှ လူတွေကိုကြောက်လန့်အောင်မလုပ်ကြဘူး၊ သူတို့ကိုမြင်ရတာလည်း ဒီပုံစံတစ်မျိုးထဲပဲ’

‘မင်းကော မြင်ဖူးသလားမျိုးအောင်’

‘ဟင့်အင်း၊ ငါက ငယ်ငယ်ကတည်းက ရန်ကုန်မှာပဲ ကျောင်းလာတက်နေတဲ့ကောင်လေ၊ ဝါခေါင်လပြည့်လိုအချိန်မျိုးကလည်း ကျောင်းအားလုံးဖွင့်ထားတဲ့အချိန်မှတ်လား၊ ငါမမြင်ဖူးပါဘူး၊ မြင်အောင်ကြည့်ဖို့လည်း စိတ်မကူးမိဘူး၊ ဒီအဖြစ်ကိုတော့ ငယ်ငယ်ကတည်းကကြားဖူးနေလို့ သိနေတာပါ’

‘ငါတော့ ကိုယ်တိုင်တွေ့ခဲ့လို့သာ၊ မယုံနိုင်အောင်ပဲ၊ ဒီရွာကမပြန်ခင် ဒီကိစ္စကို ရှင်းအောင် လေ့လာသွားချင်တယ်ကွာ’

‘ရပါတယ်၊ ဒီအဖြစ်ကို ကောင်းကောင်းသိမှီတဲ့ အဘွားကြီးတစ်ယောက် ရှိပါသေးတယ်၊ **ဖွားဆယ်**-တဲ့၊ ဒေါ်ကံဆယ်လို့ခေါ်တယ်၊ မင်းနဲ့တွေ့ပေးပါ့မယ်၊ မင်းတို့မြင်သလို မစပယ်တို့ပုံရိပ်ကိုမြင်ခဲ့ဖူးတဲ့လူတချို့နဲ့လည်း တွေ့ပေးပါ့မယ်’

‘ကဲပါကွယ်၊ ခရီးရောက်မဆိုက် ဒါတွေပြောရတာနဲ့ပဲ ဧည့်သည်တွေ မနားရသေးဘူး၊ နားကြပါစေဦး မောင်လေးရဲ့’

‘ကဲ- ညပိုင်းမှ စကားဆက်စို့ကွာ၊ ရေမိုးချိုးချင်ချိုး၊ နားကြဦး၊ ငါလည်း လူနာတွေသွားကြည့်လိုက်ဦးမယ်’

♣♣♣♣♣

◆

ညပိုင်းတွင် စကားဝိုင်းဖွဲ့ကြရာ၌လည်း ထိုအဖြစ်ဆီသို့သာ စကားရောက်သွားကြပြန်သည်။

ဒေါက်တာမျိုးအောင်၏ဆေးခန်းတွင် လူနာများစဲသွားတော့ ညဇနာရီခွဲခန့်ရှိပေပြီ။

ဆေးခန်းပိတ်ပြီး အိမ်ထဲဝင်လာသော ဒေါက်တာမျိုးအောင်ကို အစ်မကြီးဒေါ်လှယဉ်က လှမ်းပြောလိုက်သည်။

‘မောင်လေးရေ. . ဧည့်သည်တွေထမင်းစားရင် မင်းပါဝင်စားလိုက်ပါတော့လား’

ကိုကောင်းတင်က အစ်မကြီးမမြင်အောင် ဒေါက်တာမျိုးအောင်အား မျက်စိတစ်ဖက်မှိတ်၍ လက်မထောင်ပြလိုက်သည်။ အထာနပ်သောဒေါက်တာမျိုးအောင်က ချက်ချင်းသဘောပေါက်လိုက်၏။

‘ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက် စကားပြောပါဦးမယ်မမကြီး၊ မတွေ့ကြတာလဲကြာပြီ၊ ကောင်းတင် မင်းမဆာသေးဘူးမဟုတ်လား’

‘ရပါတယ်၊ မဆာသေးပါဘူး၊ အေးအေးဆေးဆေးပေါ့၊ မွန်ရေ. . ကိုယ်ယူလာတဲ့ပုလင်းလေးတွေ သေတ္တာထဲကထုတ်ပါဦး’

မာလာမွန်က ခရီးဆောင်သေတ္တာကိုဖွင့်၍ထုတ်ယူလိုက်ရာ နိုင်ငံခြားအရက်ပုလင်းနှစ်လုံးထွက်လာလေသည်။

‘ဩော. . မင်းတို့က ဒီလိုကိုး၊ မင်းဥစ္စာမထုတ်ပါနဲ့ မောင်ကောင်းတင်ရယ်၊ ဒီမယ် မင်းသူငယ်ချင်းကလည်း မင်းလာရင်ဝိုင်းဖွဲ့ဖို့ဆိုပြီး စီစဉ်ထားပါတယ်’

အစ်မကြီးဒေါ်လှယဉ်က အပြစ်တင်သည့်ဟန်မျိုးမဟုတ်ပဲ ပြုံးစေ့စေ့ဖြင့်ပြောလိုက်သည်။

‘ဒါပဲနော်၊ မင်းတို့နှစ်ယောက် သိပ်အများကြီးမလုပ်ကြနဲ့၊ စကားပြောကောင်းရုံတော်ပြီ၊ မောင်ကောင်းတင်လည်း ပင်ပန်းလာတယ်၊ စောစောအိပ်ရာဝင်ကြ့’

အစ်မကြီးက တစ်ဖက်ကလမ်းဖွင့်ပေးလိုက်ပြီး တစ်ဖက်လှည့်ဖြင့် ပြန်ပိတ်လိုက်ပါသည်။

‘ဟုတ်ကဲ့ပါမမကြီး’

www.burmeseclassic.com

ဒေါ်လှယဉ်က ဒေါက်တာမျိုးအောင် ဝယ်သိမ်းထားသည့်ဝီစကီပုလင်းကို ဘီရိုထဲမှထုတ်ပေးလိုက်လေသည်။

'ကျွန်တော်ပါလာတာနဲ့ပဲလုပ်ပါမယ်မမကြီး'

'ဟော့ . မင်းသုံးရက်နေမှာမဟုတ်လား၊ သုံးရက်အတွင်းကုန်ပါတယ်ကွာ၊ ငါလည်း မင်းလာတုန်းလေး သောက်ရမှာကွ၊ ငါ့တစ်ယောက်ထဲဆို မမကြီးက ခွင့်မပြုဘူး'

'မင်းကဆရာဝန်လေ မောင်လေးရယ်၊ အရက်သောက်တာတွေ မင်းလူနာတွေကမြင်သွားတော့ အရှိအသေတန်မစိုးလို့ မမကြီးက တားရတာပါ'

'ဟုတ်ပါပြီမမကြီးရယ်၊ ကဲ-ကျွန်တော်တို့သူငယ်ချင်းနှစ်ယောက် စကားပြောကြဦးမယ်၊ မမကြီးနဲ့မာလာ စားနှင့်ကြလေ'

'ကျွန်မမဆာသေးပါဘူး ကိုမျိုးအောင်၊ ပြီးမှအတူတူစားကြတာပေါ့'

မာလာမွန်က သီးခြားစားနှင့်လျှင် သူတို့နှစ်ယောက်ထဲ အေးအေးဆေးဆေးသောက်စားရင်း များသွားမည်စိုး၍ မိန်းမမာယာဖြင့် ထမင်းစားစောင့်မည်ဟုပြောလိုက်ခြင်းဖြစ်သည်။

ဒေါ်လှယဉ်က နေ့ပြန်တိုးပေးထားသည့် စာရင်းများကို ကွပ်ပြစ်ကလေးပေါ်၌ ကြုံ့ကြုံ့ထိုင်၍ရေးရင်း ထိုင်စောင့်နေ၏။ မာလာမွန်က ကိုကောင်းတင်ဘေး ခုံအလွတ်တွင်ဝင်ထိုင်ကာ စကားဝင်ပြောနေသည်။

'ညနေကအကြောင်း ဆက်ပါဦးမျိုးအောင်၊ ငါပြည့်ပြည့်စုံစုံသိချင်တယ်'

ကိုကောင်းတင်က စကားစလိုက်သည်။

'ဘာကိုသိချင်သေးတာလဲကွ၊ အဖြစ်အပျက် အကြမ်းဖျင်းကိုပြောပြပြီးပြီလေ၊ ငါသိတာလဲ အဲဒီလောက်ပဲ'

'ဒီအဖြစ်တွေ ဘယ်အချိန်ကာလက ဖြစ်ခဲ့တယ်ဆိုတာပေါ့၊ ဆယ်နှစ်တစ်ခါမြင်ရတယ်ဆိုတော့ ဆယ်နှစ်တစ်ခါမြင်ရတာ ဘယ်နှကြိမ်ရှိပြီလဲ၊ ဘယ်နှခုနှစ်ကဖြစ်ခဲ့တာလဲဆိုတာပေါ့ကွာ'

'ဟ . . ဒါတော့ ငါလည်း အတိအကျဘယ်သိမှာလဲကွ'

'တို့မိဘများ မမွေးဖွားခင်အချိန်ကတည်းက အဖြစ်တွေပါမောင်ကောင်းတင်'

ဒေါ်လှယဉ်က စာရင်းရေးနေရာမှလှမ်းပြောလိုက်သည်။

'ဒါဆိုကြာပြီပေါ့၊ အနှစ်တစ်ရာလောက်တောင် ရှိပြီပေါ့ မမကြီး၊ ဟုတ်လား'

'အနှစ်တစ်ရာတော့ မရှိလောက်သေးပါဘူးကွယ်၊ ဘာဖြစ်လို့လည်းဆိုတော့ ဒီအဖြစ်အပျက်ထဲမှာ ကိုယ်တိုင်ပါဝင်ခဲ့ရပြီး၊ မျက်မြင်ကိုယ်တွေ့ဖြစ်ခဲ့တဲ့ အဘွားဆယ်ဟာ ခုထိရှိနေသေးတယ်လေ၊ အဘွားဆယ်အသက်က ရှစ်ဆယ်လောက်ရှိပြီထင်ပါရဲ့၊ အဖြစ်အပျက်တွေဟာ အလွန်ဆုံး နှစ်ပေါင်း ခြောက်ဆယ်၊ ခုနစ်ဆယ်တော့ရှိရောပေါ့ကွယ်'

'အဲဒီအဘွားဆယ်ဆိုတာက မစပယ်တို့ ကိုဒေါနတို့ရဲ့ အမျိုးလားမမကြီး'

'မစပယ်တို့ဆွေစဉ်မျိုးဆက်ရှိသေးတယ်လို့တော့ မကြားမိဘူးကွဲ့၊ ကိုဒေါနကတော့ တခြားအရပ်သားလို့ပြောတယ်'

'မနက်ကျရင် ဖွားဆယ်ဆီကို မင်းကိုလိုက်ပို့ပါ့မယ်ကွာ၊ အဲဒီကျမှ ဖွားဆယ်ကို မင်းသိချင်သမျှမေးပေတော့'

'ဖွားဆယ်ကရော ဘယ်လိုပတ်သက်တာလဲမျိုးအောင်'

'ဖွားဆယ်နဲ့တွေ့မှသာ မေးပါတော့ကွာ'

ငါ့စိတ်ထဲမှာ တို့တွေ့ခဲ့ရတာ နှစ်ပေါင်းများစွာကသေသွားတဲ့လူတွေရဲ့ ဝိညာဉ်လို့ မယုံနိုင်အောင်ဖြစ်နေတယ်ကွာ၊ သရဲတစ္ဆေသာဆိုတယ်၊ ငါတို့မြင်ခဲ့ရတာ လူအကောင်အထည်အတိုင်း ထင်ထင်ရှားရှားကြီးမြင်ခဲ့ရတာကွ၊ ဟုတ်တယ်နော်မွန်'

မာလာမွန်က ခေါင်းညိတ်ပြသည်။

'ငါ့မှာကင်မရာအဆင်သင့်ရှိရက်သားနဲ့ အဲဒီနားရောက်မှကင်မရာကိုမထုတ်မိဘူး၊ နို့မို့ သူတို့ကိုဓာတ်ပုံကောင်းကောင်းရိုက်ဖြစ်တယ်ကွာ'

www.burmeseclassic.com

'မင်းကင်မရာကို သရဲတစ္ဆေကို ပုံရိုပ်ထင်အောင်ရိုက်နိုင်ပါ့မလားကွ၊ ဟား. . ဟား. . '

'ဒါတော့ ဘယ်သိမလဲ၊ ငါလည်း သရဲကိုတစ်ခါမှ ဓာတ်ပုံမရိုက်ဖူးဘူး၊ ရိုက်ဖြစ်လို့ ပုံရိပ်မထင်တော့လည်း ဒါဟာသရဲဆိုတာ စိတ်ချလက်ချယုံလိုက်ရုံပေါ့ကွာ'

'ငါတို့ပြောတာကို မင်းက မယုံချင်သေးတဲ့သဘောလား၊ မနက်ကျတော့ ချောင်းထဲကိုလိုက်ပို့မယ်၊ မင်းကြေနပ်အောင် ချောင်းထဲမှာကြည့်ပေါ့၊ ပြီးတော့ မစပယ်တို့အုတ်ဂူကိုလည်း လိုက်ပြမယ်'

'ဘာ. . မစမယ်တို့အုတ်ဂူ၊ ဟုတ်လား'

'အေး. . ဒါပေမယ့် သူတို့အုတ်ဂူက တို့ရွာသင်္ချိုင်းမှာတော့မဟုတ်ဘူး၊ ရွာဟောင်းက သင်္ချိုင်းမှာ'

'ရွာဟောင်း'

'သူတို့ခေတ်တုံးက ဒီရွာက ဒီနေရာမှာမဟုတ်သေးဘူး၊ ချောင်းရဲ့အရှေ့ဖက်ခပ်လှမ်းလှမ်းမှာကွ၊ ဒီနေရာကို ရွာပြောင်းတာက ၁၉၃၅ခုနှစ်ကျမှ၊ မမကြီးတောင် မမွေးသေးဘူး၊ ရွာဟောင်းကြီး မီးလောင်သွားလို့ အခုနေရာမှာ ရွာသစ်တည်ထားတာ'

'၁၉၃၅ဆိုတော့ ၄၇နှစ်တောင်ရှိပြီပေါ့'

မာလာမွန်က တွက်ချက်ကြည့်ရင်းပြောလိုက်သည်။

'ဒါဖြင့် မစပယ်တို့သုံးယောက် ပြေးထွက်လာကြတာ ရွာဟောင်းဖက်ကနေပေါ့နော်'

'ဟုတ်ပါတယ်မောင်ကောင်းတင်၊ ဆယ်နှစ်တစ်ခါ ဒီအဖြစ်ကို အမှတ်မထင်မြင်ခဲ့သူတိုင်းက ရွာဟောင်းဖက်ကနေပြေးထွက်လာတဲ့ မစပယ်တို့ကို မြင်ခဲ့ရတာပါ၊ အဲဒါကြောင့်လည်း သူတို့သုံးယောက်ပုံရိပ်ကို သူတို့ရဲ့သင်္ချိုင်းထဲက ထထွက်လာတဲ့ တစ္ဆေတွေလို့ လူတွေက စွတ်စွဲကြတာပေါ့ကွယ်'

ဒေါ်လှယဉ်က ရှင်းပြလိုက်သည်။

'သြော်. . အဲဒါကြောင့်ထင်ပါရဲ့၊ သူတို့တွေဝတ်ပုံစားပုံကိုကြည့်ပြီး ကျွန်မစိတ်ထဲမှာ တစ်မျိုးပဲလို့ထင်လိုက်မိသား၊ ဝတ်ပုံစားပုံတွေက ခုခေတ်လူတွေလိုမဟုတ်ဖူးမမကြီး၊ ဖျင်အင်္ကျီထင်ပါရဲ့၊ ရင်ဖုံးကြီးတွေနဲ့၊ ယောကျာ်းနှစ်ယောက်စလုံးကလည်း ဆံပင်ရှည်ကြီးတွေနဲ့၊ ရောင်ထုံးထားတယ်၊ ပြီးတော့. . ကိုဒေါနက ခေါင်းမှာခေါင်းပေါင်းနဲ့'

'ဟုတ်တယ်ကွ၊ ချောင်းထဲခုန်ချလိုက်တော့ ကိုဒေါနခေါင်းပေါင်းလေးက ပြေပြီးလွင့်ကျသွားတယ်၊ သစ်ကိုင်းတစ်ခုမှာသွားချိတ်နေတာကို ငါကောင်းကောင်းသတိထားမိခဲ့တယ်၊ အဲဒီနေရာကထွက်လာလို့ ခေါင်းပေါင်းလေးကိုလှမ်းကြည့်လိုက်တော့ သစ်ကိုင်းမှာမရှိတော့ဘူး'

ကိုကောင်းတင်က အနီရောင်တွင် အစက်အပြောက်ကလေးများပါသော ပိုးပုဝါလေးကို မျက်စိထဲ၌ ပြန်မြင်ယောင်ရင်းပြောပြလိုက်သည်။

'အေး. . မစပယ်တို့ တစ္ဆေအုပ်စုကို မြင်ဖူးတဲ့သူတွေနဲ့တွေ့တဲ့အခါကျ မင်းတို့မြင်ခဲ့ရတဲ့ အဝတ်အစားမျိုးနဲ့ ဟုတ်-မဟုတ် တိုက်ဆိုင်ကြည့်ကြပေါ့ကွာ'

ကိုကောင်းတင်၏ မူးယစ်ယစ်အာရုံထဲ၌ သစ်ပင်ခြုံနွယ်ထူထပ်သော အရှေ့ဖက်တောအုပ်ထဲမှ အူယားဖားရားပြေးထွက်လာသည့် မောင်ဒေါနနှင့် မစပယ်တို့မြင်ကွင်းကို ပြန်လည်မြင်ယောင်နေမိလေတော့သည်။

♣♣♣♣♣

www.burmeseclassic.com

◆

နောက်တစ်နေ့မနက်၌. . နံနက်ခင်းစာစားသောက်ပြီးသည်နှင့် ဒေါက်တာမျိုးအောင်နှင့်အတူ ကိုကောင်းတင်နှင့်မာလာမွန်တို့ အိမ်မှထွက်လာကြသည်။

ဒေါက်တာမျိုးအောင်က သူတို့ကို ချောင်းကွေ့သို့လည်း လိုက်ပြမည်။ ရွာတောင်ပိုင်းမှ အဘွားဆယ်ဆီသို့လည်း လိုက်ပို့မည်။ ရွာဟောင်းမှ မစပယ်နှင့်ကိုဒေါနတို့အုတ်ဂူများကိုလည်း လိုက်ပြမည်ဆို၍ ထွက်လာခဲ့ကြခြင်းဖြစ်လေသည်။

'ချောင်းထဲကိုမဆင်းကြနဲ့နော်၊ မိုးများလို့ ရွှံ့တွေနဲ့ချော်နေတယ်၊ ကမ်းစပ်ကနေပဲကြည့်၊ သိလား မောင်လေး'

ဒေါ်လှယဉ်က သူတို့ကို ကလေးတွေလိုမှာနေလေ၏။

'ဟုတ်ကဲ့ပါ မမကြီး'

'ဖွားဆယ်ဆီဝင်မယ်ဆိုရင် ကန်တော့စရာတစ်ခုခု ယူသွားကြဦးလေ၊ ရော့. . ရော့. . မာလာတို့ယူလာတဲ့မုန့်ပုံးကိုပဲ ဖွားဆယ်စားဖို့ ပေးလိုက်ကြပါကွယ်၊ ခမျာ သက်ကြီးရွယ်အိုဆိုတော့ နုနုနယ်နယ်အစားအသောက်လေးတွေ စားချင်ရှာမယ်'

ဒေါ်လှယဉ်က ကိုကောင်းတင်တို့ယူလာသော လက်ဆောင်မုန့်ပုံးကိုပင် ကျွတ်ကျွတ်အိတ်ကြီးထဲထည့်ကာ အဘွားဆယ်ကိုပေးရန်အတွက် မာလာမွန်လက်ထဲသို့ ထည့်ပေးလိုက်လေသည်။

'မင်းလည်း မိဘတွေမရှိတော့ပေမယ့် ဒီလိုဂရုစိုက်တဲ့ အစ်မကြီးရှိနေတာ ကံကောင်းတာပဲနော် မျိုးအောင်'

လမ်းတွင် ကိုကောင်းတင်ကပြောလိုက်သည်။

'အေး. . ကံကောင်းပါတယ်၊ တစ်ခါတစ်ခါတော့လည်း ဂရုစိုက်လွန်းလို့စိတ်ညစ်ရတယ်ဟ၊ နေရာတကာဝင်ပါလွန်းလို့၊ စကားများလွန်းလို့'

'ဒါတော့ အပျိုကြီးကိုးရှင့်၊ မမကြီးလိုအစ်မတစ်ယောက်ရှိနေတာ ကိုမျိုးအောင် သိပ်ကံကောင်းပါတယ်လေ'

'မင်းအစ်မကြီးက မင်းကို မိန်းမယူဖို့မပြောဘူးလား'

'ပြောတာပေါ့ကွာ၊ ဒီလိုတောထဲမှာ ငါယူစရာမိန်းမမှ မရှိပဲ. . ဟား. . ဟား. . ဟား. .'

'ဒါနဲ့ မင်းရဲ့ သက်ထားရော၊ သတင်းကြားသေးလား'

'တောမှာနေတာ သူ့သတင်း ဘယ်လိုကြားမလဲကွာ၊ တော်ပါပြီ၊ သူနဲ့ငါနဲ့ ရေစက်ကုန်ပါပြီ'

ကိုကောင်းတင်က ဒေါက်တာမျိုးအောင် ဆေးကျောင်းသားဘဝက ချစ်သူအကြောင်းကို ထုတ်ဖော်ပြောလိုက်၍ ဒေါက်တာမျိုးအောင် မျက်နှာပျက်သွားသည်။ သက်ထားခင်ဆိုသော ဆရာဝန်မလေးသည် ဒေါက်တာမျိုးအောင်နှင့် နှစ်ရှည်လများ ချစ်ကြိုက်နေရာမှ ဆရာဝန်ဖြစ်ပြီးနောက်ပိုင်း နိုင်ငံခြားသို့အပြီးထွက်ခွာသည့်ကိစ္စတွင် ဒေါက်တာမျိုးအောင်နှင့် စိတ်သဘောထားကွဲလွဲခဲ့ကြလေသည်။ သက်ထားခင်ကဒေါက်တာမျိုးအောင်ကို လက်ထပ်ပြီး သူနှင့်နိုင်ငံခြားသို့ တပါတည်းလိုက်ခဲ့စေလိုသည်။ အမိနိုင်ငံကိုခင်တွယ်သောဒေါက်တာမျိုးအောင်နှင့် ညှိမရဖြစ်ကာ ချစ်ပါလျက် ကွဲကွာခဲ့ရခြင်းဖြစ်ပါသည်။

ထိုအဖြစ်များကို မာလာမွန်လည်း သိရှိထားပြီးဖြစ်ပါသည်။

'သူလည်း ဟိုမှာအိမ်ထောင်ကျရင် ကျရောပေါ့ကွာ'

ဒေါက်တာမျိုးအောင်က သက်ပြင်းငွေ့ငွေ့ချရင်း ပြောလိုက်သည်။

'တစ်ခါတစ်ခါတော့လည်း တွေးမိသားကွ၊ သက်ထားကို ကိုယ့်နိုင်ငံခင်တွယ်စိတ်မရှိဘူးလို့သာ အပြစ်ဆိုမိတာ၊ တကယ်တော့ ငါရော ဆရာဝန်တစ်ယောက်ရယ်လို့ ဘာများစွမ်းဆောင်နိုင်လို့လဲ၊ ငါတို့ ဆရာဝန်ဘွဲ့ရပြီးတာ လေးနှစ်ရှိပြီ၊ ဘယ်မှာလဲ အလုပ်၊ ငါသာ ကိုယ့်ရွာကိုယ်ပြန်ပြီး ဆေးခန်းလေးဖွင့်ထားလို့ ဆရာဝန်ရယ်လို့ အဓိပ္ပါယ်ရှိနေတာ၊ နယ်ကိုလည်း မဆင်းချင်၊ ကိုယ်ပိုင်ဆေးခန်းဖွင့်လို့လည်း ဆရာဝန်သက်နုလို့ မအောင်မြင်တဲ့သူတွေဆို ဒီအတိုင်း ထိုင်နေရတာမဟုတ်လား၊ အဲဒီလိုဆို

www.burmeseclassic.com

တော့လည်း ဆရာဝန်ပညာသာ သင်ခဲ့ရတယ်၊ အခိပ္ပါယ်မရှိသလိုဖြစ်နေတာပေါ့ကွာ'

ဒေါက်တာမျိုးအောင်က လက်ရှိခေတ်ကာလ၏ အခြေအနေကို ထင်ဟပ်ပြီး ငြီးငြူလိုက်သည်။

ဒေါက်တာမျိုးအောင် ပြောသည်မှာလည်း မှန်ပါသည်။ ကျောင်းဆင်းပြီးဆရာဝန်တွေ များစွာရှိသော်လည်း အလုပ်ခန့်ထားပေးခြင်းမပြုနိုင်၍ ဆရာဝန်တွေ ပုံနေသည်။ ရန်ကုန်မှ ကျောင်းပြီးစဆရာဝန်ကလေးများသည် ဆေးကုသခွင့်လက်မှတ် (ဆမ) ဖြင့် ထုတ်ခွင့်ရသောဆေးများကိုထုတ်ကာ စိန်ဂွန်းဈေးရှိ ဆေးဆိုင်များတွင်ပြန်သွင်းကြသည်။

'အဲဒီလိုလူတွေထက်စာရင် မင်းက အဓိပ္ပါယ်ရှိပါသေးတယ်ကွာ၊ ကိုယ့်ရွာကိုယ်ပြန်ပြီးကျေးဇူးဆပ်ခွင့်ရတာပေါ့'

'မင်းပြောတဲ့စကားက နည်းနည်းတော့ ပြဇာတ်ဆန်တယ်၊ ဒါပေမယ့် မှန်ပါတယ်၊ ငါလည်း ငါ့ရဲ့တောဆရာဝန်ဘဝကိုကြေနပ်ပါတယ်၊ ဒါ ခုခေတ်မှာရေးနေတဲ့ ဝတ္ထုတွေထဲက ဇာတ်ကောင်တွေပြောသလိုပြောတာမဟုတ်ပါဘူး၊ တကယ်ပြောတာပါ'

စကားတပြောပြောဖြင့်လာခဲ့ကြရာ ချောင်းကွေ့ထိပ်သို့ ရောက်လာကြလေပြီ။

'ကဲ-လေ့လာကြပေတော့၊ ငါတော့ မင်းတို့လိုတောင် မမြင်ခဲ့ဖူးပါဘူး၊ ဒီအကြောင်း ကြားရုံကြားဖူးတာပါ'

ကိုကောင်းတင်က ချောင်းကွေ့ထိပ်တွင်ရပ်ကာ ကင်မရာဖြင့် ဓာတ်ပုံများရိုက်ယူနေသည်။

'ဟောဒီမှာ ကောင်းတင်၊ မင်းတို့ကားဘီးရာ၊ ဒီမှာတွေ့လား၊ ဒီဘိနပ်ရာတွေဟာ မင်းနဲ့မာလာတို့ဘိနပ်ရာတွေမဟုတ်လား၊ မင်းတို့ရွာရောက်ချိန်ကတည်းက မိုးတိတ်သွားတာ၊ ခုထိမိုးပြန်မရွာသေးဘူး၊ ကြည့်စမ်း . . ဒါတွေဟာ မင်းတို့ရဲ့ကားဘီးရာနဲ့ဘိနပ်ရာတွေ ခုထိထင်ကျန်နေခဲ့တာပဲ၊ ဟုတ်တယ်မဟုတ်လား'

ဒေါက်တာမျိုးနောင်က ကိုကောင်းတင်တို့ ကားရပ်ခဲ့သည့်နေရာရှိ မြေကြီးပေါ်မှအရေးအကြောင်းများကိုပြရင်း ပြောလိုက်သည်။

'ဟုတ်တယ်မျိုးအောင်၊ ဒါ ငါတို့ခြေရာတွေပဲ၊ ဘာဖြစ်လို့လဲ'

'ဘာဖြစ်ရမလဲ၊ မင်းတို့ခြေရာရှိရင် မစပယ်တို့ခြေရာလဲ ရှိရမယ်လေ၊ ရှာကြည့်စမ်း၊ မစပယ်တို့သုံးယောက်ခြေရာ၊ တွေ့သလား'

'ဟင် . . '

ဒေါက်တာမျိုးအောင်ပြောမှပင် ကိုကောင်းတင်နှင့် မာလာမွန်တို့က ချောင်းထိပ်ရှိ ရွှံ့မြေပျော့ပေါ်သို့ ငုံ့ကြည့်လိုက်မိသည်။

'ဟင့်အင်း၊ ဘာခြေရာမှမရှိဘူး၊ ဘာဆိုဘာမှမရှိဘူး'

'ဒါဆို ရှင်းပြီမဟုတ်လား၊ သူတို့ဟာ ဝိညာဉ် နာနာဘာဝတွေပဲ'

ကိုကောင်းတင်က ပခုံးတွန့်လိုက်သည်။

မာလာမွန့်အကြည့်က မစပယ်တို့သုံးယောက်ပြေးထွက်လာသည့် တောစပ်သို့ရောက်သွားလေသည်။

'သူတို့ ဟိုတောစပ်ကနေ ပြေးထွက်လာကြတာပေါ့ ကိုမျိုးအောင်'

'ဟုတ်ရမယ်လေ၊ အဲဒီသစ်ပင်အုပ်ရဲ့တစ်ဖက်ဟာ ရွာဟောင်းရဲ့ သင်္ချိုင်းဟောင်းပဲ၊ ရွာဟောင်းက အဲဒီရဲ့ ဟိုဖက်မှာ'

'အို . . '

'ရွာဟောင်းကိုမီးလောင်သွားတော့ ရွာသစ်တည်ဖို့ အခုနေရာကိုရွှေ့လိုက်တာ အကြောင်းရှိတယ်၊ ရွာဟောင်းကိုဝင်တဲ့လမ်းဟာ သင်္ချိုင်းကိုဖြတ်ပြီးမှလာရတာမို့ နိမိတ်မကောင်းဘူးဆိုပြီး အခုရွာသစ်တည်ထားတဲ့နေရာကိုရွှေ့လိုက်တာပဲ'

'ဒါဖြင့် ရွာသစ်အတွက်သင်္ချိုင်းကလည်း နေရာအသစ်မှာပေါ့'

www.burmeseclassic.com

မာလာမွန်သည် သင်္ချိုင်းရှိသည်ဆိုသော တောစပ်ကို ကြည့်ပြီး မစံပယ်တို့သုံးယောက် ယခုပင် နောက်တစ်ကြိမ်ထွက်ပေါ်လာတော့မည်ထင်ကာ ကြက်သီးထသွားလေသည်။

'ရွာနာမည်က အရင်က ချောင်းကွေ့တဲ့၊ ချောင်းက ဒီနေရာမှာကွေ့သွားလို့ ချောင်းကွေ့ရွာလို့ ခေါ်ကြတာလို့ ရှေးလူကြီးတွေပြောကြတယ်၊ တချို့ကလဲ အရင်နာမည်က ဂျောက်ကွေ့လို့ပြောကြပြန်ရော၊ ချောင်းရဲ့ဟောဒီအကွေ့နေရာက ရေတိုက်စားပြီး ချောက်ကြီးဖြစ်နေတာကို အစွဲပြုပြီးခေါ်တာတဲ့၊ ချောင်းကွေ့ပဲဖြစ်ဖြစ်၊ ဂျောက်ကွေ့ပဲဖြစ်ဖြစ် အခုခေါ်နေတဲ့ ကျောက်ကွေ့ဆိုတဲ့နာမည်နဲ့တော့ နီးစပ်တာချည်းပါပဲ'

ဒေါက်တာမျိုးအောင်က ရွာရာဇဝင်ကိုပြောပြနေသည်။

'ဒါဆို ရွာဟောင်းတည်ခဲ့တာကြာပြီပေါ့၊ ဟိုးရှေးပဝေသဏီကတည်းကပေါ့နော် ကိုမျိုးအောင်'

'ဟုတ်တယ်မာလာ၊ ဥတည်ဘွား မြန်မာပြည်ဖက်လာတော့တောင် ဒီရွာမှာဝင်နားသွားသေးတယ်လို့ ပါးစပ်ရာဇဝင်ရှိသေးတယ်'

'ဪ. . '

ကိုကောင်းတင်က ဒေါက်တာမျိုးအောင် ပြောပြသော ရွာရာဇဝင်ကို နားထောင်ရင်း ရွာ၏ပတ်ဝန်းကျင် အားလုံးပါအောင် ဓာတ်ပုံရိုက်ယူနေသည်။

'မွန်၊ ချောင်းကွေ့ထိပ်မှာ ခဏသွားရပ်ပါလား၊ ကိုယ်ဓာတ်ပုံရိုက်ချင်လို့'

'အို. . မွန်မရပ်ရဲပါဘူး'

'ဟား. . ဟား. . ဟား. . မာလာမရပ်ရဲရင် ငါရပ်ပေးပါ့မယ်ကွာ၊ ဟောဒီနေရာလား'

ဒေါက်တာမျိုးအောင်က ရယ်ရယ်မောမောဖြင့် ချောင်းထိပ်ကမူလေးတွင် သွားရပ်လိုက်လေသည်။

'သူတို့ ဒီနေရာကနေ ခုန်ချသွားတာပေါ့နော်၊ ဟုတ်လား၊ ချောင်းရေထဲကျပြီး တစ်ခါထဲပြန်ပေါ်မလာကြတော့ဘူးလား'

'ကိုမျိုးအောင်၊ တော်ပါတော့'

ဒေါက်တာမျိုးအောင်က ရယ်ရယ်မောမောဖြင့် နောက်ပြောင်နေသည့်အတွက် မာလာမွန်က ဟန့်လိုက်သည်။

ကိုကောင်းတင်က ဒေါက်တာမျိုးအောင် ချောင်းထိပ်အစပ်၌ရပ်နေပုံကို ဓာတ်ပုံရိုက်လိုက်၏။

'ကိုမျိုးအောင်၊ အဲဒီနေရာမှာရပ်မနေပါနဲ့တော့၊ ကျွန်မအသည်းယားလွန်းလို့ပါ၊ ကျွန်မတို့ ဒီနေရာကပြန်ကြပါစို့'

မာလာမွန်က မျက်နှာအပျက်ပျက်နှင့်ပြောလိုက်သည်။

'သွားကြစို့ကောင်းတင်၊ မာလာ သိပ်ကြောက်နေပြီ၊ သင်္ချိုင်းထဲတော့ မဝင်တော့ပါဘူးလေ၊ ဖွားဆယ်ဆီပဲသွားကြစို့၊ ဖွားဆယ်ဆီရော သွားချင်စိတ်ရှိသေးရဲ့လားမာလာ'

'ရပါတယ်ကိုမျိုးအောင်၊ အကြောင်းစုံတော့ ကျွန်မသိချင်သေးတယ်၊ သွားကြတာပေါ့'

**!!!    !!!    !!!**

ရွာတောင်ပိုင်းကိုရောက်ဖို့ တောင်နှင့်မြောက်ရှည်လျားသောရွာတန်းရှည်ကြီးကိုဖြတ်၍လာခဲ့ကြသည်။

လမ်းတွင် လက်ဖက်ရည်ဆိုင် ခပ်ကြီးကြီးတစ်ဆိုင်နှင့် ကုန်မျိုးစုံရောင်းသော စတိုးဆိုင်လို ဆိုင်မျိုးတစ်ဆိုင်ကို တွေ့ခဲ့ရ၏။ အိမ်အချို့ဆီမှ ကက်ဆက်သီချင်းသံများပျံလွင့်ထွက်နေ၏။ သီချင်းအများစုမှာ ယခုလတ်တလောခေတ်စားနေသော အဆိုတော်မင်းအောင်၏သီချင်းများကို ဖွင့်နေကြခြင်းဖြစ်သည်။

'မင်တို့ရွာက ဘယ်ဆိုးလို့လဲ၊ အိမ်အားလုံးလိုလို သွပ်မိုးပျဉ်ထောင်နဲ့၊ တိုက်ခံအိမ်တွေတောင်ရှိသေးတယ်၊ ကက်ဆက်လည်းအိမ်တိုင်းရှိတယ်နော်'

'ဟုတ်တယ်၊ ရွာကစီးပွားရေးကောင်းတယ်ကွ၊ သီးနှံအထွက်လည်းကောင်းတယ်၊ ဒီမှာ တရုပ်ပစ္စည်းတွေ ပေါလည်းပေါ ဈေးလည်းသက်သာတယ်လေ'

www.burmeseclassic.com

မော်တာနှင့်လည်သော စပါးခွဲလှေ့စက်များ၊ လူတစ်ကိုယ်စာတက်ထိုင်မောင်းနှင်ရသော ထွန်စက်အသေးလေးများကိုလည်းတွေ့ရသည်။ စက်ပစ္စည်းများမှာ ရန်ကုန်မှလာသောကိုကောင်းတင်တို့အဖို့ အမြင်ဆန်းနေပေသည်။ အိမ်အချို့ရှေ့တွင်ရပ်ထားသော မော်တော်ဆိုင်ကယ် သုံးလေးစီးကိုလည်း တွေ့ခဲ့ရပေသည်။ ဆိုင်ကယ်များ၌ နံပါတ်ပြားများ တပ်မထားကြပေ။

'အဲဒါ အကုန် တရုပ်ပစ္စည်းတွေချည်းပဲ၊ ပြည်မဖက်က လူတွေဆို ဒါမျိုး သုံးတောင်မသုံးနိုင်ကြသေးဘူးကွ'

'ရွာက စီးပွားရေးလည်းကောင်း၊ ဆရာဝန်ဆိုလို့ မင်းတစ်ယောက်ထဲရှိတာဆိုတော့ မင်းအတွက် ရိုက်စား-ပေါ့ကွာ'

'မထင်ပါနဲ့ကောင်းတင်ရယ်၊ တချို့လူတွေက ငါ့ကို အထင်မကြီးဘူး၊ ရွာမှာ အိမ်တိုင်ယာရောက်လိုက်ကုပေးတဲ့ ရမ်းကုတွေရှိတယ်၊ အဲဒါတွေကိုမှ အားကိုးတဲ့လူတွေရှိသေးတယ်ကွ'

'သြော်. . '

'ဟော. . ဖွားဆယ်တို့အိမ်ကိုရောက်ပြီ'

ဒေါက်တာမျိုးအောင်က လမ်းညာဖက်ရှိ အိမ်ကလေးကိုညွှန်ပြပြီးပြောလိုက်သည်။ ခြံဝင်းကျယ်အတွင်းမှ လေးပင်သုံးခန်းမြေစိုက်အိမ်ကလေးကို တွေ့လိုက်ရလေသည်။

အိမ်ရှေ့မြေကွက်လပ်၌ ဝါးဖြင့် ကွပ်ပြစ်တစ်လုံးရိုက်ထားသည်ကိုတွေ့ရသည်။ ကွပ်ပြစ်ဘေးမြေပြင်၌ ပက်လက်ကုလားထိုင်တစ်လုံးဖြင့် ထိုင်နေသော အဘွားအိုတစ်ဦးကို တွေ့ရလေသည်။ အဘွားအိုမှာ ကုလားထိုင်ပေါ်တွင်မှိန်းရင်း ပုတီးစိတ်နေလေသည်။

'အဲဒါ ဖွားဆယ်ပဲ၊ ဖွားဆယ်က မျက်စိမမြင်ရှာဘူး'

ဒေါက်တာမျိုးအောင်က သူတို့ကို အိမ်ဝင်းထဲသို့ ဦးဆောင်ခေါ်သွားရင်း ပြောပြနေသည်။

အိမ်ရှေ့အရောက်တွင် အိမ်ပြတင်းမှ မိန်းကလေးတစ်ယောက်ခေါင်းပြူကြည့်လိုက်ကာ. .

'ဟင်. . ဆရာပါလား၊ လာပါဆရာ'

-ဆိုကာ အိမ်ထဲမှထွက်လာလေသည်။

အဘွားဆယ်က လူသံကြား၍ ပုတီးစိတ်ရပ်လိုက်ကာ မေးလိုက်၏။

'ဘယ်သူတွေများတုံးဟဲ့ လုံမ'

'ကျွန်တော်ပါအဘွား၊ မျိုးအောင်ပါ၊ ဦးဖိုးကြွယ်သား မျိုးအောင်ပါ'

ဒေါက်တာမျိုးအောင်က ဖြေလိုက်လေသည်။

'သြော်. . ဆရာဝန်ဖြစ်သွားတဲ့ကောင်လေးလားဟဲ့'

'ဟုတ်ကဲ့အဘွား'

'လုံမရေ၊ ဧည့်သည်တွေထိုင်ဖို့လုပ်ပါဟေ့၊ ဘယ်သူတွေပါလာသေးလဲ'

အဘွားဒေါ်ကံဆယ်က မမြင်ရသော်လည်း ဒေါက်တာမျိုးအောင်နှင့်အတူ အခြားသူများပါလာသည်ကိုသိဟန်ဖြင့် မေးလိုက်လေသည်။

'ရန်ကုန်ကလာတဲ့ ကျွန်တော့်သူငယ်ချင်းလင်မယားပါအဘွား'

အဘွား၏မြေးမလေးက ပလတ်စတစ်ဖြင့် ယက်ထားသော တရုပ်ပြည်ဖြစ်ဖျာခေါက်ကလေးကို ယူလာကာ ကွပ်ပြစ်ပေါ်ဖြန့်ခင်းလိုက်သည်။

'ထိုင်ကြပါဆရာတို့'

ဧည့်သည်သုံးယောက်က ကွပ်ပြစ်ပေါ်တွင် တင်ပလွဲဝင်ထိုင်လိုက်ကြသည်။

'အဘွားအတွက် ရန်ကုန်ကဧည့်သည်တွေယူလာတဲ့မုန့်ပုံး၊ သိမ်းလိုက်ပါဦး'

ဒေါက်တာမျိုးအောင်က မုန့်ပုံးကို အဘွား၏မြေးမလေးကိုပေးလိုက်၏။

ဒေါ်ကံဆယ်က ဧည့်သည်များနှင့်စကားပြောရန် ပုတီးကို လက်တွင်ပတ်ထားလိုက်သည်။

'အဘွားရော၊ နေကောင်းရဲ့လားအဘွား'

www.burmeseclassic.com

'အေး. . မျက်စိမမြင်တာနဲ့ နားလေးတာကတော့ သေရာပါရောဂါဖြစ်သွားပြီမို့ ပြောစရာ မလိုတော့ပါဘူးကွယ်၊ ကျန်တာတွေတော့ ကောင်းပါတယ်၊ ဖျားခြင်းနာခြင်းမရှိပါဘူး'

'အဘွားက သိပ်ကုသိုလ်ကံကောင်းတာပဲဗျာ၊ အဘွား ထက်ငယ်တဲ့ ကျွန်တော့်မိဘတွေတောင် ဆုံးကုန်ကြပြီ'

'အေး. . ငါ့သားနှစ်ယောက်လည်း သေကုန်ကြပါပ ကော၊ ငါနဲ့ရွယ်တူလူတွေ တဖြုတ်ဖြုတ်ကြွေကုန်ကြပြီ၊ ငါတစ် ယောက်ပဲကျန်တော့တယ်ထင်ပါ့မောင်ရယ်'

'ရွာမှာ အဘွားအသက်အရှည်ဆုံးပါပဲ အဘွား'

'အသက်ရှည်ရှည်နေရတာ တစ်မျိုးကောင်းသလို၊ တစ် မျိုးလည်းမကောင်းပါဘူးကွယ်၊ အသက်ရှည်နေသမျှ ဘုရားအ လုပ် တရားအလုပ် လုပ်ခွင့်ရနေလို့ ကုသိုလ်လည်းရပါရဲ့၊ ခန္ဓာ ဝန်ကြီးထမ်းထားရတာလည်း ဒုက္ခတစ်ခုမဟုတ်လားမောင်ရဲ့'

'အဘွားအသက် ဘယ်လောက်ရှိပြီလဲအဘွား'

'လာမယ့် နတ်တော်လဆုပ်၇-ရက်ဆိုရင် ခုနစ်ဆယ့်ကိုး နှစ်ပြည့်ပြီ၊ ငါက ၆၅ခုဖွားလေ'

မြန်မာသက္ကရာဇ် ၁၂၆၅ခုနှစ်ကို ဆိုလိုခြင်းဖြစ်ပါသည်။

'ကျန်းမာရေးအတွက် လိုအပ်တာရှိရင် ကျွန်တော့်ကို သာ ခေါ်ခိုင်းလိုက်ပါအဘွား၊ ကျွန်တော်ချက်ချင်းလာခဲ့ပါ့မယ်'

'သာဓုပါမောင်ရယ်၊ သာဓုပါ၊ သာဓုပါ၊ ဒါနဲ့ မင်းတို့ ဘယ်ကလာကြသလဲ၊ ဧည့်သည်တွေကို ရွာထဲလိုက်ပြသလား'

'ရွာထဲလိုက်ပြရင်းလာတယ်ဆိုပါတော့၊ ဒါပေမယ့် အ ဘွားဆီကိုတော့ တမင်သက်သက်လာခဲ့တာပါအဘွား'

'အလို. .'

'အဘွား၊ မနေ့တုံးက ဝါခေါင်လပြည့်နေ့လေ'

အဘွားအို၏ အရေခွံများတွန့်လိပ်တွဲကျနေသော မျက် နှာသည် ဒေါက်တာမျိုးအောင်၏စကားကြောင့် ငေးမှိုင်သွားလေ ၏။

'ဝါခေါင်လပြည့်၊ ဟုတ်တယ်၊ မနေ့တုံးက ဝါခေါင်လ ပြည့်နေ့၊ ငါသိတယ်'

'ကျွန်တော့်သူငယ်ချင်းလင်မယားဟာ မနေ့တုံးကပဲ ရန် ကုန်ကရောက်လာကြတာပါအဘွား၊ သူတို့ကိုယ်ပိုင်ကားနဲ့လာခဲ့ ကြတာပါ၊ သူတို့ချောင်းကွေ့နားရောက်တော့ နေဝင်ရီတရော အချိန်ပါ၊ သူတို့ ချောင်းကွေ့ထိပ်မှာ. .'

'အလို. . ဘုရား၊ ဘုရား၊ မမစပယ်၊ မမစပယ်တို့. .'

ဒေါက်တာမျိုးအောင်၏ စကားမဆုံးမီမှာပင် အဘွားအို က ထိတ်လန့်တကြားရေရွတ်လိုက်လေသည်။

'ဟုတ်ပါတယ်အဘွား၊ သူတို့ ကိုဒေါနနဲ့မစပယ်ကိုတွေ့ ခဲ့ကြပါတယ်၊ မုန်တိုင်းကိုလည်းတွေ့ခဲ့ရပါတယ်'

'အို. . ကြာခဲ့ပြီ၊ ဒါတွေဟာ ကြာခဲ့ပါပြီကွယ်၊ ဘုရား၊ ဘုရား၊ ဝဋ်ကြီးလှချည်လားမမစပယ်ရယ်၊ အခုထိပဲ မကျွတ်လွတ် နိုင်သေးပါကလား'

အဘွားအိုသည် ပြောရင်း အသံများတိမ်ဝင်သွားကာ မ မြင်ရသောမျက်ဝန်းအိမ်အတွင်းမှ မျက်ရည်များစီးကျလာလေ၏။

'ဒီအဖြစ်တွေဟာ နှစ်ပေါင်းဘယ်လောက်ကြာခဲ့ပြီလဲ အ ဘွား'

ဖွားဆယ်က အကြောအပြိုင်းထနေသော လက်ပိန်ပိန် ဖြင့် မျက်ရည်များကိုသုတ်ပစ်လိုက်သည်။

'ငါ့အသက် ၉နှစ်က ဖြစ်ခဲ့တဲ့အဖြစ်ပဲ၊ အနှစ်၇၀ရှိပြီ ကွဲ့'

'အို. . ကြာလှပါကော'

'ကြာပေါ့ကွယ်၊ ဟုတ်ပေသားပဲ၊ အခု ၁၃၄၄ခုကိုး၊ မမ စပယ်တို့ကွယ်လွန်ခဲ့တာ အနှစ်၇၀ရှိပြီ၊ ဆယ်နှစ်တစ်ပိုင်း၊ ဆယ် နှစ်တစ်ပိုင်း. . တွက်မယ်ဆိုရင် ခုနစ်ပိုင်းရှိပြီ၊ သူတို့ရဲ့ဝိညာဉ် တွေကို မြင်ရတတ်တဲ့ ဆယ်နှစ်ပိုင်းကိုရောက်လာပြန်ပြီကိုး'

'ဟုတ်ပါတယ်အဘွား၊ ကိုဒေါနနဲ့မစပယ်တို့ ဝိညာဉ်ရိပ် တွေကို ဆယ်နှစ်ပြည့်ချိန်တိုင်း တိုက်တိုက်ဆိုင်ဆိုင်မြင်ရတယ် လို့ တစ်ရွာလုံးက အမှတ်အသားရှိခဲ့ကြတာပါ၊ ဒီတစ်ခါတော့



www.burmeseclassic.com

ကျွန်တော့်သူငယ်ချင်း ကိုကောင်းတင်နဲ့မာလာမွန်တို့လို ရွာအတွက်လူစိမ်းတွေကိုယ်တိုင်က မြင်ခဲ့ကြတာပါ၊ သူတို့က ဒီရွာကို တစ်ခါမှလည်း မရောက်ဖူး၊ ဒီဇာတ်ကြောင်းကိုလည်း တစ်ခါမှ မသိဖူးတဲ့သူတွေပါအဘွား'

'အင်း. . ဆယ်နှစ်တစ်ခါတွေ့ရတယ်ဆိုပေမယ့် ပြီးခဲ့တဲ့ဆယ်နှစ်၊ ၁၃၃၄ခုနှစ်တုံးကတော့ ဘယ်သူမှ မြင်တယ်တွေ့တယ်လို့ မကြားမိခဲ့ဘူးကွဲ့၊ အဲဒါကြောင့် အဘွားက သူတို့တတွေ ကျွတ်လွတ်သွားပြီလို့ ထင်ခဲ့မိတယ်၊ အခုတစ်ခါ မြင်ရပြန်ပြီဆိုတော့. . မမစပယ်နဲ့ ကိုကြီးဒေါနရယ်၊ ဝဋ်ကြီးလှချည်လား နော်'

အဘွားအိုက နောက်တစ်ကြိမ် ငြီးငြူလိုက်ပြန်၏။

'ဩော်. . လွန်ခဲ့တဲ့ဆယ်နှစ်တုံးက မတွေ့ခဲ့ရဘူးလား၊ ဒါလည်း မြင်တဲ့သူမရှိလို့ဖြစ်မှာပေါ့အဘွားရယ်၊ သူတို့ဝိညာဉ်တွေကတော့ ထုံးစံအတိုင်း လှုပ်ရှားရင်လှုပ်ရှားနေမှာပေါ့'

'မသိနိုင်ဘူးကွယ်၊ ဒီကလေးတွေကရော၊ ဘယ်လိုဘယ်ပုံမြင်ခဲ့ရတာလဲ၊ အဘွားကိုပြောပြပါဦး'

မာလာမွန်က သူတို့မြင်ခဲ့ရပုံအကြောင်းကို ဖွားဆယ်အား ပြန်ပြောပြလိုက်သည်။

'သမီးတို့အမြင်မှာတော့ တကယ့်လူကိုမြင်ရတဲ့အတိုင်းပါပဲအဘွားရယ်၊ ဒါကြောင့် သူတို့ကိုကယ်မယ်ဆိုပြီးကိုမျိုးအောင်ကိုတောင် ပြောမိပါသေးတယ်၊ ကိုမျိုးအောင်က ဒါဟာ နာနာဘာဝတွေပါလို့ပြောတာကို သမီးတို့မယုံခဲ့ဘူး၊ အခု အဘွားနဲ့တွေ့ရမှ'

'မမစပယ်တို့ဟာ သီလရှိကြတဲ့ သူတော်ကောင်းတွေပါကလေးရယ်၊ ဘာကြောင့်များ ခုထိ မကျွတ်မလွတ်ပဲရှိကြပါလိမ့်၊ အဘွားတို့ သူတို့အတွက် ကုသိုလ်ကောင်းမှုများလည်း မပြတ်ပြုပါတယ်၊ အမျှများ မရကြလို့လား၊ သေကြတာလည်း အစိမ်းသေဆိုတော့. . ဩော်. . ဒုက္ခ. . ဒုက္ခပါကလား'

'ကိုဒေါနနဲ့ မစပယ်တို့အဖြစ်ကို ပြောပြပါလားအဘွား၊ သူတို့ကိုမြင်ခဲ့ရတဲ့ ဧည့်သည်တွေလည်းသိရအောင်၊ ကျွန်တော်လည်း ဒီအကြောင်းကိုကြားဖူးပေမယ့် တစ်ဆင့်ပြောနဲ့သာ သိရတာပါအဘွား၊ ဂဃနဏမသိပါဘူး၊ မျက်မြင်ကိုယ်တွေ့ဖြစ်ခဲ့တဲ့ အဘွားပြောပြမှ အပြည့်အစုံသိရမှာပါ'

ဒေါက်တာမျိုးအောင်က တောင်းဆိုလိုက်လေသည်။

မာလာမွန်သည် အဘွားအို၏စိတ်နှလုံးညှိုးနွမ်းနေပုံကို မြင်နေရ၍ သနားနေမိသည်။ အဖြစ်အပျက်ကိုပြန်ပြောခိုင်းရမှာကိုလည်း အဘွားစိတ်အနှောက်အယှက်ထပ်ဖြစ်မည်စိုးကာ အားနာနေမိ၏။

'ကိုမျိုးအောင်၊ အဘွားကိုမပြောခိုင်းပါနဲ့၊ အဘွားစိတ်ဆင်းရဲနေပြီ၊ အဟောင်းတွေအသစ်ဖြစ်ပါ့မယ်၊ ကိစ္စမရှိပါဘူး အဘွားရယ်၊ ပြောရမှာဝန်လေးရင် မပြောပါနဲ့တော့ရှင်'

မာလာမွန်က ကြားမှဝင်၍တောင်းပန်လိုက်သည်။

'ကိစ္စမရှိပါဘူးမိန်းကလေးရယ်၊ အဘွားပြောပါ့မယ်၊ အဘွားပြောချင်ပါတယ်၊ မမစပယ်တို့ကို ဝိညာဉ်နာနာဘာဝအဖြစ်နဲ့မြင်ရတော့ မိန်းကလေးတို့စိတ်မှာ သူတို့ဟာ တရားမရှိလို့ တစ္ဆေဘဝရောက်ရတယ်လို့ ထင်ကြမှာစိုးရိမ်လို့ပါ၊ မမစပယ်တို့အပေါ်မှာ သံသယရှင်းအောင်ရယ်၊ မိန်းကလေးတို့မြင်ခဲ့ရတဲ့ အစိမ်းသရဲတွေကို ဒီဘဝကလွတ်မြောက်အောင် အမျှအတန်းဝေနိုင်အောင်ရယ်. . အဘွား ဒီအကြောင်းတွေကိုပြောပြပါ့မယ်ကွယ်. . ပြောပြပါ့မယ်'

**!!! ♣♣♣ !!! ♣♣♣ !!! ♣♣♣ !!!**

www.burmeseclassic.com

# အပိုင်း - ၂

## စောင်းလုလင် နှင့် ကွမ်းတောင်ကိုင်

◆

သီတင်းကျွတ်လ၏ ညနေခင်းအချိန်မှာ သာယာကြည်လင်လျက်ရှိလေ၏။ ပွင့်လင်းရာသီဖြစ်သည့်အားလျော်စွာ လယ်ယာလုပ်ငန်းခွင်များ ရပ်နားပြီးချိန်ဖြစ်၍ တောသူတောင်သား တောင်ယာလယ်လုပ်သူများအတွက် အနားယူအားလပ်ရက်များဖြစ်ပေတော့သည်။

အလှူအတန်း၊ ပွဲလမ်းသဘင်များကိုလည်း ဤအချိန်၌ပင် ကျင်းပတတ်မြဲဖြစ်ရာ. . ကျေးလက်တောရွာများ၌ အလှူပွဲများ၊ ဘုရားပွဲများဖြင့် စည်ကားနေတတ်လေသည်။

ကျောက်ကွေ့ရွာ၏ဘုရားပွဲကား သီတင်းကျွတ်လပြည့်နေ့တွင်ကျင်းပမြဲဖြစ်၏။ တစ်ပတ်တိတိလိုပေသေးသည်။

သို့ရာတွင် ရွာတိုင်းရွာတိုင်း၌ ဘုရားပွဲများကျင်းပလေ့ရှိသည်မို့ သီတင်းကျွတ်လမှစ၍ ရွာနီးချုပ်စပ်၌ ပွဲလမ်းသဘင်ပြတ်လတ်သည်ဟူ၍မရှိပေ။

အလုပ်နားသည့် အားလပ်ရာသီဖြစ်သည့်အားလျော်စွာ တစ်ရွာနှင့်တစ်ရွာ ကူးသန်း၍ ပွဲကြည့်သည့်ဓလေ့သည်လည်း ပျော်စရာကောင်းလှပေသည်။ မိမိရွာတွင် အလှူပွဲ၊ ဇာတ်ပွဲရှိသည့်အခါတိုင်း အခြားရွာမှ မိတ်ဆွေသင်္ဂဟ ဆွေမျိုးသားချင်းများကို ဖိတ်ခေါ်လေ့ရှိသလို၊ မိမိကိုဖိတ်ခေါ်ပါကလည်း တပျော်တပါးကြီး သွားရောက်ကြလေသည်။

ယနေ့ သီတင်းကျွတ်လဆန်းစရက်နေ့ညကား ကျောက်ကွေ့ရွာနှင့် လေးမိုင်ဝေးသော နောင်အင်းရွာ၏ ဘုရားပွဲနေ့ဖြစ်ပေသည်။

အသက်၉နှစ်အရွယ် မကံဆယ်လေးသည် မိခင်ဖြစ်သူက ကြက်တောင်စည်း စည်းပေးသည်ကို ငြိမ်သက်စွာခံယူရင်း ပျော်ရွှင်ကြည်နူးလျက်ရှိလေသည်။ နောင်အင်းရွာဘုရားပွဲသို့ ရွာမှ လူကြီးအချို့နှင့်အတူ လိုက်ပါခွင့်ပြုထားသည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်နေရခြင်းဖြစ်လေ၏။

'ဒါပဲနော် မိကံဆယ်၊ ဟိုကျရင် ငြိမ်ငြိမ်ဆိမ်ဆိမ်နေ၊ တစ်ယောက်ထဲ ဘယ်မှမသွားနဲ့၊ မှုံတုတ်တို့၊ စပယ်တို့စကားကို နားထောင်၊ ကြားလား'

မိခင်ဖြစ်သူဒေါ်အေးသင်က မကံဆယ်လေးအား ဝတ်ကောင်းစားလှများ ဝတ်ဆင်ပေးကာ အမွှေးနံ့သာများ လိမ်းကျံပေးနေရင်းမှ တတွတ်တွတ်မှာကြားနေလေသည်။

'ကြားလားဟဲ့ ကံဆယ်'

'အင်းပါ အမေရဲ့'

'ငါ့မှာ ထည့်သာထည့်ရတယ်၊ စိတ်မချပေါင်အေ၊ စပယ်တို့ မြကြည်တို့ကိုယ်တိုင်က အပျိုလေးတွေရယ်၊ မှုံတုတ်ကလည်း လူကြီးသာဆိုတယ် ဝမ်းတွင်းရှူး'

'ကျွန်မ လိမ်လိမ်မာမာနေပါ့မယ်အမေရယ်၊ ပွဲခင်းထဲမှာ မမစပယ်တို့နဲ့ခွဲပြီး ဘယ်မှမသွားပါဘူး၊ စိတ်ချပါအမေရဲ့'

မကံဆယ်ကလေးက မိခင်စိတ်ချအောင် ဝန်ခံချက်ပေးလိုက်သည်။

'အေး. . အေး. . ငါ့သမီးကလိမ်မာပါတယ်ကွယ်၊ စပယ်တို့ မြကြည်တို့က အပျိုလေးတွေဆိုတော့ ကာလသားတွေက လိုက်ပြီး နောက်မှာပြောင်မှာစိုးလို့ပါကွယ်'

'ဦးလေးသာအောင်ကြီးလည်း ပါသားပဲအမေ၊ ကာလသားတွေလာရမ်းရင် ဦးလေးသာအောင်က နဒန်(နှင်တံ)နဲ့ ရိုက်လိမ့်မပေါ့၊ မပူပါနဲ့'

www.burmeseclassic.com

နောင်အင်းရွာသို့ မစပယ်တို့အိမ်မှလှည်းနှင့် သွားကြမည်ဖြစ်သည်။ လှည်းကို မစပယ်တို့ သူရင်းငှား ကိုသာအောင်ကမောင်းမည်။ ကိုသာအောင့်မိန်းမ မှုံတုတ်လည်းပါမည်။ ကိုသာအောင်တို့ မှုံတုတ်တို့မှာ အသက်၃၀ကျော်အရွယ်များဖြစ်၍ လူကြီးများဟုဆိုနိုင်ပါသည်။ သို့သော် မမှုံတုတ်မှာ အမေပြောသလို သိပ်ကျပ်မပြည့်ရှာပေ။ အလကားနေရင်း တဟီးဟီးတဟားဟား ရယ်မောနေတတ်သော ပေါတောတောအမျိုးသမီးတစ်ယောက်ဖြစ်၏။ ထို့ကြောင့် ဒေါ်အေးသင်က 'ဝမ်းတွင်းရူး'ဟု သမုတ်ခဲ့ခြင်းဖြစ်ပါသည်။

ဒေါ်အေးသင်က မကံဆယ်လေး၏ ခေါင်းအလည်တည့်တည့်တွင် ကြက်တောင်စည်းလေးစည်းပေးပြီးနောက်. . စပယ်ပန်းခွေလေးကို ကြက်တောင်စည်းအား ပတ်၍စည်းပေးလိုက်၏။

'ငါ့သမီးလေးက ဒီလိုတော့လည်း အလှလေးပဲဟေ့'

ကိုယ်တိုင်စိတ်တိုင်းကျ ပြင်ဆင်ပေးထားသည့် သမီးကိုကြည့်ကာ ဒေါ်အေးသင်က ချီးမွမ်းလိုက်၏။

မကံဆယ်လေး၏ပါးပြင်၌ မျက်နှာချေနီနီများ ရဲလျှက်ရှိပေသည်။ ဒေါ်အေးသင်က မျက်နှာချေမှုန့်များကို သနပ်ခါးပါးကွက်ကဲ့သို့ ဝိုင်းဝိုင်းလေးဖြစ်အောင် ချယ်ပေးထားခြင်းဖြစ်၏၊ ပိတ်ချောရင်ဖုံးအကျီလေးကိုမူ ကလေးမို့ ခပ်ပွပွချုပ်ထား၏။ သရက်ထည်ပွင့်ရိုက်ထမီလေးကား မြို့မှအထမ်းသည်လာရောင်းစဉ်က တစ်ကျပ်နှင့်ဝယ်ထားသည်မို့ တန်ဖိုးကြီးလှပေသည်။

မကံဆယ်လေးသည် ကလေးမို့ ထမီကို သေသေသပ်သပ်မဝတ်တတ်သေး၊ ထမီက အောက်ဖက်တွင် ဘေးသို့ကားထွက်နေသည်။ အမေ့မျက်စိထဲမှာတော့ သမီးလေးကိုကြည့်လို့မဝပေ။

'ကဲ. . ကဲ. . သွားချေတော့၊ မစပယ်တို့မျှော်နေရောမယ်၊ ဩော်. . မုန့်ဖိုးယူသွားဦးဟဲ့၊ နေဦး'

ဒေါ်အေးသင်က ခါးပန်းပေါ်တင်ထားသော ပိုက်ဆံဗူးလေးကိုယူကာ အကြွေစေ့အချို့ကိုနှိုက်ယူလိုက်သည်။

'ရော့. . ၃ပဲ၊ ပိုပိုမိုမိုပေးလိုက်တာနော်၊ အကုန်လုံးမုန့်ဝယ်စားမပစ်နဲ့၊ ကြားလား'

'ဟုတ်ကဲ့ပါအမေ'

'ပွဲခင်းထဲမှာ ရင်ပြည့်မယ့်အစာတွေ ဝယ်မစားနဲ့နော်ကံဆယ်'

မကံဆယ်မသွားသေးသမျှ အမေက မှာကြားလို့ဆုံးနိုင်တော့မည်မဟုတ်ပေ။

'ကျွန်မသွားတော့မယ်အမေ၊ မမစပယ်တို့မျှော်နေရောမယ်'

'အေး. . အေး. . သွား၊ သွား'

အိမ်ပေါ်မှဆင်းသည်နှင့် ကံဆယ်သည် လေးမှလွှတ်လိုက်သောမြားကဲ့သို့ မစပယ်တို့အိမ်ဖက်သို့ ပြေးထွက်ခဲ့လေတော့သည်။

မကံဆယ်အတွက် မိဘများမပါပဲ အရပ်တစ်ပါးသို့ ပထမဆုံးသွားခွင့်ရသောအကြိမ်ဖြစ်ပေသည်။

လေးမိုင်ဝေးသောရွာသို့ ရုပ်သေးပွဲသွားကြည့်ရခြင်းမှာ အသက်၉နှစ်အရွယ် ကလေးမလေးတစ်ယောက်အဖို့ ပျော်စရာနှင့် ရင်ခုန်စရာခရီးစဉ်ဖြစ်ပေတော့သည်။

!!! !!! !!!

မစပယ်တို့အိမ်ရောက်တော့ မစပယ်မှာ စိတ်ဆိုးဒေါပွလျှက်ရှိသည်ကို တွေ့ရလေသည်။

ဘုရားပွဲသွားဖို့နွားလှည်းကို ပြင်ထားပြီးဖြစ်ရာ နွားလှည်းပေါ်၌ ကိုရင်သာအောင်ကြီးပင် အသင့်ဖြစ်နေလေပြီ။

မစပယ်ကား အိမ်ထဲရှိ ပစ္စည်းပစ္စယများကို လှန်လှောရင်း တစ်စုံတစ်ခုကို လိုက်ရှာနေသကဲ့သို့ရှိကာ နှုတ်မှလည်း တတွတ်တွတ်ရေရွတ်ငြီးတွားလျှက်ရှိပေသည်။ မမှုံတုတ်သည် လှေကားရင်း၌ထိုင်ကာ မစပယ်ကိုကြည့်ရင်း တခစ်ခစ်ရယ်မောနေပေ၏။

www.burmeseclassic.com

'ကဲပါမမှုံတုတ်ရယ်၊ ဖွက်ထားရင်လည်း ထုတ်ပေးလိုက်ပါတော်၊ ကျုပ်တို့ပွဲနောက်ကျနေပါ့မယ်တော်ကြီးရဲ့'

မမြကြည်ပြောလိုက်သောစကားကို ကြားလိုက်ရသည့် ကံဆယ်လေးက အကျိုးအကြောင်းကိုမေးကြည့်လိုက်သည်။

'ဒီမယ်အေ- စပယ်ပန်ဖို့လုပ်ထားတဲ့ စပယ်ခွေ ပျောက်နေလို့အေရဲ့၊ ငါတို့က မမှုံတုတ်ကြီးဖွက်ထားတယ်လို့ ထင်ကြတယ်၊ သွားဖို့က အချိန်ကပ်နေပြီ၊ မမှုံတုတ်ကြီးက ထုတ်မပေးလို့ စပယ်စိတ်တိုနေတာ'

'ဟီ-ဟီ-ဟီ. . ဟုတ်ပါဘူးဆို၊ ငါဖွက်ပါဘူးအေတို့ရဲ့၊ ဟီး. . ဟီး. . ဟီး. . '

မမှုံတုတ်ရယ်ကျဲကျဲဖြင့်ပြန်ပြောသောဟန်ကပင် သူဖွက်ထားကြောင်း ဖော်ပြောနေသလိုဖြစ်နေ၏။ စပယ်ခွေဆိုသည်မှာ စပယ်ပန်းများကို နှီးကြိုးမျှင်မျှင်လေးတွင် တစ်ပွင့်ချင်းစီ၍သီကုံးထားသည့် ပန်းကုံးလေးဖြစ်ပါသည်။ မစပယ်သည် ပန်းကုံးလေးကိုနေ့လည်ကတည်းကပင် စိတ်ရှည်လက်ရှည် သီကုံးနေခဲ့တာ ကံဆယ်မြင်သည်။

'ကျွန်မရှာပေးပါ့မယ်မမစပယ်၊ အသာနေပါ'

ကံဆယ်က မမှုံတုတ်ကြီး၏အကြောကို သိထားပြီးသူမို့ ဘယ်လိုနေရာမှာ ဝှက်ထားနိုင်သလဲဆိုတာ စဉ်းစားမိလေသည်။

ကံဆယ်သည် အိမ်ရှေ့တံစက်မြိတ်အောက်ရှိစဉ့်အိုးကြီးကို အဖုံးဖွင့်ကြည့်လိုက်လေသည်။

'ဟောဒီမှာ စပယ်ခွေ၊ တွေ့ပါပြီမမစပယ်ရယ်၊ ရော့. . ရော့'

ကံဆယ်က စဉ့်အိုးထဲမှစပယ်ခွေကိုနှိုက်ယူကာ မစပယ်ရှိသည့်အိမ်ပေါ်ထိ တက်ပေးလိုက်၏။

'ဟယ်. . ကောင်မလေးက ရှာနိုင်သားပဲ၊ အဲဒါ ငါဖွက်တာမဟုတ်ဖူးနော်၊ ဟီ. . ဟီ. . ဟီ'

'ဘာလို့မဟုတ်ရမှာလဲ၊ ဒေါ်လေးမှုံမျက်လုံးက စဉ့်အိုးဆီရောက်နေလို့ အဲဒီထဲမှာဖွက်ထားရမယ်လို့ ကျွန်မထင်လိုက်တာ၊ ထင်တဲ့အတိုင်းပဲ'

'ဟီ. . ဟီ. . ဒီလိုမှန်းသိ ဒီထဲမထားပါဘူး၊ နွားတင်းကုပ်မှာ သွားချိတ်ထားမှာပေါ့၊ ဟဲ- ဟဲ-'

'ဟော- ကြည့်၊ ပေါ်ပြီ၊ ပေါ်ပြီ'

'အယ်. . ဟုတ်သား'

သူ့စကားကြောင့်ပင် သူဝှက်ထားမှန်းပေါ်သွားသည်ကို ခုမှစဉ်းစားမိပြီး မမှုံတုတ်က လျှာတစ်လစ်ထုတ်လိုက်သည်။

'မမှုံတုတ်ကြီးနော်၊ တော်တော်အကျင့်တန်၊ နေဦး၊ တော်ကြီးတော့လား၊ ပွဲခင်းထဲမှာ အိပ်နေတုံး ထားပစ်ခဲ့ချေမယ်'

မစပယ်က ကြိမ်းဝါးလိုက်ရာ မမှုံတုတ်က တကယ်ထင်ပြီး မျက်နှာပျက်သွားလေ၏။

'ဟယ်. . မထားခဲ့ပါနဲ့ဟယ်၊ မလုပ်ပါနဲ့၊ ငါကစတာပါဟဲ့၊ ငါ့ကို ပွဲခင်းထဲမထားခဲ့နဲ့နော်'

ပြာပြာသလဲတောင်းပန်နေလေသည်။

'မြကြည်ရေ. . ငါ့ကို စပယ်ခွေ ကလစ်နဲ့တွယ်ပေးပါဦး'

မစပယ်က အကူအညီတောင်းလိုက်သောကြောင့် မမြကြည်က စပယ်ခွေလေးကို မစပယ်ခေါင်းတွင် နေရာကျအောင် ကလစ်ဖြင့်ညှပ်ပေးလိုက်သည်။

'ဟယ်. . မမစပယ်က အရမ်းလှတာပဲ'

ကံဆယ်က စပယ်ခွေပန်ပြီးသွားသော မစပယ်ကိုချီးမွှမ်းလိုက်သည်။ မစပယ်လေးကား ရွာ၏ကွမ်းတောင်ကိုင်ဟုမပြောရပေ။ အလှအယဉ်တွင် ကျောက်ကွေ့ရွာ၌ မစပယ်ကို ဘယ်သူမှမမီ။ မစပယ်ကား ကျောက်ကွေ့ရွာ၏အလှဆုံး အပျိုစင်မိန်းကလေးတစ်ယောက်ဖြစ်ပေသည်။

'ကဲ- နေတောင်စောင်းသွားပြီ၊ မမှုံတုတ်ကြီးလုပ်တာနဲ့ မိုးချုပ်တော့မှာပဲ၊ လာကြ၊ လာကြ၊ မြကြည်တို့၊ ကံဆယ်တို့ လှည်းပေါ်တက်ကြဟဲ့'

www.burmeseclassic.com

လှည်းပေါ်တက်နေကြစဉ်တွင် မစပယ်ပြောခဲ့သော စကားကိုအဟုတ်ထင်ကာ မမှုံတုတ်က တောင်းပန်နေသေးသည်။

'ဟေ့- ငါ့ကို ပွဲခင်းထဲမှာ မထားခဲ့ကြနဲ့နော်'

မစပယ်က မျက်နှာကိုတင်းတင်းထားကာ ခပ်တည်တည်မာန်မဲလိုက်ပြန်သည်။

'ထားခဲ့မှာပဲ၊ တော်ကြီးကို ထားပစ်ခဲ့မှာပဲ၊ ပွဲခင်းထဲမှာ တော် အိပ်ရဲအိပ်ကြည့်'

'မလုပ်ပါနဲ့ဟယ်၊ ကိုသာအောင်၊ သူတို့ထားပစ်ခဲ့ရင် တော် ကျုပ်ကိုနှိုးနော်'

'တယ်-ဒီမိန်းမ၊ ရှုးတာ တော်ရှုံတန်ရှုံရှုးရင်ကောင်းမယ်၊ ထားခဲ့တော့ရော နင်ကလေးမို့လို့လား၊ ပွဲခင်းထဲမအိပ်ပဲနေပေါ့၊ စကားမရှည်နဲ့၊ တိတ်'

လင်ဖြစ်သူက ငေါက်လိုက်မှ မျက်နှာငယ်ငယ်နှင့်ငြိမ်သွားလေသည်။

ကံဆယ်တို့သုံးယောက်မှာ မမှုံတုတ်ကြီးမမြင်အောင် တစ်ယောက်နှင့်တစ်ယောက်ပြုံးပြလိုက်ကြ၏။

ကိုရင်သာအောင်က နွားနှစ်ကောင်ကို နှင်တံဖြင့်တို့ရင်း လှည်းကို စထွက်လိုက်သည်။

လှည်းယာဉ်ကျော့ကလေးသည် တငြိမ့်ငြိမ့်ဖြင့် ခရီးစ၍ နှင်ခဲ့လေတော့သည်။

**!!!** **!!!** **!!!**

ချူသံတလွင်လွင်ဖြင့် ခရီးနှင်လာသော လှည်းယာဉ်ကျော့လေးသည် ရွာလမ်းတလျှောက် တငြိမ့်ငြိမ့်ဖြင့် ရွေ့လျားလာ၏။

လှည်းပေါ်၌ ယောကျာ်းဆို၍ လှည်းမောင်းသူ ကိုသာအောင်တစ်ယောက်သာပါ၍ ကျန်လေးယောက်မှာ မိန်းကလေးများဖြစ်ကြသည်။

မမှုံတုတ်မှာ အိမ်ထောင်သည်ဖြစ်ပြီး၊ မကံဆယ်က ကလေးအရွယ်သာရှိသေးသည်။ မစပယ်နှင့်မမြကြည်တို့ အပျိုကလေးနှစ်ယောက်ပါသောလှည်းကို လမ်းတွင်တွေ့သော ကာလသားများက ငေးမောကြည့်နေကြပေ၏။

မမှုံတုတ်က သူ့ယောကျာ်းကိုသာအောင်နှင့်အတူယှဉ်၍ လှည်းထိပ်တွင်ထိုင်ရင်း ပါလာသည်။ စပယ်နှင့်မြကြည်က လှည်းနောက်မြီးတွင် ခြေတွဲလောင်းချထိုင်ကာ လိုက်ပါလာ၏။ ကံဆယ်ကတော့ လှည်းဝမ်းထဲ၌ ချောင်ချောင်ချိချိထိုင်၍လိုက်လာခဲ့လေသည်။

လှည်းသွားရာရှေ့တူရှုကိုနောက်ကျောခိုင်း၍ နောက်မြီးမှခြေတွဲလောင်းချလိုက်ပါလာသည့် မစပယ်တို့က လမ်းတွင်တွေ့သူများကို နှုတ်ဆက်ရင်းလိုက်ပါလာလေသည်။

တစ်ရပ်တစ်ရွာသို့ ပွဲသွားကြည့်မည်ကို သိသောအခါ ရွယ်တူမိန်းကလေးအချို့က အားကျနှစ်လိုသောအကြည့်များဖြင့် ကြည့်ရင်း ငေးမောကျန်ခဲ့ကြလေ၏။

တကယ်တော့ ခရီးဝေးရွာအထိ ပွဲသွားကြည့်နိုင်ခြင်းမှာ ကိုယ်ပိုင်လှည်း၊ ကိုယ်ပိုင်နွားရှိသော ကြေးရည်တတ်များမှသာ သွားနိုင်သည်မဟုတ်ပါလော။

ရွာထဲမှထွက်လုဆဲတွင် သူကြီးအိမ်ရှေ့အရောက်၌ အိမ်ထဲမှထွက်လာသော သူကြီးသား ကိုမုန်တိုင်းသည် ကိုသာအောင်၏နွားလှည်းကို မြင်တွေ့သွားလေသည်။

'ဟ၊ ကိုသာအောင်ကြီးပါလား၊ ဘယ်ကိုသွားမလို့လဲဗျ၊ လူတွေစုံလှချေလား'

မုန်တိုင်းက ကိုသာအောင်ကိုမေးလိုက်သော်လည်း သူ့မျက်လုံးများက မစပယ်ဆီသို့သာရောက်နေပေသည်။ မုန်တိုင်း၏နှုတ်ဆက်သံအကြားတွင် မစပယ်နှင့်မြကြည်တို့ စကားတွတ်ထိုးလာသောအသံမှာ တိတ်သွားလေ၏။

'နောင်အင်းရွာဘုရားပွဲသွားမလို့ပါ ကိုမုန်တိုင်း'

'နောင်အင်းပွဲလား၊ ဘုရားပွဲဆိုပေမယ့် ရှုပ်သေးပွဲပါဗျာ၊ လူ ကတဲ့ပွဲမဟုတ်ပါဘူး'

www.burmeseclassic.com

'ဟုတ်တော့ဟုတ်ပါရဲ့၊ ကျုပ်တို့တောသူတောင်သားတွေ အဖို့တော့ ပွဲလမ်းသဘင်ရှားပါးတော့လည်း ရုပ်သေးပွဲကိုပဲ အကောင်းလုပ်ကြည့်ရတာပဲဗျာ'

ကိုသာအောင်က လှည်းကို အနည်းငယ်နှေးစေကာ ကိုမုန်တိုင်းနှင့်စကားပြောပြီးမှ မောင်းထွက်လာခဲ့သည်။

မုန်တိုင်းက သူ့ရှေ့မှလွန်သွားသောလှည်းကို လည်ပြန်လှည့်ကြည့်ရင်းမှ မစပယ်ကိုငေးမောကြည့်နေလေသည်။ နောက်ခိုင်းထိုင်နေသောမစပယ်သည် မုန်တိုင်းကြည့်နေမှန်းသိ၍ မျက်နှာလွှဲကာ ဘေးကိုငေးနေလိုက်လေ၏။

လှည်းကလေးမှာ ရွာပြင်သို့ ထွက်လာလေပြီ။

ရွာပြင်လမ်းမမှာ ဖုံထူသောလမ်းမို့ လှည်းလမ်းကြောင်းတလျှောက် ဖုံလုံးကြီးများ ထ၍ကျန်ခဲ့လေတော့သည်။

ကွမ်းတစ်ယာညက်ခန့်မောင်းလိုက်သည့်အခါ. . လှည်းယာဉ်ကလေးသည် သချိုင်းနားသို့နီးလာလေသည်။

လှည်းသည် သချိုင်းအတွင်းဖက်မှ တည့်တည့်ဖြတ်ကာ လမ်းမကြီးဆီသို့ရောက်အောင်မောင်းနှင်ရမည်ဖြစ်ပါ၏။ သချိုင်းမြေသည် ချောင်းအနီးသို့ရောက်မှ ဆုံးလေတော့၏။

'အမလေး၊ သချိုင်းကုန်းနားရောက်လာပြီ၊ ကြောက်တယ်တော့၊ မကြည့်ရဲဘူး'

မမှုံတုတ်ကြီးက လှည်းရှေ့တွင်ထိုင်နေရာမှ မကံဆယ်လေးထိုင်နေသော လှည်းဝမ်းထဲသို့တိုးဝင်လိုက်လေသည်။

'မမှုံတုတ်ကြီး တော့်ကို သချိုင်းထဲမှာ ထားပစ်ခဲ့မယ်တော်နေရဲလား'

မစပယ်က မမြကြည်နှင့်နှစ်ယောက်စကားပြောနေရာမှ မမှုံတုတ်ကိုလှည့်၍နောက်လိုက်သည်။

'အမလေး. . ဘာစကားပြောတာတုံး၊ ကြောက်ရတဲ့ကြားထဲတော်၊ ကိုသာအောင်ရဲ့ အမြန်မောင်းစမ်းပါ'

မမှုံတုတ်သည် တကယ်ကိုကြောက်ရွံ့နေကာ ပါလာသည့်တဘက်ကလေးဖြင့် ခေါင်းမြီးခြုံထားလိုက်သည်။

'ဟော. . မမှုံတုတ်၊ ဟောဟိုမှာ တော့်အဖေမြေပုံကိုကြည့်လိုက်စမ်း၊ မြေပုံပေါ်မှာ တော့်အဖေရယ် ငုတ်တုတ်ကြီး'

'အမလေး လေး၊ တော်ပါတော့၊ တော်ပါတော့၊ မပြောပါနဲ့တော့'

မမှုံတုတ်သည် အသားများ တဆတ်ဆတ်တုန်ကာ မကံဆယ်လေး၏ရင်ခွင်ထဲခေါင်းတိုးဝင်ရင်း ပုန်းနေပြန်လေသည်။

မစပယ်သည် မမှုံတုတ်ဖြစ်နေပုံကိုလှည့်ကြည့်ကာ တိုး၍ စလေတော့သည်။

'ကျုပ်အဟုတ်ပြောတာမမှုံတုတ်၊ ဟောပြောရင်းဆိုရင်း တော့်အမေလည်း တော့်အဖေမြေပုံနားရောက်လာပြီ၊ အမယ် နှစ်ယောက်သားပြောနေလိုက်ကြတာ၊ ဟုတ်တယ်၊ တော့်ကို တစ်ခါထဲခေါ်ထားမလို့နဲ့တူတယ်၊ ဗျိုး. . ဦးရီးနဲ့ဒွေးလေး၊ ဟောဒီမှာ မမှုံတုတ်ကြီး လှည်းပေါ်မှာ ပါတယ်ဗျို့'

မစပယ်က တကယ်ပင် သရုပ်ပါပါဖြင့် အော်ပြောလိုက်လေရာ သူမ၏အသံသည် သချိုင်းထဲ၌ဟိန်းထွက်သွားလေ၏။

'အမလေး၊ ကျုပ်သေရပါတော့မယ်၊ ကိုသာအောင်ရေ မောင်းပါတော့'

မစပယ်နှင့်မမြကြည်သည် မမှုံတုတ်ဖြစ်ပုံကိုကြည့်ကာ တခစ်ခစ်ရယ်နေကြလေ၏။

တကယ်တော့ မိန်းမပျိုလေးများသာဖြစ်သော သူတို့ကိုယ်တိုင်သည်လည်း သချိုင်းထဲမှ ဖြတ်သန်းသည့်အခါတိုင်း စိတ်ချောက်ချားရမြဲဖြစ်လေသည်။ သည်တစ်ခေါက်တော့ စံပယ်ခွေကိုဝှက်ထားခဲ့သည့် မမှုံတုတ်ကြီးကို လက်စားချေသည့်အနေဖြင့် ကျီစယ်နေလေရာ ကြောက်စိတ်များပျောက်ပြီး ရယ်စရာပင်ဖြစ်နေရတော့သည်။

'ဟော. . ရှေ့ကမြေပုံတွေကြားမှာလည်း မည်းမည်းမည်းမည်းနဲ့ ဘာပါလိမ့်'

www.burmeseclassic.com

မစပယ်က မြေပုံနှင့်အုတ်ဂူများကြားတွင် လျှပ်ရှားနေသောလူရိပ်ကို အမှန်တကယ်မြင်လိုက်၍ ပြောလိုက်ခြင်းဖြစ်ပါသည်။

'အေး- ဟုတ်ပါရဲ့၊ ရှေ့မှာလူတစ်ယောက်'

ကိုသာအောင်ကလည်း ပြောလိုက်လေသည်။

မမှုံတုတ်က သူ့ကို မကြောက်ကြောက်အောင် ချောက်လှန့်နေသည်ထင်ကာ ခေါင်းမဖော်ဝံ့ပေ။

လှည်းရှေ့ခပ်လှမ်းလှမ်းမှလူသည် တစ်စုံတစ်ခုကို ပွေ့ပိုက်ထားရင်း ဝိုက်စိုက်-ဝိုက်စိုက်ဖြင့် သွားလျှက်ရှိသည်။

တဖြည်းဖြည်းနှင့် လှည်းက ထိုလူနှင့်နီးကပ်လာရာ ထိုသူ၏အသွင်သဏ္ဌာန်သည် တစတစပီပြင်လာလေ၏။

မစပယ်က ထိုသူကို နောက်ဖက်မှကြည့်ရင်း ရွာထဲမှလူမဟုတ်ကြောင်း သိလိုက်သည်။ နောက်ဖက်မှအမြင်နှင့်ပင် ထိုသူကို လူစိမ်းတစ်ဦးဖြစ်မှန်း သိလိုက်လေ၏။

'ဘယ်က လူလဲ မသိဘူးနော်'

မမြကြည်ကလည်း ပြောလိုက်လေသည်။

'ဟင်. . အဲဒါ ကိုကြီးဒေါနပဲ'

မကံဆယ်လေးက ပြောလိုက်ခြင်းဖြစ်၏။

'ဘယ်က ကိုကြီးဒေါနလဲဟဲ့'

'ကျွန်မတို့အိမ်ကို နောက်ရောက်လာတဲ့ သူရင်းငှားလေ၊ ရောက်လာတာသုံးလေးရက်ရှိသေးတယ်၊ သူ့နာမည်က ကိုဒေါနတဲ့၊ ကိုကြီးဒေါနက စောင်းတီးတာ သိပ်တော်တာ'

မစပယ်အတွေးထဲတွင် ညစဉ်ကြားနေရသော စောင်းသံနှင့် တေးချင်းသီဆိုသံကို ပြန်လည်သတိရသွားလေသည်။

'သြော်. . ညတိုင်းကျ စောင်းသံကြားကြားနေရတာ ကံဆယ်တို့အိမ်ဖက်ကကိုး'

'ဟုတ်တယ်မမစပယ်၊ ကိုကြီးဒေါနစောင်းတီးပြီး သီချင်းဆိုတာ သိပ်နားထောင်ကောင်းတာပဲ'

သူ့အကြောင်းပြောနေဆဲမှာပင် လှည်းသည် ရှေ့မှသွားနှင့်သော ကိုဒေါနကို မီလာလေသည်။

'ကိုကြီးဒေါန၊ ဘယ်သွားမလို့လဲဟင်'

ကံဆယ်က လှမ်း၍နှုတ်ဆက်လိုက်လေသည်။

ထိုသူက လှည်းပေါ်သို့ လှမ်းကြည့်လိုက်ရာ မကံဆယ်လေးကိုအမြင်တွင် အံ့ဩသွားဟန်ရှိလေ၏။

'ညီမလေး မကံဆယ်ပါလား၊ ကိုကြီး နောင်အင်းရွာက ဘုရားပွဲကို သွားမလို့ပါကွယ်'

ကိုဒေါနသည် မကံဆယ်အမေးကိုပြန်ဖြေရင်း မျက်လုံးအကြည့်က မစပယ်ဆီသို့ရောက်သွားလေသည်။

'အို. . '

မစပယ်သည် ဘယ်လိုဖြစ်သွားသည်မသိ။ လူစိမ်း၏အကြည့်ကြောင့် ရင်ဖိုသွားကာ မျက်နှာတပြင်လုံး နွေးကနဲဖြစ်သွားလေ၏။

ကိုဒေါနသည်လည်း မစပယ်ထံမှ ရုတ်တရက် အကြည့်မလွှဲမိပဲ တဒင်္ဂငေးစိုက်ကြည့်နေမိလေသည်။

ကိုသာအောင်က လှည်းကိုရပ်မပေးသည့်အတွက် ကိုဒေါနနှင့်မကံဆယ် စကားအမေးအဖြေလုပ်နေစဉ်မှာပင် လှည်းက ကိုဒေါနရှေ့မှကျော်တက်လာလေသည်။

'ကျွန်မတို့လည်း နောင်အင်းရွာကိုသွားမှာ ကိုကြီးဒေါန'

မကံဆယ်က လှည်းနောက်တွင်ကျန်ခဲ့သော ကိုဒေါနကို အော်ပြောလိုက်၏။

ကိုဒေါနက ပြုံးပြုံးရင်း ခေါင်းတဆတ်ဆတ်ညိတ်၍ ကျန်ခဲ့လေသည်။

မစပယ်က ကိုဒေါနနှင့် မျက်နှာချင်းဆိုင်မြင်နေရသည့် အနေအထားကိုပြင်ကာ လှည်းရှေ့သို့မျက်နှာလှည့်ထိုင်လိုက်၏။

ဟုတ်ပါတယ်၊ ညညကြားနေရတဲ့သီချင်းသံဟာ သူဆိုတာပါပဲ၊ ကံဆယ်လေးကို ပြန်ပြောလိုက်သည့် ဩရှ်အောင်မြင်သောအသံက သီချင်းဆိုသည့်အခါထွက်ပေါ်လာသည့် အသံရှင်၏အသံပင်ဖြစ်ပါသည်။

www.burmeseclassic.com

နှုတ်ဆက်ပြောဆိုနေသံများကိုကြားလိုက်ရ၍ မမှုံတုတ်က ခေါင်းမြီးခြုံပုဝင်နေရာမှ ထကြည့်လိုက်သည်။

'နင်တို့ ဘယ်သူနဲ့စကားပြောနေကြတာလဲဟင်'

'ကိုကြီးဒေါနက ကျွန်မတို့အိမ်က သူရင်းငှားပါဒေါ်ကြီးမှုံ၊ သူလည်း နောင်အင်းကိုသွားမလို့တဲ့'

မမှုံတုတ်က နောက်တွင်ကျန်ခဲ့သော ကိုဒေါနကိုလှမ်းကြည့်လိုက်သည်။

'သူပွေ့ထားတဲ့အထုတ်ကြီးက ဘာကြီးလဲဟဲ့ ကံဆယ်'

'စောင်းပါ'

'စောင်း'

'ဟုတ်တယ်၊ ကိုကြီးဒေါန အမြဲတီးနေကျစောင်း၊ စောင်းကိုအဝတ်နဲ့ပတ်ထားတာ'

'သူက ဘုရားပွဲသွားတာတောင် သူ့စောင်းကြီးယူလာရလားဟဲ့၊ လေးက လေးနဲ့'

မမှုံတုတ်မေးလိုက်သည့်မေးခွန်းသည် စပယ်မေးချင်နေသောမေးခွန်းပင်ဖြစ်ပါသည်။ စောင်းကိုပိုက်၍ နောင်အင်းရွာထိခြေလျင်လျှောက်ရမည့်ခရီးမှာ မလွယ်လှပါ။

'မသိဘူးလေ၊ ဟိုမှာ စောင်းတီးမလို့ဖြစ်မှာပေါ့'

မကံဆယ်က သူ့စိတ်ထဲထင်သည့်အတိုင်းပင် ဖြေလိုက်လေ၏။

'ညည သီချင်းသံကြားရတာ ဒီလူ့လက်သံကိုး၊ ဒီလူက အဆိုလည်းအဆိုကောင်း အတီးလည်း အတီးကောင်းပဲဟ'

လှည်းမောင်းနေသော ကိုသာအောင်က ပြောလိုက်လေသည်။

'ငါက စောင်းသံ နားထောင်ကောင်းပါတယ်၊ ဘယ်ကပါလိမ့်မလဲထင်တာ၊ ကံဆယ်တို့အိမ်ဖက်ကကိုး'

'ဟုတ်တယ်ဦးလေးသာအောင်၊ ညဆိုရင် ကိုကြီးဒေါနက မိုးကြီးချုပ်တဲ့အထိ စောင်းတီး သီချင်းဆိုပြီးမှအိပ်တာ၊ ကျွန်မဖြင့် အိပ်ရာထဲကနေ ကိုကြီးဒေါနစောင်းတီးတာ နားထောင်ရတာ သိပ်လွမ်းတာပဲ၊ စောင်းသံနားထောင်ရင်း အိပ်ပျော်သွားတော့ ကိုကြီးဒေါန ဘယ်အချိန်ထိ သီချင်းဆိုနေမှန်းတောင် မသိတော့ဘူး'

'အဟုတ်လား၊ ငါဖြင့် ကြားမိပါဘူးတော်'

'နင်က မိုးချုပ်တာနဲ့ ကုလားသေကုလားမောအိပ်တဲ့ မိန်းမကိုးဟဲ့၊ ဘယ်ကြားမလဲ'

'မမစပယ်၊ ကိုကြီးဒေါန နောင်အင်းထိလမ်းလျှောက်ရမှာ သနားပါတယ်နော်၊ ကျွန်မတို့လှည်းနဲ့ ခေါ်ခဲ့ရအောင်လားဟင်'

ကံဆယ်လေးက မစပယ်ထံ သဘောထားတောင်းခံရင်း လှည့်ပြောလိုက်သည်။

မစပယ်သည် ဂုဏ်ကြီးရှင် ကွမ်းတောင်ကိုင် အပျိုစင်လေးဖြစ်သည့်အားလျော်စွာ. . သူစိမ်းလူပျိုရွယ်တစ်ယောက်ကို မိမိလှည်းပေါ်တင်ခေါ်ခဲ့ဖို့ သဘောတူကြောင်းကို အလွယ်တကူ ပြောမထွက်ချေ။

'ဟင်. . မမစပယ်၊ ခေါ်ခဲ့ရမလားဟင်၊ ကိုကြီးဒေါန သနားပါတယ်'

'ကိုရင်သာအောင်ကြီးကို မေးကြည့်လေ၊ လှည်းကဆန့်ပါတော့မလားကွဲ့'

မစပယ်က ငြင်းလည်းမငြင်းပယ်၊ ခွင့်ပြုသည်လည်း မဟုတ်ပဲ ကိုသာအောင့်ကိုသာ လွှဲချလိုက်သည်။

'နင်ခေါ်ခဲ့ဆိုရင် ခေါ်လို့ရပါတယ်စပယ်ရဲ့၊ နေရာအကျယ်ကြီးဟာကို၊ သူ့ကို ငါနဲ့အတူ ရှေ့မှာထိုင်ခိုင်းရင်ဖြစ်တာပဲ'

'ဒါဖြင့် တော်တို့သဘော'

'အမလေးတော်၊ သူ့ကိုတင်ခေါ်မယ်ဆိုရင် သချိုင်းကုန်းကျော်မှ ရပ်စောင့်ကြပါတော်၊ ဒီထဲမှာတော့ ရပ်ခေါ်မနေပါနဲ့၊ ကြောက်လွန်းလို့ပါတော်'

မမှုံတုတ်က ဝင်ပြောလိုက်သည်။

www.burmeseclassic.com

'အင်း . . သူကတမျောင့်၊ ဒါဆို ကျွန်မတို့ ချောင်းကွေ့ထိပ်ရောက်မှ စောင့်ကြတာပေါ့ ကိုရင်သာအောင်'

!!! !!! !!!

မစပယ်တို့သည် ချောင်းကွေ့ထိပ်အရောက်တွင် လှည်းပေါ်မှဆင်းကာ ခြေခင်းလက်ခင်းဆန့်ရင်း နောက်မှလိုက်လာမည့် ကိုဒေါနကိုစောင့်နေကြလေသည်။

မစပယ်တို့ ကျောက်ကွေ့ရွာလေးမှာ မြို့ကြီးပြကြီးရှိသောအရှေ့ဖက်သို့ထွက်မည်ဆိုလျှင် သချႋုင်းကုန်းကို မလွဲမသွေဖြတ်သန်းရသည်သာဖြစ်ပါသည်။ ထို့ကြောင့် ညနေ နေဝင်ရီတရောအချိန်ဆိုလျှင် သချႋုင်းကိုဖြတ်ရမည်စိုး၍ မည်သူမျှ အသွားအလာမလုပ်ကြတော့ပေ။

တအောင့်လောက်ကြာသည်တွင် သချႋုင်းအစပ်မှထွက်လာသောကိုဒေါနကိုမြင်လိုက်ကြရသည်။ ကိုဒေါနက ခေါင်းတွင်ပိုးပုဝါလေးကိုပေါင်းထားကာ ဖျင်ကြမ်းအကျႌနှင့် ချည်လုံချည်အကြမ်းကို ဝတ်ဆင်ထားလေ၏။ သူ့ထံတွင် တောက်ပြောင်မှုအရှိဆုံးအရာကား ဦးခေါင်းထက်မှ ပိုးပုဝါလေးသာဖြစ်ပါသည်။

ကိုဒေါနသည် ဖျင်စဖြင့်ချုပ်ထားသော အိတ်ရှို့ထဲတွင် ထည့်ထားသည့် စောင်းကို တယုတယပိုက်ကာ လျှောက်လှမ်းလာလျှက်ရှိလေသည်။ ညနေစောင်းပင်ဖြစ်သော်လည်း သူ၏နဖူးဆံစပ်ဝယ် ချွေးပေါက်များ စိမ့်သီးလျှက်ရှိလေသည်။

ကိုဒေါနက မစပယ်တို့လှည်းရပ်ထားသည်ကိုမြင်သည်တွင် အံ့သြသွားလေသည်။

'ညီမလေးကံဆယ်၊ လှည်းဘာဖြစ်လို့လဲကွဲ့'

ကိုဒေါနက မစပယ်ကိုကြည့်ရင်းမှ ကံဆယ်လေးကိုမေးလိုက်သည်။

'ကိုကြီးဒေါနကို ကျွန်မတို့လှည်းနဲ့လိုက်ခဲ့ဖို့ခေါ်မလို့၊ မမစပယ်က ကိုကြီးဒေါနကို ခေါ်ခဲ့ပါတဲ့'

'ဟဲ့ . . ကံဆယ်'

မကံဆယ်၏အပြောကြောင့် မစပယ် ရှက်သွားလေ၏။

'ငါခေါ်ခိုင်းတာမဟုတ်ပါဘူး၊ နင်တို့ဟာ နင်တို့ ခေါ်ချင်တယ်ဆိုလို့ ခေါ်ချင်ခေါ်ခဲ့လို့ပြောတာပါ'

'အို . . ကိစ္စမရှိပါဘူးခင်ဗျာ၊ ကျွန်တော့်အတွက် ဝန်လေးမခံပါနဲ့ခင်ဗျာ၊ ကျွန်တော် ခပ်သုတ်သုတ်လျှောက်သွားရင် မိုးမချုပ်ခင် နောင်အင်းကို ရောက်ကောင်းပါရဲ့'

'ဟေ့ . . မောင်ရင်၊ လိုက်သာလိုက်ခဲ့ကွဲ့၊ မင်းတစ်ယောက်ပါလို့ တို့လှည်း ဝန်မပိုပါဘူး၊ အချောင်ကြီးဟာကို'

ကိုသာအောင်က ဝင်ပြောလိုက်လေသည်။

'ကံဆယ်လေးက မောင်ရင့်ကိုသနားလို့တဲ့၊ တင်ခေါ်ခဲ့ဖို့ခွင့်တောင်းလို့ မစပယ်ကခွင့်ပြုပြီးသားပါ'

'သြော် . . ဒီလိုလားခင်ဗျာ၊ မစပယ်ဆိုတာ ဒီက နှမထင်ပါရဲ့၊ ကျေးဇူးတင်ပါတယ်ခင်ဗျာ'

မစပယ်သည် ကိုဒေါန၏ သိမ်မွေ့ယဉ်ကျေးလွန်းသောအပြောအဆိုများကို အံ့အားသင့်စွာကြည့်နေမိသည်။ မိမိတို့မှာတော့ တောအရပ်မို့ သည်လောက် ချိုသာသိမ်မွေ့စွာပြောလေ့မရှိပါ။ သူရင်းငှားတစ်ယောက်ဟု သိထားရသူထံမှ ယဉ်ကျေးပြုငှာသော စကားအသုံးအနှုန်းများကို ကြားလိုက်ရ၍ အံ့သြနေမိလေသည်။

ကိုဒေါနက မစပယ်ကိုကျေးဇူးတင်ကြောင်း ရုတ်တရက်လှည့်ပြောလိုက်ရာ . . မစပယ်က ခေါင်းကိုသာညိတ်ပြလိုက်မိလေသည်။

'မစပယ်က ကျုပ်တို့လယ်ပိုင်ရှင်ရဲ့သမီး၊ ဒီလှည်းက သူတို့လှည်းပေါ့မောင်ရင်၊ ဟောဒီဖက်က မိန်းကလေးက မြကြည်တဲ့၊ စပယ်နဲ့သူငယ်ချင်းတွေ၊ ပွဲကြည့်ဖို့လိုက်လာတာ'

ကိုသာအောင်က ကြားမှမိတ်ဆက်ပေးလိုက်၏။

'ကျုပ်နာမည်က သာအောင်၊ ဒါကတော့ ကျုပ်မိန်းမ မှုံတုတ် တဲ့'

'ဟီ . . ဟီ . . ဟီ . . .'

www.burmeseclassic.com

မမှုံတုတ်က အကြောင်းမရှိပဲ ရယ်မောနေလေသည်။

'ကျွန်တော်က မန္တလေးကပါခင်ဗျာ၊ ရေကြည်ရာမြက်နုရာရှာရင်း မကံဆယ်လေးတို့အိမ်မှာ အလုပ်လုပ်ဖို့ရောက်လာရပါတယ်၊ ရောက်တာမှ ငါးရက်ပဲရှိပါသေးတယ်ခင်ဗျ၊ နောင်ကြီးတို့နဲ့သိကျွမ်းရတာ ဝမ်းသာလှတယ်ဗျာ'

'ကဲ. . ကဲ. . အားလုံးပဲ လှည်းပေါ်ပြန်တက်ကြဟေ့၊ မမှောင်ခင် အရောက်သွားကြစို့'

ကိုသာအောင်က သတိပေးလိုက်သည်။ သူကိုယ်တိုင်လည်း လှည်းထိပ်သို့လွှားကနဲခုန်တက်လိုက်၏။

'လာဗျို့ ကိုဒေါန၊ ခင်ဗျားက ကျုပ်နဲ့အတူ လှည်းထိပ်ကထိုင်'

'ဟုတ်ကဲ့ခင်ဗျာ၊ ညီမလေးကံဆယ်၊ အစ်ကိုကြီးစောင်းကို ခဏကိုင်ထားပါဦးကွယ်'

ကိုဒေါနက စောင်းကို လှည်းဝမ်းထဲမှ ကံဆယ်လေးအနီးသို့တင်လိုက်ကာ လှည်းထိပ်မှ တက်ထိုင်လိုက်၏။

'ဟဲ့- နွား၊ ဖေ့သားကြီးတွေ ပြေးလိုက်စမ်းဟေ့'

ကိုသာအောင်က နွားနှစ်ကောင်ကို နှင်တံနှင့်တို့ပေးလိုက်သည်နှင့် လှည်းယာဉ်ကျော့ကလေးသည် လျင်မြန်စွာပြေးထွက်သွားလေတော့သည်။

**!!! !!! !!!**

'တော်က ဟောဒီစောင်းကြီးကို ဘာလို့ယူလာရတာတုံးဟင် ကိုဒေါန'

မှုံတုတ်က စောင်းထည့်ထားသောအိတ်ကြီးကို အပြင်ဖက်မှ စမ်းသပ်ကြည့်ကာ စပ်စုလိုက်လေသည်။

'ဩော်. . ဒီလိုပါ မမမှုံ၊ ဟောဒီ စောင်းကလေးဟာ ကျွန်တော့်ရဲ့ အသက်မွေးမှုလုပ်ငန်းတစ်ခုပါခင်ဗျာ'

မမှုံတုတ်သည် ကိုဒေါနက မမမှုံဟုခေါ်လိုက်သည့်အတွက် မနောခွေ့သွားလေသည်။ မမမှုံဆိုသည့်အခေါ်က သူမအတွက် နားဝင်ပီယံရှိလှပေသည်။ မှုံတုတ်တစ်သက်ဝယ် သည်လိုချိုသာပျော့ပျောင်းသောအခေါ်အဝေါ်မျိုးဖြင့် အခေါ်မခံရဘူးပါချေ။

'အို. . ဘယ်လိုများပါလိမ့် မောင်ဒေါန'

သူ့ကို မမမှုံဟုခေါ်သည့်အတွက် သူကလည်း မောင်ဒေါနဟု ပြင်ခေါ်လိုက်သည်။

'ကျွန်တော်ဟာ စောင်းသမားတစ်ဦးပါမမမှုံ၊ စောင်းတီးခတ်တဲ့ပညာနဲ့ အသက်မွေးခဲ့ပါတယ်၊ သို့ပေတဲ့ ခေတ်ကာလက အနုပညာသည်တွေကို ချီးမြှင့်မြှောက်စားမှု နည်းပါးတဲ့အခါမျိုးဖြစ်တော့ကာစားဝတ်နေရေးမဖူလုံကြပါဘူး၊ ဒါ့ကြောင့်လည်း ဒီရွာထိရောက်လာပြီး ဝမ်းစာရှာဖွေရတာကိုး မမမှုံရဲ့'

'အို. . ဖြစ်မှဖြစ်ရလေ'

မမှုံတုတ်သည် သူ့ကို တလေးတစား လူရာသွင်းပြောပြနေ၍ စိတ်ကြနပ်နေပေသည်။ တကယ်တော့ ကိုဒေါနသည် လှည်းပေါ်တွင်ပါသူအားလုံးကြားအောင် နောက်ဖက်သို့လှည့်၍ ပြောနေခြင်းဖြစ်ပါသည်။ အထူးသဖြင့် သူ့အကြောင်းကို မစပယ်သိအောင် ပြောပြနေခြင်းဖြစ်လေသည်။

မစပယ်သည်လည်း သူ့စကားများကို ငြိမ်သက်စွာ နားထောင်နေမိလေသည်။

'ကျွန်တော့်အဘိုးက နန်းတွင်းမှာ အခစားဝင်ပြီး ပျော်တော်ဆက်ရတဲ့ စောင်းသမားဂီတပညာရှင်ကြီးတစ်ယောက်ပါ'

စပယ်သည် စိတ်ဝင်စားသည်ထက် ဝင်စားလာလေ၏။

လှည်းကလေးက ချောင်းကမ်းရိုးအတိုင်း တလှုပ်လှုပ်ပြေးနေလေသည်။ နွားနှစ်ကောင်ထံမှ ခြူသံလွင်လွင်သည်လည်း တောလမ်းခရီးဝယ် နာပျော်ဖွယ်ထွက်ပေါ်လျှက်ရှိပေ၏။

'အရှင်နှစ်ပါး ပါတော်မူပြီးနောက်မှာ နန်းတွင်းမှာ အခစားဝင်ရတဲ့ သဘင်အနုပညာသည်များဘဝဟာလည်း သိုးမှိန်ခဲ့ရတာပေါ့ခင်ဗျာ'

'ဟုတ်တာပေါ့လေ'

www.burmeseclassic.com

'ကျွန်တော့်အဘိုးဟာ ပါတော်မူပြီးတဲ့နောက် မြေဝိုင်းအငြိမ့်ပွဲလေးတွေမှာ လိုက်ပြီး စောင်းတီးခတ်ရပါတယ်မမမှုံ၊ အဘိုးက စောင်းပညာကို ကျွန်တော့်ကိုအမွေပေးခဲ့ပါတယ်၊ ကျွန်တော်လည်း ရုပ်သေးအဖွဲ့တစ်ဖွဲ့မှာ စောင်းတီးတဲ့အလုပ်ကို လုပ်ခဲ့ပါတယ်၊ ဒါပေမယ့် ထမင်းနပ်မှန်ဖို့ မလွယ်ခဲ့ပါဘူး၊ ခုခေတ်မှာ လူတွေကိုယ်တိုင်ကတဲ့ဇာတ်ပွဲတွေ ခေတ်စားနေတော့ ရုပ်သေးပွဲကို လူတွေသိပ်မကြိုက်ကြတော့ဘူးလေ'

'ဒီလိုဖြင့် လူတွေကတဲ့ပွဲတွေမှာ ဝင်တီးပေါ့ဗျ'

ကိုသာအောင်က လှည်းမောင်းရင်း နားထောင်နေရာမှ ဝင်ပြောလိုက်သည်။

'မလွယ်ပါဘူးကိုကြီးသာအောင်ရယ်၊ ခုခေတ်ပွဲတွေက အလွန်ခေတ်ဆန်တာကလား၊ အနောက်နိုင်ငံကလာတဲ့ ဘင်တို့၊ ခရာတို့ကို တီးကြတာဗျ၊ လူတွေကလည်း အဲဒါမျိုးမှ ကြိုက်ကြတော့တာ၊ အငြိမ့်ပွဲဇာတ်ပွဲတွေမှာ စောင်းတူရိယာကို မသုံးကြပါဘူးခင်ဗျာ'

'အင်း. . ဟုတ်တော့ဟုတ်သားပဲ၊ ခေတ်ကလည်း အင်္ဂလိပ်အုပ်ချုပ်တဲ့ခေတ်ဆိုတော့ အင်္ဂလိပ်တူရိယာတွေ ခေတ်စားတာပေါ့လေ'

'အခု နောင်အင်းရွာကို ကျွန်တော်သွားတာ တခြားမဟုတ်ပါဘူးခင်ဗျာ၊ နောင်အင်းဘုရားပွဲမှာ ပြသမယ့်ရုပ်သေးအဖွဲ့ဟာ မန္တလေးမှာ ကျွန်တော်တီးခတ်ခဲ့တဲ့ အဖွဲ့ပါပဲ၊ သူတို့ကလည်း ကျွန်တော် ဒီမှာရောက်နေတာသိလို့ စောင်းသမားသပ်သပ်ခေါ်မလာပဲ ကျွန်တော့်ကို လာတီးပေးလှည့်ပါခေါ်လို့၊ ရုပ်သေးပွဲမှာ စောင်းတီးပေးဖို့ ကျွန်တော်ထွက်လာခြင်းဖြစ်ပါတယ်'

'ဟင်. . '

ကိုဒေါနနောက်ဆုံးပြောလိုက်သောစကားက လှည်းပေါ်ပါသူအားလုံးကို အံ့အားသင့်သွားစေသလို၊ စိတ်ဝင်စားမှုကိုလည်း ဖြစ်ပေါ်စေပါသည်။

'မကံဆယ်လေးအဖေကို ပြောပြတော့ သွားချင်သွားပါလို့ခွင့်ပြုလို့ ထွက်လာခဲ့ခြင်းပါခင်ဗျာ'

'ဪ. . ဒီလိုလား'

'ဒါဖြင့် ကိုဒေါနက ပွဲထဲမှာ တစ်ညလုံးစောင်းတီးပေးနေရမှာပေါ့'

မစပယ်က ပထမဆုံးအနေဖြင့် ကိုဒေါနကို စကားပြောလိုက်ခြင်းဖြစ်သည်။

'ဟုတ်ပါတယ်မစပယ်'

'ပင်ပန်းလိုက်တာရှင်၊ မနက်ကျရင်လည်း ရွာအရောက်ပြန်လာပြီး အလုပ်လုပ်ရဦးမယ်'

'ဒီလိုပဲပေါ့မစပယ်၊ ဘဝဆိုတာ ကံဇာတ်ဆရာအလိုကျ လှုပ်ရှားရုန်းကန်ရတာပါပဲဗျာ၊ အလုပ်လုပ်တာကတော့ ရုပ်ပိုင်းဆိုင်ရာကြီး ရှင်သန်နိုင်ဖို့ စားရေးနေရေးအတွက် မလုပ်မဖြစ်လုပ်ရမှာပါပဲ၊ စောင်းတီးတဲ့အလုပ်ကတော့ စိတ်ရဲ့လိုအပ်မှုကို အနုပညာနဲ့ အစာကျွေးတာပါ၊ လူခန္ဓာကိုယ်ကြီး ကျန်းမာသန်စွမ်းနေဖို့လိုသလို စိတ်စေတသိက်ဟာလည်း ကြည်လင်ရွှင်လန်းနေဖို့ လိုတယ်မဟုတ်လားခင်ဗျာ'

မစပယ်သည် ကိုဒေါနပြောစကားများကို သူ့မျက်နှာအားငေး၍ နားထောင်နေမိသည်။

'ရှင်ပြောတဲ့စကားတွေ ကျွန်မတော့နားမလည်ပေါင်'

မမြကြည်က ဝင်ပြောလိုက်ခြင်းဖြစ်သည်။

'ဟုတ်ပါ့တော်၊ မောင်ဒေါနစကားတွေက သွယ်ဝိုက်လွန်းတယ်၊ ကျုပ်တို့တောသူမတွေ နားမလည်ဘူးတော့'

မမှုံတုတ်ကပါ ဝင်၍ထောက်ခံလိုက်ရာ. . ကိုဒေါနက ရယ်မောနေလေသည်။

ကိုသာအောင်ကလည်း လှည်းမောင်းနေရာမှ နောက်သို့လှည့်ကာပြောလိုက်သည်။

'မောင်ဒေါနက မြို့ကြီးသား၊ အနုပညာသမားဆိုတော့ သူ့စကားတွေက နန်းလည်းဆန်၊ အနုပညာလည်းဆန်နေတာပေါ့၊ တို့လို နားရိုင်းတဲ့ တောသူတောင်သားတွေနဲ့ မတန်ဘူး'

www.burmeseclassic.com

'အို. . ဒီလိုမဟုတ်ပါဘူးဗျာ၊ လူတကာနားလည်အောင် မပြောနိုင်ရင် ကျွန်တော်ညံ့လို့ပါဗျာ'

'အမယ်၊ ကိုကြီးဒေါနပြောတာတွေ ဘာလို့နားမလည် ရမှာတုန်း၊ ကျွန်မတောင် ကလေးပေမယ့်နားလည်တယ်၊ နား ထောင်လို့လည်းကောင်းတယ်၊ သိလား'

မကံဆယ်က ဝင်ပြောလိုက်ပြန်လေသည်။

ဘာရယ်မဟုတ်ပဲ လှည်းပေါ်ပါသူအားလုံး ရယ်မောလိုက်ကြလေ၏။

ထိုစဉ် နောက်ဖက်ဆီမှ ထွက်ပေါ်လာသော မြင်းခွာသံများကိုကြားလိုက်ရလေသည်။

မြင်းတစ်စီးသည် မစပယ်တို့လှည်းသွားရာလမ်းအတိုင်း နောက်မှ ကဆုန်စိုင်းပြေးလွှားလာလေသည်။

လူအားလုံး၏အကြည့်သည်လည်း နောက်ဖက်မှ မြင်းဆီသို့ ရောက်သွားကြလေ၏။

'ဟင်. . သူကြီးသား ကိုမုန်တိုင်းကြီးပါလားတော်ရို့'

မကံဆယ်လေးက ပြောလိုက်လေသည်။

သူကြီးသားမုန်တိုင်းသည် မြင်းကိုအပြင်းစိုင်း၍နှင်လာရာ သူ၏ရောင်ထုံးကြီးသည် လေထဲဝယ် မြောက်၍ မြောက်၍ သွားလေ၏။ အုန်းခွံရောင်မြင်းကြီးမှာလည်း ပေမီဒေါက်မီသန် စွမ်းလှလေရာ လျင်မြန်စွာပင် အပြင်းနှင်လျှက်ရှိပေ၏။

ကြည့်နေစဉ်ခဏမှာပင် မုန်တိုင်း၏မြင်းသည် မစပယ်တို့လှည်းယာဉ်ကလေးကို မီလာလေတော့၏။

လှည်းအနီးရောက်သည်နှင့် မုန်တိုင်းက မြင်းကိုဇက်သတ်၍ရပ်လိုက်ရာ. . မြင်းကြီးက ရှေ့ခြေနှစ်ဖက်ကို ပတပ်ရပ်ရင်း ဟီလိုက်လေသည်။ မြေဆိုင်ခဲများသည် မြင်းခွာများအောက်တွင်ဖွာကနဲလွင့်စင်သွားလေ၏။

မုန်တိုင်း၏မြင်းက လှည်းနှင့်ယှဉ်လျှက်သား ဖြစ်သွားလေတော့သည်။

'ဟော. . ကိုမုန်တိုင်းပါလား၊ ဘယ်သွားမလို့လဲဗျ'

ကိုသာအောင်က လှည်းကိုအနည်းငယ်နှေးစေကာ နှုတ်ဆက်လိုက်လေသည်။

'ခင်ဗျားတို့စိတ်မချလို့ လိုက်လာတာပဗျာ'

'ဟင်. . '

မစပယ်နှင့်မမြကြည်သည် တစ်ယောက်နှင့်တစ်ယောက် မျက်စပစ်၍ပြလိုက်ကြ၏။ မမှုံတုတ်က သူ့ထုံးစံအတိုင်း တဟီးဟီးနှင့်ရယ်နေလေသည်။

'ဟုတ်တယ်ဗျ၊ မိန်းမသားတွေချည်းပဲဆိုတော့ ကျုပ်စိတ်မချလို့၊ မစပယ်တို့ကိုစောင့်ရှောက်ဖို့လိုက်လာတာ'

မုန်တိုင်းက မစပယ်အပေါ် စောင့်ရှောက်လိုစိတ်ရှိကြောင်းကို ပြောင်ပင်ပြောလိုက်လေသည်။

မစပယ်သည် မုန်တိုင်းစကားကို မကြားယောင်ပြုကာ တစ်ဖက်သို့လှည့်ငေးနေလေ၏။

မုန်တိုင်းသည် ကိုဒေါနကိုမြင်သွားလေသည်။

'ကိုသာအောင်၊ ဒီလူက ဘယ်သူလဲ၊ ခင်ဗျားတို့လှည်း ရွာကထွက်သွားတုန်းက သူမပါပါဘူး'

သူကြီးသားပီပီ တစ်ဖက်သားကိုအမှုမထားဟန်ဖြင့် ခပ်ထန်ထန်မေးလိုက်လေသည်။

'ကံဆယ်တို့အိမ်က သူရင်းငှားပါကိုမုန်တိုင်း'

'အို. . သူရင်းငှားကိုများ လှည်းပေါ်တင်ပြီး ဘုရားပွဲခေါ်လာရသလားဗျ၊ ခင်ဗျားတို့'

'ဒီလိုမဟုတ်ပါဘူး ကိုမုန်တိုင်း၊ သူက ရုပ်သေးပွဲမှာ စောင်းတီးပေးဖို့လာတာဗျ၊ ကျွန်တော်တို့က လမ်းကြုံလို့ခေါ် လာတာပါ'

ကိုသာအောင်သည် မုန်တိုင်းအပြောအဆိုများကို မနှစ်သက်သော်လည်း သူကြီးသားမို့ သည်းခံကာ အလေးတယူပြန်ပြောနေရလေသည်။

'စောင်းတီးဖို့၊ ဟုတ်စ၊ သူက ဘာကောင်မို့လဲ'

မစပယ်သည် ကိုမုန်တိုင်း၏ ရိုင်းပျသောအပြောအဆိုများကို မခံချင်ဖြစ်ကာ လွှတ်ကနဲဝင်ပြောလိုက်မိတော့သည်။

'သူက စောင်းပညာရှင်တစ်ယောက်ရှင့်၊ ညညဆိုရင် သူ့ရဲ့စောင်းသံကို ရှင် ထရေ(ထန်းရေ)မူးနေလို့ မကြားမိဘူးမှတ်တယ်။ သူက အခုညကမယ့်ရှုပ်သေးပွဲမှာ စောင်းတီးလာတဲ့ အနုပညာရှင်တစ်ယောက်ပဲ၊ အခုလည်း ရုပ်သေးပွဲကို စောင်းတီးပေးဖို့သွားတာ'

'မစပယ်ကလည်းကွယ်၊ လူတစ်ဖက်သားကို ယုံယုံကိုးကိုး၊ မတော် လူဆိုးသူခိုးဖြစ်နေရင် မခက်ပါလား၊ အခုလည်း ကိုမုန်တိုင်းက ဒါတွေတွေးမိလို့ မစပယ်တို့နောက်ကိုလိုက်လာတာပဲ၊ လမ်းမှာ ခိုးသားဓမြတွေဘာတွေ နှောက်ယှက်နေမှာစိုးလို့'

'လူတစ်ဖက်သားကို ရှေ့ထားပြီး ရှင်ဒီလိုပြောဖို့ မကောင်းပါဘူးကိုမုန်တိုင်း၊ ဒီလမ်းပေါ်မှာ ခိုးသားဓမြရှိတယ်လို့ ကျွန်မ မကြားဘူးပေါ်င်ရှင်'

'ရှိပြီကော မစပယ်ရယ်. . ၊ သူပုန်သူကန်တွေက တို့ရဲ့ ဗြိတိသျှနေမဝင်အင်ပါယာကြီးကို တော်လှန်ဖို့ ကြိုးပမ်းနေကြတာကလား'

မုန်တိုင်း၏အပြောကို မစပယ်စက်ဆုပ်သွားလေသည်။

'ကိုမုန်တိုင်း၊ ရှင်မို့ ဒီစကားပြောထွက်တယ်၊ ရှင်က မြန်မာလူမျိုးပါ၊ ဗြိတိသျှအစိုးရက ရှင့်အစိုးရ မဟုတ်ပါဘူးရှင့်၊ လောလောဆယ်အချိန်မှာ ရှင်ကိုယ်တိုင်လည်း ကျွန်မတို့လို သူ့ကျွန် ဖြစ်နေတာပါပဲ'

'ဘယ်ဟုတ်ရမှာလဲမစပယ်၊ ကျုပ်အဖေက ဗြိတိသျှအစိုးရက ရွှေစလွယ်ချီးမြှင့်ခံထားရတဲ့ သူကြီးမင်းဆိုတာ မစပယ်သိသားနဲ့၊ ကျုပ်တို့ဟာ ဗြိတိသျှအစိုးရကို နာခံရမှာပေါ့'

'ရှင်သာ ကုလားဖြူကို အဖေခေါ်ချင်ခေါ်၊ ကျွန်မတို့တော့ မခေါ်နိုင်ပေါင်'

မုန်တိုင်းနှင့် မစပယ်တို့ အခြေအတင်ပြောကြသည်ကို နားထောင် အကဲခတ်လျက်ရှိသော ကိုဒေါနသည် အခြေအနေဆက်၍တင်းမာလာမည်စိုးကာ ကြားမှဝင်၍တောင်းပန်လိုက်လေ၏။

'သည်းခံကြပါခင်ဗျာ၊ ကျွန်တော့်အတွက်နဲ့ အငြင်းမပွားကြပါနဲ့ခင်ဗျာ၊ တောင်းပန်ပါတယ်'

မုန်တိုင်းသည် ကိုဒေါနမျက်နှာကိုစေ့စေ့ကြည့်ကာ. .

'ငါတို့က မင်းအတွက်များ အရေးလုပ်စကားပြောနေတယ်ထင်လို့လား၊ မင်းက ငါ့ကိုဘာကောင်မှတ်သလဲ၊ သူကြီးသားကွ၊ ငါက သူကြီးသား'

'ဟုတ်ကဲ့၊ နောင်ကြီးတို့စကားတွေ ကျွန်တော် နားထောင်နေရလို့ နောင်ကြီးကို သူကြီးသားမှန်း သိလိုက်ပါတယ်ခင်ဗျ'

'ဟင်း. . ပြောပုံဆိုပုံက ပျော့နွဲ့နွဲ့နဲ့ မိန်းမလျာလိုလိုဘာလိုလိုနဲ့'

မုန်တိုင်းက ကိုဒေါန၏ ဖြူစင်ချောမွေ့သောမျက်နှာကိုကြည့်ရင်း မနာလိုဖြစ်ကာ. . ချိုးချိုးနှိမ်နှိမ်ပြောလိုက်လေသည်။

'ကျွန်တော် မိန်းမလျာမဟုတ်ပါဘူးခင်ဗျာ၊ ယောကျာ်းစစ်စစ်တစ်ယောက်ပါ၊ ယောကျာ်းပီသအောင်လည်း ကြိုးစားနေတဲ့လူငယ်တစ်ယောက်ပါ၊ ယောကျာ်းတို့တပ်အပ်တဲ့ပညာများလဲ ကျွန်တော်တတ်ပါတယ်၊ အခွင့်ကြုံလျှင်ဖြင့် အစွမ်းအစကိုပြဖို့လည်း ဝန်မလေးပါဘူး နောင်ကြီးခင်ဗျား'

'ဘာပြောတယ်၊ ငါ့ကိုစိန်ခေါ်သလား၊ မင်းက. . '

'ဟော. . ကတ္တရာလမ်းမတောင်ရောက်လာပြီတော်တို့ရေ့၊ နောင်အင်းနဲ့နီးလာပြီတော့၊ ဆိုင်းသံဗုံသံတောင် ကြားရပကော၊ ကြားရဲ့လားဟဲ့ မိကံဆယ်'

မမှုံတုတ်က ကျယ်လောင်စွာအော်ဟစ်ကာ. . မုန်တိုင်းနှင့်ကိုဒေါနတို့ပဋိပက္ခကို အာရုံပြောင်းအောင်လုပ်ပစ်လိုက်လေ၏။ ကျပ်မပြည့်သော ပေါတောတောကြီးအဖြစ် အများက မြင်နေကြသော မမှုံတုတ်သည် ဤနေရာတွင်တော့ အတွက်မြင်ကာ ဉာဏ်ပြေးပါပေ၏။

www.burmeseclassic.com

မမှုံတုတ် ပြောလိုက်သည့်အတိုင်းပင် အဝေးပြေးကတ္တရာလမ်းမကြီးကိုလှမ်းမြင်နေရလေပြီ။

ကိုသာအောင်သည်လည်း သူ့မိန်းမစကားကို နင်းကာ မုန်တိုင်း၏အာရုံကိုလွှဲလိုက်လေ၏။

'ကိုမုန်တိုင်းလိုက်လာတာ ဟန်ကျသဗျို့၊ ကျုပ်တို့ကို သူကြီးသားကိုယ်တိုင် လိုက်စောင့်ရှောက်တယ်ဆိုတော့ မျက်နှာပွင့်ဦးမှာပဲ၊ နောင်အင်းမှာ ပွဲနေရာကောင်းရအောင်လည်း လုပ်ပေးဦးနော် ကိုမုန်တိုင်း'

'အင်း. . အဲ- လုပ်ပေးရမှာပဗျာ၊ မစပယ်တို့အုပ်စုကို နောင်အင်းက သူကြီးအိမ်မှာ ဧည့်ခံပါ့မယ်၊ နောင်အင်းသူကြီးက ကျုပ်တို့သားချင်းပဲလေ၊ ဒါဖြင့် စီစဉ်စရာတွေ စီစဉ်ထားရအောင် ကျုပ် ရှေ့က အမြန်သွားနှင့်မယ်၊ ကိုသာအောင် လှည်းကို သူကြီးအိမ်အထိသာ တန်းမောင်းခဲ့ပေတော့၊ မစပယ် ကိုမုန်တိုင်း သွားနှင့်မယ်နော်၊ နောင်အင်းမှာ အနေအစားအတွက် ဘာမှမပူနဲ့၊ ကြားလား'

မစပယ်က မုန်တိုင်းစကားကို မကြားယောင်ပြုကာ တစ်ဖက်သို့လှည့်နေလိုက်သည်။

!!! !!! !!!

'ဟင်း. . တော်တော်ဘဝင်မြင့်တဲ့ သူကြီးသားတော်၊ တကတည်း'

မြင်းရောလူပါမြင်ကွင်းမှပျောက်သွားသည်နှင့် မမှုံတုတ်က မဲ့ကာရွဲ့ကာ ပြောလိုက်လေသည်။

'ကိုရင်သာအောင်ကလည်းလေ. . သူ့ကို ဘာလို့ သူကြီးအိမ်မှာ ဧည့်ခံခိုင်းရတာလဲ၊ ရှုပ်ရှုပ်ရှက်ရှက်'

မစပယ်က ပြောလိုက်သည်။

'ဟ- သူက သူကြီးသားဆိုတော့ အလိုက်သင့်ဆက်ဆံရတာပါမစပယ်၊ ပြီးတော့ ဆက်ပြီးစကားပြောနေရင် မောင်ဒေါနနဲ့စကားများကြတော့မှာ၊ အဲဒါကြောင့် သူ့ကို မြှောက်ပင့်ပြောလိုက်ရတာပါ မစပယ်ရယ်'

'တော်ပြီ၊ ကျွန်မတော့ သူကြီးအိမ်မလိုက်နိုင်ဘူး၊ ဟိုရောက်ရင် ပွဲခင်းထဲပဲ တန်းသွားမယ်တော်'

'မတော်ပါဘူးမစပယ်၊ ကိုမုန်တိုင်းက အပြောအဆိုကြမ်းတမ်းပေမယ့် မစပယ်တို့ကို ဧည့်ခံဖို့စေတနာနဲ့ လိုက်လာရှာတာပါ၊ ဘာပဲဖြစ်ဖြစ် သူကသူကြီးသားဆိုတော့ ကိုရင်သာအောင်ပြောသလို အလိုက်သင့်ဆက်ဆံမှဖြစ်မှာ မဟုတ်လား၊ ကျွန်တော့်အတွက်နဲ့ ငြိုငြင်စရာအဖြစ်မခံပါနဲ့ဗျာ၊ ပြီးတော့ သူ့စကားကိုငြင်းဆန်ရင် ပိုပြီးရန်လိုစရာဖြစ်နေပါ့မယ်'

ကိုဒေါနကအကျိုးအကြောင်းညီညွတ်စွာပြော၍ မစပယ်ကို နားချလိုက်သည်။

'ကိုမုန်တိုင်းပြောဆိုသွားတာတွေအတွက် ကျွန်မတောင်းပန်ပါတယ်ကိုဒေါနရယ်'

'မလိုပါဘူး၊ မစပယ်တို့အလွန် တစ်ခုမှမပါပါဘူး၊ ကျွန်တော်အားလုံးကိုနားလည်ပါတယ်၊ ရွာထိပ်ရောက်ရင် ကျွန်တော်ဆင်းနေခဲ့ပြီး ပွဲခင်းထဲအထိ ကျွန်တော့်ဟာကျွန်တော် လမ်းလျှောက်သွားပါ့မယ် မစပယ်၊ ဒီအထိ ခရီးကြုံလိုက်ခွင့်ပြုတာ ကျေးဇူးကြီးလှပါတယ်ခင်ဗျာ'

'အပြန်ကျရင်ကောရှင့်'

'အပြန်ခရီးတော့ လိုက်ဖြစ်မယ်မထင်ပါဘူး မစပယ်၊ ကျွန်တော်က ရုပ်သေးပွဲကို ကူသိမ်းပေးရဦးမှာမို့ပါ'

'ဩော်. . ဒီလိုလား'

♣♣♣♣♣

www.burmeseclassic.com

◆

ရုပ်သေးပွဲသွားရာမှ အမှတ်မထင် ကြုံဆုံခင်မင်ခွင့်ရခဲ့သော ကိုဒေါနနှင့်မစပယ်တို့သည် ချစ်သူရည်းစားများဖြစ်သည် အထိပင် သံယောဇဉ်တွယ်နှောင်ခဲ့ကြလေသည်။

ကိုဒေါန၏ စောင်းလက်သံများက မစပယ်၏နှလုံးသားကိုသိမ်းကြုံးယူငင်ပစ်လိုက်လေပြီ။

ညဆိုလျှင် ကိုဒေါန၏ စောင်းတီးပြီး သီချင်းဆိုသံကို ကြားရမြဲဖြစ်၏။ မကံဆယ်တို့ခြံနှင့် မစပယ်တို့ခြံမှာ ကြားမှ တစ်ခြံသာ ခြားလေရာ. . လေအသင့်တွင်လွင့်လာသော စောင်းသံကို တစ်ရွာလုံးနီးပါးက အတိုင်းသားကြားနေရပေသည်။ ည၏ တိတ်ဆိတ်မှုကို ထွင်းဖောက်ထွက်ပေါ်လာသော စောင်းလက်သံကား ကြားရသူအပေါင်းကို စိတ်နှလုံးညွတ်နူးစေတော့သည်။

စပယ် စပယ် စပယ်နွဲ့ရယ် × × ×
အဆင်းကဖြူ ကြူကြူမွှေးတယ် × × ×
နမ်းရှိုက်လို့ မွှေးချင်စရာကွယ် × × ×
မူရာစုံတယ် × × ×
ဘယ်ညာတိမ်းလို့ ယိမ်းကာသာနွဲ့တယ် . .

ဤသီချင်းလေးကား ကိုဒေါန ယခင်ကတည်းက စပ်ဆိုထားသော သီချင်းလေလား၊ မစပယ်အတွက် သီးခြားရေးဖွဲ့ထားသောတေးချင်းတစ်ပုဒ်ပေလား။ မသိတတ်နိုင်ပေ။

စိမ်းစိမ်းလန်း ခိုင်ပန်းရုံဝယ် × × ×
ပွင့်ဆန်း တင့်လန်း ရောင်စုံလျှမ်းတယ် × × ×
ချစ်ပန်းငုံပွင့် အသွင်တင့်တယ် . . .
အပျိုစင်အသွင်နှင့် နဂိုတွင်အယဉ်ဆင့် × × ×
ပင်မြင့်ဝယ် အစဉ်တင့်ပါပေတယ် . . .

စပယ်သည် လေအသင့်တွင် ပျံလွင့်လာသောသီချင်းသံကို လှိုက်ဖိုစွာနားထောင်နေမိသည်။

လမင်းသည် ပြည့်ရန်သုံးရက်သာလိုတော့၍ ကောင်းကင်ဝယ် သာချင်တိုင်း သာနေပေတော့သည်။ တိမ်တိုက်များ ကင်းစင်၍ ကြယ်ကလေးများ စုံညီစွာလင်းလက်နေသောကောင်းကင်ကို မော့ကြည့်ရင်း မစပယ်က သီချင်းသံကို နားစွင့်နေပေသည်။

ငွေရည်အသွေးချယ် နေခြည်အနွေးဝယ် × × ×
အမြင်ဆန်း တင့်လန်း ခိုင်ပန်းစပယ်ရယ် × × ×
မြင်သူငေး . . ငေးလောက်ဖွယ် × × ×
ဘယ်ရှေးဆုတောင်းလဲကွဲ့စပယ်ရယ် . . .

မစပယ်သည် အိပ်စက်ရန် အိပ်ခန်းတွင်း ရောက်ရှိနေသော်လည်း အိပ်မပျော်သေးပေ။ ကိုဒေါန၏စောင်းလက်သံနှင့်အတူ သီချင်းစာသားများကဆွဲဆောင်နေသောကြောင့် အိပ်စက်လို့မရသေးခြင်းပင်ဖြစ်ပါသည်။

ပြတင်းပေါက်ကို အသာလှပ်ကာ ကောင်းကင်ကိုမော့ကြည့်ရင်းမှ သီချင်းထဲတွင် အာရုံလွင့်မျောနေလေသည်။

ချစ်. . ချစ်ဖို့ကောင်းလှတဲ့ × × ×
စပယ် စပယ် စပယ် စပယ်ရယ် × × ×
ဖြူစင်ယဉ်သူကလေးကို × × ×
မောင်တကယ် မွှေးချင်ပါပြီကွယ် . .

အို. . သီချင်းအဓိပ္ပါယ်က တဲ့တိုးဆန်လေသလား၊ သွယ်ဝိုက်လေသလား၊ မသိတတ်နိုင်တော့ပြီ။ တကယ်ပဲ စပယ်ပန်းပွင့်လေးအကြောင်းကို စပ်ဆိုလေသလော။ မစပယ်ကိုပင် စောင်းမြောင်းရေးဖွဲ့ထားခြင်းပေလော။

www.burmeseclassic.com

စပယ် စပယ် စပယ်နွဲ့ရယ် × × ×
အဆင်းကဖြူ ကြူကြူမွှေးတယ် × × ×
နမ်းရှိုက်လို့ မွှေးချင်စရာကွယ် × × ×

ချစ် ချစ်ဖို့ကောင်းလှတဲ့ × × ×
စပယ် စပယ် စပယ် စပယ်ရယ် × × ×
ဖြူစင်ယဉ်သူကလေးကို × × ×
မောင်တကယ် မွှေးချင်ပါပြီကွယ် . .

နောက်တစ်ကြိမ်ပြန်၍ ကြော့လိုက်ပြန်လေသည်။
စပယ်ပန်း၊ စပယ်ပွင့်လေးတွေကို ဆိုလိုလေသလား. .
မစပယ်ကိုပင် စောင်းချိတ်လေသလား. .
စဉ်းစားရကြပ်လိုက်ပါဘိတော့ စောင်းလုလင်ရယ်. .

!!!     !!!     !!!

နောက်တစ်နေ့မနက်ရောက်တော့ မကံဆယ်လေး အိမ်ကိုစောစောစီးစီးရောက်လာလေသည်။

'မမစပယ်၊ ညတုန်းက ကိုကြီးဒေါနရယ်၊ သီချင်းတွေ အကြာကြီးဆိုနေတီးနေတာ ကြားသလားဟင်'

'ကြားပါတယ်အေရယ်'

'ဒါဆို စပယ်ဆိုတဲ့သီချင်းလေးလဲ မမစပယ်ကြားမှာပေါ့နော်၊ ကျွန်မတောင် မအိပ်နိုင်ပဲ နားထောင်နေသေးတယ် မမစပယ်ရဲ့'

'အမယ်၊ ညီးက လူလူသူသူ သီချင်းတွေဘာတွေ နားထောင်လို့ပေါ့လေ'

'သီချင်းထဲမှာ စပယ်ဆိုတာတွေ ခဏခဏပါလို့ နားထောင်နေတာပါ၊ ကျွန်မလေ. . မနက်မိုးလင်းတော့ ကိုကြီးဒေါနကို မေးကြည့်တယ်၊ သိလား၊ အဲဒီသီချင်းက မမစပယ်နဲ့ ခင်ပြီးမှစပ်တာလားလို့'

'ဟင်. . အဲဒီတော့ သူက ဘယ်လိုပြောလဲကံဆယ်၊ ပြောစမ်း'

'သီချင်းဆိုတာတဲ့. . ခံစားချက်ရှိမှ ရေးလို့ရတာတဲ့၊ ဆိုရင်လည်း ခံစားချက်နဲ့မှ ဆိုရတာ အသက်ဝင်တာတဲ့၊ နောက်ပြီး. . ဘာတဲ့. . ကိုကြီးဒေါနပြောပါတယ်၊ အနုပညာသည်တွေရဲ့အသည်းနှလုံးဟာ ဘာဖြစ်တယ်ဆိုလား၊ ကျွန်မပြန်ပြောမပြတတ်တော့ဘူး မမစပယ်'

'ထားပါတော့အေ၊ အဲဒီသီချင်းက ငါနဲ့သိပြီးမှရေးတာတဲ့လား၊ အရင်ကတည်းက ရေးပြီးသားလား၊ သူကိုယ်တိုင်ရေးတဲ့ သီချင်းရော ဟုတ်သလား၊ သူက ဘယ်လိုပြောလဲ'

မစပယ်က သိချင်သမျှကို ဒလစပ်မေးချလိုက်သည်။

'စပယ်သီချင်းက မမစပယ်ကိုရေးတာပါတဲ့၊ မမစပယ်နဲ့ သိပြီးမှ မမစပယ်အကြောင်းကို ရေးထားတဲ့သီချင်းလေးတဲ့ မမစပယ်'

'အို. .'

'အဲဒါ ကိုကြီးဒေါနက မမစပယ်ကို ကြိုက်နေလို့ပေါ့နော်၊ မမစပယ်'

'ဟဲ့. . ဒါ ကလေးပြောရမယ့်စကားလား၊ ကံဆယ်ဟာ'

♣♣♣♣♣

◆

ကျောက်ကွေ့ရွာတစ်ရွာလုံး သီတင်းကျွတ်လပြည့်နေ့တွင်ကျင်းပမည့် ရွာဘုရားပွဲအတွက် ပြင်ဆင်လုံးပန်းနေကြလေပြီ။

ဘုရားပွဲကျင်းပသည့် ဘုရားသည် ရွာထဲ၌မရှိပါ။ ရွာနှင့် အနည်းငယ်လှမ်းသော တောင်ရိုးလေးတစ်ခုပေါ်တွင် တည်ထား

www.burmeseclassic.com

ခြင်းဖြစ်ပါသည်။ စေတီအမည်ကို 'အတုလောကမာရဇိန်'ဟု ဘွဲ့မည်ပေးထား၏။

တောင်ခြေတွင်တော့ တစ်ရွာလုံးက ကိုးကွယ်သောဘုန်းကြီးကျောင်းရှိလေသည်။

ဘုရားပွဲကျင်းပချိန်ကျလျှင် စေတီရှိသောတောင်ခြေတွင် နိဗ္ဗာန်စျေးခင်း၍ကျင်းပကြသည်။ တချို့နှစ်များတွင် မြို့မှ ရုပ်သေးပွဲ၊ အငြိမ့်ပွဲများကိုငှား၍ ကပြဖျော်ဖြေစေပါသည်။

ရွာမှ စေတီရှိရာတောင်ပေါ်အထိ လမ်းတလျှောက်တွင် ဆီမီးတိုင်များစိုက်ထူကြသည်။ ဆီမီးတိုင်ကို ဝါးဘိုးဝါးထိပ်တွင် ဆီမီးခွက်တင်ကာ ထွန်းညှိကြပါ၏။ ဆီကိုရေချိုး၊ ဆေးရိုးမီးလှုံဆိုသကဲ့သို့ ဆီပေါများသောကာလမို့ ရွာမှ စေတီအထိ ၂ဖာလုံမျှရှည်လျားသောလမ်းတလျှောက်ကို ဆီမီးများ ထွန်းညှိနိုင်ကြပေသည်။

ဆီမီးတိုင်တစ်ခုနှင့်တစ်ခု တစ်တောင်စီခွာကာ လမ်းဘေးတစ်ဖက်တစ်ချက်စီတွင် ထွန်းညှိထားပုံမှာ ပဏာရလှပေသည်။ တောသူတောင်သားများအဖို့လည်း ဆီမီးထွန်းထားသောလမ်းအတိုင်း ဘုရားပွဲသို့သွားရသည်မှာ ပျော်စရာအတိပင်ဖြစ်တော့သည်။

သီတင်းကျွတ်ပွဲတော်သည် ကျောက်ကွေ့ရွာ၏ တစ်နှစ်တွင် တစ်ကြိမ်သာကျင်းပသောပွဲတော်ဖြစ်သည့်အားလျော်စွာ ရွာရှိလူကုန်သည် ဘုရားပွဲတွင်းသို့ ရောက်ရှိပျော်မြူးကြပေ၏။

သီတင်းကျွတ်လပြည့်ညတွင် မိန်းမပျိုများသည် မီးပုံးများ ဆီမီးခွက်များကို လက်တွင်ကိုင်ကာ ရွာမှ စေတီရှိရာလမ်းတလျှောက် စီတန်းလှည့်လည်ကြလေသည်။ ထိုအခါများတွင် ရွာ၏ကွမ်းတောင်ကိုင် မစပယ်သည် အလှဆုံးပြင်ဆင်၍ ထိပ်ဆုံးမှ လျှောက်လှမ်းရမြဲဖြစ်လေသည်။

ကာလသားများက စေတီထိပ်မှစောင့်နေကြကာ မိန်းမပျိုများလက်မှ ဆီမီးခွက်များကို လက်ဆင့်ကမ်းယူပြီး စေတီ၏ဖောင်းရစ်တလျှောက်တွင် လိုက်လံချထားကြလေသည်။ စေတီလုံးပတ်အပြည့် ဆီမီးများထွန်းညှိပြီးချိန်တွင် စေတီကြီးမှာ တင့်တယ်သပ္ပါယ်လျှက်ရှိနေပေတော့သည်။

ကျောက်ကွေ့ရွာသည် စီးပွားရေးကောင်းသောရွာဖြစ်၍ မြို့မှ အငြိမ့်ပွဲဇာတ်ပွဲများကို ငှားရမ်းနိုင်သော်လည်း ခေတ်ကာလအရ ဇာတ်အဖွဲ့နည်းပါးသည့်အပြင်. . ကျောက်ကွေ့မှာ အတွင်းပိုင်းသို့ဝင်ရသောရွာဇနပုဒ်ဖြစ်နေ၍ ဇာတ်ပွဲများကို အလွယ်တကူငှားရမ်း၍ မရတတ်ပေ။ အနယ်နယ်အရပ်ရပ်မှ အလုအယက်ငှားရမ်းကြသည့်အခါမျိုးမို့ ကျောက်ကွေ့အထိလိုက်လံကပြဖို့ကိုငြင်းဆိုကြပေသည်။

ကြည့်ချင်ပွဲမပါသောနှစ်များတွင်ကား. . ရွာလူထုသည် နိဗ္ဗာန်စျေးနှင့် စတုဒီသာပွဲများတွင် တိုးခွေ့ကာ ပျော်စရာရှာရတော့ပေသည်။

ယခုနှစ်အဖို့ ရွာလူကြီးတချို့ မြို့ကိုတက်၍ အငြိမ့်ငှားသည်ကိုကြားလိုက်ရသော်လည်း ဘာသတင်းစကားမှထွက်ပေါ်မလာပေ။

မည်သို့ဆိုစေ. . ဆီမီးခွက်များကို ကိုယ်တိုင်ဖုတ်ခြင်း၊ မီးစာအတွက် ဝါဂွမ်းများအားပြုပြင်ခြင်း၊ ဆီမီးတိုင်လုပ်ရန် ဝါးဘိုးဝါးများကို တောထဲဝင်ခုတ်ခြင်း၊ တတ်နိုင်သော အိမ်များက ဆီစိမ်စက္ကူများဝယ်၍ မီးပုံးများပြုလုပ်ခြင်းဖြင့် ဘုရားပွဲအတွက် စိုင်းပြင်း၍နေကြပေသည်။

**!!! !!! !!!**

ဘုရားပွဲကျင်းပရန် သုံးရက်အလို၌ ရွာထဲတွင် သတင်းစကားတစ်ခုထွက်ပေါ်လာခဲ့လေသည်။

ကြည့်ချင်ပွဲငှားရမ်းမရ၍. . ရွာဘုရားပွဲတွင် စောင်းသည်များကိုဒေါ်နကြ တစ်ကိုယ်တော် ဖျော်ဖြေတင်ဆက်မည် ဆိုသည့်သတင်းပင်ဖြစ်တော့သည်။

www.burmeseclassic.com

ကိုဒေါနန်၏စောင်းလက်သံကို တစ်ရွာလုံးက ကြားသိပြီး ဖြစ်ရာ. . မကံဆယ်တို့အိမ်မှထွက်ပေါ်လာသော စောင်းသံအကြောင်းကို မေးမြန်းစုံစမ်းသူများပင်ရှိခဲ့လေသည်။

မကံဆယ်၏ဖခင် ကိုတင်ဆောင်က အကြံရကာ သူကြီးကို တင်ပြသည့်အတွက် ဤအစီအစဉ် ဖြစ်မြောက်ခဲ့ခြင်းပင်ဖြစ်လေ၏။

သူကြီးသည် ကိုဒေါနန်ကို မြင်လည်းမမြင်ဘူး၊ ကိုဒေါနန်စောင်းသံကိုလည်း ကြားဖူးသူမဟုတ်ပေ။ မိမိရွာဘုရားပွဲတွင် ဖျော်ဖြေရေးကဏ္ဍတစ်ခု ပါစေတော့သဘောဖြင့် ကိုတင်ဆောင် တင်ပြချက်အား ခွင့်ပြုခဲ့ခြင်းပင်ဖြစ်တော့သည်။

ယင်းသို့ ခွင့်ပြုခဲ့ခြင်းသည် နောင်တစ်ချိန်တွင် သူ့သားမုန်တိုင်းနှင့် ကိုဒေါနန်တို့၏ ပဋိပက္ခကို ဖန်တီးပေးသကဲ့သို့ ဖြစ်နေကြောင်းကိုမူကား. . သူကြီးမသိခဲ့ချေ။

သူကြီးမင်းဦးစက်ရှိန်သည် အာဏာတွင် ယစ်မူးနေသူတစ်ယောက်ဖြစ်လေသည်။ အင်္ဂလိပ်အစိုးရသည် သူတို့အမိန့်နာခံ၍ ခိုင်းကောင်းသည့်အတွက် ပညာရည်နည်းပါးသော လူတစ်ယောက်ကို သေနတ်ကိုင်ခွင့်ပြု မြှောက်စားကာ ခိုင်းစားနေခြင်းသာဖြစ်လေသည်။ ဦးစက်ရှိန်သည် မျိုးရိုးအရ သူကြီးဖြစ်လာသော်လည်း မျိုးချစ်စိတ်ဓာတ်ခေါင်းပါးသူဖြစ်ပေ၏။ အင်္ဂလိပ်အစိုးရက ခိုင်းကောင်းအောင် ရွှေစလွယ်ချီးမြှင့်ခြင်းကို သူ့အရည်အချင်းရှိ၍ မြှောက်စားခံရသည်ဟုထင်နေပေသည်။ အင်္ဂလိပ်အစိုးရအလိုကျလည်း လူထုအပေါ်တွင် အခွန်အကောက်များ မညာမတာကောက်ခံခြင်း၊ မျက်နှာဖြူအစိုးရကို တော်လှန်လိုစိတ်ရှိသည့် မျိုးချစ်လူငယ်များ၏သတင်းကိုပေးပို့ခြင်းတို့ဖြင့် မျက်နှာသာရနေသူဖြစ်ပေသည်။

သူကြီးမင်း ဦးစက်ရှိန်မှာ မုဆိုးဖိုတစ်ဦးဖြစ်ပြီး သား မုန်တိုင်း အသက်၁၀နှစ်အရွယ်ကပင် ဇနီးဖြစ်သူ ကွယ်လွန်သွားသော်လည်း နောက်အိမ်ထောင်မထူချေ။ ဦးစက်ရှိန်က ရွာထဲနှင့် ရွာနီးချုပ်စပ်မှ အညာလွယ်သော တစ်ခုလပ်များ၊ မုဆိုးမများကို လက်ဆောင်ပဏ္ဏာပေးကာ တစ်ညတာ အလှည့်ကျခေါ်ယူပေါင်းသင်းခြင်းဖြင့် အိမ်ထောင်ရေးသုခကို အာဏာသုံး၍ ဖြည့်ဆည်းနေသူဖြစ်သည်။

သူ နောက်အိမ်ထောင်မထူခြင်းမှာ သားလေးမုန်တိုင်းကိုငဲ့ညှာ၍ဖြစ်ကြောင်း၊ သားကို မိထွေးအုပ်ထိမ်းမှုဖြင့် မကြည့်ရက်၍ဖြစ်ကြောင်း မကြာမကြာဖွင့်ပြောလေ့ရှိသည်။ ထိုစကားမှာ ဦးစက်ရှိန်၏ မုန်ကန်သောသစ္စာစကားပင်ဖြစ်လေသည်။

ဦးစက်ရှိန်သည် မိတဆိုး တစ်ဦးတည်းသောသားလေးကို အမှန်တကယ်ပင် ချစ်ခင်အလိုလိုက်လေ၏။ သူတစ်ဖက်သားအပေါ် ငဲ့ညှာသနားမှု ခေါင်းပါးလေ့ရှိသူတို့ ထုံးစံအတိုင်းပင် မိမိသွေးသားအပေါ်၌မူ သူမတူအောင် အလိုလိုက်အကြိုက်ဆောင်ပေ၏။

မုန်တိုင်းကလည်း အာဏာရသူကြီးမင်း၏ အလိုလိုက်ခံထားရသည့် တစ်ဦးတည်းသောသားပီသစွာပင် ရမ်းကားမှု၊ အနိုင်အထက်ကျင့်မှုနှင့် မိုက်ရူးရဲဆန်မှုများ၌ စံပြနေရာတွင် ထားလောက်ပေသည်။

ရွာရှိထန်းတောမှ ထန်းရည်တဲများသည် မုန်တိုင်းလာသောက်လျှက် အခကြေးငွေမယူရဲပေ။ မုန်တိုင်းသာမက သူ့ကို ကပ်ဖားပေါင်းသင်းနေသော ကာလသားများကိုပါ တိုက်ရကျွေးရလေသည်။ မူး၍ရမ်းကားဖျက်ဆီးခဲ့သော ပစ္စည်းဖိုးများကိုလည်း မတောင်းခံရဲချေ။ သူကြီးမင်းမသိအောင်ပင် ဖုံးဖိထားရသေး၏။ သူကြီးဦးစက်ရှိန်သိပါက သူ့သားကို ခေါ်ယူဖျက်စီးနေပါသည်ဆိုကာ လုပ်ပိုင်ခွင့်အားလုံး ပိတ်သိမ်းခံရမည်ကို ကြောက်ရွံ့၍ပင်ဖြစ်တော့သည်။

သည်လိုဆိုတော့လည်း မုန်တိုင်းတို့က ဖခင်အာဏာအားကိုးဖြင့် ဆိုးချင်တိုင်းဆိုး၊ ရမ်းချင်တိုင်း ရမ်းနေပေတော့၏။ သူသည်ပင် တစ်ချိန်ကျ သူကြီးအရိုက်အရာကို ဆက်ခံရမည့်သူ မဟုတ်ပါလား။ နောင်တစ်ချိန် မလွဲမသွေ သူကြီးဖြစ်လာမည့် သူကြီးအလောင်းအလျာလေးကို တစ်ရွာလုံးကကြောက်ရွံ့ရသည်မှာ မဆန်းတော့ပါပေ။

www.burmeseclassic.com

အချိန်ကာလသည်ကား ကျောက်ကွေ့ရွာ၌ သူကြီးမင်း ဦးစက်ရှိန်နှင့် သူကြီးသားမုန်တိုင်းတို့ မိုးကောင်းနေသောကာလ ပင်ဖြစ်လေတော့သည်။

♣♣♣♣♣

◆

'ဟော. . မစပယ်ပါလား'

ကိုဒေါနဧ၏အသံကြောင့် မစပယ် လှည့်ကြည့်လိုက်ရာ ကောက်လှိုင်းစည်းများကိုထမ်းရင်း လျှောက်လာသော ကိုဒေါန ကိုတွေ့လိုက်ရသည်။

ကိုဒေါနက ကိုယ်အထက်ပိုင်းတွင် ဗလာကျင်းပြီးမှ ပုဆိုးပိုင်းလေးနှင့် ကျောကိုသိုင်း၍ချည်နှောင်ထားလေသည်။ သူ ၏ဖုထစ်ကြွရွသော ဗလကြီးများမှာ ချွေးများစိုလက်ကာ ထင်း ထင်းကြီးပေါ်လွင်နေပေတော့၏။ စောင်းသမား အနုပညာသည် တစ်ဦး၏ နုနယ်သွယ်ပျောင်းသောဟန်များ ပျောက်ကွယ်ပြီး ယောကျာ်းပီသစွာခန့်ထည်နေသော ကိုဒေါနကို မစပယ်က အံ့ သြစွာငေးကြည့်နေမိသည်။

'ဟင်. . ကိုဒေါန'

'ဘယ်ကိုသွားမလို့လဲမစပယ်'

'စပယ် ကံဆယ်လေးတို့အိမ်ကိုသွားမလို့ပါ၊ ဟောဒီ မီး ပုံးလေးတွေ သွားပေးမလို့'

'လပြည့်နေ့မှာ ထွန်းဖို့ပေါ့နော်'

'ဟုတ်ပါတယ်'

ကိုဒေါနသည် ယာထဲမှပြန်လာခြင်းဖြစ်ရာ မစပယ်တို့ အိမ်ရှေ့မှဖြတ်၍ပြန်ရ၏။ မစပယ်က မကံဆယ်တို့အိမ်ကိုသွား ရန် အိမ်မှထွက်အလာနှင့် ဆုံမိကြခြင်းဖြစ်သည်။

တစ်လမ်းထဲဖြစ်နေ၍ အတူယှဉ်တွဲ၍ လျှောက်လာခဲ့ လေ၏။

'ဒါနဲ့ လပြည့်နေ့ပွဲကျ ကိုဒေါနက စောင်းတီးပြီးဖျော် ဖြေမလို့ဆို'

'မကံဆယ်လေးအဖေ ဦးလေးတင်ဆောင်စီစဉ်တာပါ၊ ဆိုပြတီးပြပါဆိုတော့လည်း ဆိုရတီးရမှာပေါ့ဗျာ၊ ကိုယ်က ပရိ သတ်ကိုဖျော်ဖြေချင်နေတဲ့ အနုပညာသမားကိုး'

'ကိုဒေါနရဲ့စောင်းလက်သံက ကောင်းပါတယ်၊ ရုပ်သေး ပွဲမှာ ကိုဒေါနအဆိုအငိုတွေ သိပ်ကောင်းတာပဲ၊ အရုပ်ကိုတောင် လူလို့ထင်လာရတယ်'

မစပယ်က နောင်အင်းရွာရုပ်သေးပွဲမြင်ကွင်းကို ပြန်မြင် ယောင်ကာပြောလိုက်သည်။ ရုပ်သေးပွဲတွင် ဝေသန္တရာဇာတ်ကို ခင်းကျင်းကပြရာ ကိုဒေါနက ဘုရားအလောင်းဝေသန္တရာနေရာ မှ သရုပ်ဆောင်ခဲ့လေသည်။ ရုပ်သေးပွဲဖြစ်သည့်အားလျော်စွာ ဝေသန္တရာအရုပ်ကလေးလှုပ်ရှားသည့်အတိုင်း အသံဖြင့်နောက် ခံသရုပ်ဆောင်ဆိုငိုပြောပေးရခြင်းဖြစ်ပါသည်။

ကိုဒေါန၏ အဆိုအငိုအပြောများ ကောင်းလွန်း၍ ဝေ သန္တရာမင်းကြီးအဖြစ် ကပြသော အရုပ်ကလေးကိုပင် တကယ့် ဝေသန္တရာမင်းကြီးအလား ထင်လာရပေ၏။ ကြိုးဆွဲသူကလည်း အောက်မှဆိုငိုပေးသူ၏ အသံအတက်အကျအတိုင်း ကျွမ်းကျင် စွာလှုပ်ရှားပေးလေရာ ဝေသန္တရာဇာတ်တော်ကြီးကို တကယ့် မျက်မြင်တွေ့ရှိပူဇော်ရသည့်သဖွယ် အားပါးတရရှိလှပေ၏။

'မြှောက်နေပြန်ပြီမစပယ်၊ ကျွန်တော်က မြှောက်ပေးရင် ကွေးအောင်ကချင်တဲ့လူဗျ'

'အို. . တကယ်ပြောတာပါ ကိုဒေါနရယ်'

'ဩော်. . ဒါနဲ့မစပယ်'

ကိုဒေါနက အတူယှဉ်လျှောက်နေရာမှ အနည်းငယ်တို့ ဆိုင်းသွားကာ မစပယ်ကိုလှည့်ကြည့်ရင်း ပြောလိုက်သည်။

'ရှင်. .'

မစပယ်သည် ကိုဒေါနကိုပြန်ကြည့်လိုက်ရာ ရွှန်းရွှန်း စားစားကြည့်နေသော ကိုဒေါန၏မျက်ဝန်းများကြောင့် လိုက်က နဲရင်ဖိုသွားကာ မျက်လွှာကိုချလိုက်မိသည်။

www.burmeseclassic.com

ကိုဒေါနက သက်ပြင်းတစ်ချက်ချရင်း . .

'ကျွန်တော် ညည စောင်းတီးပြီး သီချင်းဆိုတဲ့အသံတွေကို မစပယ်တို့အိမ်က ကြားရနိုင်သလားဟင်'

'ကြားရပါတယ်ကိုဒေါန၊ ကောင်းကောင်းကြားရပါတယ်ရှင်'

'ဒါဖြင့် စပယ်ဆိုတဲ့သီချင်းလေးကိုလည်း မစပယ်ကြားမိမှာပေါ့နော်'

'အို . . '

ကံဆယ်ပြောပြထား၍ စပယ်သီချင်းမှာ မိမိကိုစပ်ဆိုထားခြင်းဖြစ်ကြောင်း သိပြီးဖြစ်၍ မစပယ်က မျက်နှာမထားတတ်အောင်ဖြစ်သွားလေသည်။

'ဟင် . . မစပယ်၊ စပယ်သီချင်းလေးကို ကြားမိရဲ့လားဗျာ'

'ကြား . . ကြားပါတယ်'

'ဘယ်လိုလဲ၊ ကြိုက်ရဲ့လားဟင်'

'အို . . ဘာဖြစ်လို့လဲဟင်'

'စပယ်သီချင်းဟာ မစပယ်ကို ရည်ရွယ်ပြီး မစပယ်အတွက် သီးခြားရေးဖွဲ့ထားတဲ့သီချင်းမို့လို့ပါ မစပယ်'

'အို . . ကိုဒေါနကလည်း'

ကိုဒေါန တဲ့တိုးပြောလိုက်၍ မစပယ်ရှက်သွားလေသည်။

'ဟုတ်ပါတယ်မစပယ်၊ နောက်ထပ်တစ်ပုဒ်တောင် ထပ်ပြီးရေးစပ်ထားပါသေးတယ်'

'ရှင် . . '

'အဆုံးမသတ်ရသေးပါဘူးမစပယ်၊ လပြည့်နေ့ကျရင် အများရှေ့မှာ ဒီသီချင်းလေးကိုဆိုပြပါ့မယ်'

'အို . . ကိုဒေါန၊ တော်ပါ့မလားရှင်၊ အများတကာတွေကြားရင် . . '

'မစပယ်ကို စပ်ဆိုတာဆိုပေမယ့် သီချင်းသဘောအရတော့ မိန်းကလေးတစ်ယောက်ရဲ့အလှဘွဲ့ပါပဲမစပယ်၊ သီချင်းနာမည်လေးက **စပယ်ပေါ် စပယ်ဆင့်** . . တဲ့'

'ရှင် . . '

'စပယ်တင်မှဲ့ရှိတဲ့ မိန်းကလေးတစ်ယောက် စံပယ်ပန်းလေးပန်ထားလို့ လှတဲ့အလှအကြောင်းကို သီချင်းဖွဲ့ထားတာပါ၊ အများတကာနားထောင်လို့လဲရပါတယ်'

'အို . . '

မစပယ်သည် ညာဖက်ပါးပြင်မှ စပယ်တင်မှဲ့လေးအား ယောင်ရမ်းကာလက်ဖြင့်စမ်းသပ်လိုက်သည်။ မစပယ်တွင် စပယ်တင်မှဲ့ကလေးတစ်လုံးလည်း တကယ်ပင်ရှိနေပါသေး၏။

'ဒီသီချင်းရေးဖို့စိတ်ကူးကိုတော့ ဘုရားပွဲသွားတဲ့နေ့က မစပယ် စပယ်ခွေလေးပန်လာတာကိုတွေ့ပြီး ရခဲ့တာပါမစပယ်'

'အို . . ကံဆယ်တို့အိမ်တောင်ရောက်လာပြီ၊ သွားတော့မယ်နော် ကိုဒေါန'

ကိုဒေါနစကားများကြောင့် မစပယ်သည် ရှက်ကိုးရှက်ကန်းဖြစ်ကာ . . အိမ်အဝအရောက်တွင် အိမ်ထဲသို့ပြေးဝင်ခဲ့လေတော့၏။

ကိုဒေါနက အိမ်အဝတွင် ရပ်ရင်း မစပယ်ကိုငေးလျှက်ကျန်ခဲ့လေသည်။

အိမ်ဝင်းထဲသို့ဝင်လာသော မစပယ်ကိုအမြင်တွင် မကံဆယ်လေးက ပြေး၍ကြိုလိုက်သည်။

'မမစပယ်၊ ကိုကြီးဒေါနနဲ့အတူတူလာကြတာလားဟင်'

'အို . . ကြုံကြုံဖန်ဖန်၊ လမ်းမှာဆုံလို့ စကားပြောလာတာပါဟယ်'

'အဲဒါ အတူတူလာတာပဲပေါ့မမစပယ်ရဲ့'

'တော်စမ်းပါဟယ်၊ ဒီမှာ နင်တို့အိမ်ဖို့ မီးပုံးတွေယူလာတယ်၊ သီတင်းကျွတ်ကျ အိမ်အဝမှာချိတ်ရအောင်'

!!! !!! !!!

www.burmeseclassic.com

လပြည့်နေ့မတိုင်ခင် နှစ်ရက်အလိုကပင် ဘုရားပွဲတွင် ရောင်းချမည့်ဈေးသည်များ ရွာသို့ရောက်ရှိလာကြလေသည်။

ဈေးသည်များမှာ နယ်လှည့် အထမ်းဈေးသည်များဖြစ်လေသည်။ အထမ်းသည်များသည် ရောင်းချမည့်ပစ္စည်းများကို ထန်းခေါက်ဖာနှစ်လုံးတွင်ထည့်ကာ ဖာတစ်လုံးစီကို တံပိုးတွင် ရှေ့နောက်လျှို၍ထမ်းရင်း ရွာစဉ်လှည့်၍ဈေးရောင်းသော ဈေးသည်များဖြစ်ပါသည်။

အများအားဖြင့် အထမ်းဈေးသည်များသည် အလှကုန်ပစ္စည်းများနှင့် အဝတ်အထည်များကိုရောင်းချကြပေ၏။ ယောကျာ်းများအတွက် ခေါင်းလိမ်းဆီ၊ ခေါင်းပေါင်းပုဝါ၊ ပုဆိုးစများ ပါလာတတ်သည်။ မိန်းကလေးများအတွက်တော့ မျက်နှာချေ၊ ပါးနီ၊ နှုတ်ခမ်းနီ၊ ကလစ်နှင့်ဆံညှပ်များ၊ ထမီစ၊ အင်္ကျီစများ၊ ဘီး၊ မှန်. . အစရှိသည်များ စုံစေ့အောင်ပါတတ်လေသည်။

အထမ်းသည်တို့သည် ရွာဘုရားပွဲတွင်ရောင်းချမည်ဖြစ်သလို ဘုရားပွဲမစမီ ကြိုတင်ဝယ်ယူနိုင်ရန် ၂ရက်-၃ရက်ကြို၍ လာရောက်ကြခြင်းပင်ဖြစ်ပါသည်။ ကာလသားနှင့်အပျိုများကလည်း ဘုရားပွဲတွင်ဝတ်ဆင်နိုင်ရန် ကြိုတင်ဝယ်ယူတတ်ကြသည် မဟုတ်ပါလား။

တစ်အိမ်တက်ဆင်းလိုက်ရောင်းသော အထမ်းသည်တစ်ဦး မစပယ်တို့အိမ်ရှေ့သို့ ရောက်လာကာ မေးလိုက်သည်။

'ဒီအိမ်က ကွမ်းတောင်ကိုင်နှမလေး၊ အလှကုန်တွေ အစုံပါတယ်ဗျို့၊ ကြည့်လှည့်ပါဦး'

အထမ်းသည်မှာ ရွာသို့နှစ်စဉ်လာနေကျဖြစ်၍ မစပယ်ကို ရွာ၏ကွမ်းတောင်ကိုင်မှန်းသိနေသည်။

'အိမ်ထဲဝင်ခဲ့ပါကိုရင်'

မစပယ်က အထမ်းသည်ကို ဖိတ်ခေါ်လိုက်သည်။

အထမ်းသည် လုလင်ကြီးက တံပိုးတွင် လျှိုထားသော ထန်းခေါက်ဖာနှစ်လုံးကို လှပ်၍ပြလိုက်သည်။

'စိတ်တိုင်းကျရွေးပေတော့၊ အထည်စလေးတွေကတော့ အဆင်အသွေးစုံပါ့၊ ငါ့နှမက ကွမ်းတောင်ကိုင်အချောအလှဆိုတော့ကာ ဘာနဲ့ဖြစ်ဖြစ်လိုက်တာပဲဟေ့'

'မြှောက်နေပြန်ပါကော၊ အဝတ်စတွေကတော့ အများကြီးရှိလို့ မယူသေးဘူးကိုရင်၊ မျက်နှာချေလေး ပါးနီဘူးလေး ဝယ်မလို့ပါ'

'အလို၊ ဘဲ့နဲ့၊ ကွမ်းတောင်ကိုင်တစ်ယောက်လုပ်နေပြီး မနှစ်က အဟောင်းတွေ ဝတ်မလို့လား၊ ဟောဒီမှာ *တလုပ်ပြေ* (တရုပ်ပြည်)ဖက်ကလာတဲ့ ပိုးစလေး ဘယ်လောက်လှသတုံး'

'ကဲပါလေ. . ကြည့်သေးတာပေါ့'

'ဟယ်. . မမစပယ်၊ ဘာတွေဝယ်နေတာတုံး'

မကံဆယ်လေးရောက်လာကာ မေးလိုက်ခြင်းဖြစ်သည်။

'လာဟေ့ ကံဆယ်၊ ညီးကြိုက်တာတစ်ခုရွေးယူ၊ ငါညီးအတွက်ဝယ်ပေးမယ်'

မစပယ်သည် မကံဆယ်လေးကို ဆွေမျိုးမတော်စပ်သော်လည်း ညီမလေးတစ်ယောက်သဖွယ် ချစ်ခင်သူဖြစ်သည်။ နှစ်ယောက်စလုံးမှာ တစ်ဦးတည်းသောသမီးများဖြစ်၍ တစ်ဦးကို တစ်ဦးခင်တွယ်ကြလေသည်။

'ဒါဖြင့် ကျွန်မလည်း ပါးနီဗူးတစ်ဗူးယူမယ်မမစပယ်'

'အောင်မယ်. . ညီးက အပျိုလုပ်မလို့လား၊ ကလေးပဲရှိသေးတာ၊ ပါးနီမဆိုးရပါဘူးနော်၊ ရော့-ရော့ ဟောဒီ ဆံညှပ်လေးယူ'

မစပယ်က မကံဆယ်လေးအတွက် ဆံညှပ်ကလေးနှစ်ချောင်းရွေးပေးလိုက်သည်။

'ဟော. . ဒီပုဝါပိုင်လေးတွေက လှလှချည့်၊ ယောကျာ်းသုံးတာလား၊ မိန်းမသုံးတာလားကိုရင်'

www.burmeseclassic.com

'ယောကျာ်းဆို ခေါင်းမှာပေါင်း၊ မိန်းမဆို ပခုံးပေါ်တင် ခြုံလို့ရတာပေါ့နှမရဲ့၊ မြို့သူတွေဆို ခေါင်းကိုအုပ်ပြီး အစွန်းနှစ်ဖက်ကို မေးမှာသိုင်းပြီး ချည်ကြတယ်'

'ကြံ့ကြံ့ဖန်ဖန်နော်၊ ဒါကဘယ်လောက်လဲ'

'ရှစ်ပဲပါနှမ'

'အို. . ဈေးကြီးလိုက်တာ'

'ရောင်းဈေးပါနှမရယ်၊ ကျုပ်တို့သိပ်မမြတ်ပါဘူး'

'ဒီတိုင်းပြောကြတာပဲ၊ လျှော့ဦးကိုရင်'

မစပယ်က အနီရောင်အောက်ခံတွင် အနက်ရောင် အစက်အပြောက်ကလေးများပါသော ပိုးစအပိုင်းလေးကိုကိုင်ကြည့်ရင်း ဈေးဆစ်လိုက်သည်။

'ကဲ-ကဲ- ဈေးဦးပေါက်မို့ တစ်ပဲလျှော့လိုက်မယ်၊ ၇-ပဲနဲ့ပဲယူလိုက်နော် နှမ'

'၅ပဲထားတော်'

'မရလို့ပါနှမရယ်၊ ကဲလေ. . ၆ပဲပေးပါ၊ ဒါ့ထက်တော့ မလျှော့နိုင်တော့ဘူး'

'ဒီမှာနော်၊ မျက်နှာချေတစ်ထုတ်၊ ပါးနီတစ်ဗူး၊ ကံဆယ်ဖို့ ဆံညှပ်က နှစ်ချောင်းနဲ့ ဒီပုဝါပိုင်ဖိုးတွေ ပေါင်းတွက်လိုက်ပါဦး ကိုရင်'

ဈေးသည်က ကျသင့်ငွေကိုတွက်ချက်ပေးသည်။

'နေဦးတော့၊ ကျုပ် *ပက်ဆပ်* ယူချေဦးမယ်'

မစပယ်က ပိုက်ဆံယူရန် အိမ်ပေါ်ပြေးတက်သွားလေသည်။

အထမ်းသည်ကြီးထွက်သွားသည့်အခါ. . မစပယ်က မကံဆယ်လေးကို လက်တို့ကာ နွားတင်းကုပ်ထဲသို့ခေါ်ခဲ့လေ၏။

'လာဦး ကံဆယ်၊ နင့်ကိုပြောစရာရှိတယ်'

နွားတင်းကုပ်ထဲရောက်မှ မစပယ်က တီးတိုးပြောလေသည်။

'ဟဲ့. . နင် ဒီအကြောင်းကို ဘယ်သူ့မှပြန်မပြောရဘူးနော်'

'ဘာတုန်းမမစပယ်ရဲ့'

'ရော့- ဟောဒီ ပုဝါပိုင်လေးကို ယူသွား၊ ကိုရင်ဒေါနကိုပေးလိုက်၊ ငါက လက်ဆောင်ပေးတယ်လို့ပြော၊ ဘယ်သူမှမမြင်စေနဲ့၊ မသိစေနဲ့နော်၊ နင့်အမေ ရီးလေးအေးသင်မသိစေနဲ့'

'ဟင်. . ဒီပုဝါက မမစပယ်ဖို့ ဝယ်တာမဟုတ်ဖူးလား၊ ကိုကြီးဒေါနက ဘာလုပ်ဖို့လဲမမစပယ်'

'တိုးတိုးပြောစမ်းပါအေရယ်၊ သူ ခေါင်းပေါင်းဖို့ပေါ့အေရဲ့၊ သူက နက်ဖန် ဘုရားပွဲမှာ စောင်းတီးပြီး သီချင်းဆိုမှာမဟုတ်လား၊ အဲဒီအခါကျ ပေါင်းရအောင် ငါက လက်ဆောင်ပေးတာလို့ပြော'

မကံဆယ်က ပုဝါလေးကိုကိုင်ကြည့်ရင်း သဘောကျစွာပြုံးလိုက်သည်။

'ဟီး. . ဟီး. . မမစပယ်က ကိုကြီးဒေါနကိုကြိုက်လားဆိုတော့ မကြိုက်ဖူးတဲ့၊ ပုဝါကျပေးတယ်၊ ဟီး. . ဟီး'

'ဟဲ့. . ပုဝါလက်ဆောင်ပေးတာက ခင်လို့ပေးတာဟဲ့၊ သူဆိုတဲ့တီးတဲ့အခါကျ လူရှေ့သူရှေ့မှာ ကြည့်ကောင်းအောင်လို့'

'ဒါဖြင့် မမစပယ်က ကိုကြီးဒေါနကိုမကြိုက်ဖူးလား'

'ကြည့်စမ်း၊ ဒါ ကလေးစကားလားကံဆယ်၊ ညီးအရွယ် ဒါမျိုးပြောရမှာလား၊ မကြိုက်ရဲပေါင်အေ. . မကြိုက်ရဲပေါင်၊ ပုဝါပါးကို ကြက်သားထုတ်တော့ စွန်းတတ်သတဲ့တော်ရေ့'

'ဟင်. . ဘယ်သူက ကြက်သားကို ပုဝါနဲ့ထုတ်မှာလဲ မမစပယ်ရဲ့၊ ပန်းကန်ထဲပဲထည့်မှာပေါ့'

'စကားရှည်လှချည့် ကံဆယ်ရယ်၊ ဒါတွေ ညီး နားမလည်ပါဘူး၊ ဒီပုဝါပိုင်လေးကိုသာ တိုးတိုးတိတ်တိတ် ပေးလိုက်စမ်းပါ'

'ဟုတ်ကဲ့ပါမမစပယ်၊ ဒါဖြင့် လူမမြင်အောင် ဖွက်ယူသွားမယ်နော်'

ကံဆယ်က ပြောပြောဆိုဆို နွားတင်းကုပ်ထဲမှပြေးထွက်သွားလေသည်။

'ဟေး ကံဆယ်၊ ဘယ်သူမှမသိစေနဲ့နော်၊ ဒါပဲ'

မကံဆယ် ပြန်သွားသည့်တိုင် မစပယ်သည် နွားတင်းကုပ်ထဲမှမထွက်သေးပဲ တွေးနေမိလေသည်။ ကိုဒေါ်နကို လက်ဆောင်ပေးလိုက်မိတာ မှားများသွားပလား၊ အညာလွယ်တယ်များ ထင်သွားလေမလား။ အို. . ဘာပဲဖြစ်ဖြစ် လူသူရှေ့မှာ ဆိုတီးရမှာမို့ သေသေသပ်သပ်ဖြစ်စေချင်လို့ပေးတာပဲလေ။

မစပယ်သည် သူမကိုရည်ရွယ်၍ ရေးစပ်ထားသည်ဆိုသော နောက်ထပ်သီချင်းတစ်ပုဒ်ကို လပြည့်နေ့မှာဆိုပြမည့်အကြောင်း . . ကိုဒေါ်နပြောသွားတာကို သတိရနေမိ၏။

သီချင်းနာမည်လေးက. .

*'စပယ်ပေါ် စပယ်ဆင့်'* တဲ့လေ. .

မစပယ်သည် ညာဖက်ပါးပြင်မှ စပယ်တင်မှဲ့လေးကို လက်ဖြင့် စမ်းကြည့်နေမိလေသည်။

♣♣♣♣♣

◆

သီတင်းကျွတ်လပြည့်နေ့သို့ရောက်လာခဲ့လေပြီ။

တစ်ရွာလုံးရှိ လူကြီးလူငယ်ကလေးရွယ်မကျန် ဘုရားပွဲအတွက် ပြင်ဆင်လှုပ်ရှားနေကြလေပြီ။

ကာလသားများက မနက်ခင်းကတည်းကပင် စေတီရင်ပြင်ပေါ်တက်၍ သန့်ရှင်းရေးပြုလုပ်ကြသည်။

ကာလသားနောက်တစ်ဖွဲ့က ရွာနှင့် စေတီတောင်ကုန်းကြား လမ်းတလျှောက်တွင် အရွယ်တူဖြတ်ထားပြီးဖြစ်သော ဝါးဘိုးဝါးများကို တွင်းများတူး၍ တစ်တောင်စီခွာကာ စိုက်ထူကြလေသည်။ ဆီမီးခွက်တင်၍ ထွန်းညှိရန်ဖြစ်ပါသည်။

ဘုရားပွဲလှည့်ရာတွင် ပါဝင်မည့် အပျိုများသည် နေ့လည်ခင်းမှစ၍ ဖီးလိမ်းပြင်ဆင်နေကြရာ. . ညနေစောင်းသည်ထိပင် စိတ်တိုင်းကျပြင်ဆင်လို့မပြီးနိုင်သေးပေ။

ညနေစောင်းသည်နှင့် လူကြီးများကဦးဆောင်ကာ ရွာနှင့်စေတီကြား လမ်းတလျှောက် စိုက်ထူထားသည့် ဝါးဘိုးဝါးများပေါ်၌ ဆီမီးခွက်များလိုက်လံတင်ကာ နောက်တစ်ဖွဲ့က ဆီများကို ဆီမီးခွက်များအတွင်း လောင်းထည့်ကြ၏။ မိန်းမကြီးများက မီးစာအဖြစ်စီစဉ်ထားသော ဝါဂွမ်းစများကို ဆီများဝအောင်လိုက်၍နှစ်ထားပေးကြသည်။ မီးရှို့ရန် အစတစ်ဖက်ကိုထုတ်ပေးထားကြလေ၏။

ညနေစောင်းသည်နှင့် ဥပသကာအဖွဲ့က အားလုံး အဆင်သင့်ပြင်ရန် ဆော်ဩလိုက်လေသည်။

ယောကျ်ားကြီးများက စေတီထိပ်ရှိ ထိပ်ဆုံးသောဆီမီးတိုင်မှစ၍ ဆီမီးများကို တစ်တိုင်ချင်း လိုက်လံထွန်းညှိကြလေသည်။ မိန်းမကြီးများက ရွာအထွက်ရှိ ထိပ်ဆုံးဆီမီးတိုင်မှစ၍ မီးများထွန်းညှိလာကြသည်။

စတင်ထွန်းညှိချိန်တွင် အလင်းရောင် မပျယ်သေးသည့်အတွက် မသိသာသေးသော်လည်း. . ယောကျ်ားများ စေတီထိပ်မှစတင်ထွန်းညှိလာသည့်မီးတိုင်နှင့် မိန်းမများ ရွာထိပ်မှ စတင်ထွန်းညှိလာသည့်မီးတိုင်တို့ တောလမ်းအလယ်တည့်တည့်တွင် တွေ့ဆုံမိသည်တွင် နေဝင်သွားပေပြီ။ လမ်းတလျှောက် တစ်ဖက်တစ်ချက်စီတွင် ထွန်းညှိထားသောမီးတိုင်များမှ ဆီမီးများသည်လည်း အမှောင်ကိုထွင်းဖောက်ကာ လင်းလက်လာလေတော့၏။

ထိုအချိန်၌ ဘုရားပွဲလှည့်လည်မည့် အပျိုများသည်လည်း ရွာထိပ်သို့ စုရုံးရောက်ရှိကာ အဆင်သင့်ဖြစ်နေပေပြီ။ မိန်းမပျိုများအားလုံး၏လက်ထဲ၌ ဆီမီးခွက်သော်၄င်း၊ မီးပုံးသော်၄င်း တစ်ခုမဟုတ်တစ်ခုကို ကိုင်ဆောင်ထားကြပြီးဖြစ်သည်။

မစပယ်သည် တရုပ်ပြည်လုပ် မီးပုံးအဝါလေးတို့ လက်မှာကိုင်ကာ လှည့်လည်ရန်အဆင်သင့်ရောက်ရှိနေပေပြီ။ ကွမ်း

www.burmeseclassic.com

တောင်ကိုင်ဖြစ်သောမစပယ်က လူတန်း၏ရှေ့ဆုံးမှလှည့်လည်ရမည်ဖြစ်ပေသည်။

မိန်းမပျိုများအားလုံး မိမိနှစ်သက်ရာ အလှပဆုံးအဝတ်အစားများဝတ်ဆင်ထားကြသော်လည်း တူညီသောအချက်တစ်ခုတော့ရှိကြပေသည်။ အားလုံးသော မိန်းမပျိုများသည် ယောဂီတဘက်ကလေးများကို ပခုံးတွင်တင်ထားကြခြင်းဖြစ်ပေ၏။

လူပျိုကာလသားတို့သည်လည်း စေတီရင်ပြင်မှ အသင့်စောင့်ဆိုင်းနေကြပြီ။

အချက်ပေးလိုက်သည်နှင့် မိန်းမပျိုများ၏လက်တွင်းမှ ဆီးမီးခွက်များနှင့်မီးပုံးများကို မီးစဖြင့်တို့ကာ ထွန်းညှိလိုက်ကြလေ၏။

မစပယ်မှစတင်ကာ ဆီမီးထွန်းထားသောလမ်းအတိုင်း လျှောက်လှမ်းလိုက်လေသည်။ ကျန်အပျိုလေးများက မစပယ်နောက်မှ တစ်ယောက်ချင်းတန်းစီ၍ စီတန်းလိုက်ပါကြလေ၏။

မိန်းမပျို ငါးဆယ်ခန့်ပါဝင်သော လူတန်းရှည်သည် စတင်ထွက်ခွာသည်နှင့် မေတ္တာသုတ်ကို ပြိုင်တူရွတ်ဆိုပူဇော်လိုက်ကြလေ၏။

ကလေးများကား လမ်းဘေးတစ်ဖက်တစ်ချက်စီမှ စုရုံးလိုက်ပါလာကြလေသည်။ မကံဆယ်သည် သူချစ်သောမမစပယ်၏ဘေးမှလိုက်ပါလာရင်း ချောမောလှပသော မစပယ်၏မျက်နှာလေးကို ငေးကြည့်နေမိလေသည်။

ကျောက်ကွေ့ရွာ၏ သီတင်းကျွတ်လပြည့် မီးထွန်းညှိပူဇော်ပွဲကား တရားဓမ္မရွတ်ဖတ်သံများဖြင့် ဆီးမီးမြိုင်မြိုင်ထွန်းကာ စတင်လိုက်လေပြီ။

တောင်ပေါ်ရှိ စေတီရင်ပြင်ပေါ်မှ ကာလသားများအဖို့ ရွာသူမိန်းမပျိုများ၏လက်မှ ဆီမီးရောင်များ တရွေ့ရွေ့ ရွေ့လျားလာပုံကို မီးတန်းနှစ်သွယ်ကြားတွင် စမ်းရေစီးဆင်းလာသည့်သဖွယ် အပေါ်စီးမှ မြင်နေရပေ၏။

ရွာထိပ်မှ စေတီရင်ပြင်အရောက် နာရီဝက်ခန့်ကြာပေသည်။

ထိပ်ဆုံးမှလှည့်လည်လာသော မစပယ် စေတီရင်ပြင်ပေါ်သို့ရောက်သည်နှင့် ကာလသားတစ်ဦးက မစပယ်လက်ထဲမှ မီးပုံးကို လှမ်း၍ယူလိုက်လေသည်။ ထို့နောက် ဘုရားဆင်းတုတော်၏ရှေ့မှ တိုင်တွင် ချိတ်ဆွဲထားလိုက်လေသည်။

နောက်မှပါလာသော မိန်းမပျိုများလက်ထဲမှာ မီးပုံးနှင့် ဆီမီးခွက်များကိုလည်း ကာလသားတစ်ယောက်ချင်းစီကာ လက်ဆင့်ကမ်းရယူကာ မီးပုံးများကို စေတီရင်ပြင်ရှိတိုင်များတွင် ချိတ်ဆွဲကြသည်။ ဆီမီးခွက်များကိုတော့ စေတီဖောင်းရစ်ပေါ်ထိ ယူဆောင်သွားကြကာ ဖောင်းရစ်ပတ်ပတ်လည် တစ်လျှောက်တွင် လိုက်လံချထားကြလေသည်။

ရောက်နှင့်ပြီးဖြစ်သော မိန်းမပျိုများသည် ဘုရားဆင်းတုတော်ရှေ့တွင် မေတ္တာသုတ်များကိုရွတ်ဆိုကာဆက်လက်ပူဇော်ကြလေ၏။

စီတန်းလှည့်လည်လာသော မိန်းမပျိုအားလုံး စေတီရင်ပြင်ပေါ်သို့ ရောက်ရှိပြီးသည်နှင့် စေတီလုံးပတ်တစ်ခုလုံးသည်လည်း ဆီမီးခွက်များဖြင့်ပြည့်သွားကာ မီးပူဇော်ပြီးဖြစ်သွားလေသတည်း။

ဤကား. . ကျောက်ကွေ့ရွာတွင် နှစ်စဉ်သီတင်းကျွတ်လပြည့်နေ့တိုင်း မြင်တွေ့ရသည့် မီးပူဇော်ပွဲမြင်ကွင်းပင်ဖြစ်ပါသတည်း။

**!!! !!! !!!**

မီးပူဇော်ပွဲပြီးဆုံးသည်နှင့် လူငယ်ယောကျ်ားလေး၊ မိန်းကလေးတို့သည် စေတီရင်ပြင်မှဆင်းသက်လာကြလေသည်။

တောင်ခြေရှိပွဲခင်းထဲသို့ ရောက်သွားကြလေ၏။

ကိုယ့်အစုနှင့်ကိုယ်ဝိုင်းဖွဲ့ကာ ပျော်ပါးနေကြလေပြီ။

ပွဲခင်းထဲ၌ နိဗ္ဗာန်ဈေးခင်းကျင်းထားကာ နှစ်သက်ရာမုန့်များကို အလှူငွေထည့်၍ ယူငင်စားသောက်နိုင်လေသည်။

www.burmeseclassic.com

အထမ်းသည်များမှာလည်း သူတို့၏ကုန်ပစ္စည်းများကို ဖျာပေါ်၌ ကျယ်ကျယ်ပြန့်ပြန့် ခင်းကျင်းကာ ရောင်းချလျှက်ရှိလေသည်။

အချို့သောနှစ်များတွင် ဤပွဲခင်း၌ ရုပ်သေးပွဲ၊ အငြိမ့်ပွဲများကျင်းပလေ့ရှိပါသည်။ ယခုနှစ်တော့ မည်သည့်ပွဲလမ်းမှ ငှားမရသည့်အတွက် ကိုဒေါနကို စောင်းဖြင့်ဧည့်ခံဖျော်ဖြေပေးရန် ရွာလူကြီးများက တာဝန်ပေးထားပေသည်။

ကိုဒေါနသည် စောင်းလက်သံဖြင့်ဖျော်ဖြေရန် အသင့်ဖြစ်နေလေပြီ။

ဘုန်းကြီးကျောင်းမှကုတင်ကြီးတစ်လုံးကို ပွဲခင်းအလည်တွင် ချထားသည်ကိုတွေ့ရလေ၏။

ကိုဒေါနသည် ကုတင်ပေါ်တွင် တင်ပလ္လင်ခွေထိုင်ကာ စောင်းလက်သံစမ်းလျှက်ရှိသည်။

လူအချို့သည် ကိုဒေါနထိုင်နေသည့်ကုတင်ကို ပတ်ခြာလည်ဝိုင်းကာ မြက်ခင်းပြင်ပေါ်၌ ထိုင်လိုက်ကြလေသည်။

မစပယ်သည် မကံဆယ်လေးကို လက်ဆွဲကာ စေတီရင်ပြင်မှဆင်းလာခဲ့ရင်း အများနှင့်ရောကာ ကိုဒေါန စောင်းလက်သံစမ်းသည်ကို ကြည့်နေလေ၏။

ကိုဒေါနသည် မစပယ်လက်ဆောင်ပေးသော ပိုးပုဝါစလေးကို ခေါင်းတွင်ပတ်၍ ပေါင်းထားလေသည်။ မစပယ်ကို အမြင်တွင် ပြုံးပြလိုက်၏။

မစပယ်က မမြင်ဟန်ပြုကာ တစ်ဖက်သို့လှည့်ပစ်လိုက်လေသည်။ မတော်တဆ လူအများမြင်သွားမှဖြင့် ကဲ့ရဲ့စရာဖြစ်မည်မဟုတ်ပါလား။

'ကျွန်မတို့ ထိုင်ရအောင်လေ မမစပယ်'

မကံဆယ်လေးက ပြောလိုက်သည်။

'ထိုင်လေ. .'

'လာ မမစပယ်၊ ရှေ့ဆုံးမှာသွားထိုင်ရအောင်'

မကံဆယ်က မစပယ်လက်ကိုဆွဲခေါ်ကာ ကုတင်နှင့်အနီးဆုံး ရှေ့ဆုံးရောက်အောင်ခေါ်သွားလေတော့သည်။

သူတို့သည် ကုတင်ရှေ့ရှိမြက်ခင်းပြင်ပေါ်မှာပင် ထိုင်ချလိုက်ကြ၏။ နေ့လည်ကတည်းက သန့်ရှင်းရေးလုပ်ထားပြီးဖြစ်၍ မြက်ခင်းပြင်မှာ သန့်ရှင်းနေပြီးဖြစ်လေသည်။

ခဏအကြာတွင် ဘုန်းကြီးကျောင်းမှကပ္ပိယကြီးရောက်လာကာ ပရိသတ်အားလုံးကြားအောင် အော်ပြောလိုက်လေ၏။

'ဟေး. . အားလုံးနားထောင်ကြ၊ တို့ရွာမှာ ဒီနှစ်ပွဲငှားလို့မရဘူး၊ ဒီတော့ မောင်တင်ဆောင့်အိမ်က သူရင်းငှားလေးဟာ စောင်းတီးသိပ်ကောင်းတယ်ကြားလို့ ဒီသူငယ်ကိုပဲ စောင်းလက်သံနဲ့ဖျော်ဖြေခိုင်းဖို့ စီစဉ်ထားတယ်၊ သူ့စောင်းသံတော့ ကျုပ်ကိုယ်တိုင်လည်းမကြားဘူးသေးဘူး၊ ကိုင်း. . ကိုင်း. . မောင်ရင်၊ တီးပေတော့၊ ဒါနဲ့ မောင့်နာမည်က ဘယ်သူကွဲ့'

'မောင်ဒေါနပါ ဘကြီး'

'အေး. . သူ့နာမည်က မောင်ဒေါနတဲ့ဟေ့၊ မှတ်ထားကြ'

ကိုဒေါနက ပရိသတ်ကို ပြုံး၍ ဦးခေါင်းညွတ်ပြကာ စောင်းကြိုးများကို ညင်သာစွာတို့ခတ်လိုက်လေသည်။

ငြိမ့်ငြောင်းစွာဖြင့် လူးလွန့်ပေါ်ထွက်လာသော ဂီတသံသည် တေးချင်းတစ်ပုဒ်၏ အတောပိုဒ်ပင်ဖြစ်ပေ၏။ အတောပိုဒ်ဆုံးသည်နှင့် တေးသွားကို ကိုဒေါနကိုယ်တိုင် အောင်မြင်ထယ်ဝါသောအသံဖြင့် ရွတ်ဆိုလိုက်လေသည်။ သူသီဆိုလိုက်သော သီချင်းကား 'အတိုင်းမသိဘွဲ့ကြီး'ပင်ဖြစ်ပေတော့သည်။

အတိုင်းမသိဘွဲ့သီချင်းကား မြတ်စွာဘုရား၏ တင့်တယ်သပ္ပါယ်ပုံကို ရေးဖွဲ့ထားသော ဓမ္မပူဇာတေးသီချင်းဖြစ်လေသည်။ သီချင်းသည် ပွဲရာသီနှင့်ကိုက်ညီနေရကား ကြားရသူအပေါင်းတို့ ပီတိစိမ့်၍ သွားစေပါတော့သည်။

နိဗ္ဗာန်စျေးနှင့် ပွဲစျေးတန်းတွင် ရှိနေသောလူများသည် စောင်းသံကိုကြားလိုက်ရသည်တွင် ဝိုင်းအနီးသို့ ရောက်ရှိလာကြလေ၏။ ကိုဒေါန၏စောင်းလက်သံကိုကြားလိုက်ရသည်တွင် ဂီတ

www.burmeseclassic.com

ကို နားမလည်သူများကလည်း နားထောင်ကောင်းလှပါပေသည်ဟု နှစ်သက်ကြကာ. . ဂီတပညာကိုတီးခေါက်မိသောလူကြီးအချို့ကမူ တစ်ဦးနှင့်တစ်ဦးလက်တို့ရင်း ချီးမွမ်းကြလေ၏။

ထို့နောက် ကိုဒေါနက မြတ်စွာဘုရား၏ ရောင်ခြည်တော်ကိုဖွဲ့သီထားသော ရောင်ခြည်တော်ခြောက်သွယ်သီချင်းဖြင့် ဖျော်ဖြေပြန်လေသည်။

ဤအခါတွင်ကား ကိုဒေါနကို အထင်ကြီးလောက်စရာမဟုတ်ဟုယူဆထားသော ကာလသားတချို့သည်ပင် ဝိုင်းအနီးသို့ ရောက်ရှိလာကြလေ၏။ အချို့ကာလသားများက တစ်ရွာသားဖြစ်သော သူရင်းငှားတစ်ယောက်ဖျော်ဖြေသည်ကို အရေးစိုက်နားထောင်စရာမလိုဟု ယူဆထားခဲ့ကြလေသည်။ ကိုဒေါနမှာလည်း ကာလသားများနှင့် ရွယ်တူလူငယ်တစ်ယောက်ဖြစ်ပေရာ. . မိမိတို့နှင့်သက်တူရွယ်တူတစ်ယောက်ကို အရေးလုပ်လိုဟန်မတူပေ။

ကိုဒေါန၏ နုနွဲ့ညင်းပျောင်းသော စောင်းလက်သံနှင့် အောင်မြင်ထယ်ဝါသော အသံကိုကြားလိုက်ရသည်တွင်မှ ဖာသိဖာသာနေခဲ့ကြသော ကာလသားများနှင့် လူကြီးအချို့ကိုယ်တိုင်ပင် ဝိုင်းထဲသို့ရောက်လာကြလေသည်။ တချို့ကလည်း မြက်ခင်းပေါ်၌ အကျအနထိုင်ကာ နားထောင်နေမိရက်သား ဖြစ်နေကြပေတော့၏။

'တယ်တော်တဲ့သူငယ်ကွယ်၊ ငတို့ဖြင့် ဒီလိုစောင်းလက်သံမျိုး တစ်သက်နဲ့တစ်ကိုယ် နားမထောင်ဘူးပါဘူးကွယ်ရို့'

ကပွဲယကြီးက နှုတ်မှဖွင့်ဟချီးကျူးလိုက်လေ၏။

ထိုအချိန်၌ စောင်းဝိုင်းသို့ချည်း လူတွေစုပြုံရောက်ရှိလာကြရာ. . ပွဲဈေးတန်းနှင့်နိဗ္ဗာန်ဈေး၌ လူချောတိတ်သွားလေတော့သတည်း။

'ကျွန်တော် အခုဆက်လက်ဖျော်ဖြေမယ့်သီချင်းလေးကတော့ ကျွန်တော်ကိုယ်တိုင်ရေးစပ်တဲ့ သီချင်းလေးတစ်ပုဒ်ဖြစ်ပါတယ်ခင်ဗျာ၊ ဒီသီချင်းလေးကို ဟောဒီ ကျောက်ကွေ့ရွာရောက်မှ ရေးစပ်သီကုံးခဲ့ခြင်းဖြစ်ပါတယ်၊ နားဆင်ကြည့်ကြပါခင်ဗျား'

ကိုဒေါနက သီချင်းနှစ်ပုဒ်ဆုံးမှပင် ပရိသတ်ကို စကားပြောကြားလိုက်လေ၏။

သူသည် စကားဆုံးသည်နှင့် ကိုယ်တိုင်ရေးစပ်သည်ဆိုသောသီချင်းကို စတင်ရန် စောင်းကြိုးများကို တို့ထိလိုက်လေ၏။

အတောပိုဒ်ဝင်လာသည်နှင့် မည်သည့်သီချင်းဆိုသည်ကို မစပယ်က သိလိုက်ပေပြီ။ ညစဉ်လိုကြားနေရသော စပယ်သီချင်း၏အတောပိုဒ်ပင် မဟုတ်ပါလော။

ကိုဒေါနသည် စောင်းကိုတီးရင်း ပရိသတ်ထဲမှ မစပယ်ထံသို့ မျက်လုံးအကြည့်ရောက်ရှိသွားလေသည်။ သူက မစပယ်ကိုပြုံးပြရန် စိတ်ကူးဆဲမှာပင် မစပယ်က ရှက်ရွံ့စွာခေါင်းငုံ့သွားလေ၏။

အတောပိုဒ်ဆုံးသည်နှင့် ကိုဒေါနက သီချင်းကိုစတင်သီဆိုလိုက်လေ၏။

စပယ် စပယ် စပယ်နွဲ့ရယ် × × ×
အဆင်းကဖြူ . . ကြူကြူမွှေးတယ် × × ×
နမ်းရှိုက်လို့ မွှေးချင်စရာကွယ် × × ×
မူရာစုံတယ် × × ×
ဘယ်ညာတိမ်းလို့ ယိမ်းကာသာနွဲ့တယ် . .

သီချင်းဆိုရင်းမှ ကိုဒေါနမျက်ဝန်းများက ရှေ့ဆုံးမှာထိုင်နေသောမစပယ်ထံသို့ ရောက်ရှိနေလေရာ. . ပရိသတ်အချို့ကရိပ်မိသွားကြလေသည်။ စပယ်ပန်းကိုဖွဲ့ဆိုထားသော သီချင်းလေလော. . လူကိုဖွဲ့ဆိုထားသောသီချင်းလေလော. . ဟု တွေးတောမိကြလေပြီ။

စိမ်းစိမ်းလန်း ခိုင်ပန်းရှုဝယ် × × ×
ပွင့်ဆန်း တင့်လန်း ရောင်စုံလျှမ်းတယ် × × ×
ချစ်ပန်းငုံပွင့် အသွင်တင့်တယ် . . .

www.burmeseclassic.com

အပျိုစင်အသွင်နှင့် နဂိုတွင်အယဉ်ဆင့် × × ×
ပင်မြင့်ဝယ် အစဉ်တင့်ပါပေတယ် . . .

ကာလသားအချို့ကား နားလည်သဘောပေါက်သွားကြလေပြီ။ မစပယ်အပေါ် စိတ်ထားကင်းရှင်းသူအဖို့ ပြောစရာမလိုသော်လည်း၊ မစပယ်ကို ချစ်ခင်စွဲလန်း ကြိတ်ပိုးပန်းနေသူများအတွက်မူ မနာလိုချင်စရာကောင်းလှသော အဖွဲ့အနွဲ့ပင်ဖြစ်ပေတော့၏။

သူရင်းငှားတစ်ဦးမျှသာဖြစ်သော တစ်ရွာသားက မိမိရွာသူကွမ်းတောင်ကိုင်ကို စောင်းမြောင်းဖွဲ့ဆိုထားသောသီချင်းပေတကား။

ငွေရည်အသွေးချယ် နေခြည်အနွေးဝယ် × × ×
အမြင်ဆန်း တင့်လန်း ခိုင်ပန်းစပယ်ရယ် × × ×
မြင်သူငေး . . ငေးလောက်ဖွယ် × × ×
ဘယ်ရှေးဆုတောင်းလဲကွဲ့စပယ်ရယ် . . .

ကာလသားတို့သည် သူစိမ်းကိုဒေါနအပေါ် သဝန်တိုငြူစူမိကြသော်ငြား . . သီချင်းလေး၏ ကောင်းခြင်းက ဆွဲဆောင်နေသည့်အခါ စောင်းဝိုင်းအနီးမှလည်း ခွာမသွားကြချေ။

ချစ် . . ချစ်ဖို့ကောင်းလှတဲ့ × × ×
စပယ် စပယ် စပယ်ရယ် × × ×
ဖြူစင်ယဉ်သူကလေးကို × × ×
မောင်တကယ် မွေးချင်ပါပြီကွယ် . .

ကာလသားတို့၏ရင်ဝယ် မိမိရွာသူကို စောင်းမြောင်းပိုးပန်းသောကိုဒေါနကို ငြူစူမိခြင်းကတစ်ဖက်၊ ကိုဒေါန၏စောင်းလက်သံနှင့် ကိုယ်တိုင်သီချင်းရေးစပ်နိုင်ခြင်းအပေါ် စိတ်တွင်းမှဝန်ခံချီးမွမ်းမိခြင်းကတစ်ဖက်ဖြင့် . . မအီမလည်ကြီး ဖြစ်၍နေကြတော့သည်။

ကိုဒေါနက သီချင်းကို နောက်တစ်ကျော့ ပြန်၍ကျော့လိုက်ပြန်လေသည်။

စပယ် စပယ် စပယ်နွဲ့ရယ် × × ×
အဆင်းကဖြူ . . ကြူကြူမွှေးတယ် × × ×
နမ်းရှိုက်လို့ မွှေးချင်စရာကွယ် × × ×
မူရာစုံတယ် × × ×
ဘယ်ညာတိမ်းလို့ ယိမ်းကာသာနွဲ့တယ် . .

မည်သို့ပင်ဆိုစေ . . ကိုဒေါန၏တစ်ကိုယ်တော်စောင်းလက်သံသာဖြင့် ဖျော်ဖြေတင်ဆက်သည့်ပွဲကား အောင်မြင်သည်ဟုဆိုရမည်သာပင်။

သို့ရာတွင် . . အဖြောင့်ရှိလျှင် အကောက်ဝင်ဖျက်သည့် လောကနိယာမတရားအတိုင်း၊ အဆင်ပြေချောမွေ့လျှက်ရှိသော အနုပညာတင်ဆက်မှုတစ်ရပ်သည် ကြမ်းတမ်းခက်ထရော်သော အဖျက်အမှောင့်တစ်ခုကြောင့် တစ်ခန်းရပ်ဇာတ်သိမ်းခဲ့ရလေတော့၏။

ဘုရားပွဲကျင်းပရာ နေရာသို့ သူကြီးသားမုန်တိုင်းနှင့်အပေါင်းပါများ ရောက်ရှိလာခြင်းပင်ဖြစ်တော့သည်။

မုန်တိုင်းသည် ထန်းရည်များမူးယစ်နေပေသည်။ ညနေကတည်းကပင် ထန်းတောထဲရောက်ရှိပြီး သောက်စားနေခဲ့သော မုန်တိုင်းသည် သူ့အား ကပ်ဖားရပ်ဖားပေါင်းသင်းနေသော ကာလသားအပေါင်းပါများနှင့်အတူ ရောက်လာခဲ့ပေသည်။

စိမ်းစိမ်းလန်း ခိုင်ပန်းရှုံဝယ် × × ×
ပွင့်ဆန်း တင့်လန်း ရောင်စုံလျှမ်းတယ် × × ×
ချစ်ပန်းငုံပွင့် အသွင်တင့်တယ် . . .

www.burmeseclassic.com

အပျိုစင်အသွင်နှင့် နဂိုတွင်အယဉ်ဆင့် × × ×
ပင်မြင့်ဝယ် အစဉ်တင့်ပါပေတယ် . . .

သီချင်း၏စာသားများကို ပီပီပြင်ပြင် ကြားလိုက်ရသော မုန်တိုင်းသည် စောင်းဝိုင်းကိုသေချာအကဲခတ်ကြည့်လိုက်လေ၏။

ထိုအခါ တစ်ရွာသားမောင်ဒေါနက ကုတင်ကြီးပေါ်တွင် အကျအနထိုင်ကာ စောင်းတီးဖျော်ဖြေနေပုံကိုင်း၊ ရွာသူရွာသားအများစုက မြက်ခင်းပြင်တွင်ထိုင်ကာ စိတ်ဝင်တစားနားထောင်နေကြပုံကိုင်း တွေ့မြင်လိုက်ရလေ၏။

ထို့ပြင် . . ရှေ့ဆုံးနားမှ ကြုံ့ကြုံ့လေးထိုင်ကာ နားထောင်နေသော မစပယ်ကိုလည်း တွေ့လိုက်ရလေသည်။

ချစ် . . ချစ်ဖို့ကောင်းလှတဲ့ × × ×
စပယ် စပယ် စပယ် စပယ်ရယ် × × ×
ဖြူစင်ယဉ်သူကလေးကို × × ×
မောင်တကယ် မွေးချင်ပါပြီကွယ် . .

မြင်ကွင်းသည်ငှင်း၊ သီချင်းစာသားသည်ငှင်း မူးယစ်နေသောမုန်တိုင်းရင်ကို မုန်တိုင်းဝင်မွှေလိုက်သကဲ့သို့ ဖြစ်သွားလေတော့သည်။

'ရပ်လိုက်စမ်း၊ တယ် . . တယ်တော်တဲ့ရွာသားတွေပဲ၊ သူရင်းငှားတစ်ယောက်ဆိုတီးပြတာကို မြေကြီးပေါ်ထိုင်ကြည့်နေကြတာ ခင်ဗျားတို့မရှက်ကြဘူးလား၊ ဟေ့ . . သူရင်းငှားကောင်မင်းဆိုတီးနေတာကို ရပ်လိုက်စမ်း'

မုန်တိုင်းက ရမ်းကားစွာပင်အမိန့်ပေးလိုက်လေ၏။

မုန်တိုင်းအသံကြားမှပင် စောင်းသံကို စိတ်ဝင်စားနေသောရွာသားများလည်း နောက်လှည့်ကြည့်မိကာ မုန်တိုင်းကိုမြင်သွားကြလေ၏။

ရွာသူရွာသားများကား မုန်တိုင်းအကြောင်းကို သိပြီးဖြစ်သည်မို့ ကြောက်ရွံ့ထိတ်လန့်စွာပင် ထိုင်ရာမှ အလျင်အမြန်ထကြလေသည်။ တော်ရာသို့ ခပ်သုတ်သုတ်ထွက်ခွာသွားကြလေတော့သည်။

ထိုင်ရာမှထရင်း ဘယ်ကိုမှမသွားပဲ ကျန်ရစ်နေသူမှာ မစပယ်တစ်ယောက်သာဖြစ်လေသည်။ မစပယ်သည် မကံဆယ်လေး၏လက်ကိုဆွဲကာ နေရာမှာပင် ရပ်နေမိလေ၏။

'ဒီပွဲကို ဘယ်သူစီစဉ်တာလဲ၊ ပြောစမ်း'

မုန်တိုင်းက မောင်ဒေါနစောင်းတီးနေသော ကုတင်ကြီးနားသို့ ကပ်လာရင်း ကျယ်လောင်စွာမေးလိုက်လေသည်။

'နောင်ကြီး၊ ရွာကလူကြီးများက တောင်းဆိုလို့ ကျွန်တော် စောင်းလက်သံနဲ့ ဖျော်ဖြေရပါတယ်ခင်ဗျား'

မောင်ဒေါနက အေးဆေးစွာပင် ပြန်ပြောလိုက်သည်။ သူ၏စောင်းကိုလည်း ကုတင်ပေါ်တွင် ညင်သာစွာချထားလိုက်လေ၏။

'ဟုတ်ပါတယ်ကွယ်၊ ဆရာတော်ကြီးကိုလည်း အသိပေးပြီးသားပါ'

ကပ္ပိယကြီးက ဝင်ပြောလိုက်ခြင်းဖြစ်သည်။

'ဆရာတော်ဘုရားကြီးက ဇာတ်သဘင်ပွဲမပါတဲ့အတူတူ တစ်ခုခုနဲ့ဖျော်ဖြေတော့ ပွဲစည်တာပေါ့လို့ မိန့်ပြီး ခွင့်ပြုထားတာပါ ကိုမုန်တိုင်း'

'မလိုချင်ဘူး၊ ကျုပ်မကြည့်ချင်ဘူး၊ မဆိုရဘူး၊ ကျုပ်ဖျက်တယ်'

ထိုစဉ် သူကြီးမင်းဦးစက်ရှိန်ကိုယ်တိုင် ပွဲခင်းထဲသို့ ရောက်ရှိလာလေသည်။ ဦးစက်ရှိန်မှာ ရွာဘုရားပွဲကို လေ့လာရန်ရောက်လာခြင်းသာဖြစ်ပြီး သူ့သားမုန်တိုင်းရောက်နေမှန်းသိ၍ လိုက်လာခြင်းမဟုတ်ပါ။

သူကြီးမင်းရောက်လာချိန်တွင် သူ့သားမုန်တိုင်း မူးပြီး ကျယ်လောင်စွာရမ်းကားနေသည်ကို တွေ့လိုက်ရလေ၏။

www.burmeseclassic.com

ရွာသားများက သူကြီးမင်းမည်သို့ဆုံးဖြတ်မည်ကို သိလို၍ ခပ်လှမ်းလှမ်းမှအကဲခတ်နေကြလေသည်။

'ဘာဖြစ်ကြသတုံး ငါ့သား'

'ဒီမှာအဘရယ်၊ ဘာကောင်မှမဟုတ်တဲ့ သူရင်းငှားတစ်ယောက်က သီချင်းဆိုပြတာကို အရေးလုပ်နားထောင်နေကြလို့ ကျုပ်က ဆုံးမနေတာပါ'

'အလို့. .'

'ဒီကောင်ဟာ ဦးတင်ဆောင်အိမ်မှာ သူရင်းငှားလုပ်နေတဲ့ကောင်ပေါ့အဘ၊ ဘယ်အရပ်ကလာတဲ့ကောင်မှန်းမသိဘူး၊ သူပုန်သူကန်လည်း ဖြစ်နိုင်တာပဲ၊ လူတစိမ်းကို ပစားပေးရင် ရောင့်တက်ကုန်မှာပေါ့အဘရဲ့၊ ဘယ်လိုလူစားမှန်းမသိ၊ ဘာမှန်းမသိ'

'အေး. . ဟုတ်တယ်ကွဲ့၊ ငါကတော့ တင်ဆောင်လာပြီး စောင်းဝိုင်းနဲ့ဖျော်ဖြေချင်တယ်ပြောတော့ ရိုးရိုးမှတ်ပြီး ခွင့်ပြုလိုက်မိတယ်၊ ဟဲ့-သူငယ်၊ မင်း ဘယ်အရပ်ကလဲ'

'ကျွန်တော် မန္တလေးကလာပြီး ဒီရွာမှာ အလုပ်လုပ်နေသူပါသူကြီးမင်း၊ ဦးတင်ဆောင်အိမ်မှာ သူရင်းငှားလုပ်နေပါတယ်ခင်ဗျာ'

မောင်ဒေါနက သူကြီးဦးစက်ရှိန်ကို ရိုကျိုးစွာပင် ပြန်လည်ဖြေကြားလေသည်။

'အေး. . ဘာပဲဖြစ်ဖြစ် မင်းစောင်းမတီးနဲ့တော့၊ ဖျက်လိုက်တော့၊ ဒီရွာမှာ ငါ့သားမကြိုက်တဲ့အလုပ်ကို မလုပ်ရဘူးကွဲ့ ကြားလား၊ ငါ့သားမုန်တိုင်းဟာ တစ်ချိန်မှာ ငါ့နေရာကိုဆက်ခံပြီး သူကြီးဖြစ်လာမယ့်သူပဲ၊ သူကြီးလောင်းဖြစ်တဲ့ ငါ့သား မုန်တိုင်းအမိန့်ကို နာခံရမယ်၊ သွား- သွား- တော်ရာသွား'

သူကြီး၏ဆုံးဖြတ်ချက်က ရွာသားများအတွက်တော့ အံ့ဩဖွယ်မဟုတ်ပေ။ သည်အတိုင်းဆုံးဖြတ်မည်ကိုလည်း သိပြီးဖြစ်သည်။ သူကြီးကား သားကို အတိုင်းထက်အလွန် အလိုလိုက်သူမဟုတ်ပါလော။ တစ်ရွာလုံးက သည်အကြောင်းကို သိထားကြပြီးဖြစ်လေသည်။

'ဟဲ့. . ဘာဖြစ်ကြသတုံး၊ ဩော. . စက်ရှိန်လည်း ရောက်နေသကိုး'

အောင်မြင်ခန့်ညားစွာဖြင့် ထွက်ပေါ်လာသော အသံကား ရွာဦးကျောင်းဆရာတော်ဘုရားကြီး၏ အသံပင်ဖြစ်လေ၏။ ကျောင်းထိုင်ဆရာတော်ကြီးသည် ကျောင်းပေါ်တွင် အေးဆေးစွာတရားရှုမှတ်နေစဉ် တစ်စုံတစ်ယောက်ကလာရောက်လျှောက်ထားသည့်အတွက် ပွဲခင်းထဲတွင် ရုတ်ရုတ်သဲသဲဖြစ်နေသည်ကို သိရပြီး ကျောင်းပေါ်မှဆင်းလာခဲ့ခြင်းဖြစ်လေသည်။

ဘုန်းကြီးကိုယ်တိုင်ကြွလာသည်ကို မြင်လိုက်သည့်အခါ သူကြီးနှင့်တကွ လူအားလုံးသည် မြေပြင်တွင် ဒူးတုပ်ထိုင်လိုက်ကာ ဆရာတော်ကြီးအား လက်အုပ်ချီလိုက်ကြလေသည်။

မြန်မာကျေးလက်တောရွာတို့ ထုံးစံအတိုင်း တစ်ရွာလုံးလေးစားကြောက်ရွံ့ရသူမှာဘုန်းတော်ကြီးပင်ဖြစ်လေသည်။ ဘုန်းတော်ကြီးကိုမူ သူကြီးမင်းမှစ၍ ကြောက်ရွံ့လေးစားရပေသည်။

မုန်တိုင်းသည်လည်း ဘုန်းကြီးကိုအမြင်တွင် မြေ၌ထိုင်ကာ လက်အုပ်ချီနေလေသည်။

'ဘာဖြစ်သတုံး၊ အောင်မယ်. . ကြည့်စမ်း၊ ဒီအကောင့်ဆီက အရက်နံ့ဟာ ဒီနေရာကတောင်ရတယ်၊ ဟဲ့-မုန်တိုင်း အရက်တွေသောက်ပြီး ဘောက်မဲ့ကြောင့် ပွဲခင်းထဲလာသတုံး'

'တင်- တင်ပါ့ဘုရား၊ တပည့်တော်'

'တော်စမ်း၊ ဘာမှအကြောင်းပြမနေနဲ့၊ ငါ့ကျောင်းနားကို မူးယစ်ပြီးလာရင် ဘာဖြစ်တတ်သလဲဆိုတာ မသိရော့သလား ဟဲ့၊ သယ်- ငါကြိမ်နဲ့ဆော်လိုက်ရ မကောင်းရှိရော့မယ်၊ အခါကြီးရက်ကြီးမို့သာနေ၊ သွားစမ်း၊ ပြန်စမ်း၊ မူးတဲ့သူတွေအကုန်ပြန်၊ ငါမမြင်ချင်ဘူး'

မုန်တိုင်းနှင့် အပေါင်းအဖော်များသည် ဘုန်းကြီးကိုဦးချကာ ခပ်သွက်သွက်ထွက်ခွာသွားကြလေတော့သည်။

'ဟဲ့-စက်ရှိန်၊ နင် သူကြီးမဟုတ်လားဟဲ့'

'တင်ပါ့'

www.burmeseclassic.com

'တစ်ရွာလုံး အုပ်ချုပ်နေတဲ့သူကြီးလုပ်နေပြီး နင် က လေးကလားဆန်လှချည့်၊ လာ- ငါ နင့်ကိုမိန့်စရာရှိတယ်၊ လိုက်ခဲ့'

'တင်- တင်ပါ့'

ဘုန်းတော်ကြီးမှာ ဤမျှသာပြောပြီး လှည့်ထွက်သွားလေတော့သည်။

သူကြီးဦးစက်ရှိန် ဘုန်းကြီးကျောင်းပေါ်တက်သွားမှ လူများလည်း သက်ပြင်းချနိုင်ကြတော့၏။

စောင်းဝိုင်းကား ပျက်သွားပေပြီ။

ရွာသူရွာသားများလည်း နိဗ္ဗာန်ဈေးသို့တချို့၊ ဈေးတန်းထဲသို့တချို့ရောက်ရှိသွားကြကာ လူအုပ်စုကွဲသွားကြတော့သည်၊

ကိုဒေါနသည်လည်း သူ၏စောင်းလေးကို အဝတ်အိတ်ထဲပြန်ထည့်ကာ သိမ်းဆည်းလိုက်လေတော့၏။

♣♣♣♣♣

◆

မိုးလေကင်းစင်သော သီတင်းကျွတ်လ၏ညနေခင်းကား ကြည်နူးဖွယ်ကောင်းအောင် သာယာလှပလျှက်ရှိပေသည်။

သီတင်းကျွတ်လပြည့်ကျော် ၃ရက်နေ့ဖြစ်ပေသည်။

ဘုရားပွဲကျင်းပပြီးသည်မှ သုံးရက်မြောက်သောနေ့။

အတုလမာရဇိန်ဘုရားကုန်းတော်ပေါ်မှ စီး၍ကြည့်လျှင် ကျောက်ကွေ့ရွာကြီးကို ညနေဆည်းဆာအောက်ဝယ်မြင်နေရပေသည်။ ဘုရားရင်ပြင်တော်ပေါ်တွင်မူ ဆည်းလည်းသံလေးများမှတပါး တိတ်ဆိတ်ငြိမ်သက်လျှက်ရှိပေသည်။

ကိုဒေါနက သူ၏စောင်းကောက်ကြီးမှ စောင်းကြိုးများကို တို့ထိဆော့ကစားလိုက်ရာ စောင်းသံသည် ဆည်းလည်းသံလေးများနှင့်အပြိုင် နာပျော်ဖွယ်ထွက်ပေါ်လာလေ၏။

'စပယ်ဖြင့် ထွက်သာလာရတယ်၊ လူများတွေသိရင်ဖြင့် အထင်အမြင်မှားကြတော့မှာပဲ ကိုဒေါန'

'ဘာကြောင့်များ အထင်အမြင် မှားရမှာလဲ မစပယ်၊ ဟောဟိုမှာ မကံဆယ်လေးလည်း ပါနေတာပဲ'

'အို့. . ဒါတော့ဒါပေါ့၊ ကိုဒေါနချိန်းတဲ့နေရာကို မိန်းကလေးတန်မဲ့ လိုက်လာပြီးတွေ့ဆုံတယ်ဆိုကတည်းက လူကဲ့ရဲ့စရာကြီးဖြစ်နေတယ်မဟုတ်လား၊ ကိုဒေါနကကောရှင်. . စပယ့်ကို အညှာလွယ်ရန်ကောလို့ အထင်မသေးမိဘူးလား ဟင်. .'

'ကျွန်တော်ဆိုပြမယ့် သီချင်းလေးနားထောင်ဖို့ လာတာနဲ့ အညှာလွယ်တယ်လို့ ဘဲ့နဲ့ကြောင့် ပြောလို့ရမှာလဲမစပယ်၊ လပြည့်နေ့ညက ဆိုပြမယ်လို့အားခဲထားတဲ့ သီချင်းလေး၊ ကိုမုန်တိုင်း ဝင်ဖျက်လိုက်လို့ ဆိုပြခွင့်မကြုံလိုက်ရဘူးလေ၊ ဆိုပြချင်လွန်းလို့ ဖိတ်ခေါ်လိုက်ရတာပါမစပယ်ရယ်'

'အို့. . လပြည့်နေ့က အများရှေ့မှာ မဆိုဖြစ်တာပဲ ခပ်ကောင်းကောင်းပါ ကိုရင်ဒေါနရယ်၊ ကိုရင်ဒေါနဆိုတဲ့ *စပယ်* သီချင်းတစ်ပုဒ်နဲ့တင် လူတွေက စပယ့်ကို မေးငေါ့နေကြပါပကော'

'အဲဒီလောက်တောင်ပဲလား မစပယ်ရယ်၊ ကျွန်တော့်သီချင်းက စပယ်ပန်းကလေးအကြောင်း စပ်ထားတာပဲဟာ'

'ရွာကလူတွေ အဲ့သလောက် အ,ရင်ဖြင့် အတင်းစကားတွေ ထွက်လာစရာအကြောင်းတောင်မရှိဘူး၊ လူတွေက အတင်းအဖျင်းပြောဖို့ အကွက်ရှာနေကြတာရှင်ရဲ့၊ ရှင်က စပယ်ပန်းအကြောင်းကို ရိုးရိုးသားသား စပ်ဆိုတယ်ဆိုရင်တောင် သူတို့က ကြံဖန်စကားတင်းဆိုကြမှာ၊ သိရဲ့လား'

'ဟင်. . ကျွန်တော့်သီချင်းက စပယ်ပန်းအကြောင်းကို ရိုးရိုးသားသားစပ်ဆိုထားတာမဟုတ်ဖူးလို့ မစပယ်ထင်တယ်ပေါ့လေ'

'အို့. .'

စပယ်က ရှက်ရွံ့စွာ ခေါင်းကိုငုံ့လိုက်သည်။

www.burmeseclassic.com

'စကားကိုကပ်သပ်ရန်ကော၊ ရှင်ပဲ ဒီရွာရောက်ပြီးမှ ဒီသီချင်းကိုစပ်ဖြစ်ပါတယ်လို့ အများရှေ့မှာ ဝန်ခံခဲ့တာကော'

ကိုဒေါနက ရွှန်းရွှန်းစားစားကြီးပြုံးကာ မစပယ်ကိုကြည့်လိုက်၏။

'ဟုတ်ပါတယ်မစပယ်၊ ဟုတ်ပါတယ်ဗျာ၊ တကယ်တော့ စပယ်သီချင်းဟာ မစပယ်ကိုရည်ရွယ်ပြီး ရေးဖွဲ့တဲ့သီချင်းပါပဲ၊ ကျွန်တော့်ရင်ထဲက ခံစားချက်အစစ်အမှန်တွေပါပဲမစပယ်ရယ်'

'ကဲပါလေ၊ စကားမရှည်ပါနဲ့တော့၊ ရှင်ဆိုပြမယ်ဆိုတဲ့ သီချင်းအသစ်ကို ဆိုပြပါတော့ကိုဒေါန၊ မှောင်လာရင် မကောင်းပါဘူး၊ ခုတောင် ကျွန်မတို့ကို လူမြင်ရင် ပြောစရာဖြစ်ရော့မယ်'

နေ့လည်ခင်းကတည်းကပင် မကံဆယ်လေးရောက်လာကာ. . ကိုဒေါနက လပြည့်နေ့တွင်ဆိုပြခွင့်မကြုံခဲ့သော 'စပယ်ပေါ်စပယ်ဆင့်'-သီချင်းကို ဆိုပြချင်ကြောင်း၊ ညနေခင်းတွင် ဘုရားရင်ပြင်ပေါ်သို့ လာရောက်စေလိုကြောင်း ကိုဒေါနကချိန်းဆိုလိုက်သည်ဟု ပြောလေသည်။

မစပယ်က အထပ်ထပ်စဉ်းစားပြီးမှ. . မကံဆယ်လေးကိုအဖော်ခေါ်ကာ လာရောက်ခဲ့ခြင်းဖြစ်ပါသည်။

ကိုဒေါနသည် ဘုရားရင်ပြင်ပေါ်သို့ ရောက်နှင့်နေကာ စောင်းကြိုးများကိုညှိလျှက်ရှိသည်။ ခေါင်းထက်တွင်တော့ မစပယ်လက်ဆောင်ပေးထားသော ပုဝါလေးကို စည်းနှောင်ထားပေ၏။

မစပယ်သည် ကိုဒေါနထိုင်နေနှင့်သော ခရေပင်ကြီးအောက်မှ ကွပ်ပြစ်ကလေးပေါ်တွင် ဝင်ထိုင်လိုက်သည်။

ခရေပင်ကြီးမှာ ကုန်းမြင့်ဆင်ခြေလျှောတွင် ပေါက်နေခြင်းဖြစ်ပြီး. . ကွပ်ပြစ်ကလေးကို အပင်ကြီးအောက်တွင် သေသပ်စွာ ဆောက်လုပ်ထားပေ၏။

ထိုနေရာမှကြည့်လျှင် ရွာ၏မြင်ကွင်းကို အပေါ်စီးမှမြင်နေရပေသည်။ ဘုန်းကြီးကျောင်းမှာ တောင်ကုန်းတစ်ဖက်တွင် ရှိသည်မို့ သူတို့ရောက်နေသည့်နေရာနှင့် ကွယ်နေပါသည်။

မကံဆယ်လေးကမူ ကလေးဘာဝ ဘုရားပရဝုဏ်ထဲရှိ တရုပ်စံကားပင်အောက်မှ စံကားပွင့်အကြွေများကို ကောက်ရင်းဆော့ကစားနေလေသည်။

'ဒီသီချင်းလေးကို လပြည့်နေ့မတိုင်ခင်တစ်ရက်က အချောသတ်ရေးပြီးသွားတာပါမစပယ်၊ လပြည့်နေ့မှာမဆိုဖြစ်တော့ နောက်ညတွေမှာ ဆိုရင်ဖြစ်ပေမယ့် မဆိုခဲ့ပါဘူး၊ မစပယ်တစ်ယောက်ထဲ အဦးဆုံးကြားစေချင်လို့ပါမစပယ်'

'အို. . '

ကိုဒေါနက သီချင်းစတင်ရန် အတောပိုဒ်ကို စောင်းကြိုးများအား တို့ခတ်ဆော့ကစားရင်း စတင်လိုက်လေ၏။

ညနေအသွေး × × × လေပြေအေးချိန် × × ×
တိမ်ညိုအပြေး × × × လရောင်ဝေးချိန် × × ×
ဆည်းဆာအလှ × × × ချုပ်ရီစချိန် × × ×
စပယ်တစ်ပွင့် ပင်မြင့်ထက်မှ ကြွေအကျ × × ×
စာသားများကား နုလှပေ၊ နွဲ့လှပေတော့သည်။

စပယ်တင်မှဲ့ရှင် × × ×
စပယ်နှမ အလှဧကရီ ဒေဝီတစ်ပါး × × ×
သူ့ဆံမြမှာ ကြွေကျစပယ် ခင်တွယ်စွာဆင်မြန်း
အို. . အလှပန်းသခင်ရယ် × × ×
စပယ်တွင် စပယ်ဆင့်
အလှတွင် အယဉ်တင့်
တင့်ပါပေ့ ဝင့်ပါပေ့ သင့်ပါပေ့ × × ×

စပယ်၏လက်ချောင်းသွယ်သွယ်လေးများက သူမပါးပြင်ဆီမှ စပယ်တင်မှဲ့လေးဆီသို့ အလိုအလျောက်ရောက်ရှိသွားလေသည်။ မစပယ်က အမှတ်မထင်ပင် စပယ်တင်မှဲ့လေးကို လက်ဖြင့်စမ်းကြည့်နေမိသည်။

www.burmeseclassic.com

အလှတွင်ထိပ်ခေါင် အယဉ်တွင်ဇကေရီ
ချိုရီမျက်လုံး အပြုံးမြမြ × × ×
လှတကာ့ထိပ်တင်. .
စပယ်ပေါ်စပယ်ဆင့်
စပယ်ပေါ် . . စပယ်ဆင့်
စပယ်ပေါ် စပယ်ဆင့် × × ×

'နားထောင်လို့ကောင်းရဲ့လား မစပယ်'

သီချင်းဆုံးသွားသည့်တိုင်အောင် သီချင်းထဲဝယ်နစ်မျော ငြိတွယ်နေမိသောမစပယ်သည် ကိုဒေါနက မေးလိုက်မှပင် သတိဝင်လာလေတော့၏။

'ဘယ်လိုလဲမစပယ်၊ နားထောင်ရတာ နားဝင်ချိုပါစ'

'ကိုရင်ဒေါနရဲ့ ဂီတပညာကိုတော့ စပယ်မချီးမွမ်းပဲ မနေနိုင်ပါဘူးရှင်ရယ်'

'တကယ်တော့ ဂီတပညာဆိုတာထက် ရင်ထဲကခံစားချက်က ဦးဆောင်မှုကောင်းလွန်းလို့ ဒီလို ပီပြင်တဲ့သီချင်းမျိုး ရေးစပ်လို့ရတာပါမစပယ်'

'ရှင်. .'

'ဒီသီချင်းရဲ့ မူပိုင်ရှင်ဟာ မစပယ်ပါပဲလေ၊ နောင်အင်းရွာဘုရားပွဲသွားတဲ့ညနေက စပယ်ခွေလေးပန်လာတဲ့ မစပယ်ရဲ့ အလှကို ဖွဲ့ထားတာပါမစပယ်'

'အို. .'

'ကျွန်တော် ဘာကြောင့် ဒီလိုရေးဖွဲ့နိုင်တယ်ဆိုတာလဲ မေးပါဦး မစပယ်'

'ရှင်ပြောမှ သိတော့မှာပေါ့'

'စပယ်ခွေပန်ထားတဲ့ မစပယ်ရုပ်ပုံလွှာဟာ ကျွန်တော့် အသည်းထဲအထိ စွဲထင်နေလို့ပေါ့ မစပယ်ရယ်. .'

'အို. .'

'ကျွန်တော်ဟာ မစပယ်ကိုမြင်ကတည်းက အသည်းနင့်အောင်ချစ်မိပါပြီ မစပယ်ရဲ့၊ ကျွန်တော့်မေတ္တာကို တုန့်ပြန်ပါတော့မစပယ်'

'အို. . ရှင်ချိန်းရာအလွယ်တကူလာလို့ အထင်သေးသလား ကိုရင်ဒေါန'

'ချစ်စကားပြောတာဟာ အထင်သေးလို့ဖြစ်နိုင်မလား မစပယ်၊ စဉ်းစားကြည့်ပါဦး၊ အထင်ကြီးလို့ မြတ်နိုးလို့သာ ချစ်စကားဆိုရပါတယ်မစပယ်'

'စကားတတ်ပေ့ မြို့ကြီးသားရယ်၊ စပယ်ကြောက်ပါတယ်ရှင်၊ ပုဝါပါးကို ကြက်သားထုတ်တော့ စွန်းတတ်တယ်. . တဲ့ရှင့်'

'ဒါတွေက ရိုးနေတဲ့ ရှေးကလက်သုံးစကားတွေပါ မစပယ်၊ ပုဝါပါးကိုကြက်သားထုတ်တော့ စွန်းမယ်၊ တစ်ရွာသားကို ရည်းစားလုပ်တော့ လွမ်းရမယ်လို့ ဆိုချင်တာမဟုတ်လား'

'ရိုးပေမယ့် ဒီစကားဟာ မှန်တဲ့စကားပဲမဟုတ်ဖူးလား ကိုရင်ဒေါနရဲ့'

'ဟဲ. . ဟဲ. . ဒီစကားပုံအရဆိုရင် ပုဝါပါးဆိုတာက တစ်ရွာသားကိုရည်ညွှန်းတာ၊ ကြက်သားဆိုတာက ရွာခံလူကို ရည်ရွယ်တာ ဖြစ်နေတာပဲမစပယ်၊ စွန်းရမှာက ပုဝါပါးပါလေ၊ ကြက်သားတုံးကြီးက ဘာမှဖြစ်မသွားပါဘူး၊ ဒီတော့ လွမ်းရမှာကလည်း တစ်ရွာသားပါပဲ မစပယ်၊ မစပယ်ငြင်းပယ်ရင်သာ ကျွန်တော်တစ်ရွာသားက လွမ်းကျန်ရစ်ရမှာပါဗျာ'

'အို. . မြို့သားရယ်မပြောရဘူး၊ စကားတတ်လွန်းပါပေ့၊ တော်ပါပြီ၊ စပယ်ပြန်ပါရစေတော့'

'ကျွန်တော့်ချစ်စကားလေးကို တုန့်ပြန်ခဲ့ပါဦးမစပယ်'

'မိန်းကလေးတစ်ယောက်ဆီက အဖြေစကားကို ချက်ချင်းကြားချင်းတာများ အံ့ပါရဲ့ရှင်. .၊ စပယ့်မှာ စဉ်းစားခွင့်လေး မှမရှိတော့ဘူးလား'

www.burmeseclassic.com

'ဒါဖြင့် ဘယ်တော့လောက်အဖြေပေးမယ်ဆိုတာ သိပါရစေ မစပယ်'

'အို. . အချစ်ရေးကို ရက်ချိန်းပေးလို့ ရစကောင်းလားရှင်၊ သစ်ပင်စိုက်တာမှ မဟုတ်ပဲ၊ ဘယ်ရက် ဘယ်အချိန်ပွင့်မယ် သီးမယ်ဆိုတာ ခန့်မှန်းလို့ရပါ့မလား၊ စပယ်ပြန်ပါရစေတော့၊ ကံဆယ်ရေ. . အေ. . ကံဆယ်၊ လာဟေ့. . မမစပယ်တို့ပြန်ကြစို့'

♣♣♣♣♣

◆

ထိုညမှစတင်ကာ. . စပယ်ပေါ်စပယ်ဆင့်သီချင်းသံကို ပတ်ဝန်းကျင်အိမ်များမှ ကြားကြရလေတော့သည်။

ခြေခင်းလက်ခင်းသာယာလှပါသော ဆောင်းဦးသမယ၏ ကျေးလက်ညချမ်းဝယ်. . ကိုဒေါနဇ၏စောင်းလက်သံက ပျံ့လွင့်ပေါ်ထွက်ကာ ကြားရသူအပေါင်းအား အငြိုးပြေစေလျှက်ရှိပေတော့သည်။

စပယ်သီချင်းနှင့် စပယ်ပေါ်စပယ်ဆင့်သီချင်းနှစ်ပုဒ်ကို ချည်း ထပ်ကာ. . ထပ်ကာ ကြားလာရသော အိမ်နီးချင်းတို့သည်လည်း ကိုဒေါနဇ၏ မစပယ်အပေါ်ထားရှိသော မေတ္တာစိတ်ကို ရိပ်မိသိရှိသွားကြလေပြီ။ လူချင်းဖြင့် မည်မျှနီးစပ်မှုရှိနေပြီကို အကဲခတ်စောင့်ကြည့်နေကြလေ၏။

မစပယ်၏ မိခင်ကြီးကလည်း ဖွင့်ဟမေးမြန်းလာလေသည်။

'တင်ဆောင်တို့အိမ်က သူရင်းငှားသူငယ်ဟာ သီချင်းဆိုရင် စပယ်. . စပယ်ချည်း ပါးစပ်ကမချပါလားဟဲ့၊ နင့်ကိုများ စောင်းမြောင်းနေရော့သလား သမီး'

'ကြုံကြုံဖန်ဖန်အမေရယ်၊ သီချင်းထဲမှာ စပယ်ပါတာနဲ့ ပြောရရောလား၊ သူ့ဖာသာ ဆိုတာတီးတာဟာကို'

'အေးဟေ့. . ငါကလဲ ငါ့သမီး ဒီလိုသူရင်းငှားမျိုး စိတ်မဝင်စားဘူးဆိုတာသိပြီးသား၊ အရပ်က ပြောကြမစိုးလို့သာ မေးရတာ'

'ရှင်. . '

'နင်ဟာ ရွာမှာကွမ်းတောင်ကိုင်တစ်ယောက်ပဲသမီး၊ နင့်ကို မင်းကတော်စိုးကတော်ဖြစ်ဖို့အထိ အမေတို့မှန်းထားတယ်ဆိုတာ နင်သိမှုတ်လား၊ သူရင်းငှားများလောက်တော့ စိတ်မကူးလေနဲ့၊ စိတ်ယိုင်သွားမစိုးလို့ အမေက သတိပေးတာ၊ ကြားလား'

'အို. . '

အမေသည် မစပယ်ကိုယုံကြည်နေရှာပါကလား။ သို့မှမဟုတ်. . ကိုဒေါနနဲ့အကြောင်းကို သိထားလို့ တစ်ဖက်လှည့်ဖြင့် သတိပေးနေခြင်းလား မသိတတ်နိုင်ပေ။

မစပယ်သည် ကိုဒေါနကို သိုသိုသိပ်သိပ်နေဖို့ ပြောရန်လိုလာပြီဟု ထင်မိသည်။

သည်လိုနဲ့ မကံဆယ်လေးကတစ်ဆင့် ကိုဒေါနကိုတွေ့ဆုံရန် ချိန်းလိုက်မိလေသည်။

သူတို့တွေ့ဆုံသည့်နေရာမှာ ရွာပြင်ဖက်က ဘုရားကုန်းတော်ပေါ်တွင်ပဲဖြစ်ပါသည်။

!!! !!! !!!

ကိုဒေါနက ယခင်တစ်ခေါက်ကအတိုင်းပင် ခရေပင်ကြီးအောက်က ကွပ်ပြစ်ကလေးပေါ်တွင်ထိုင်ကာ စောင့်နေ၏။

ကိုဒေါနခေါင်းတွင် မစပယ်လက်ဆောင်ပေးသော ပုဝါလေး ပေါင်းထားသည်ကို တွေ့ရလေ၏။

မစပယ်တို့ ရောက်သွားချိန်တွင် စောင်းကိုကြိုးညှိကာ လက်သံစမ်းလျှက်ရှိပေသည်။

'အို. . သူ့မလဲ သွားလေရာ ဒီစောင်းကြီးက ပါတော့တာကိုး၊ မလေးဘူးလား ကိုရင်ဒေါနရယ်'

'မလေးပေါင်ဗျာ၊ မစပယ်ကို သီချင်းတွေ တဝကြီးဆိုပြချင်လို့ စောင်းကိုယူလာတာဗျ'

www.burmeseclassic.com

မစပယ်က ကွပ်ပြစ်အစွန်တွင် တင်ပလ္လင်ထိုင်လိုက်၏၊

'ကျွန်မ တလုတ်စကားပွင့်တွေ သွားကောက်ချေဦးမယ် နော်. . မမစပယ်'

မကံဆယ်လေးက ခွင့်တောင်းလိုက်သည်။

'အေး. . သွား- သွား'

မစပယ်က မကံဆယ်လေး ခပ်လှမ်းလှမ်းရောက်သည် ထိ စောင့်နေပြီးမှ. .

'အဲဒီသီချင်းအကြောင်းကိုပြောချင်လွန်းလို့ ကိုရင်ဒေါန ကိုချိန်းလိုက်ရတာပဲ'

'ဗျာ. . '

'ရှင် သီချင်းအဆိုကောင်းလွန်းလို့ အမေတို့က ရိပ်မိ ကုန်ပြီ၊ သိရဲ့လား၊ အိမ်နီးချင်းတွေကလည်း မေးငေါ့ကုန်ကြပြီ တဲ့၊ သတိလည်းထားပါဦး ကိုရင်ဒေါန'

'ဟင်. . ဟုတ်လား၊ ကျွန်တော်စိတ်မကောင်းပါဘူး မ စပယ်၊ ကျွန်တော်လည်း မစပယ်ကိုချစ်တဲ့အကြောင်းတွေ ဂီတနဲ့ ပြောချင်ဇောနဲ့ ပတ်ဝန်းကျင်ကို သတိမထားမိဘူးဖြစ်သွားတယ် ဗျာ'

'ဒါ တောအရပ်ပါ ကိုရင်ဒေါန၊ ရှင်နေခဲ့တဲ့ မန္တလေး လို မြို့ကြီးပြကြီး မဟုတ်ဖူးရှင့်၊ ဘာလေးဖြစ်ဖြစ် လူသိတာမြန် တယ်၊ ကဲ့ရဲ့ စကားတင်းဆိုချင်သူတွေကလည်း အပုံ တော်ရဲ့'

'မစပယ်က ကျွန်တော့်ကို ရန်တွေ့ဖို့ချိန်းလိုက်တာလား ဟင်၊ ကျွန်တော်က မစပယ် ကျွန်တော့်ကို ချစ်အဖြေပေးဖို့ချိန်း တယ်လို့ ထင်ထားမိတယ်'

'အို. . '

'ကျွန်တော်တောင်းထားတဲ့ ချစ်အဖြေအတွက်ရော စဉ်း စားပြီးပါပြီလား မစပယ်'

'ကိုယ်လိုရာချည်း ဆွဲပြောနေပြန်ပါကော၊ ကျွန်မမစဉ်း စားရသေးပါဘူး ကိုရင်ဒေါန'

'ဟာဗျာ. . '

'မ,ဟာဗျာပါနဲ့ရှင်၊ အချစ်ရေးဆိုတာ တစ်ဦးနဲ့တစ်ဦး သုံးနှစ်သုံးမိုး စောင့်ကြည့်အကဲခတ်ပြီးမှ ဆုံးဖြတ်ရတာမျိုးမဟုတ် လားရှင့်၊ မနေ့တစ်နေ့ကမှတွေ့တဲ့ ရှင့်လို တစ်ရွာသားကို ချက်ချင်း ချစ်အဖြေတုံ့ပြန်ဖို့ဆိုတာ ကျွန်မအဖို့ ခဲယဉ်းပါသော် ကော ကိုရင်ဒေါနရယ်. . '

'ဒါတော့ မစပယ် အတွေးမှားပြီ ထင်ပါရဲ့၊ အချစ်မှာ မျက်စိလည်း မရှိပါဘူး၊ အချိန်ကာလလည်း မရှိပါဘူး မစပယ်၊ အချစ်ဟာအချစ်ပါပဲဗျာ၊ မြင်မြင်ချင်းချစ်ပါတယ်ဆိုတဲ့ အချစ်မျိုး ကို ဘယ်သွားထားမှာလဲဗျာ'

'ဒါက ရှင့်အမြင်ကိုး'

'မာနကြီးလိုက်ပါဘိ ကွမ်းတောင်ကိုင်ရယ်. . '

'အို. . ကွမ်းတောင်ကိုင်ဖြစ်တာနဲ့ မာနကြီးတာ မဆိုင် ပါဘူး၊ ကျွန်မဖြင့် မာနလည်း မကြီးဘူးပါဘူးရှင်ရယ်၊ မာနမကြီး လို့သာ ရှင့်ကို ခုလိုလာတွေ့တာကော'

'ဟုတ်ပြီ၊ ကျွန်တော်နဲ့ တွေ့ချင်တာကရော ကျွန်တော့် အပေါ်မှာ အလေးထားလို့ မဟုတ်ဖူးလား မစပယ်၊ အဲဒါဟာ ချစ်တာပဲမဟုတ်ဖူးလားဗျာ'

'ဘာဆိုင်လို့လဲရှင့်. . '

'ကျွန်တော်ကတော့ အဲဒီလိုပဲ အဓိပ္ပါယ်ကောက်လိုက် ပါပြီမစပယ်၊ ဘာဖြစ်လို့လဲဆိုတော့ မစပယ်နှုတ်ဖျားက ဘယ် လိုပဲပြောပြော မစပယ်ရဲ့မျက်ဝန်းတွေက ကျွန်တော့်အပေါ်ထား တဲ့သဘောထားကို ဖော်ပြနေလို့ပါမစပယ်'

'ဟင်. . ဘယ်လိုများ ဖော်မိလို့ပါလိမ့်'

'ချစ်တယ်တဲ့၊ မစပယ်ရဲ့ ဟောဒီမျက်လုံးလေးတွေက ပြောနေတဲ့စကားက ချစ်တယ်. . တဲ့ဗျာ'

'အို. . ဟုတ်ပဲနဲ့'

'မငြင်းပါနဲ့တော့မစပယ်ရယ်. . '

ကိုဒေါနက ပြောပြောဆိုဆို မချင့်ရဲစွာဖြင့် မစပယ်၏ လက်ကလေးကို လှမ်း၍ဆုပ်ကိုင်လိုက်လေသည်။

www.burmeseclassic.com

'အို. . လွှတ်ပါရှင်ရယ်၊ သူ့ကိုဖြင့်ချစ်တယ်မပြောပဲနဲ့၊ ဖယ်ပါ ကိုရင်ဒေါနရဲ့'

'မစပယ်နှုတ်ဖျားက ချစ်တယ်. . ဆိုတဲ့စကားလေးကြား ရပြီးမှ လွှတ်ပါရစေတော့ မစပယ်'

'အကျပ်မကိုင်နဲ့နော်၊ ဒီကဖြင့် သူ့အတွက်စိတ်ပူလို့ လာပြောရတာ'

'ဘာများစိတ်ပူသလဲမစပယ်ရယ်'

'သူက ညည စပယ်ပါတဲ့သီချင်းချည်း ဆိုဆိုနေတော့ လူများတွေ ရိပ်မိကုန်ပြီလေ၊ ကိုရင်က တစ်ရွာသားမဟုတ်လား၊ ရွာခံကာလသားတွေက အန္တရာယ်ပြုမှာ စိုးရိမ်မိလို့ပါ ကိုရင်'

'သြော်. . မစပယ်. . မစပယ်. . စိုးရိမ်စိတ်ဟာလည်း ချစ်လို့ဖြစ်ပေါ်လာတာပေါ့မစပယ်ရယ်'

'လိုရာဆွဲပြောတော့တာပါလားနော်၊ ကဲပါ. . လက်ကို လွှတ်ပါဦး'

'ချစ်တယ်လို့ ဝန်ခံပါဦးမစပယ်'

'အကျပ်မကိုင်နဲ့လို့ ပြောပါကော၊ စပယ်ပြောရမှာ ရှက်လို့ပါ ကိုရင်ဒေါန'

မစပယ်က တကယ်ပင်ရှက်နေကာ. . ခေါင်းကိုငုံ့ထား ရင်းမှ ကိုဒေါနဆွဲကိုင်ထားသော လက်ကို ရုန်းဖယ်နေလေသည်။

'သြော်. . စပယ်လေးရယ်. . '

ကွမ်းတောင်ကိုင်အရိုးခံမလေးကို ဂရုဏာသက်စွာကြည့် ရင်း ကိုဒေါနက လက်ကိုလွှတ်ပေးလိုက်လေသည်။

မစပယ်သည် ရှက်ရွံ့စွာဖြင့် ခေါင်းကိုတွင်တွင်ငုံ့ထားမိ လေသည်။ အကြောင်းမရှိပဲ ဖျာကြမ်းပေါ်ကို လက်သည်းဖြင့် ကုပ်ခြစ်နေမိလေ၏။ အရှက်သည်းသည့်မိန်းကလေးများ လုပ်မိ လုပ်ရာလုပ်နေသည့်ပုံစံမျိုးပင် ဖြစ်ပါသည်။

'ကိုယ့်ကို မော့ကြည့်ပါဦးမစပယ်၊ ကိုယ် စောင်းတီးပြီး သီချင်းဆိုပြမယ်နော်'

မစပယ်က မော်မကြည့်ပဲ ခေါင်းကိုသာ ညိတ်ပြလိုက် လေသည်။

'ခေါင်းလေးမော်ပါဦး မစပယ်ရဲ့'

'အို. . သီချင်းနားထောင်တာဟာ နားနဲ့ထောင်တာပဲ၊ မော်ကြည့်ဖို့မလိုပါဘူး၊ ဆိုမှာဆိုပါ'

ကိုဒေါနက ကြည်နူးစွာရယ်မောလိုက်မိလေသည်။

ခဏချင်းမှာပင်. . စောင်းကြိုးညင်းသံပေါ်ထွက်လာပြီး 'စပယ်ပေါ်စပယ်ဆင့်'သီချင်းလေးကား ဘုရားကုန်းတော်တစ်ခွင် ပျံ့လွင့်သွားလေသတည်း။

သီချင်းကလေးအပြီးတွင် မစပယ်ကပြောလိုက်သည်။

'ကိုရင်ဒေါနရယ်. . ရှင့်သီချင်းက စပယ်တစ်ယောက် တည်းကို ရည်ရွယ်စပ်ဆိုထားတဲ့သီချင်းပဲရှင်၊ စပယ်တစ်ယောက် ပဲကြားပါရစေတော့၊ ညညသီချင်းဆိုတဲ့အခါ စပယ်ပါတဲ့သီချင်း တွေ မဆိုပါနဲ့တော့ရှင်'

ကိုဒေါန ငေးငိုင်သွားလေသည်။

'ဒါဖြင့် ကိုယ်သီချင်းတွေဆိုပြနိုင်အောင် မစပယ် ညနေ တိုင်း ဒီနေရာကို လာနားထောင်မလား ဟင်'

'အမလေး. . အဲသလောက် အတင့်မရဲနိုင်ပေါင် ကိုရင် ရယ်၊ ခဏတိုင်း ခဏတိုင်း လာရင်ဖြင့် သူတကာရိပ်မိကုန်မှာ ပေါ့၊ အိမ်ကသိသွားမှာပေါ့'

'မစပယ်က ကိုယ်နဲ့ချစ်သူရည်းစားဖြစ်တာကို လူသိမှာ စိုးတယ်ပေါ့၊ ဘောက်မဲ့ကြောင့်လဲ မစပယ်ရယ်၊ ကိုယ်က သူရင်း ငှားတစ်ယောက်မို့ မစပယ်လို ကွမ်းတောင်ကိုင်နဲ့ မတူမတန်လို့ လားဗျာ'

'အဲ့သလိုတော့ မဟုတ်ရပေါင် ကိုရင်ရယ်၊ အဖေအမေ တို့သိသွားလို့ ဖျက်မှာကိုသာ စိုးရိမ်မိပါတယ်၊ ပတ်ဝန်းကျင်နဲ့ နေရတာမို့ လူများကဲ့ရဲ့မှာလည်း စိုးမိတာပေါ့ရှင်'

'သြော်. . မစပယ်၊ မစပယ်၊ စကားပြောတာတော့ ပွင့် လင်းပါပေ့ဗျာ'

'စပယ် ရိုးရိုးပဲ ပြောတတ်ပါတယ် ကိုရင်'

www.burmeseclassic.com

'ဒါဖြင့် မစပယ်ကို ဘယ်လိုတွေ့ဆုံနိုင်မှာလဲမစပယ်၊ ကိုယ်ကတော့ မစပယ်ကိုမမြင်ရရင် မနေနိုင်အောင်ဖြစ်နေပါပြီ မစပယ်ရယ်. .၊ ကိုယ်နဲ့မစပယ်တွေ့ရအောင် ကြံဆောင်ပါဦးလေ'

'ဒီလိုလုပ်ပါ ကိုရင်၊ စပယ် နေ့စဉ်တော့ မလာနိုင်ဘူး၊ လာလို့လည်း မသင့်တော်ဘူး၊ စပယ့်မွေးနေ့ဖြစ်တဲ့ အင်္ဂါနေ့တိုင်းမှာတော့ စပယ် ဒီဘုရားမှာလာပြီး ညနေဆိုရင် ပုတီးစိတ်နေကျပါ'

'ဟင်. . ဟုတ်လား'

'ဟုတ်ပါတယ်၊ မွေးနေ့တိုင်း လာနေကျမို့ မိဘများကလည်း သံသယဝင်မယ်မဟုတ်ဘူး၊ ဒီတော့ တစ်ပတ်တစ်ခါ အင်္ဂါနေ့တိုင်း ကိုရင် ဒီနေရာက စောင့်ပေါ့'

'ကောင်းပါပြီ မစပယ်ရယ်'

!!! !!! !!!

သည်သို့ဖြင့်. . ကိုဒေါနနှင့်မစပယ်တို့ချစ်သူနှစ်ဦး၏ သံယောဇဉ်မှာ ချစ်ရက်ရှည်လျားလာသည်နှင့်အမျှ ပို၍ခိုင်မြဲလာခဲ့လေတော့သည်။

အပတ်စဉ်အင်္ဂါနေ့တိုင်း ကိုဒေါနသည် ခရေပင်ခြေရင်းမှ ကွပ်ပြစ်ကလေးတွင် စောင့်နေတတ်သည်။ ကိုဒေါနနှင့်အတူ သူ၏စောင်းက ပါစမြဲ။

မစပယ်သည်လည်း အဓိဋ္ဌာန်ပုတီးစိတ်ရန် အင်္ဂါနေ့တိုင်း ဘုရားရင်ပြင်ပေါ်သို့ ရောက်လာစမြဲပင်။ ထိုအခါများတွင် မစပယ်က အဓိဋ္ဌာန်ပုတီးကို ဦးစွာပြီးမြောက်အောင်စိတ်ပြီးမှ ကိုဒေါနနှင့် ကွပ်ပြစ်ကလေးပေါ်တွင် စကားစမြည်ပြောလေ့ရှိ၏။

စပယ်လာတိုင်း မကံဆယ်လေး ပါစမြဲမို့ ချစ်သူနှစ်ဦး၏ ဖြစ်စဉ်ဖြစ်ရပ်အားလုံးကို မကံဆယ်လေးက သိနေလေသည်။

အင်္ဂါနေ့ ညနေခင်းများတွင် ဘုရားကုန်းတော်ပေါ်မှ ထွက်ပေါ်လာမြဲဖြစ်သော စောင်းသံနှင့် သီချင်းသံကို အစဉ်အမြဲ ကြားလာရသည့်အခါ အချို့သော ရွာသားတို့သည် မစပယ်နှင့် ကိုဒေါနတို့အကြောင်းကို သိရှိသွားကြလေသည်။

လူတို့သဘောသဘာဝအတိုင်း လူ့သတင်းကို လူချင်းဆောင်ကာ ဖြန့်ဝေမှုကြောင့် တစ်ရွာလုံးသိသွားကြလေသည်။

မေတ္တာစစ်တို့မည်သည် ဖြောင့်ဖြူးရာ မရှိစမြဲ. . ဆိုသည့် ဆိုရိုးအတိုင်းပင်. . ကိုဒေါနနှင့်မစပယ်တို့၏ ချစ်ခြင်းကို အနှောက်အယှက်ပေးမည့် အဖြစ်များသည်လည်း ထိုအချိန်မှ စ၍ ပေါ်ပေါက်လာခဲ့ရလေတော့သည်။

♣♣♣♣♣

တစ်ခုသောညနေခင်း၌ ကျောက်ကွေ့ရွာ၏ သူကြီးမင်း ဦးစက်ရှိန်သည် မစပယ်တို့၏နေအိမ်သို့ ဆိုင်းမဆင့် ဗုံမပါ ကြွမြန်းလာလေသည်။

ကြိုတင်ပြောကြားခြင်းမရှိပဲ သူကြီးမင်းကိုယ်တိုင် ရုတ်တရက် ရောက်လာသည့်အတွက် တစ်အိမ်လုံး လှုပ်လှုပ်ရွရွဖြစ်သွားကြလေသည်။

မစပယ်၏ဖခင် ဦးဘစံမှာ ဣန္ဒြေမပျက် တည်တည်ငြိမ်ငြိမ်ရှိသော်လည်း. . မိခင်ဖြစ်သူ ဒေါ်ကြာညွန့်သည် သူကြီးမင်း ရောက်လာသည်ကို မြင်သည်နှင့် ပြာပြာသလဲဖြစ်သွားလေ၏။

'အလို. . သူကြီးမင်းပါလား၊ ကြွတော်မူပါရှင်၊ ကြွတော်မူပါ၊ ဘာများ မိန့်ကြားစရာရှိလို့ သူကြီးမင်းကိုယ်တိုင် ကြွလာပါသလဲရှင်'

ဒေါ်ကြာညွန့်ကလိုသည်ထက်ပိုကာ ရွှန်းရွှန်းဝေအောင် ဆီးကြိုဖိတ်မန္တကပြုလိုက်လေသည်။

www.burmeseclassic.com

သူကြီးမင်း၏မျက်နှာမှာ ရွှင်ရွှင်လန်းလန်းဖြစ်နေသည့်အတွက်လည်း စိတ်အေးသွားရ၏။

သူကြီးဦးစက်ရှိန်သည် ကတ္တီပါပိန်းတန်းဖိနပ်ကြီးကိုလှေခါးထစ်တွင် ချွတ်ပစ်ခဲ့ကာ အိမ်ပေါ်သို့ ဝင့်ဝင့်ကြွားကြွားတက်လာလေ၏။

ဒေါ်ကြာညွန့်က ဘုန်းကြီးများကြွလာသည့်အခါမှ ထိုင်ရန်ချပေးလေ့ရှိသော ဘုရားစင်အောက်မှဖုံကို ထုတ်ယူကာ ဦးစက်ရှိန်ထိုင်ရန်ချပေးလိုက်လေသည်။

ဦးဘစံကမျက်မှောင်ကြုပ်၍ကြည့်ကာ ဟန့်တားပါသော်လည်း. . ဒေါ်ကြာညွန့်က မမြင်ပေ။

'ထိုင်ပါရှင် သူကြီးမင်း'

သူကြီးမင်းကလည်း ကတ္တီပါထိုင်ဖုံပေါ်၌ အကျအနဝင်ထိုင်လိုက်လေသည်။

မစပယ်သည် အိမ်သို့ သူကြီးမင်းဦးစက်ရှိန် ရောက်လာသည်ကို သူမ၏အခန်းထဲမှ ကြားနေရသည်။ မည်သည့်အတွက်လာရောက်သည်ကို သိလိုစိတ်ဖြင့် အခန်းထဲမှ တိတ်ဆိတ်စွာနားထောင်နေလေ၏။

ဦးဘစံနှင့်ဒေါ်ကြာညွန့်လည်း သူကြီးမင်းနှင့် မျက်နှာချင်းဆိုင်၍ ခပ်လှမ်းလှမ်းမှ ထိုင်လိုက်လေသည်။

'မှုံတုတ်ရေ. . သူကြီးမင်းစားရအောင် လက်ဖက်ရည်ကြမ်းနဲ့ ထည့်ကလေးများ ချပါဟဲ့၊ လက်ဖက်လည်း သုပ်ပါဟဲ့'

သူကြီးမင်းလာရောက်သည်ကို စပ်စုကာ ရပ်ကြည့်နေသောမမှုံတုတ်ကို ဒေါ်ကြာညွန့်က ပြောလိုက်သည်။

'ကျုပ်လာရတဲ့အကြောင်းကတော့ တခြားမဟုတ်ပေဘူး၊ သားရေးသမီးရေးကိစ္စပဲ'

သူကြီးထံမှ မမျှော်လင့်သော စကားကြောင့် အံ့အားသင့်သွားကာ ဘာမှမတုန့်ပြန်မိပဲရှိလေသည်။

'ကျုပ်သား မောင်မှန်တိုင်းက ကိုဘစံနဲ့ မကြာညွန့်တို့သမီးလေးကို မေတ္တာရှိနေရှာတယ်၊ သားလိမ္မာလေးဖြစ်တော့ကာ မိသားဖသားပီပီ တောင်းရမ်းပေးဖို့ ကျုပ်ကိုပြောရှာတယ်လေ၊ ကျုပ်ပဲ အဖေ၊ ကျုပ်ပဲ အမေမို့. . သားရေးသမီးရေးကိစ္စနားဖောက်ဖို့ ရောက်လာရတာပဲဗျို့'

ဒေါ်ကြာညွန့်သည် ဝမ်းသာမှုကြောင့် ကတုန်ကယင်ဖြစ်သွားကာ သူကြီးကို အကြောင်သားငေးကြည့်နေမိလေ၏။

အခန်းထဲမှ မစပယ်သည်လည်း ထိုစကားကိုကြားလိုက်ကာ ဆတ်ကနဲတုန်လှုပ်သွားလေသည်။

'ဘဲ့နဲ့တုန်းဗျို့၊ မိဘများအနေနဲ့ ဘယ်လိုများ သဘောရပါသလဲ၊ ပြန်ပြောပါဦး'

'အို. . သူကြီးမင်းရယ်၊ ဝမ်းသာလုံးဆို့သွားလို့ ဘာမှပြန်မပြောနိုင်အောင် ဖြစ်သွားရပါတယ်၊ ကျွန်မတို့အဖို့ ဘာများငြင်းပယ်စရာရှိသတုံးရှင်'

'ဟုတ်တာပေါ့၊ မှန်တာပေါ့၊ ကျုပ်သား မောင်မှန်တိုင်းဆိုတာကလည်း လူတော်လူကောင်းလေးတစ်ယောက်ကိုးဗျ၊ တစ်ချိန် သူကိုယ်တိုင် ကျုပ်နေရာဆက်ခံပြီး သူကြီးဖြစ်မှာပလေ၊ မောင်မှန်တိုင်းကို လိုချင်တဲ့အပျိုတွေမှ ဝိုင်းဝိုင်းလည်နေတာကလား၊ ဒီကြားထဲ ကျုပ်သားက မစပယ်မှ မစပယ်ဆိုတော့ ကျုပ်လည်း ငြင်းစရာမရှိတာနဲ့ ဝမ်းသာမိသဗျို့၊ မိန်းကလေးကလည်း ကွမ်းတောင်ကိုင်မလေး မဟုတ်လား၊ သူကြီးလောင်းနဲ့ ကွမ်းတောင်ကိုင် လိုက်လည်းလိုက်ဖက်သဗျို့ ဟဲ. . ဟဲ. . ဟဲ. . '

'ဟင်း. . ဟင်း. . ဟင်း. . ဟုတ်ပါရဲ့ရှင်'

'အဟမ်း. . အဟမ်း. . '

တစ်ချိန်လုံး ငြိမ်သက်နေသော မစပယ်၏ဖခင် လူအေးကြီးဦးဘစံက ချောင်းဟန့်လိုက်လေသည်။

'သူကြီးမင်းကိုယ်တိုင် ခုလိုလာပြီးမြန်းတာ ဝမ်းသာမိပါတယ်၊ သို့သော်. . လုံမလေးရဲ့ သဘောထားကိုလည်း မေးမြန်းပါရစေဦးခင်ဗျာ'

'အို. . ကိုဘစံ'

ဒေါ်ကြာညွန့်က မျက်စောင်းထိုးကာ ဟန့်လိုက်လေ၏။

www.burmeseclassic.com

'ဘာမေးစရာ လိုသတုန်းတော့၊ ကျွန်မ သမီးလေးက ရည်းစားသနာလည်းမရှိ၊ မိဘစကားနားထောင်တဲ့ သမီးလိမ္မာလေးဟာကို၊ မိဘက ကောင်းတယ်ထင်လို့စီစဉ်ရင် ငြင်းမလားတော်'

'ဒါတော့ဒါပေါ့၊ ဒါပေမယ့် . .'

'ကဲပါလေ၊ ကိုဘစံပြောတာလဲ ဟုတ်ပါတယ်၊ အိမ်ထောင်ရေးကိစ္စဆိုတော့လည်း မိန်းကလေးကိုမေးမြန်းပြီးမှ စီစဉ်တာ ကောင်းပါတယ်'

'ကျွန်မသမီးဖက်က စိတ်ချပါသူကြီးမင်းရယ်၊ လုံမလေးက ကျွန်မစကားနားထောင်ပါတယ်'

ဒေါ်ကြာညွန့်သည် မုန်တိုင်းကိုလွှတ်သွားမည်စိုးရိမ်စွာကြားမှ ကတိတွေ အထပ်ထပ်ပေးနေလေ၏။

'စိတ်ချပါတယ်ဗျာ၊ မစပယ်လေးကလည်း ငြင်းမထင်ပါဘူး၊ ကလေးချင်းသာ ရင်းနှီးမှုရဖို့လိုပါတယ်၊ ဒီတော့ကာ ကျုပ်က ကျုပ်သားမုန်တိုင်းကို ဒီအိမ်ကိုလည်ဖို့ပတ်ဖို့ လွှတ်ပါရစေ၊ ဒါမှ သူတို့ချင်းနားလည်မှုရတော့ ပိုကောင်းမယ်မဟုတ်လား၊ မိဘတွေသဘောနဲ့ချည်း ဇွတ်စီစဉ်တယ်လို့ မဖြစ်တော့ဘူးပေါ့'

'ကောင်းပါလေ့ရှင်၊ လွှတ်ပါ၊ လွှတ်ပါ၊ မောင်မုန်တိုင်း ကျွန်မတို့အိမ်ကို တခါးမရှိ၊ ဓားမရှိ ဝင်နိုင်ထွက်နိုင်ပါတယ်ရှင်'

'ကဲ- ဒါဖြင့် ကျုပ်ပြန်မယ်၊ လူငယ်ချင်း နားလည်မှုယူပြီးမှပဲ စေ့စပ်ဖို့ လက်ထပ်ဖို့ ရက်ရွေးကြတာပေါ့၊ အဲဒီတော့မှ အရပ်လူကြီးတွေ အားလုံးစုံစုံညီညီဖိတ်ကြတာပေါ့'

'ဟုတ်ကဲ့ပါရှင်'

**!!! !!! !!!**

ဒေါ်ကြာညွန့်က ဦးစက်ရှိန်ကို ဝင်းပေါက်ဝအထိ လိုက်ပို့ပေးအပြီးတွင် . . အိမ်ပေါ်သို့ ကပြာကယာပြန်တက်လာလေ၏။

'သမီးလေးရေ . . စပယ် . . အခန်းထဲက ထွက်ခဲ့ပါဦးကွဲ့'

သာယာချိုအေးလှသောအသံဖြင့် ခေါ်လိုက်လေသည်။ ဒေါ်ကြာညွန့်၏မျက်နှာကား သကာလူးထားသည့်သဖွယ် ချိုပြုံးကြည်သာနေပေသည်။

မစပယ်က အခန်းထဲမှ မတုန်မလှုပ်ထွက်လာလေ၏။

ဦးဘစံသည် ဘာမှမပြောပဲ ကွမ်းယာဝါးရင်း သားအမိနှစ်ယောက်ကို ဘေးမှအကဲခတ်နေလေသည်။

'ထိုင် . . သမီးလေး၊ သမီးလေး အခန်းထဲက ကြားတယ်မဟုတ်လား'

'ကြားပါတယ်အမေ'

'ဒါကြောင့် အမေမပြောဘူးလားကွဲ့၊ ငါ့သမီးလေးက မင်းကတော် စိုးကတော် ဖြစ်မယ့်သူပါလို့၊ ဟော . . တန်ဖိုးရှိအောင်နေတတ်တော့လည်း သူကြီးကိုယ်တိုင်က လာတောင်းရမ်းပေးရပြီ၊ ဝမ်းမသာဘူးလားသမီး'

'မသာဘူးအမေ'

မစပယ်က ခံစားချက်မရှိသော မျက်နှာထားဖြင့် ခပ်ပြတ်ပြတ်ပြောလိုက်သည်။

'ဘာ၊ ဘာပြောလိုက်တယ်၊ ဝမ်းမသာဘူး ဟုတ်လား၊ အံ့ပါအေ . . သူကြီးကတော် မင်းပေါက်စိုးပေါက် ဖြစ်ရမှာများဝမ်းမသာဘူးတဲ့၊ ညီး ရူးများနေသလားစပယ်'

'ကျွန်မမရူးပါဘူးအမေ'

'ဒါဖြင့် ဘာငြင်းစရာရှိသတုန်း၊ ငါကတော့ သူကြီးမင်းကို ကမ်းကုန်အောင်ကတိပေးလိုက်ပြီနော်၊ မိဘမျက်နှာအိုးမည်းသုတ်ဖို့တော့မပြင်နဲ့'

'ကျွန်မ မုန်တိုင်းကို ဘယ်လိုမှ မေတ္တာထားလို့မရလို့ပါ၊ မုန်တိုင်းကို ကျွန်မလက်မခံပါရစေနဲ့အမေရယ်'

'တော်- တိတ်၊ ငါ့ပြောစမ်း၊ ညီးမှာ ရည်းစားရှိနေပြီမှုတ်လား၊ တင်ဆောင်တို့အိမ်က သူရင်းငှားကောင်နဲ့မှုတ်လား၊ ငါ့စိတ်ထဲကတော့ထင်သား'

www.burmeseclassic.com

'မဟုတ်ပါဘူးအမေရယ်၊ ရည်းစားရှိမှ ငြင်းရတော့မှာလား၊ ကျွန်မယူမယ့်သူ ကျွန်မမကြိုက်ရင် ငြင်းမှာပေါ့၊ ကျွန်မမုန်တိုင်းကို မေတ္တာထားလို့ မရပါဘူးဆို'

'မငြင်းရဘူးအေ့၊ မငြင်းရဘူး၊ ဘာပြုလို့လဲဆိုတော့ မုန်တိုင်းဆိုတာဟာ သာမညောင်ည လူစားမျိုးမဟုတ်လို့ပဲ၊ မုန်တိုင်းဟာ တစ်ချိန် သူကြီးဖြစ်မယ့်လူ၊ မုန်တိုင်းကို လိုချင်တဲ့မိန်းမတွေဝိုင်းဝိုင်းလည်နေတဲ့ကြားက ကိုယ့်လာစပ်ဟပ်တာ. . ညီးမို့ မိုက်မိုက်မဲမဲအေ'

'ဟော့- ကြာညွန့်'

တစ်ချိန်လုံးငြိမ်သက်စွာ ထိုင်နားထောင်နေသော ဦးဘစံ ဝင်ပါလာရလေပြီ။

'ဘာတုန်းတော့'

'သူကြီးကိုယ်တိုင်က လုံမလေးသဘောကို မေးမြန်းဖို့အခွင့်ပေးသွားပါတယ်ကွာ၊ ဦးစက်ရှိန်က သူ့သားနဲ့ငါ့သမီးကို မဖြစ်မနေပေးစားရမယ်လို့တောင်းဆိုနေတာမဟုတ်ပါဘူး၊ ဒီကိစ္စမှာ ငါ့သမီးမစပယ်က ကာယကံရှင်ပဲ၊ သူကြိုက်သလိုဆုံးဖြတ်ပါစေကြာညွန့်ရယ်. .'

ဒေါ်ကြာညွန့်၏ဒေါသမီးက ဦးဘစံဖက်သို့ လှည့်သွားလေပြီ။ ဒေါ်ကြာညွန့်က ဦးဘစံကို မီးဝင်းဝင်းတောက်မတတ်မျက်လုံးကြီးများဖြင့်ကြည့်ရင်း ခါးကြီးထောက်ကာ ပြောလိုက်သည်။

'တော် ဘာနားလည်သတုံး၊ ဒါ မိန်းမတွေကိစ္စ၊ တော့်ဟာတော် အိမ်ဦးခန်းမှာထိုင်ပြီး အေးအေးနေပါ'

'ဘာ- မိန်းမကိစ္စ ဟုတ်လား၊ ငါ့သမီးကိစ္စမှာ ငါ အဖေတစ်ယောက်အနေနဲ့ ဝင်ပြောရမှာပဲကွ'

'တော်ပါတော့ အဖေတို့ အမေတို့ရယ်၊ ဘေးဘီက ကြားသွားရင် ရှက်စရာကြီးပါ။ အိမ်ထောင်ပြုတဲ့ကိစ္စဆိုတာ မိန်းကလေးတစ်ယောက်အတွက် သိပ်အရေးကြီးတယ် မဟုတ်လားအမေရယ်'

'အေး- ဟုတ်တယ်၊ ကြီးတယ်၊ မိန်းမတစ်ယောက်အတွက် လင်ကောင်းသားကောင်းရဖို့ဟာ သိပ်အရေးကြီးတယ်အေ့'

'ဟုတ်ကဲ့အမေ၊ အဲဒါကြောင့် သမီးကို စဉ်းစားခွင့်ပေးပါဦးလို့ တောင်းပန်တာပါအမေရယ်'

မစပယ်က အဖေနှင့်အမေကြားတွင် ပြေရာပြေကြောင်းဖြစ်အောင် အလိမ္မာသုံး၍ပြောလိုက်သည်။

'အေး. . စဉ်းစား၊ စဉ်းစား၊ ဒါပေမယ့် ညီးစဉ်းစားရမှာက မုန်တိုင်းကို ငြင်းဖို့ပယ်ဖို့မဟုတ်ဖူး၊ မုန်တိုင်းနဲ့ ဘယ်တော့မင်္ဂလာဆောင်မယ်ဆိုတာသာ စဉ်းစားဖို့လိုတာ၊ ကြားရဲ့လား'

♣♣♣♣♣

◆

ဘုရားကုန်းတော်ပေါ်ရှိ ခရေပင်ကြီးအောက်မှ ကွပ်ပြစ်ကလေးပေါ်တွင် စောင်းလုလင်ကိုဒေါနနှင့် ကွမ်းတောင်ကိုင်မလေးမစပယ်တို့ထိုင်လျှက်ရှိကြလေသည်။

သို့ရာတွင်. . ယခင်နေ့များကကဲ့သို့ ချစ်သူနှစ်ဦး၏ စကားသံများကိုမူ မကြားရပေ။ စောင်းသံနှင့်တေးချင်းသံကိုလဲ မကြားရပါပေ။

စောင်းကလေးသည် ကွပ်ပြစ်ပေါ်တွင် သည်အတိုင်းရှိနေပေ၏။

ချစ်သူနှစ်ဦးတို့သည်လည်း စကားမဆိုဖြစ်ကြတော့ပဲ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ငေးမှိုင်လျှက်ရှိကြလေသည်။

သည်ကနေ့သည် မစပယ်၏မွေးနေ့ အင်္ဂါနေ့လည်း မဟုတ်ပါပေ။

www.burmeseclassic.com

မစပယ်က အရေးပေါ်စကားပြောစရာရှိ၍ မကံဆယ်လေးကတစ်ဆင့် ကိုဒေါနကိုမှာလိုက်သည့်အတွက် တွေ့ဆုံဖြစ်ကြခြင်းဖြစ်သည်။

ဘာမှမသိရှာသေးသော ကိုဒေါနကား စောင်းကိုပိုက်ကာ. . ချစ်သူချိန်းဆိုရာသို့ ရောက်လာခဲ့ခြင်းဖြစ်လေသည်။

မစပယ်သည် သူကြီးဦးစက်ရှိန် လာရောက်တောင်းရမ်းသည့်အကြောင်းနှင့် မုန်တိုင်း အိမ်သို့ အဝင်အထွက်ရှိနေသည့်အကြောင်းများကို ပြောပြလိုက်ပေသည်။

မုန်တိုင်းသည် သူ့ဖခင် သူကြီးမင်း မစပယ်တို့အိမ်မှ ပြန်လာပြီး နောက်တစ်နေ့ညနေမှစကာ. . မစပယ်ထံသို့ အလည်အပတ်ရောက်ရှိလာတော့သည်။

'ဘဲ့နဲ့လဲ. . မစပယ်၊ ကျုပ်အဖေပြောဆိုသွားတဲ့စကားတွေနဲ့ပတ်သက်လို့ မစပယ် ဘယ်လိုသဘောရပါစ'

'ကျွန်မ မပြောတတ်ပါဘူးကိုမုန်တိုင်း'

'အိုး. . ကျုပ်ကိုလက်ခံနိုင်မခံနိုင်၊ ကျုပ်တို့ဘယ်တော့လက်ထပ်မယ်ဆိုတာ မစပယ် မစဉ်းစားရသေးဘူးလား'

'သြော်. . ကျွန်မက လက်ခံနိုင်မခံနိုင်ကို ပြောရမယ်တဲ့လား၊ ဒါဖြင့် ပြောပါ့မယ်ရှင်၊ ကျွန်မ ကိုမုန်တိုင်းကို မနှစ်သက်ပါဘူး၊ လက်မခံနိုင်ပါဘူးရှင်'

မုန်တိုင်းက လှောင်ရယ်သလိုမျိုးဖြင့် ခေါင်းကိုမော့ကာ ရယ်မောလိုက်လေသည်။

'ဘဲ့နဲ့၊ မစပယ်က ဆင်းရဲသားစောင်းသမားဆီ စိတ်ရောက်နေတယ်မှတ်တယ်'

'ဘာရှင့်-'

'မစပယ်တို့အကြောင်းကို ကျုပ်သိပါသဗျာ၊ မစပယ်နဲ့ စောင်းသမားဖက်ခွက်စားတို့ ဘုရားကုန်းမှာ အပတ်စဉ်ချိန်းတွေ့ကြ၊ ဆိုကြတီးကြတာတွေ ကျုပ်သိပြီးသားပါ၊ ဒါပေသည့် ကျုပ်က သဘောထားကြီးပါတယ်မစပယ်၊ ပြီးတာတွေပြီးပါစေတော့'

'ဒီမယ်. . ရှင် တစ်ဖက်သားကို ဖက်ခွက်စားလေး ဘာလေး ပြောစရာမလိုပါဘူး၊ ကျွန်မတို့အကြောင်းကိုသိရင် ရှင်နောက်ဆုတ်ဖို့ကောင်းတာပေါ့ရှင်၊ ကျွန်မမှာချစ်သူရှိမှန်းသိရက်နဲ့ ရှင် ရှေ့တိုးဖို့မကောင်းပါဘူး'

'မစပယ်. . မစပယ်. . တံလျှပ်ရေထင် ရွှေသမင်အလိုက်များလိမ့်မနော်၊ မနေ့တစ်နေ့ကမှတွေ့တဲ့ ဘယ်ကမှန်းမသိတဲ့သူကို ယုံမိရင် မင်းများမှာပေါ့မစပယ်၊ သူက သူ့ကိုယ်သူ မြို့ကြီးသားရယ်လို့ပြောမဟုတ်လား၊ ယုံရသော်ကောလား မစပယ်ရယ်၊ ဓမြမှန်းမသိ၊ တောပုန်းမှန်းမသိ၊ ရာဇဝတ်မှုနဲ့ ပြေးလွှားနေသူမှန်းမသိနဲ့၊ သြော်. . မစပယ်၊ မစပယ်၊ ဟိုက စောင်းစုတ်လေးတီးပြပြီး အချွဲကောင်း အပြောကောင်းဆိုတော့ ယုံနေတယ်မှတ်တယ်'

'ရှင်စော်ကားလှချည်လား ကိုမုန်တိုင်း၊ ကျွန်မလည်း ဒါလောက်တော့ လူကဲခတ်မညံ့ပါဘူးရှင့်'

'မင်းက အပျော့ဆွဲနဲ့ ချွဲနေတဲ့ကောင်ကို မိန်းမပီပီယုံနေတာကိုး၊ ဒီကောင် ဘာကောင်ဆိုတာသိရအောင် ကျုပ် ဖော်ထုတ်မယ်၊ အေး. . ဘာကြီးပဲဖြစ်နေနေ၊ ဒီကောင့်ကိုတော့ မင်းအဆက်ဖြတ်ရလိမ့်မယ်မစပယ်၊ ဘာဖြစ်လို့လဲဆိုတော့ ငါဟာမင်းကို မရရတဲ့နည်းနဲ့လက်ထပ်မှာမို့ပဲ၊ မင်းဖြစ်ခဲ့သမျှတွေ ခွင့်လွှတ်ပေးတာကိုပဲ ကျေးဇူးတင်ပေတော့မစပယ်၊ ကျုပ်ကတော့ မင်းကို အရယူမှာပဲကွဲ့၊ အဲဒါဟာလဲ တခြားကြောင့်မဟုတ်ဖူး၊ ကျုပ် မင်းကို နှစ်နှစ်ကာကာချစ်လို့ပဲ၊ မင်းမြဲမြဲမှတ်ထားပါ'

မုန်တိုင်းက မေးကြောကြီးများ ထောင်ထလာသည်ထိ အံကြိတ်ကာ. . ပြတ်ပြတ်သားသားပြောခဲ့လေသည်။

'အဲဒါပါပဲကိုရင်ရယ်. . မုန်တိုင်းဟာ သူပြောတဲ့အတိုင်း လုပ်မယ့်လူမျိုးကိုရင်ရဲ့၊ သူလုပ်ချင်ရာလုပ်နိုင်အောင်လည်း သူ့အဖေရဲ့သြဇာအာဏာကို သုံးလိမ့်မယ်'

'မစိုးရိမ်ပါနဲ့ မစပယ်၊ ကိုယ်ကြံပါ့မယ်၊ မစပယ်သာ သတ္တိရှိပါစေလေ'

'ဘာကိုဆိုလိုပါသလဲကိုရင်'

www.burmeseclassic.com

'မစပယ်ကို တစ်နယ်တစ်ကျေး ခေါ်သွားပြီး တစ်ဝမ်းတစ်ခါးလှအောင် လုပ်ကျွေးနိုင်ပါတယ်ကွယ်၊ အဲ. . မစပယ်မိဘများထားတဲ့ အဆင့်မျိုးတော့ ရောက်ချင်မှရောက်မှာပေါ့၊ ကိုယ်နဲ့အတူ အဆင်းရဲခံနိုင်ရင်ဖြင့် မစပယ်ကိုခေါ်သွားဖို့ ဝန်မလေးပါဘူးမစပယ်ရယ်'

'မစပယ် မိဘကိုမျက်နှာပျက်အောင်လုပ်တဲ့ သမီးမိုက်မဖြစ်ချင်ဘူးကိုရင်၊ ဒါမျိုးကတော့ မဖြစ်သာမှစဉ်းစားကြတာပေါ့၊ ဒါပေစိ. . မစပယ်ဟာ မုန်တိုင်းမယားတော့ ဘယ်နည်းနဲ့မှ အဖြစ်မခံဘူးဆိုတာ ကိုရင်. . ယုံ'

'မစပယ်ရယ်. . '

'အတင်းအကျပ်လုပ်လာတဲ့တစ်နေ့ကျရင်တော့ ကိုရင့်နောက်ကို မစပယ်လိုက်ခဲ့ပါ့မယ်လေ၊ မစပယ် ဆင်းရဲမှာ မကြောက်ပါဘူးကိုရင်ရယ်'

'ယုံပါတယ်မစပယ်၊ မစပယ်ရဲ့မေတ္တာကို ကိုယ် အကြွင်းမဲ့ယုံပါတယ်မစပယ်ရယ်. . '

ချစ်သူနှစ်ဦးက တစ်ယောက်မျက်နှာကို တစ်ယောက် ရွှန်းရွှန်းစားစားကြည့်လိုက်ကြလေသည်။

ကိုဒေါနက မစပယ်၏ကိုယ်လေးကို ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်လေသည်။ မစပယ်သည် အလိုက်သင့်ရွေ့ပါသွားကာ ချစ်သူရင်ခွင်ထက်၌ မှေးစက်နေလိုက်လေ၏။

'မစပယ် အင်္ဂါနေ့တိုင်း ဒီနေရာကို လာခဲ့ပါ့မယ် ကိုရင်၊ ဒီကြားထဲမှာ အမေ့ကို ကိုယ့်ဖက်ပါအောင် ဖြောင့်ဖျကြည့်ပါဦးမယ်၊ မဖြစ်သာတဲ့တစ်နေ့ကျရင်ဖြင့် ကိုရင့်နောက်ကို မစပယ်လိုက်ရုံရှိတော့တာပေါ့၊ မစပယ်ရဲ့ရင်ထဲမှာ ကိုရင်တစ်ဦးတည်းရှိတယ်ဆိုတာ ယုံပါတော့ကိုရင်'

'မစပယ်သာ ကိုယ့်ဘေးမှာရှိရင်ဖြင့် ဘာကိုမဆို ကိုယ်ရင်ဆိုင်ရဲပါတယ်ကွယ်. . '

ခဏအကြာတွင်. . စပယ်သီချင်းသံနှင့် ကိုဒေါန၏ စောင်းလက်သံသည် ဘုရားကုန်းတော်ပေါ်၌ ပျံ့လွင့်သွားလေတော့၏။

♣♣♣♣♣

◆

'အလိုလေး. . ကောင်းကြသေးရဲ့လား၊ ကောင်းကြသေးရဲ့လားအရပ်ကတို့ရေ၊ ကိုယ့်သမီးတော်လှ. . တော်လှ ယောင်းမမြင်းစီးထွက်တယ်ဆိုတာ ဒါမျိုးဖြစ်မှာပဲ၊ ဟဲ့. . စပယ်၊ စပယ်၊ မိစပယ်'

ဒေါ်ကြာညွန့်သည် နှုတ်မှ ကြမ်းတမ်းစွာ မြည်တွန်တောက်တီးရင်း အိမ်ပေါ်သို့ ဝုန်းဒိုင်းကျဲတက်လာလေသည်။

'ဘယ်မှာလဲ. . အမိုက်မမိစပယ်'

'ကြာညွန့်၊ မင်းဘာဖြစ်လာသလဲ၊ ပြောစရာရှိ ဖြည်းဖြည်းသက်သာပြောပါ၊ ပတ်ဝန်းကျင်ကြားလို့ မကောင်းပါဘူး'

အိမ်ပေါ်တွင်ထိုင်နေသော ဦးဘစံက ဇနီးဖြစ်သူအားသတိပေးလိုက်လေသည်။

'သြော. . ပတ်ဝန်းကျင်ကြားမှာကို ရှင်က ရှက်သပေါ့လေ၊ ပတ်ဝန်းကျင်က ကြားချင်တိုင်းကြား၊ သိချင်တိုင်း သိပြီးပြီရှင့်၊ ဟောဒီကောင်မက တစ်ရွာလုံးနားမဆန့်မှ ကြားရသိရတာ၊ တကတည်းတော်. . သားသမီးယုံ စုံလုံးကန်းဆိုတာ ဒါမျိုးပါပဲ'

'ခက်ပါလားကွယ်၊ မင်းဘာတွေဖြစ်လာတာလဲကြာညွန့်'

'တော့်သမီးအကြောင်းတွေကို တစ်ရွာလုံးကနားမဆန့်မှ သိလာရသလေ၊ ဟေ့. . မိစပယ် အခန်းထဲကထွက်ခဲ့စမ်း'

'ခက်ပါလားကွယ်ရို့'

မစပယ်သည် မိခင်ဖြစ်သူ ပတ်ကြမ်းတိုက်နေသည်ကို အခန်းထဲမှကြားနေရ၏။ ကြာလျှင်ပိုဆိုးလာမည်မို့ အခန်းထဲမှ ထွက်ခဲ့လေသည်။

www.burmeseclassic.com

မစပယ်သည် ရိုးသားပွင့်လင်း၍ သတ္တိရှိသော မိန်းကလေးတစ်ဦးဖြစ်သည့်အတိုင်း. . ပြဿနာကို ရင်ဆိုင်ဖြေရှင်းရန် ဆုံးဖြတ်လိုက်၏။

'သမီးလာပါပြီအမေ'

'အမိုက်မ၊ အပြစ်မရှိတဲ့အတိုင်းပဲ၊ ထိုင်စမ်း'

မစပယ်က ဒေါ်ကြာညွန့်ရှေ့တွင် ထိုင်လိုက်သည်။

ဦးဘစံက သားအမိနှစ်ယောက်ကို အကဲခတ်နေသည်။

'ညီးနဲ့ တင်ဆောင့်အိမ်က သူရင်းငှားကောင်နဲ့ ကြိုက်နေကြဆို၊ ငါ့အမှန်အတိုင်းပြောစမ်း'

'ဟုတ်ပါတယ်အမေ၊ ကိုဒေါနနဲ့ကျွန်မနဲ့ မေတ္တာမျှနေကြပါတယ်အမေ'

မစပယ်က မကွယ်မဝှက်ပဲ အသံမှန်ဖြင့်ပြောကြားဝန်ခံလိုက်လေသည်။

'ဟင်. .'

ဦးဘစံ၏ အာမေဋိတ်အသံ။

'ကြားပြီမှုတ်လားကိုဘစံ၊ ကျုပ်တို့မိဘများက လူတကာသိပြီးမှ နားလျှံမှ သိရတာတော့၊ တော့်သမီးက ဟိုအကောင်နဲ့ ဘုရားကုန်းပေါ်မှာ အင်္ဂါနေ့တိုင်း ချိန်းတွေ့သတဲ့၊ ဟုတ်တယ် မဟုတ်လားဟဲ့၊ နင့်အဖေရှေ့မှာ ဝန်ခံလိုက်စမ်း မိစပယ်'

'ဟုတ်ပါတယ်၊ ကျွန်မတို့ ဘုရားကုန်းတော်ပေါ်မှာဆုံကြပါတယ်'

'မိဘပြောတော့ မွေးနေ့တိုင်း အဓိဋ္ဌာန်ပုတီးစိတ်သတဲ့၊ ဒါလားဟဲ့ ပုတီးစိတ်တာ၊ တယ်လေ- ငါ. . ပြောလိုက်ရ မကောင်းရှိတော့မယ်'

မစပယ်သည် မိခင်ကြီးပြောသမျှ ငုံ့ခံနေလိုက်၏။

'ဟိုကောင်မလေးကံဆယ်ကလည်း အလိုတူအလိုပါဆို၊ လူကဖြင့် နို့နံ့မစင်ချင်သေးဘူး၊ အောင်သွယ်လုပ်ရတာနဲ့ ဘာနဲ့၊ ဒီကလေးမလဲ နောက်ကို အိမ်ရိပ်မနင်းစေနဲ့'

'ကံဆယ်လေးက ဘာမှနားမလည်ရှာပါဘူးအမေ၊ ကျွန်မက အဖော်ရအောင် ခေါ်ခေါ်သွားတာပါ'

'ညီး စကားမရှည်နဲ့၊ ဒီနေ့ကစပြီး. . ကံဆယ်လဲ ဒီအိမ်ရိပ်မနင်းရဘူး၊ ညီးလဲ ဘယ်မှမထွက်ရဘူး၊ ဒါပဲ'

ဒေါ်ကြာညွန့်က တစ်ချက်လွှတ် အမိန့်ချမှတ်လိုက်လေသည်။

!!! !!! !!!

ထိုနေ့မှစ၍ မစပယ်သည် မိခင်ကြီးဖြစ်သူဒေါ်ကြာညွန့်၏ အနီးကပ်စောင့်ကြပ်ခြင်းကို ခံခဲ့ရလေသည်။

ဒေါ်ကြာညွန့်က မစပယ် အပေါ့အပါးသွားသည်ကိုပင် အလွတ်မပေးပဲ အိမ်သာရှေ့အထိ လိုက်လံစောင့်ကြပ်လေသည်။ သူအိပ်လိုသည့်အခါများ၌ မှုံတုတ်ကို အခန်းရှေ့မှ စောင့်ကြပ်စေလေသည်။

မစပယ်အဖို့ အိမ်ပြင်ကို ထွက်ဖို့ဝေးစွ. . အိမ်ထဲ၌ပင် လွတ်လပ်စွာနေခွင့်မရတော့ပေ။

မကံဆယ်လေးသည် အခြေအနေအရပ်ရပ်ကို ဘာမှနားမလည်ရှာပဲ. . မစပယ်ထံသို့ ယခင်အခါများကအတိုင်း အလည်အပတ်ရောက်လာခဲ့လေသည်။

ဒေါ်ကြာညွန့်က မကံဆယ်အား အိမ်ဝင်းထဲသို့ပင် မဝင်စေပဲ. . ကလေးနှင့်မတန်စွာ ပြောဆိုနှင်ထုတ်လိုက်လေ၏။

'ဟဲ့ ကောင်မလေးကံဆယ်၊ ပြန်စမ်း၊ နောင် ဘယ်တော့မှ ညီး ငါ့အိမ်မလာနဲ့၊ ညီးဟာ ကလေး ကလေးပီပီမနေဘူး၊ ညီး ပြန်တော့'

ကံဆယ်လေးသည် ဒေါ်ကြာညွန့်အပြောအား နားမလည်ရှာ။ သူ့အမြင်မှာတော့ မမစပယ်စိတ်ချမ်းသာအောင် ကူညီပေးနေခြင်းအပေါ် အပြစ်ရှိသည်ဟုလည်း မယူဆမိပေ။

'ကျွန်မ မမစပယ်ဆီလာလည်တာပါ အရီးညွန့်'

'အောင်မယ်၊ လာ လာချေသေး၊ ဘာတုန်းဟဲ့၊ အောင်သွယ်ရအောင်လာသလား၊ စိတ်ရှိလက်ရှိလုပ်လိုက်ရ ခေါင်းမွေး

www.burmeseclassic.com

တွေ အကုန်ပြောင်ကုန်ရော့မယ်၊ ပြန်ချေစမ်း၊ ညီး ငါ့အိမ်ရိပ် ဘယ်တော့မှ လာမနင်းနဲ့၊ တယ်လေ. . '

မကံဆယ်သည် ထိုမျှအပြောခံရမှပင် ဝမ်းနည်းရမှန်းသိကာ ကလေးပီပီ အသံပြဲကြီးဖြင့် အော်ဟစ်ငိုယိုလိုက်လေ၏။

ကံဆယ်သည် ငိုယိုရင်း အိမ်ဖက်သို့ပြန်လာခဲ့ရာ. . ကံဆယ့်မိခင်မအေးသင်သည် ဒေါ်ကြာညွန့်နှင့် သမီးဖြစ်သူတို့ အော်ကြီးဟစ်ကျယ်စကားများကို နားစွန်နားဖျားကြားမိ၍ အိမ်မှ ထွက်လိုက်လာလေသည်။

'ဟယ်. . သမီး၊ နင် ဘာလို့ငိုသလဲ၊ ပြောစမ်း'

'အီး ဟီး. . ဟီး. . ကျွန်မကို အရီးညွန့်က နှင်လွှတ်တယ်၊ မမစပယ်ဆီကို မလာရဘူးတဲ့၊ အီး ဟီး. . ဟီး'

'ဟင်. . '

'ဟုတ်တယ်ဟေ့၊ ဟုတ်တယ်၊ ညီးသမီးက ငါ့အိမ်လာပြီး အောင်သွယ်လုပ်နေလို့ ငါနှင်လွှတ်လိုက်တယ်၊ ဒီကောင်မလေးကို ငါ့အိမ်ဖက် ဘယ်တော့မှ မလာစေနဲ့အေးသင်'

ဒေါ်ကြာညွန့်သည် ဝင်းတံခါးပေါက်ထိဆင်းလာကာ မအေးသင်သိအောင် အော်ပြောလိုက်လေသည်။

'အို. . မမညွန့်ရယ်၊ ဘဲ့နဲ့ပြောလိုက်တာလဲ၊ ကျွန်မသမီးက ကလေးပါရှင်၊ ဒါတွေနားမလည်ပါဘူး'

'နားမလည်လို့ တော်တော့တယ်တော်၊ ကလေး-ကလေးနဲ့ အိမ်ဦးတက် ချေးပါမယ့်ကလေးပဲ၊ ညီးတို့လည်း ကြပ်ကြပ်သတိထားပါ။ ဘယ်ကမှန်းမသိတဲ့ကောင်ကို လက်ခံထားရင် ညီးတို့ပါ ဒုက္ခရောက်လိမ့်မယ်၊ သိရဲ့လား'

'မဆိုင်လိုက်တာ မမညွန့်ရယ်၊ မမညွန့်က သူကြီးနဲ့ ခမည်းခမက် မတော်ရသေးဘူး၊ လေသံတွေအတော်ပြောင်းသကိုး၊ စိတ်ချပါရှင်၊ ကျွန်မသမီး မမညွန့်အိမ်ဖက်မလာစေရပါဘူး၊ လာ သမီး၊ တိတ်စမ်း၊ ဒါ ငိုစရာမဟုတ်ဖူး'

ဤအသံများကို မစပယ် အတိုင်းသားကြားနေရသော်လည်း ဝင်ရောက်စွက်ဖက်ခွင့်မရှိတော့ပေ။

မကံဆယ်လေးနှင့် အဆက်ပြတ်သွားချိန်မှစ၍ ကိုဒေါနသတင်းများကိုလည်း မကြားရတော့ပါပေ။

ညအခါများတွင် ကိုဒေါန၏ စောင်းသံနှင့်အတူ စပယ်သီချင်းနှစ်ပုဒ်ကို အလှည့်ကျ သီဆိုသံသည်ကား. . ကံဆယ်တို့အိမ်ဖက်မှ ထွက်ပေါ်လာမြဲဖြစ်လေသည်။

!!! !!! !!!

မုန်တိုင်းကား ယခုတလောတွင် နေ့စဉ်ရက်ဆက် အိမ်သို့ရောက်လာလေသည်။

မုန်တိုင်းသည် တိုက်ကွက်ပြောင်းလိုက်ပြီထင်ပါ၏။ ကိုဒေါနမကောင်းကြောင်းများ၊ ကိုဒေါနအပေါ် ချိုးနှိမ်သည့်စကားများကို တစ်စွန်းတစမျှပင် မပြောကြားတော့ပေ။ ကိုဒေါနနှင့်စပ်လျဉ်း၍ အဆိုးအကောင်း တစ်ခုမှပင် မပြောတော့ခြင်းဖြစ်ပေ၏၊ စပယ်ကို သူသာပိုင်ဆိုင်ရမည်ဟု သေချာပေါက်တွက်ထားသောကြောင့်လားမသိချေ။

မုန်တိုင်းသည် မစပယ်တို့ အိမ်သားများအပေါ်၌လည်း အံ့ဩစရာကောင်းအောင် လိုက်လျောဆက်ဆံခဲ့လေသည်။

ညနေတိုင်း ကိုသာအောင်ကို တရင်းတနှီးလာခေါ်ကာ ထန်းတောထဲသို့ ခေါ်သွားသည်။ ထန်းရေအဝတိုက်သည်။

မမှုံတုတ်အတွက်လည်း ပေါင်ဒါများ၊ မျက်နှာချေများ၊ အဝတ်စများဝယ်၍ လက်ဆောင်ပေးသည့်အတွက် မှုံတုတ်တစ်ယောက် မုန်တိုင်းကို အခင်မင်ကြီး ခင်မင်နေလေတော့သည်။

'ဟီ. . ဟီ. . မောင်ဒေါနလေးလည်း သနားတော့သနားပါတယ်၊ မုန်တိုင်းကြီးကလည်း မဆိုးပါဘူး၊ သဘောကောင်းသတော့၊ ဟဲ. . ဟဲ. . '

မုန်တိုင်းအနေဖြင့် မစပယ်၏အိမ်သားများ ကြည်ဖြူစေရန်နှင့် အိမ်ကိုအဝင်အထွက်ကောင်းစေရန် ကြံဆောင်ခြင်းဖြစ်သည်ဟုပင် ယူဆကြလေသည်။

♣♣♣♣♣

www.burmeseclassic.com

◆

သည်သို့ဖြင့်. . အချိန်ကာလတို့သည် တရွေ့ရွေ့ကုန်ဆုံးလာခဲ့ရာ. . နွေကာလလွန်မြောက်၍ မိုးဦးကျရာသီသို့ ရောက်လာခဲ့လေပြီ။

မစပယ်သည် ကိုဒေါနကိုလည်းမတွေ့ရ၊ မကံဆယ်လေးကိုလည်း မမြင်ရပဲ. . အိမ်ထဲမှာသာ အချုပ်အနှောင်ဖြင့် ပျင်းရိငြီးငွေ့ကာ အချိန်ကုန်ခဲ့ရတော့သည်။

ညစဉ်ညတိုင်း ကိုဒေါန၏စောင်းသံကတော့ ပေါ်ထွက်လာစမြဲပင်။ စပယ်သီချင်းနှင့် စပယ်ပေါ်စပယ်ဆင့်သီချင်းများကို မရိုးနိုင်အောင် ကြားရဆဲပင်။

ကိုဒေါန၏ စောင်းသံနှင့်သီချင်းသံက ဒေါ်ကြာညွန့်အတွက်တော့ မိုးကြိုးသံပင်ဖြစ်နေပေတော့၏။ မစပယ်ကို အလစ်မပေးတမ်း ပိုမိုစောင့်ကြပ်ဖို့ တွန်းအားပေးသကဲ့သို့ ဖြစ်ခဲ့လေသည်။

မုန်တိုင်းသည် နေ့စဉ် နေ့လည်ခင်းတိုင်း မစပယ်ထံသို့ အချိန်မှန်ရောက်လာတတ်လေသည်။ မစပယ်သည် မုန်တိုင်းကို ကြည့်ပင်မကြည့်ချင်သော်ငြား. . မိခင်ဖြစ်သူက ဧည့်ခံခိုင်း၍ စိတ်မပါပဲ ထွက်၍ဧည့်ခံရလေသည်။

မုန်တိုင်း အိမ်သို့လာသောအချိန်သည် ဒေါ်ကြာညွန့်အတွက် စိတ်အေးလက်အေး အနားယူအိပ်စက်ချိန်ဖြစ်တော့၏။ သမီးကို မုန်တိုင်းနှင့်အိမ်ရှေ့ခန်းတွင် စိတ်ချလက်ချထားကာ အခန်းထဲဝင်အိပ်ချိန်ဖြစ်ပေသည်။

'ဘဲ့နဲ့လဲ မစပယ်၊ မစပယ်နှုတ်က ကျုပ်ကိုချစ်ပါတယ်ဆိုတဲ့စကား ခုထိပဲမပြောသေးဘူးလားဟင်'

'ကျွန်မမုသားစကားမဆိုချင်ပါဘူး၊ ကျွန်မမှ ရှင့်ကိုမချစ်တာ၊ ဘာလို့ပြောရမှာလဲရှင်'

မုန်တိုင်းက အဓိပ္ပါယ်ဖော်ရခက်သော အပြုံးမျိုးဖြင့်ပြုံးလိုက်လေသည်။

'မကြာခင်ပဲ အကြင်လင်မယားဖြစ်တော့မှာပဲ မစပယ်၊ မင်း ကျုပ်ကို မချစ်ပဲနေလို့ရမလား'

'ရှင် ကျွန်မရဲ့ ခန္ဓာကိုယ်ကိုသာ ရနိုင်ပါလိမ့်မယ်ကိုမုန်တိုင်း၊ ကျွန်မနှလုံးသားနဲ့အချစ်ကတော့ ရှင့်အတွက်မဟုတ်ပါဘူး၊ ကျွန်မခန္ဓာကိုယ်ကိုတောင် ရှင်နဲ့လွဲရအောင် ကျွန်မကကြံဆောင်ဦးမှာပါ'

'ခေါင်းမာလှချည်လားမစပယ်၊ အေးလေ. . ကျုပ်ကလဲ မစပယ်အချစ်ကို မရရအောင် ကြံဆောင်ရမှာပေါ့၊ ကျုပ်ရဲ့အကြင်နာတွေ မေတ္တာတွေနဲ့ မင်းနှုတ်က ချစ်ပါတယ်လို့ဖွင့်ပြောလာအောင် ကြိုးစားရတော့မှာပေါ့ မစပယ်'

မစပယ်က နှုတ်ခမ်းကိုမဲ့ကာ တစ်ဖက်သို့လှည့်လိုက်လေသည်။

'ကျုပ်က မင်းကိုယ်တိုင် သဘောတူတဲ့အထိစောင့်ချင်လို့ မင်္ဂလာပွဲကို ဝါကျွတ်မှလုပ်မယ်လို့ စိတ်ကူးခဲ့တာ၊ အင်း. . ခုလဲ ဝါဝင်နေပါပြီလေ၊ သီတင်းဝါလကျွတ်တာနဲ့ ချက်ချင်းပဲ မင်္ဂလာပွဲလုပ်ရုံရှိတာပဲ၊ ကျုပ်ရင်ခွင်ထဲရောက်မှသာ ချစ်ပါတယ်ဆိုတဲ့စကားကို မင်းနှုတ်ကဖွင့်ပြောပေတော့မစပယ်၊ အဲဒီကျမှ ကိုမုန်တိုင်းဟာ မစပယ်အတွက် တစ်မိုးအောက်တစ်ယောက်ပါလို့ မင်းနှုတ်က ဝန်ခံလာစေရမှာပေါ့မစပယ်'

'ထွီ. . ဝေးသေးတယ်'

♣♣♣♣♣

www.burmeseclassic.com

◆

မောင်ဒေါနနှင့် မစပယ်တို့အတွက် မုန်တိုင်းထန်သော နေ့များကား ရောက်ရှိလာခဲ့လေပြီ။

မုန်တိုင်းဖန်တီးသော မုန်တိုင်းများပင်ဖြစ်ပေတော့၏။

တစ်ခုသောညနေခင်း၌ အိမ်ရှေ့မှဆူဆူညံညံအသံများကြောင့် မစပယ်က အမှတ်မထင်လှမ်းကြည့်လိုက်ရာ မြင်လိုက်ရသော မြင်ကွင်းကြောင့် အသည်းနှလုံးများ ပြောင်းဆန်အောင်တုန်လှုပ်ချောက်ချားသွားရတော့သည်။

လနှင့်ချီကာ မမြင်တွေ့ခဲ့ရသော ချစ်သူမျက်နှာကို မစပယ်မြင်တွေ့လိုက်ရပါသည်။

သို့သော် ချစ်သူကိုမြင်ရသောမြင်ကွင်းကား မလှပပါပေ၊

သူကြီး၏လက်ပါးစေများသည် ကိုဒေါနအား လက်ပြန်ကြိုးတုပ်ကာ ကြမ်းတမ်းစွာခေါ်ဆောင်သွားသော မြင်ကွင်းပင်တည်း။

'ကျွန်တော့်ပစ္စည်း မဟုတ်ရပါဘူး၊ ကျွန်တော့်ပစ္စည်းမဟုတ်ရပါဘူး အစ်ကိုတို့ရယ်'

ကိုဒေါနက သူကြီး၏လက်ပါးစေ လူမိုက်များဆွဲခေါ်ရာပါသွားရင်းမှ နှုတ်မှ တတွတ်တွတ်တောင်းပန်နေလေသည်။

မစပယ်ကို မြင်ကွင်းကိုကြည့်ကာ နားမလည်နိုင်အောင်ရှိပေတော့၏။

ကိုဒေါနသည် မစပယ်တို့အိမ်ရှေ့အရောက်တွင် လသာဆောင်မှထွက်ကြည့်နေသော မစပယ်ကိုမြင်လိုက်လေသည်။

ကိုဒေါနက မစပယ်ကို ရီဝေသောမျက်လုံးများဖြင့်စိုက်ကြည့်နေလေသည်။

ခဏတာ တုန့်ရပ်သွားသော ကိုဒေါနကို သူကြီးလူများက ကြိုးမှဆောင့်ဆွဲလိုက်လေ၏။

'ဟော့. . မိစပယ်၊ အထဲဝင်စမ်း'

ဒေါ်ကြာညွန့်က နောက်မှရောက်လာပြီး မစပယ်ကိုပခုံးမှဆွဲလှည့်ကာ အိမ်ထဲခေါ်သွင်းလိုက်၏။

မစပယ်သည် မြင်လိုက်ရသောမြင်ကွင်းကို နားမလည်နိုင်ပဲ အံ့ဩမင်သက်နေမိ၏။ ကိုဒေါနသည် မည်သည့်ပြစ်မှုကိုကျူးလွန်သနည်း။

မကြာခင်တွင် မမှုံတုတ်သည် အိမ်ထဲသို့ပြေးဝင်လာကာ. . 'မစပယ်ရေ. . မစပယ်'-ဟု အော်ခေါ်လိုက်လေသည်။

ဒေါ်ကြာညွန့်ကိုမြင်လိုက်သည့်အခါတွင်တော့ မှုံတုတ်၏ခြေလှမ်းများ တန့်သွားလေတော့သည်။

'မှုံတုတ်၊ အခုနဟာ ဟိုကောင် ဘာဖြစ်လို့လဲဟဲ့'

ဒေါ်ကြာညွန့်ကိုယ်တိုင် သိလိုဇောဖြင့်မေးလိုက်လေ၏၊

'မောင်ဒေါနရယ်. . မောင်ဒေါနရယ်. . '

'ကိုဒေါန ဘာဖြစ်တာလဲဟင်၊ မမှုံတုတ်၊ ပြောစမ်းပါ'

'မောင်ဒေါနအိပ်ရာအောက်က ဘိန်းထုတ်မိလို့တဲ့'

'ဘာ-'

'ဟုတ်တယ်၊ သူကြီးက သတင်းရလို့ သူ့လူတွေကိုရှာခိုင်းလိုက်တာတဲ့၊ မောင်ဒေါနအိပ်ရာအောက်မှာ ဘိန်းတွေတွေ့လို့တဲ့လေ၊ ဖမ်းခေါ်သွားကြပြီ'

'အို. . မဖြစ်နိုင်ဘူး'

'ကိုင်း. . ငါမပြောဘူးလား မိစပယ်၊ ဘယ်အရပ်ကလာတဲ့ ဘယ်လိုလူမျိုးမှန်းမသိ၊ ညီးမှားလိမ့်မယ်လို့၊ တော်ပါသေးရဲ့၊ ဘိန်းစားနဲ့အချိန်မီအဆက်ပြတ်အောင် လုပ်နိုင်လို့ ငါ့သမီးလေးရေတိမ်မနစ်တယ်'

'အို- မဟုတ်ဖူး၊ မဟုတ်ဖူး၊ ဒါ မဖြစ်နိုင်ဘူး၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး'

မစပယ်က စူးစူးဝါးဝါးအော်ဟစ်လိုက်လေသတည်း။

♣♣♣♣♣

www.burmeseclassic.com

◆

'မစပယ်ရေ. . မောင်ဒေါနလေး သနားပါတယ်ဟယ်၊ သူ့ကို ထိပ်တုံးခတ်ထားတယ်တော့'

နောက်တစ်နေ့မနက်တွင် အပြင်မှပြန်လာသော မမှုံတုတ်က မစပယ်ကို တိုးတိုးတိတ်တိတ် သတင်းပေးလိုက်လေ၏။

'အို. . မမှုံတုတ် ဘယ်လိုသိလဲ၊ ဘာတွေဘယ်လိုဖြစ်တာလဲ၊ ပြောစမ်းပါ'

'ငါ သူကြီးအိမ်သွားကြည့်တာ၊ နောက်ဖေးက နွားတင်းကုပ်ထဲမှာ မောင်ဒေါနကို ထိပ်တုံးခတ်ထားတာတော့'

'ဘာမှုနဲ့လဲ၊ ကိုဒေါနက ဘာလုပ်လို့တဲ့လဲ'

'သူ့အိပ်ရာအောက်က ဘိန်းတွေ့လို့တဲ့လေ'

'ဒါ မဖြစ်နိုင်ပါဘူး၊ တမင်ကြံစည်တာပဲဖြစ်မယ်'

'ကံဆယ့်အဖေ ကိုတင်ဆောင်ကလည်း သူကြီးကိုလာတွေ့ပြီးတောင်းပန်တယ်တော့၊ သူကြီးက မင်းတို့ပါ အမှုပတ်လိမ့်မယ်၊ အရေးယူခံရလိမ့်မယ်၊ ပြန်စမ်း. . ဆိုပြီး မောင်းထုတ်လိုက်တယ်တော်'

'ဒုက္ခပါပဲ၊ ကိုဒေါနဟာ ဘယ်နည်းနဲ့မှ ဘိန်းစားမဖြစ်နိုင်ဘူး၊ ဘိန်းစားဆိုတာ တွေတွေဝေဝေ ပျင်းရိပျင်းတွဲနဲ့ ဘာအလုပ်မှ မလုပ်တဲ့လူမျိုးတွေမဟုတ်လား မမှုံတုတ်'

'အခုဟာက ရွာထဲမှာ ဘိန်းတွေတိတ်တိတ်ပုန်းဖြန့်လို့ဆိုလား၊ ဘာလား၊ ပြောကြတာပဲအေ. . ၊ ဟော. . ဟိုမှာ ကိုရင်သာအောင်ပြန်လာပြီ၊ ကိုရင်သာအောင်ကတော့ သိမှာပဲ'

'ခေါ်လိုက်စမ်းပါ တော့်ယောကျ်ားကြီးကို'

မမှုံတုတ်က ကိုသာအောင်ကို လက်ယပ်ခေါ်လိုက်ရာ ကိုသာအောင်က မလာချင့်လာချင်ပုံမျိုးဖြင့် ရောက်လာလေ၏။

'ကိုရင်သာအောင်၊ ကိုဒေါနသတင်း ဘာကြားသလဲဟင်'

'အို. . မသိဘူး၊ ဒါတွေ ငါနဲ့မဆိုင်ဘူး၊ ဘာမှမသိဘူး၊ ဘာမှမသိဘူး'

ကိုသာအောင်၏ လိုသည်ထက်ပို၍ ပြာပြာသလဲငြင်းလိုက်ပုံကို မစပယ်က အံ့သြသွားလေသည်။

'ကိုရင်သာအောင်က ယောကျ်ားလေးဆိုတော့ ရွာထဲက ပြောတာဆိုတာတွေများ ကြားမလားလို့ ကျွန်မမေးတာပါ ကိုရင်သာအောင်'

'အင်း. . အဲ. . ဒီလိုတဲ့ဟ၊ မောင်ဒေါနက ဒီရွာက ကာလသားတွေကို ဘိန်းစားဖြစ်အောင် လာလုပ်တာတဲ့၊ ဘိန်းတွေတိတ်တိတ်ပုန်းဖြန့်တယ်တဲ့၊ အဲဒါကို သူကြီးသိသွားပြီး ဖမ်းတာ'

'မဖြစ်နိုင်ဘူး၊ ဘိန်းဆိုတာ တန်ဖိုးကြီးတယ်မဟုတ်လား၊ ဒါမျိုးကိုဖြန့်နိုင်တဲ့လူက သူများအိမ်မှာ သူရင်းငှားလုပ်မလား'

'အဲဒါတော့ ငါမသိဘူး၊ ငါနဲ့မဆိုင်ဘူးနော်'

'ကိုဒေါနသာ ဘိန်းဖြန့်ရှိုးမှန်ရင် ရွာကကာလသားတွေနဲ့ တပူးပူးတတွဲတွဲ တွေ့ရမှာပေါ့၊ ကိုဒေါနက ဘယ်သူနဲ့မှအပေါင်းအသင်းမလုပ်ပဲ အားရင် သူ့ဟာသူ စောင်းတီးနေတာကို'

'မသိပါဘူးဟာ၊ ငါလည်း နားမလည်ဘူး၊ သူများပြောတာ ပြောရတာပဲ၊ ရှုပ်ပါတယ်ဟာ'

ကိုသာအောင်က မစပယ်တို့ရှေ့မှထွက်သွားလေသည်။

ကိုသာအောင် စကားပြောမှုမမှန်ပုံများကို မစပယ် ဇဝေဇဝါဖြစ်နေမိသည်။ ကိုဒေါနသတင်းကို သူကြားသိသလောက်ကလေး ပြန်ပြောပြဖို့ မေးရှုံနှင့်ပင်. . မပြောချင်သလို၊ ရှောင်ဖယ်ဖယ်လုပ်နေသည်ဟု ထင်မိသည်။

'ဘုရား. . ဘုရား. . ကိုဒေါန အနှိပ်စက်များခံရဦးမှာလားမသိဘူး မမှုံတုတ်ရယ်'

'ခိုးသားဓမြဖမ်းမိရင်တော့ သူကြီးလူတွေက ရိုက်လား နှက်လားလုပ်တာပဲလေ၊ မောင်ဒေါနကိုတော့ မသိဘူး၊ သနားပါတယ်အေ. . ၊ ဘာပဲဖြစ်ဖြစ် မောင်ဒေါနကို မြို့က ပုလိပ်ဂတ်တဲပို့မှာပဲအေ့'

www.burmeseclassic.com

'ဒီမယ်. . မမျိုတုတ်၊ ကျွန်မပြောမယ့်စကားကို တော်နားထဲမှာပဲထားနော်၊ ကျွန်မတော့ ဒါ ကိုမုန်တိုင်းစနက်ပဲလို့ထင်တယ်'

'ဟုတ်တယ်၊ ငါလဲထင်တယ်၊ မပြောရဲလို့'

'ကံဆယ်လေးတို့အိမ်ကို တော်သွားစမ်းပါ၊ ရီးလေးအေးသင်ကိုမေးကြည့်၊ ခုတလော အိမ်ကိုဘယ်သူတွေလာသလဲလို့၊ ဘာမသင်္ကာစရာရှိလဲလို့၊ သူကြီးလူတွေဘာတွေ လာသလားပေါ့တော်၊ မေးကြည့်စမ်းပါ'

'အေး. . အေး. . '

'အမေမသိစေနဲ့နော်၊ ရီးလေးအေးသင်ကိုလည်း ဒီကိစ္စနဲ့ပတ်သက်ပြီး ဘယ်လိုထင်သလဲ ဆိုတာပါ မေးခဲ့၊ မမျိုတုတ်၊ တော်- ပိပိရိရိလုပ်နော်၊ ဒါ အရေးကြီးတယ်၊ စကားလည်း မဖွာနဲ့'

'အေးပါအေ. . ဒါလောက်တော့ ငါနားလည်ပါတယ်'

!!! !!! !!!

ညနေပိုင်းတွင် မုန်တိုင်းရောက်လာသည်။

မုန်တိုင်းက သာမန်ရပ်ရွာသတင်းတစ်ပုဒ်ကို ပြောသလိုမျိုးဖြင့် ကိုဒေါနအကြောင်းကိုပြောပြလေသည်။

'မစပယ်မိတ်ဆွေ ဒေါနဆိုတဲ့လူဗျာ၊ တော်တော်ဆိုးတာပဲ၊ သူ့အိပ်ရာအောက်က ဘိန်းတွေဖမ်းမိလို့မစပယ်၊ မနေ့ကပဲ အဖေ သူ့ကိုဖမ်းလိုက်ရတယ်၊ မစပယ်ကြားမိသလား'

'ကြားမိရုံတင်မဟုတ်ပါဘူး၊ ရှင့်အဖေတပည့်တွေက မညာမတာ ဖမ်းချုပ်ခေါ်သွားတာကိုပါ ကျွန်မမျက်စိနဲ့မြင်လိုက်ပါတယ်'

'အင်း. . သနားစရာပဲ၊ အဖေ့မလဲ သူကြီးဆိုတော့ အရေးယူရတာပေါ့ဗျာ၊ သူ့အမှုကလည်းကြီးသကိုး၊ လူကြည့်တော့ ပျော့နွဲ့နွဲ့နဲ့၊ ဘိန်းဖြန့်သတဲ့ဗျာ၊ သူကိုယ်တိုင်လည်း ရှုမှာပေါ့လေ၊ ဒါဟာ တစ်ရွာလုံးက ယောကျာ်းတွေကို ဘိန်းစွဲအောင်လုပ်တဲ့အမှုပဲမစပယ်၊ သိပ်အပြစ်ကြီးတယ်'

'တော်စမ်းပါရှင်၊ ကိုဒေါနဘိန်းစားတယ်ဆိုတာ ကျွန်မတော့ မယုံဘူး၊ ဘိန်းဖြန့်တာလဲ မဖြစ်နိုင်ဘူး၊ ဒါဟာ မလိုသူတွေထောင်ချောက်ဆင်တာပဲ၊ ကျွန်မသိပါတယ်၊ ဘာပဲဖြစ်ဖြစ်တရားကို နတ်စောင့်ပါတယ်လေ'

မုန်တိုင်းက မျက်နှာပျက်သွားလေသည်။ ပျက်သွားသောမျက်နှာကို ပြန်တည်ရင်းမှ မစပယ်ကိုမေးလိုက်သည်။

'မစပယ် ဘာကိုဆိုလိုတာလဲဟင်'

'ကျွန်မ ဘာဆိုလိုတယ်ဆိုတာ ကျွန်မကိုယ်တိုင်လည်း ရေရေရာရာ မပြောတတ်ပါဘူး၊ အလုံးစုံမှ မသိရသေးတာ၊ ကျွန်မရင်ထဲကတော့ အလိုလိုသိနေတယ်၊ ကိုဒေါနဟာ ဘိန်းစားမဟုတ်ဘူး၊ သူဟာ လူရိုးလူကောင်းတစ်ယောက်ပါ'

'မစပယ်က တစ်ဖက်သားကို သိပ်ယုံသကိုး၊ လူဆိုးဆိုတာ ဂျိုပေါက်နေတာမဟုတ်ဘူးဗျ၊ အခုခေတ်မှာ ဘိန်းမှုဟာ အပြစ်အကြီးဆုံးပဲ၊ ဗြိတိသျှအစိုးရကလည်း ဒါကိုပဲ ဂရုစိုက်နှိမ်နင်းနေတာ၊ ဒေါနတစ်ယောက်တော့ ပြစ်ဒဏ်ကြီးကြီးလေးလေး စီရင်ခံရမှာ မြင်ယောင်သေးသဗျာ'

'နတ်ကောင်း နတ်မြတ်တွေကလဲ တစ်ဖက်သားအပေါ် မကောင်းကြံစည်တဲ့သူတွေကို ကြည့်နေမှာမဟုတ်ပါဘူး၊ တရားသဖြင့်ဖြစ်အောင် စီရင်ပါလိမ့်မယ်'

♣♣♣♣♣

www.burmeseclassic.com

◆

မမှုံတုတ် သွားရောက်စုံစမ်းသည်မှာလည်း ထူးထူးခြားခြား မသိခဲ့ရပေ။

မမှုံတုတ်သည် မစပယ်ခိုင်းစေချက်အရ မကံဆယ်လေးတို့အိမ်ကိုသွားကာ ဒေါ်အေးသင်ကို မေးမြန်းတီးခေါက်ကြည့်ခဲ့သည်။

တစ်ပတ်အတွင်း သူတို့အိမ်သို့ မည်သည့်ဧည့်သည်မှ မလာ၊ မည်သည့်သူစိမ်းမှမလာဘူးဟု ပြန်ပြောခဲ့လေသည်။ အိပ်ရာအောက်မှ ဘိန်းထုတ်တွေ့ခြင်းကို ဦးတင်ဆောင်ရော၊ ဒေါ်အေးသင်ကပါ ကိုဒေါနအပေါ် သံသယကင်းခဲ့ကြသည်။

ထို့ကြောင့်ပင် ဦးတင်ဆောင်က သူကြီးအိမ်သွားကာ တောင်းပန်ရင်း ကိုဒေါနအတွက် အာမခံခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် သူကြီးက ကြီးလေးသောပြစ်မှုဖြစ်၍လွှတ်မပေးနိုင်ဟု ငြင်းဆန်ခဲ့သည်အပြင်. . ဦးတင်ဆောင်ကိုလည်း ကြံရာပါအဖြစ် အရေးယူခံချင်သလားဆိုကာ. . ငေါက်ငန်းလွှတ်လိုက်သည်ဟု ဆိုလေသည်။

'အစ်မအေးသင်တို့ လင်မယားကလဲ သိပ်ပြီး မခံချင်ဖြစ်နေကြတယ်၊ သူတို့က မောင်ဒေါနကို ချစ်ကြတယ်လေ၊ ဒီဘိန်းထုတ် မောင်ဒေါနအိပ်ရာအောက် ဘယ်လိုရောက်နေတယ်ဆိုတာ စဉ်းစားမရကြဘူးတဲ့၊ အိမ်ကိုလည်း ဘယ်သူမှမလာဘူးတဲ့၊ ကံဆယ်လေးလည်း မျက်ရည်နဲ့မျက်ခွက်ပဲမစပယ်ရယ်၊ မောင်ဒေါနကိုဖမ်းသွားကတည်းက ငိုနေရှာတာတဲ့'

ကြီးနိုင်ငယ်ညှင်း နိုင်ရာစား ခေတ်ကြီးပါတကား။

မဟုတ်မမှန် လုပ်ကြံလီဆည်ခြင်းခံရသည်ကို သိပါရက်နှင့် မည်သို့မှမတုန့်ပြန်နိုင်ပဲ ငုံ့ခံနေကြရပေသည်။

မစပယ်က ဘုရားရှေ့တွင် သစ္စာဆိုတိုင်တည်လိုက်လေသည်။

'မြတ်စွာဘုရားနှင့်တကွ နတ်ကောင်းနတ်မြတ်များ၊ မတရားမှုကို ကြည့်မနေကြပါနဲ့၊ အမှန်တရားအတိုင်းဖြစ်အောင် ကူညီစောင့်ရှောက်တော်မူပါ. .၊ တပည့်တော်မ၏ ကိုဒေါနအပေါ်ထားရှိသောချစ်ခြင်းမေတ္တာ စစ်မှန်ပါက. . ဤပြစ်မှုမှ ကိုဒေါနကွင်းလုံးကျွတ်လွတ်မြောက်ရပါစေသတည်း. .'

ကျောက်ကွေ့ရွာတွင် ညစဉ်ကြားနေကျ မောင်ဒေါန၏ စောင်းသံသည်လည်း တိတ်ခဲ့လေပြီ။

စောင်းသံတိတ်ခဲ့သည်မှာ သုံးရက်ရှိလေပြီ။

♣♣♣♣♣

◆

ကိုဒေါနအား ဖမ်းချုပ်ထားသည်မှာ လေးရက်ပြည့်သောနေ့။

လေးရက်ကြာသည့်တိုင်. . ကိုဒေါနကို မြို့ဂတ်တဲသို့ မပို့သေးချေ။

မမှုံတုတ်သည် ကိုဒေါန ထိပ်တုံးခတ်ခံထားရသည်ကို နေ့စဉ်သွားကြည့်ကာ. . မစပယ်ကို ပြန်ပြောပြလေသည်။

သူကြီးအိမ်တွင် ထိပ်တုံးခတ်ခံထားရသော ရာဇဝတ်သားများကို မည်သူမဆို လာရောက်ကြည့်ရှုနိုင်လေ၏။ ရာဇဝတ်မှုကျူးလွန်သူများ မည်သို့ပြစ်ဒဏ်ခံရသည်ကို မြင်ခြင်းအားဖြင့် ခိုးဆိုးလုယက်လိုစိတ်များ ပပျောက်စေရန်ရည်ရွယ်ချက်ဖြင့် ရှေးကတည်းက စီစဉ်ထားသော ထုံးစံဖြစ်ပါသည်။

'သနားပါတယ်အေ၊ မိုးတွေကရွာတော့ နွားတင်းကုပ်ထဲကို ရေတွေဝင်တယ်မှတ်လား၊ မောင်ဒေါနကို မြေကြီးပေါ်မှာ ထိပ်တုံးခတ်ထားတော့ ရေထဲမှာ နေနေရရှာတယ်'

'တော် ကိုဒေါနနဲ့ စကားပြောလို့မရဘူးလား မမှုံတုတ်'

'ဘယ်ရမှာလဲအေ့၊ ကြည့်ရုံကြည့်ခွင့်ပြုထားတာ၊ ဘေးမှာ **ဖြောက်ကြီး**. . ဆိုတဲ့ သူကြီးတပည့် လူမိုက်က တစ်ချိန်လုံးစောင့်ကြည့်နေတာ၊ ထိပ်တုံးကိုခတ်တဲ့ သော့တွဲကြီးကို သူ့ခါး

www.burmeseclassic.com

မှာချိတ်လို့၊ သူကတော့ ထန်းရေအိုးကို ဘေးချပြီး တစွတ်စွတ် သောက်နေတာလေ’

မိုးနှင့်အပြိုင် မစပယ် မျက်ရည်မိုးစွေရလေပြီ။

ထိုနေ့သည် မြန်မာသက္ကရာဇ် ၁၂၇၄ခုနှစ် ဝါခေါင်လပြည့်နေ့ဖြစ်ကာ မိုးသည် တစ်နေ့လုံးစွေနေလေ၏။

မစပယ်သည် မိုးရေစိုသော ရွှံ့ဗွက်တောထဲဝယ် ဒုက္ခခံနေရမည့် ချစ်သူကိုမြင်ယောင်ကာ.. ရင်ထဲမှာ နာကျင်နေမိသည်။

အိမ်ပြတင်းပေါက်တွင်ထိုင်ကာ တစက်စက် တပေါက်ပေါက်ဖြင့် ရွာသွန်းဖြိုးနေသော မိုးရေများကို အဓိပ္ပါယ်မဲ့ ငေးမောကြည့်နေမိ၏။

‘ရွှတ်.. ရွှတ်..’

ခြံဒေါင့်မှ အသံကိုကြားလိုက်ရသောကြောင့် မစပယ်ကလှည့်ကြည့်လိုက်ရာ ကိုသာအောင်ကို တွေ့လိုက်ရလေသည်။

ကိုသာအောင်က မစပယ်လှည့်အကြည့်တွင် နှုတ်ခမ်းကိုလက်ညှိုးဖြင့်ကပ်ကာ.. တီးတိုးနေရန် အမူအရာလုပ်ပြလိုက်လေ၏။

မစပယ်သည် ပြောစရာစကားရှိပါက အိမ်ပေါ်တက်လာပြော၍ ရပါလျက်နှင့် လျှို့လျှို့ဝှက်ဝှက် အမူအရာပြနေသော ကိုသာအောင်ကို အံ့သြသွားလေသည်။ ကိုသာအောင့်အမူအရာက အရေးကြီးသော တစ်စုံတရာကို အသိပေးလိုသောဟန်မျိုးဖြစ်လေသည်။

ကိုသာအောင်က သူ့လက်ထဲမှ အရာလေးတစ်ခုကို မစပယ်မြင်အောင် ထောင်ပြလိုက်လေသည်။ ဘာဆိုတာကိုတော့ ဝေးနေ၍ မသဲကွဲချေ။

မစပယ်က အိမ်အတွင်းဖက်သို့လှည့်၍အကဲခတ်လိုက်ရာ ဘယ်သူ့ကိုမှမမြင်၍.. ကိုသာအောင်ကို လက်ယပ်ခေါ်လိုက်လေသည်။

ကိုသာအောင်သည် မစပယ်ထိုင်နေသောပြတင်းပေါက်ဘေးနံရံကိုကပ်ကာ တိတ်တဆိတ်လျှောက်လာလေ၏။

မစပယ်အနီးသို့အရောက်တွင် လက်ကိုမြှောက်၍ သူ့လက်ထဲမှအရာလေးကို လှမ်းပေးလိုက်လေသည်။

မစပယ်လည်း ဆတ်ကနဲလျှင်မြန်စွာ လှမ်းယူထားလိုက်လေ၏။

ကိုသာအောင်က အပြေးတစ်ပိုင်း ပြန်ထွက်သွားလေတော့သည်။

မစပယ်က ပတ်ဝန်းကျင်ကိုအကဲခတ်ရင်း လက်ထဲတွင် ဆုပ်ထားမိသောအရာလေးကို ငုံ့ကြည့်လိုက်သည်။

စာရွက်တစ်ရွက်ကို လုံးထားခြင်းဖြစ်ပါ၏။

စာရွက်ကိုဖြန့်လိုက်သည့်အခါ စာရွက်မှာ မျက်နှာချေထည့်သည့်အိတ်ဖြစ်နေလေသည်။ မျက်နှာချေအိတ်ကို ဖြန့်ကာ အတွင်းဖက် စာရွက်အဖြူသားပေါ်တွင် ခဲဖြင့်ရေးခြစ်ထားသော ကိုသာအောင်၏ မညီညာသည့်လက်ရေးများကိုတွေ့လိုက်ရလေတော့သည်။

မစပယ်က အလင်းရောင်ရစေရန် ပြတင်းပေါက်ကို ကျောခိုင်း၍ စာကိုဖတ်ကြည့်လိုက်သည်။

**ညစာထမင်းကို မစားပါနဲ့**

‘ဟင်.. ဘာသဘောပါလိမ့်’

ဘာပဲဖြစ်ဖြစ် လျှို့ဝှက်ချက်တစ်ခုခုဆိုတာ သိလိုက်ပြီး စာကလေးကို ပြန်လည်လုံးချေ၍ ရင်ပတ်ကြားထဲထိုးထည့်ထားလိုက်သည်။

ထိုစဉ်မှာပင်.. မမှုံတုတ် နောက်မှရောက်လာပြီး..

‘မစပယ် ထမင်းစားကြစို့’

အချိန်မှာ ညနေငါးနာရီခန့်ရှိပေပြီ။ တောရွာဓလေ့အတိုင်း ညစာထမင်းစားချိန်ဖြစ်ပေ၏။

‘ကျွန်မမစားသေးဘူး မမှုံတုတ်’

မမှုံတုတ်က တစ်ချက်သန်းဝေလိုက်ရင်း..

‘ဦးကြီးနဲ့ဒေါ်ကြီးက စောင့်နေကြပြီ’

www.burmeseclassic.com

'စားနှင့်လို့ပြောလိုက်၊ နေ့. . နေ- ကျွန်မကိုယ်တိုင် လိုက်ပြောလိုက်မယ်'

မမှုံတုတ်က ဝါးကနဲသန်းလိုက်ပြန်လေသည်။

'ဒီနေ့ ဘာဖြစ်တယ်မသိဘူး၊ အစောကြီးအိပ်ချင်နေတယ်အေ'

မစပယ်က မိဘများ ထမင်းစားစောင့်နေသည့်စားပွဲဝိုင်းသို့သွားကာ မစားသေးကြောင်း ပြောလိုက်သည်။

'ကျွန်မ ရင်တွေပြည့်နေလို့ အဖေနဲ့အမေ စားနှင့်ကြပါ'

'ဟဲ့- နင် ဘာတွေစားထားသတုံး ငါ့သမီး'

အဖေက မေးသည်။

'နေ့လည်က စားကောင်းကောင်းနဲ့ ငှက်ပျောသီးကြော်တွေ စားလိုက်တာအဖေ၊ ရင်ခံနေတယ်'

'အေး. . အေး. . ဒါဖြင့်ပြီးရော. . '

မစပယ်သည် ထမင်းဝိုင်းနားတွင်ပင် ထိုင်နေလိုက်လေ၏။ သူမ တကယ်လည်း ထမင်းစားချင်စိတ်မရှိပေ။ ကိုသာအောင်က ဘာကြောင့် ထမင်းမစားနဲ့လို့ တားသည်ကို စဉ်းစားလို့မရ။

ထမင်းဝိုင်းဘေးမှာ လိုသမျှဖြည့်ဆည်းပေးနေသော မမှုံတုတ်သည် မကြာခဏသန်းဝေနေပေ၏။

ခဏနေတော့ အဖေနှင့်အမေ ထမင်းစားလို့ပြီးသွားသည်။

မိဘနှစ်ပါးက ရေနွေးကြမ်းတစ်အိုးနှင့် အိမ်ဦးခန်းတွင် စကားစမြည်ပြောဆိုနေကြလေသည်။

ရေနွေးကြမ်းတစ်ခွက်ပင် ကုန်အောင်မသောက်ရသေး။ ဦးဘစံရော ဒေါ်ကြာညွန့်ပါ ငိုက်မြည်းလာပြီး ဝါးကနဲ. . ဝါးကနဲ သန်းဝေနေကြလေသည်။

'ဘယ်လိုဖြစ်တယ်မသိဘူး၊ စောစောစီးစီး အိပ်ချင်စိတ်ပေါက်လာတယ်'

'မိုးအေးလို့ထင်ပါရဲ့ရှင်မရယ်. . ၊ ငါလည်း ထမင်းဆိပ်တက်သဟေ့၊ ခဏမှိန်းလိုက်ဦးမှ'

ဦးဘစံက ဝါးဆစ်ခေါင်းအုံးလေးကိုယူကာ ဘုရားစင်ရှေ့တွင် လှဲချလိုက်သည်။

'ဟဲ့. . မှုံတုတ်၊ ငါလည်း မှိန်းချေဦးမယ်၊ ညီးမပြန်နဲ့ဦး၊ စောင့်နေဦး၊ သိလား'

ဒေါ်ကြာညွန့်က မမှုံတုတ်ထံမှ စကားပြန်ကိုပင်မစောင့်ပဲ အခန်းထဲသို့ ဝင်သွားလေသည်။

မမှုံတုတ်က ဒေါ်ကြာညွန့်ပြောသောစကားကိုပင် ကြားဟန်မတူပါ။ အခန်းနံရံကိုမှီကာ ငုတ်တုတ်ကြီး အိပ်မောကျနေလေ၏။

မစပယ်သည် အိမ်သားများကိုကြည့်ကာ အံ့သြနေမိ၏။

ဒီနေ့ထူးခြားလှချေလား။

ဘာတွေဖြစ်ပါလိမ့်၊ ကိုသာအောင်ကလည်း သူ့ကို ထမင်းမစားဖို့ တကူးတကပြောထားနှင့်သည်။

**!!! !!! !!!**

မစပယ်စဉ်းစားနေတုံးမှာပဲ. . အိမ်ပေါက်ဝတွင် ကိုသာအောင်ပေါ်လာကာ. . မစပယ်ကို လက်ယပ်ခေါ်လိုက်သည်။

မစပယ်သည် လျှင်မြန်စွာထကာ ကိုသာအောင်နောက်သို့လိုက်သွားလိုက်၏။

ကိုသာအောင်က ခြံနောက်ဖေး မကျီးပင်ကြီးအောက်သွားနှင့်ကာ ရပ်စောင့်နေသည်။

'သူတို့ အိပ်ကုန်ကြပြီမှုတ်လား'

မစပယ် သူ့အနားရောက်သည်နှင့် ကိုသာအောင်က မေးလိုက်၏။

'ဟုတ်တယ်၊ ဘာဖြစ်ကြတယ်မသိဘူး၊ အမေတို့ရော၊ မမှုံတုတ်ကြီးရော. . '

www.burmeseclassic.com

'အဲဒါ ဟင်းတွေထဲမှာ အိပ်ဆေးမှုန့်တွေ ငါခပ်ထည့်ထားလို့ မစပယ်'

'ဟင်. . ဘာဖြစ်လို့ ဒီလိုလုပ်. . '

'စကားကြာကြာပြောဖို့ အချိန်မရှိဘူး၊ မစပယ် နင်ပြေးပေတော့'

'ဟင်. . ကိုရင်သာအောင်၊ ကျွန်မက ဘယ်ကိုပြေးရမှာလဲ'

'နောက်ဖေးပေါက်ကထွက်၊ ကံဆယ်လေးစောင့်နေတာတွေ့လိမ့်မယ်၊ သချိုင်းထိပ်ကစောင့်နေကြ၊ ငါ မောင်ဒေါနကိုအချုပ်ကလွတ်အောင်လုပ်ပြီး နင်တို့ဆီလွှတ်ပေးလိုက်မယ်'

'ကိုရင်သာအောင်၊ ရှင် ဘာတွေလုပ်နေတာလဲ၊ တကယ်ပဲလား ဟင်'

'တကယ်ပါမစပယ်၊ ငါ့မိုက်ပြစ်အတွက် ငါစိတ်မကောင်းလွန်းလို့ပါ။ တကယ်တော့ မောင်ဒေါနအိပ်ရာအောက်မှာ ဘိန်းထုတ်သွားထားတာ ငါကိုယ်တိုင်ပဲ'

'အို. . '

'ငါလည်း မုန်တိုင်းခိုင်းလို့ မလွှဲသာပဲလုပ်ရပါတယ်၊ သူက ငါတို့လင်မယားကို လိုလေသေးမရှိအောင် ပေးကမ်းနေတာမှတ်လား၊ ငါလည်း အဲဒီကျေးဇူးတွေထောက်ပြီး လုပ်မိတယ်ဟာ'

'ကိုရင်သာအောင်ရယ်. . '

'လုပ်ပြီးမှ ငါစိတ်မကောင်းပါဘူး၊ နင်တို့နှစ်ယောက်စလုံးကိုလည်း ငါသနားတယ်၊ အဲဒါကြောင့် ဒီနေ့တော့ နင်တို့လွတ်မြောက်အောင် ငါကူမယ်လို့ဆုံးဖြတ်ပြီး ဟင်းထဲမှာ အိပ်ဆေးတွေထည့်လိုက်တာ'

'အို. . '

'မောင်ဒေါနကိုစောင့်တဲ့ ပြောက်ကြီးရဲ့ ထန်းရေအိုးထဲမှာလည်း ငါအိပ်ဆေးတွေခပ်ထားပြီးပြီ၊ သူ့ဖို့အမြည်းဆိုပြီး ငါကိုယ်တိုင်ချက်သွားတဲ့ အမဲဝမ်းတွင်းသားဟင်းထဲမှာလည်း အိပ်ဆေးတွေခပ်ထားတယ်မစပယ်၊ ပြောက်ကြီးက ထန်းရေရော အမြည်းရော ငါ့ရှေ့မှာတင်စားတယ်သောက်တယ်၊ ခုလောက်ရှိ ဒီကောင်ကြီးအိပ်ပျော်လောက်ပြီ၊ မုန်တိုင်းတို့ကလည်း ခုအချိန်ဆိုထန်းတောမှာဟ၊ အချုပ်တဲထဲမှာ ဘယ်သူမှမရှိဘူး၊ ပြောက်ကြီးအိပ်ပျော်နေရင် သူ့ခါးကြားထဲကသော့ကိုယူဖို့ လွယ်လွယ်လေး၊ ထိပ်တုံးကိုဖွင့်ပြီး မောင်ဒေါနကိုလွှတ်ပေးလိုက်မယ်၊ နင်ပြေးနှင့်ပေတော့၊ မကံဆယ်လေး နောက်ဖေးက ညောင်ပင်ကြီးအောက်မှာစောင့်နေလေရဲ့၊ နင့်ကိုလိုက်ပို့လိမ့်မယ်မစပယ်'

'ကိုရင်သာအောင်ရယ်၊ တော်ကို ကျေးဇူးတင်ပါတယ်တော်'

'ငါ့မိုက်ပြစ်အတွက် ငါပြန်ပြီးပေးဆပ်ရမယ်လေ၊ ကဲ- ဒါတွေပြောနေ အချိန်ကြာပါတယ်၊ သွားပေတော့ မစပယ်၊ နောက်ကိစ္စ နောက်မှ ငါကြည့်ရှင်းမယ်၊ ဘာမှယူမနေနဲ့တော့၊ အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ ဒီနယ်မြေက လွတ်အောင်သာ ကိုယ်လွတ်ရုန်းပြေးကြပေတော့၊ သွား- သွား-'

**!!!　!!!　!!!**

နောက်ဖေးဖက် ခြံစည်းရိုးအပျက်ကို ကျော်၍ မစပယ် ထွက်လာသည့်အခါ. . ညောင်ပင်ကြီးအောက်တွင် စောင့်နေသော မကံဆယ်လေးက လှမ်း၍ အသံပေးလိုက်သည်။

'မမစပယ်၊ မမစပယ်၊ ကျွန်မဒီမှာ. . '

'ကံဆယ်. . '

'မမစပယ်၊ လာ. . ပြေးကြစို့၊ ဦးလေးသာအောင်က ကျွန်မတို့ကို သချိုင်းကုန်းထဲက စောင့်ခိုင်းထားတာ'

ကံဆယ်နှင့် မစပယ်တို့သည် တစ်ယောက်လက် တစ်ယောက်ဆွဲကာ မပြေးရုံတမယ် ခပ်သွက်သွက်လျှောက်ခဲ့ကြလေ၏။ မိုးက ရွာနေဆဲပင်။ သည်းသည်းမည်းမည်းကြီးမဟုတ်ပါပဲ တစိမ့်စိမ့်စွေ၍ ရွာသွန်းနေခြင်းဖြစ်ပါ၏။

www.burmeseclassic.com

မစပယ်သည် ကြိုတင်အစီအစဉ်မရှိပါပဲ ထွက်လာရ၍ ခေါင်းပေါ်မှာအဆောင်းမပါ။ အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် ဖြစ်သည်။ ကံဆယ်ကတော့ ခမောက်ဆောင်းထားပေ၏။

'နင့်လက်ထဲက အထုတ်က ဘာလဲ ကံဆယ်'

ကံဆယ်က လမ်းလျှောက်ရင်းမှ ပုဆိုးစုတ်နှင့်လုံးထွေးထားသော အထုပ်ကလေးကို လှုပ်ပြလိုက်သည်။

'မမစပယ်ပေးထားတဲ့ ပုဝါလေးလေ၊ ကိုကြီးဒေါ်နရဲ့ ပုဝါလေး၊ အိမ်မှာကျန်နေလို့ယူလာတာ'

'ဩော်. . ကံဆယ်ရယ်'

သူတို့နှစ်ယောက် သချိုင်းကုန်းထဲဝင်လာတော့ သချိုင်းထဲမှာ လူသူရှင်းလင်းတိတ်ဆိတ်နေသည်။

မိုးရွာနေချိန်ဖြစ်၍ ဖြတ်သွားဖြတ်လာမရှိကြ။ အချိန်ကလည်း နေဝင်ရီတရောအချိန်ဖြစ်ပေရာ ဤအချိန်မျိုးတွင် သချိုင်းထဲမှ ဖြတ်သန်းရမည့်ကိစ္စမျိုးကို ရှောင်ကျဉ်ကြပေသည်။

မစပယ်ကမူ သချိုင်းကိုလည်း ကြောက်ရွံ့မနေအားတော့ပေ။ သူတို့အကြံအစည်ပေါ်သွားမှာကိုစိုးရိမ်သည်။ နောက်မှ မိဘများလိုက်လာမှာကိုစိုးရိမ်သည်။ ကိုဒေါ်နလွတ်မြောက်ဖို့ကိစ္စ အဆင်မပြေမှာကိုလည်းစိုးရိမ်သည်။ စိုးရိမ်စိတ်များကြောင့် သချိုင်းကုန်းကိုပင် ကြောက်ရွံ့ဖို့ မေ့နေရတော့၏။

'မိုးတွေက ရွာနေတုံးပဲ၊ ကျွန်မတို့ ဇရပ်ပေါ်တက်နေမှ ဖြစ်မယ်မမစပယ်'

'အေး. . ဇရပ်ပေါ်ကနေ ကိုဒေါ်နတို့ကို စောင့်ကြတာပေါ့'

အသုဘများကို သရဏဂုံတင်သည့် ဇရပ်ပေါ်သို့တက်ခဲ့ကြ၏။

သချိုင်းသည် လူသံတိတ်ဆိတ်နေကာ. . သစ်ပင်ကြီးများ ယိမ်းနွဲ့လှုပ်ရှားသံ၊ မိုးရေကျသံများဖြင့်သာ ဆူညံနေလေသည်။ ဇရပ်ခေါင်မိုးသွပ်ပြားပေါ်သို့ မိုးရေကျသံများကလည်း တဗျောင်းဗျောင်းဆူညံနေပေ၏။

ဇရပ်ပေါ်မှကြည့်လျှင် သချိုင်းမြင်ကွင်းတစ်ခုလုံးကိုမြင်နေရပေသည်။

နေဝင်စ မှောင်ရီရီကြားဝယ် အုတ်ဂူများ၊ မြေပုံများက လှုပ်ရှားမှုကင်းမဲ့စွာတည်နေပုံက စိတ်ချောက်ချားဖွယ်ကောင်းလှလေသည်။

'ညီးကို ကိုရင်သာအောင်က ဘယ်လိုပြောပြီး ခေါ်လာတာလဲ ကံဆယ်'

မစပယ်က စိတ်ချောက်ချားမှုပြေပျောက်စေရန် စကားစရှာ၍ ကံဆယ့်ကို မေးလိုက်သည်။

'ကိုကြီးဒေါ်နကို ထိပ်တုံးက ရအောင်ဖြုတ်ပေးမယ်တဲ့၊ သူကြံစည်ထားပြီးသားတဲ့၊ မမစပယ်အဖော်ရအောင် သချိုင်းထဲကစောင့်ပေးဖို့ လာခေါ်တာ'

'ညီးအမေသိလား'

'မသိဘူး၊ ဘယ်သူမှ မသိဘူး၊ ဦးလေးသာအောင်က ဘယ်သူ့မှ မပြောရဘူးတဲ့၊ ကျွန်မလည်း အမေတို့မသိအောင် တိတ်တိတ်ထွက်လာခဲ့တာမမစပယ်'

'ကိုဒေါ်နလွတ်ဖို့ အဆင်မှပြေပါ့မလားအေ၊ အနားမှာ လူတွေရှိနေရင် ကြံစည်လို့ရမှာမဟုတ်ဖူး'

'ကိုကြီးဒေါ်နနဲ့ မမစပယ် ဘယ်ကိုသွားကြမှာလဲဟင်'

'သူခေါ်ရာနောက် လိုက်ရမှာပေါ့အေ'

'မမစပယ်တို့ ရွာကိုပြန်လာကြပါနော်'

ကံဆယ့်စကားကြောင့် ရှေ့ရေးကိုတွေးကာ ရင်လေးသွားလေသည်။ မစပယ်တို့ရှေ့ရေးသည် မရေရာပါတကား။

'ဟော. . မမစပယ်၊ ဟောဟိုမှာ လာနေကြပြီ'

ကံဆယ်က သချိုင်းအဝင်ဝကို လက်ညှိုးထိုး၍ ပြောလိုက်၏။

သချိုင်းအဝမှ ခပ်သုတ်သုတ်ဝင်လာသော ကိုဒေါ်နနှင့် ကိုသာအောင်ကို မြင်လိုက်ရလေသည်။

မစပယ်က ဇရပ်အောက်ကိုဆင်းလိုက်သည်။

www.burmeseclassic.com

ထိုအချိန်တွင် မိုးသည် ရုတ်တရက် တိတ်သွားလေ၏။ ကောင်းကင်သည်လည်း ကြည်လင်သွားလေပြီ။

မိုးသားတိမ်လိပ်ကင်းစင်သွားသောကြောင့် မှိုင်းညို့နေသောပတ်ဝန်းကျင်သည်လည်း အနည်းငယ်လင်း၍သွားလေ၏။

'မစပယ်. . '

'ကိုဒေါနှ၊ ကိုဒေါနှရယ်. . '

ချစ်သူနှစ်ဦးသည် ဘေးမှ ကိုသာအောင်နှင့်မကံဆယ်ကိုပင် ရှက်မနေနိုင်တော့ပဲ ပွေ့ဖက်လိုက်ကြလေ၏။

မစပယ်က ကိုဒေါနှရင်ခွင်ထဲတွင် မေ့းစက်ရင်း. .

'စပယ် စိတ်တွေပူလိုက်ရတာကိုဒေါနှရယ်၊ သူတို့ ကိုဒေါနှကို နှိပ်စက်ကြသေးသလား ဟင်. . '

'ဒါတွေ မေးမနေပါနဲ့တော့ မစပယ်ရယ်၊ လောလောဆယ် ကိုယ်တို့လွတ်မြောက်ဖို့အရေးကြီးတယ်၊ မုန်တိုင်းရဲ့စက်ကွင်းကလွတ်အောင် အမြန်ပြေးကြပါစို့'

'စပယ်တို့ ဘယ်ကိုသွားကြမလဲဟင်'

'လမ်းမကြီးအရောက်ထွက်ပြီး မြို့ပေါ်သွားကြတာပေါ့၊ မစပယ် တစ်ဝမ်းတစ်ခါး ကိုဒေါနှလုပ်ကျွေးနိုင်ပါတယ်ကွယ်၊ မစပယ် လိုက်ရဲရဲ့လားဟင်'

'လိုက်ရဲပါတယ်၊ ကိုဒေါနှနဲ့ဆိုရင် ဘယ်ဘဝရောက်ရောက်ပါ'

'ကိုကြီးဒေါနှ၊ ဟောဒီမှာ မမစပယ်ပေးထားတဲ့ပုဝါလေး ကျန်ခဲ့လို့ ကျွန်မယူလာတယ်'

မကံဆယ်က ပုဆိုးပိုင်းနှင့်ထုတ်လာသည့် ပုဝါလေးကို ကိုဒေါနှအား ကမ်းပေးလိုက်သည်။

'သြော်. . ညီမလေးကံဆယ်၊ လိမ္မာလိုက်တာကွယ်၊ မင်း မမစပယ်ကို ဒီနေရာထိလိုက်ပို့ပေးတာ ကျေးဇူးပဲနော်၊ အိမ်ကို ပြန်တော့ကွဲ့၊ ဒီအကြောင်းတွေသိသွားလို့ လူကြီးတွေဆူနေဦးမယ်'

ကိုဒေါနှက မကံဆယ်ပေးသောပုဝါလေးကို ခေါင်းတွင် စည်းနှောင်လိုက်လေ၏။

'အစ်ကိုကြီးနဲ့မမစပယ် ကံဆယ်တို့ရွာကို ပြန်လာကြဦးမှာလားဟင်'

'ပြန်လာဖို့ကတော့ မရေရာတော့ပါဘူး ညီမလေးရယ်'

'ကံဆယ်ရယ်. . '

မစပယ်က ဝမ်းနည်းလာကာ ကံဆယ့်ကိုဖက်၍ ငိုလိုက်လေသည်။

'ကျွန်မ မမစပယ်တို့ကို အမြဲသတိရနေမယ်နော်၊ နောင်အကြာကြီးကြာတဲ့အခါကျတော့ ရွာကိုပြန်လာပါနော် မမစပယ်'

မကံဆယ်က ငိုသံပါကြီးဖြင့်ပြောရင်း ရော၍ငိုလိုက်လေ၏။

'ကဲ. . သွားကြစို့၊ ညီမလေးရေ. . အစ်ကိုကြီးရဲ့စောင်းကို ကောင်းကောင်း သိမ်းထားလိုက်ကွဲ့နော်၊ အစ်ကိုကြီးတို့ အခြေအနေအေးတဲ့တစ်နေ့ ပြန်လာပါ့မယ်ကွယ်'

'ဟုတ်ကဲ့အစ်ကိုကြီး'

'ကိုရင်သာအောင် ကျုပ်တို့သွားမယ်၊ ခင်ဗျားစီစဉ်ပေးတာကို ကျေးဇူးတင်ပါတယ်ဗျာ'

'ငါ့လုပ်ရပ်ကိုလည်း ခွင့်လွှတ်ကြပါကွာ'

'ရပါတယ်၊ ဒါကြောင့်ပဲ ကျွန်တော်နဲ့မစပယ် အမြန်နီးဖို့ အကြောင်းဖန်လာတယ်လို့ မှတ်ပါတယ်ဗျာ'

'ကိုရင်သာအောင်၊ တော် ဒီလို စီစဉ်ပေးလိုက်တာကို မုန်တိုင်းပြန်သိသွားရင် ဘယ်နဲ့လုပ်မလဲ၊ တော့်မှာ အန္တရာယ်ရှိတယ်နော်'

'ဒီတော့လည်း ငါနဲ့မှုံတုတ် ဒီရွာကပြေးရုံပေါ့ဟာ၊ ဒါတွေမစဉ်းစားနဲ့၊ ရှေ့ရေးအဆင်ပြေအောင်သာ ကြံဆောင်ကြ၊ ကဲ- ကဲ- တော်ကြာမှောင်လာတော့မယ်၊ သွားကြပေတော့'

မစပယ်နှင့်ကိုဒေါနှတို့ မကံဆယ်တို့ကို ကျောခိုင်းကာ ထွက်ခွာသွားကြလေသည်။

www.burmeseclassic.com

မကံဆယ်သည် မစပယ်တို့ထွက်ခွာသွားသည့်မြင်ကွင်းကိုကြည့်ကာ ရင်ထဲမှာ ဆို့နင့်ကြေကွဲနေ၏။ မမစပယ်တို့ကို ဒီတစ်သက် ပြန်မတွေ့ရတော့ဘူးလို့လည်း စိတ်ထဲက ထင်နေ၏။

သချိုင်းအစပ်အရောက်တွင် မစပယ်နှင့်ကိုဒေါနက မကံဆယ်တို့ကို တစ်ချက်ပြန်လှည့်ကြည့်လိုက်သေး၏။

မကံဆယ်က လက်ကိုဝှေ့ရမ်းပြလိုက်ရာ သူတို့ကလည်း ပြန်၍ လက်ပြကြလေ၏။

ထို့နောက် ချစ်သူနှစ်ယောက်တို့သည် သချိုင်းမြေကို ကျော်လွန်ကာ မြင်ကွင်းမှကွယ်ပျောက်သွားကြလေတော့၏။

'ကဲ- တို့လည်း ပြန်ကြစို့ ကံဆယ်ရေ'

'ဟုတ်ကဲ့'

နှစ်ယောက်သား သချိုင်းဇရပ်ရှေ့မှ လှည့်အထွက်. .

'ဟင်. . '

'ဟယ်. . '

'မုန်တိုင်း၊ မုန်တိုင်းပါလား'

မုန်တိုင်းသည် ငှက်ကြီးတောင်ဓားကိုကိုင်ကာ သချိုင်းထဲဝင်လာသည်ကို မြင်လိုက်ရလေ၏။

'လာ. . လာ. . ကံဆယ်၊ တို့ကိုမြင်သွားလို့မဖြစ်ဖူး'

ကိုသာအောင်က ကံဆယ့်ကိုပွေ့ချီကာ အုတ်ဂူကြီးတစ်ခုနောက်သို့ အမြန်ပြေးကပ်ရင်း ပုန်းကွယ်နေလိုက်လေသည်။

မုန်တိုင်းသည် သူတို့ရှိသည်ကို သတိမထားမိပါ၊ ဇရပ်ဖက်ကိုလည်း လှည့်မကြည့်ချေ။

မုန်တိုင်းက မစပယ်တို့ထွက်သွားရာ သချိုင်းတစ်ဖက်အဝသို့သာ အလောတကြီးပြေးသွားလေသည်။

သူတို့ပုန်းကွယ်နေသောအုတ်ဂူနဘေးမှ မုန်တိုင်းကျော်လွန်သွားလေပြီ။

'မမစပယ်တို့ကို ကျွန်မ သိပ်စိတ်ပူတာပဲ ဦးလေးသာအောင်'

'ဒုက္ခပါပဲ၊ မုန်တိုင်း ဘယ်လိုသိသွားလဲမသိဘူး၊ မစပယ်တို့ကို လိုက်လို့မိသွားရင်တော့မလွယ်ဘူး'

'ကျွန်မတို့ နောက်က လိုက်ကြည့်ရအောင်'

'အေး. . တိတ်တိတ် နောက်ကချန်ပြီး လိုက်ကြတာပေါ့'

!!! !!! !!!

မကံဆယ်တို့ သချိုင်းအထွက်ဝအရောက်တွင် ရှေ့မှပြေးသွားနေသော မစပယ်တို့စုံတွဲကိုငှင်း၊ နောက်မှပြေးလိုက်နေသော မုန်တိုင်းကိုငှင်း သဲကွဲစွာမြင်လိုက်ရလေသည်။

မုန်တိုင်းသည် ကိုဒေါနနှင့်မစပယ်ကို တွေ့ရှိသွားပြီဖြစ်ကာ နောက်မှ ကြိမ်းဝါးရင်း အပြေးလိုက်သွားလေ၏။

'ဟေ့. . နေကြဦး၊ ပြေးနိုင်မှ လွတ်စေ့မနော်၊ မိရင်တော့ နှစ်ယောက်စလုံး မလွယ်ဘူးဟေ့'

မုန်တိုင်း၏ အော်ဟစ်ကြိမ်းမောင်းလိုက်သံကြီးက တောတစ်ခွင်လုံး ဟိန်းထွက်သွားလေသည်။

ကိုဒေါနနှင့်မစပယ်သည် မုန်တိုင်း နောက်မှလိုက်လာသည်ကိုသိရှိကာ အပြေးတစ်ပိုင်း သုတ်ခြေတင်နေကြလေသည်။

'မုန်တိုင်းတဲ့ကွ၊ လာမစမ်းနဲ့၊ ငါ့အကြောင်းသိရစေ့မနော်'

မုန်တိုင်းသည် နှုတ်မှကြိမ်းလည်းကြိမ်း၊ အမြန်အဆန်သုတ်ခြေတင်ကာ မစပယ်တို့နောက်သို့လိုက်လျှက်ရှိလေသည်။

မကံဆယ်သည် ရှေ့မှပြေးသွားသော မစပယ်တို့စုံတွဲကိုငှင်း၊ နောက်မှ ဓားကိုင်၍ ဒလကြမ်းလိုက်လျှက်ရှိသော မုန်တိုင်းကိုငှင်း နောက်ဖက်မှနေ၍ တတိယလူ၏အမြင်ဖြင့် အလုံးစုံမြင်တွေ့နေရပေသည်။

ကိုဒေါနနှင့်မစပယ်သည် ပြေးရင်း. . ပြေးရင်းမှ ချောင်း၏ထိပ်ဖက် အကွေ့နားသို့ရောက်ရှိသွားကြလေပြီ။

ကိုမုန်တိုင်းသည်လည်း သူတို့ကို မှီလုမှီခင်ရှိနေလေပြီ။

www.burmeseclassic.com

မစပယ်တို့အတွက် ပြေးစရာမြေမရှိတော့။

'ဦးလေးသာအောင်၊ မမစပယ်တို့ကိုမိတော့မယ်၊ အို. . လုပ်ကြပါဦး'

မကံဆယ်၏ စကားသံမဆုံးမီပင် ကိုဒေါနနှင့် မစပယ်သည် ချောင်းထိပ်တွင် ရပ်တန့်လိုက်သည်ကို မြင်ရပေ၏။ ချစ်သူနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်သည်ကိုလည်း မြင်နေရပေသည်။

မုန်တိုင်းကား ချစ်သူနှစ်ဦးရှိရာသို့ ငှက်ကြီးတောင်ဓားကိုဝင့်ကာ ပြေးသွားနေပေ၏။

ဖြစ်ပျက်လိုက်သော အဖြစ်အပျက်က မျက်စိတစ်မှိတ်လျှပ်တစ်ပျက်အတွင်းမှာပင် ဖြစ်ပျက်သွားကြခြင်းဖြစ်ပေသည်။

ချစ်သူနှစ်ဦး လက်တွဲ၍ ချောင်းထဲသို့ခုန်ဆင်းလိုက်သောမြင်ကွင်းကို မကံဆယ်တို့မြင်လိုက်ရသည်။ ချစ်သူနှစ်ဦး၏ ရုပ်ပုံလွှာသည် မကံဆယ်တို့မြင်ကွင်းမှ ရုတ်ချည်းပျောက်ကွယ်သွားလေသည်။

ထိုအချိန်တွင်. . မုန်တိုင်းသည်လည်း ချောင်းထိပ်သို့ ရောက်ကာ ရပ်လျှက်ရှိလေ၏။

မုန်တိုင်း ချောင်းထဲသို့ခေါင်းငုံ့ကြည့်နေသည်ကို မြင်နေရပေသည်။

မုန်တိုင်း၏နှုတ်မှ ကျယ်လောင်စွာ ထွက်ပေါ်လာသော ရယ်သံကြီးက ပတ်ဝန်းကျင်တစ်ခုလုံးကို ပဲ့တင်ထပ်သွားလေတော့သည်။

'ဟား. . ဟား. . ဟား. . ဟား. . ဟား. .'

မမျှော်လင့်ပဲကြားလိုက်ရသော မုန်တိုင်း၏ ရယ်မောသံကြောင့် မကံဆယ်နှင့်ကိုသာအောင်တို့ အံ့ဩသွားကြလေသည်၊ မုန်တိုင်းသည် ရူးသွပ်သွားချေပြီလော။

မုန်တိုင်းက ဓားကိုမြှောက်ကာ ချောင်းထဲသို့ပစ်ချလိုက်လေသည်။

ထို့နောက် နှုတ်မှ အော်ဟစ်ရေရွတ်လိုက်ပြန်၏။

'ဟား. . ဟား. . ဟား. . မစပယ်ရေ၊ မင်းနဲ့ငါနဲ့ မပေါင်းရမှတော့ မင်းသေသွားတာ ကောင်းပါတယ်ကွာ၊ အေး. . ဒါပေမယ့် ငါက မင်းအချစ်ကိုရအောင် တမလွန်အထိလိုက်ယူဦးမယ်ကွ'

မုန်တိုင်းသည် စကားဆုံးသည်နှင့် ချောက်ကမ်းပါးအထက်မှ ခုန်ချလိုက်လေတော့သည်။

မကံဆယ်နှင့်ကိုသာအောင်သည် ချောင်းထိပ်သို့ အပြေးအလွှားသွားကာ ချောင်းထဲသို့ငုံ့ကြည့်လိုက်ကြလေသည်။

ချောင်းရေစီးသံက ဒေါသဖြစ်နေသော မြွေဟောက်တစ်ကောင်းသဖွယ် တဟဲဟဲ. . အော်မြည်နေလေသည်။

ပြင်းထန်သောရေစီးကြောင်းသည် ချောင်းအကွေ့တွင် ကမ်းပါးကိုရိုက်ခတ်ကာ ဝဲကတော့များပေါ်လျှက်ရှိလေ၏။

ချောင်းရေထဲတွင်တော့ မစပယ်နှင့်ကိုဒေါနကိုင့်၊ မုန်တိုင်းကိုင့်. . အရိပ်အယောင်မျှ မတွေ့မြင်ရတော့ပါပေ။

ကိုဒေါနခေါင်းတွင်ပေါင်းခဲ့သော ပုဝါလေးသည် လေအတိုက်တွင် လွင့်ကျခဲ့သည်ထင့်. . ချောင်းကမ်းပါးယံမှ သစ်ကိုင်းတစ်ခုတွင် ငြိတွယ်နေလေသည်။

မကံဆယ်သည် ကမ်းပါးကို လက်ထောက်ကာ ချောင်းရေထဲငုံ့ကြည့်ရင်း ကျယ်လောင်စွာအော်ဟစ်ငိုယိုလိုက်လေ၏။

'မမစပယ်ရေ. . မမစပယ်. .'

!!! ♣♣♣ !!! ♣♣♣ !!! ♣♣♣ !!!

www.burmeseclassic.com

# အပိုင်း - ၃

## *အတိတ်ပန်းချီ မှုံရီရီ*

◆

အတိတ်ဖြစ်ရပ်များကို ပြန်လည်ပုံဖော်ပြောပြနေသော အဘွားဆယ်၏မျက်ဝန်း၌ မျက်ရည်များ သီသီဝေ့နေလေပြီ။ မျက်ရည်စများသည် အဘွားဒေါ်ကံဆယ်၏ မျက်ဝန်းထဲမှတစ်ဆင့် အရေပြားများတွန့်လိပ်နေသော ဖရာပါးပြင်ပေါ်သို့ လိမ့်ဆင်းကျလာလေသည်။

ဖြစ်ရပ်များသည် နှစ်ပေါင်း၇၀ကြာမြင့်ခဲ့ပြီဖြစ်သည့်တိုင် အဘွားဆယ်၏စိတ်ဝယ် လက်ငင်းတွေ့ကြုံနေရသည့်သဖွယ် ခံစားရဆဲပါပင်။ အသက်၉နှစ်အရွယ် ကလေးမလေးဘဝက ကြုံခဲ့ရသောအဖြစ်များက ၇၉နှစ်အရွယ် အဘွားအို၏ရင်ကို ထိခိုက်စေဆဲပင်။

'အဘွားတို့လည်း ရွာကလူတွေကိုပြန်ခေါ်၊ ချက်ချင်းပဲ သုံးယောက်စလုံးကို ချောင်းထဲဆင်းရှာကြပါတယ်၊ အဲဒီအချိန်မှာ ညကလည်း မှောင်နေပြီ၊ ချောင်းရေကလည်း သိပ်အစီးသန်နေလို့ရှာမတွေ့ခဲ့ကြဘူး၊ နောက်တစ်နေ့ ဆက်ရှာတော့ ကိုဒေါနနဲ့မစပယ်တို့အလောင်းကို ဖက်တွယ်ရက်သားနဲ့ ချောင်းအကြေဖက်မှာ တင်နေတာကိုတွေ့ရတယ်'

'အို့. .'

'ကိုမုန်တိုင်းရဲ့အလောင်းကိုတော့ လုံးလုံးရှာလို့ မတွေ့ခဲ့တော့ပါဘူးကွယ်'

'ကိုဒေါနနဲ့ မစပယ်ဟာ မုန်တိုင်းလက်ကလွတ်အောင် ချောင်းထဲခုန်ဆင်းပြီး ကိုယ့်ကိုကိုယ် သေကြောင်းကြံလိုက်ကြတာလားအဘွား'

ကိုကောင်းတင်က မေးလိုက်သည်။

'မဟုတ်ပါဘူးငါ့မြေးရယ်၊ ကိုဒေါနရော မစပယ်ရော ဟာ သိပ်သတ္တိရှိတဲ့ ရင်ဆိုင်ရဲတဲ့ လူငယ်တွေပါ၊ ကိုယ့်ကိုကိုယ် သတ်သေလောက်အောင် စိတ်ဓာတ်မပျော့ညံ့ကြပါဘူးကွဲ့'

'ဟုတ်ကဲ့'

'အဘွားထင်တာကတော့ မုန်တိုင်းနောက်ကနေ ဓားနဲ့လိုက်အလာမှာ မြေပြင်အတိုင်းပြေးနေရင် မိသွားမှာကို စိုးရိမ်ပုံရတယ်၊ ဒါနဲ့ လွတ်ရာလွတ်ကြောင်း ရေထဲခုန်ချလိုက်တာဖြစ်မယ်ကွဲ့၊ ဖြစ်ချင်တော့ မမစပယ်က ရေမကူးတတ်ဘူး၊ မမစပယ်ရေမကူးတတ်တဲ့အတွက် ကိုဒေါနက မမစပယ်ကိုညာပြီး တွဲခေါ်နေရလို့ ရေနစ်ရတာပဲဖြစ်မယ်၊ ချောင်းရေစီးကလည်း သိပ်သန်နေချိန်၊ ဝါဆိုဝါခေါင်ကိုးကွဲ့၊ ပြီးတော့ ချောင်းကွေ့နေရာဟာ အထက်ကစီးလာတဲ့ရေတွေ တန့်ပြီး တစ်ဆစ်ချိုးကွေ့ရတာဆိုတော့ ဝဲကတော့တွေပေါ်နေတော့ တော်ရုံရေကူးတတ်တဲ့လူတောင် လွတ်အောင်ကူးဖို့ မလွယ်ဘူးပေါ့ကွယ်'

'ဟုတ်ပါတယ်၊ ကျွန်တော်တို့မြင်ခဲ့ရပါတယ်အဘွား'

'ကိုဒေါနနဲ့ မစပယ် အလောင်းကိုတော့ ရွာကလူတွေအားလုံးက မစပယ်မိဘများဆီက တောင်းယူလိုက်ကြတယ်၊ မမစပယ်မိခင်ကြီးလည်း လွန်တော့မှ နောင်တရသွားရှာတော့တယ်၊ သူတို့နှစ်ယောက်အလောင်းကိုတော့ ရပ်ရွာရဲ့နာရေးအနေနဲ့ ရွာကပဲ ငွေစုဆောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ခဲ့ကြပါတယ်ကွယ်၊ အုတ်ဂူတစ်ခုထဲလုပ်ပြီး ကိုဒေါနနဲ့မမစပယ်တို့နှစ်ယောက်အလောင်းကို အတူတူမြှုပ်နှံပေးလိုက်ကြပါတယ်'

'အို့. .'

'ဟင်. .'

'ဟုတ်တယ်ကောင်းတင်၊ ကိုဒေါနနဲ့မစပယ်နှစ်ယောက်ပေါင်းအုတ်ဂူဟာ ခုထိ သင်္ချိုင်းထဲမှာ ရှိနေတုန်းပါပဲ'

www.burmeseclassic.com

ဒေါက်တာမျိုးအောင်က ဝင်ပြောလိုက်လေသည်။

'ဒီအုတ်ဂူကို ငါ ငယ်ငယ်ကတည်းက မြင်ဖူးခဲ့တယ်၊ တပြိုင်တည်း ကွယ်လွန်ခဲ့ကြတဲ့ ချစ်သူနှစ်ယောက်အုတ်ဂူဆိုတာလည်း သိခဲ့ပါတယ်၊ ဒါပေမယ့် နှင့်နှင့်နဲနဲမခံစားခဲ့ရဘူး၊ အခု အဘွားဆယ်ပြောပြတာတွေ နားထောင်ရမှပဲ အကြောင်းစုံကို ခရေစေ့တွင်းကျသိပြီး ကြေကွဲမိတော့တယ်ကွာ'

'အဖြစ်က သားတို့သမီးတို့နဲ့ အလှမ်းဝေးလွန်းလှပြီကိုး၊ ဒီအကြောင်းတွေကို မျက်မြင်ကိုယ်တွေ့ သိတဲ့သူဆိုလို့ အဘွားတစ်ယောက်ပဲ အသက်ရှင်ရက်ရှိတော့တာကွဲ့၊ အေး. . မင်းတို့ကို အဘွားပြစရာရှိသေးတယ်'

အဘွားဒေါ်ကံဆယ်က အိမ်အတွင်းဖက်သို့ လှည့်ကာ မြေးမလေးကိုခေါ်လိုက်လေသည်။

'လုံမရေ၊ ပုဝါပိုင်လေးကို ယူလာပြလိုက်ပါကွယ်၊ ကိုကြီးဒေါနရဲ့စောင်းကြီးကော၊ ဧည့်သည်တွေကို ပြလိုက်ပါဦးလုံမ'

အဘွား၏မြေးက ပုဝါလေးတစ်ထည်ကိုယူလာ၍ မာလာမွန်၏လက်ထဲသို့ထည့်လိုက်လေသည်။

'အို. . အမလေး၊ ကို. . ဒါ. . ဒါ. . '

'ကျွန်တော်တို့မြင်ခဲ့ရတဲ့ ပုဝါလေးပါလား၊ ကိုဒေါနခေါင်းမှာပေါင်းထားတဲ့ပုဝါလေး၊ ဒီပုဝါလေးဟာ ကိုဒေါနခေါင်းပေါ်ကပြည်ကျပြီး သစ်ကိုင်းတစ်ခုမှာ သွားငြိနေတယ်အဘွား၊ နောက်တစ်ခါ ကျွန်တော်ကြည့်လိုက်တော့ မတွေ့ရတော့ဘူး'

ကိုကောင်းတင်က အနီပေါ်တွင် အနက်စက်ကလေးများပါသောပုဝါလေးကို မာလာမွန့်လက်ထဲမှယူရင်း ပြောလိုက်သည်။

'ဒါဟာ တကယ်ဖြစ်ခဲ့တဲ့အဖြစ်အတိုင်းပါပဲ ငါ့မြေးရယ်၊ အဘွားဟာ ချောင်းကမ်းပါးကသစ်ကိုင်းမှာငြိကျန်ခဲ့တဲ့ ပုဝါလေးကို ဦးလေးသာအောင်ကိုဖြုတ်ခိုင်းပြီး သိမ်းထားခဲ့တာပါ'

ပုဝါလေးကား အရောင်များ အနည်းငယ်လွင့်ပျယ်နေသည်မှအပ အကောင်းအတိုင်းပင်ရှိပါသေးသည်။

အဘွား၏မြေးက နောက်တစ်ခါ အိမ်ထဲမှထွက်လာပြန်လေသည်။ သည်တစ်ခါတော့ သူမ၏လက်ထဲတွင် စောင်းအိုကြီးတစ်လက်ကို ပိုက်လျှက်နှင့်ဖြစ်သည်။

'ဟင်. . စောင်းကြီးပါလား'

'ဒီစောင်းဟာ ကိုကြီးဒေါန တီးခဲ့တဲ့စောင်းပဲ၊ ကိုကြီးဒေါနက သူ့စောင်းကိုသိမ်းထားပါလို့မှာခဲ့လို့ အဘွားခုအချိန်ထိ သိမ်းထားခဲ့ပါတယ်ကွယ်'

စောင်းကြီးကား စောင်းကြိုးများပြတ်လျှက်ရှိကာဟောင်းနွမ်းနေပေပြီ။

'ဒီအဖြစ်တွေကို ကိုယ်တိုင်ကြုံခဲ့ရတဲ့ အဘွားကိုယ်တိုင်ပြောပြလို့သာ ယုံမိပါတော့တယ်အဘွား၊ တစ်ဆင့်စကားကြားရရင် ယုံတမ်းပုံပြင်လို့ထင်မိဦးမှာပါ၊ အဘွားပြောပြတာတွေ နားထောင်ရင်း ကျွန်တော်မြင်ခဲ့ရတဲ့ ဝိညာဉ်အရိပ်တွေကို ပြန်မြင်ယောင်မိပါတယ်အဘွားရယ်. . ၊ ဒါနဲ့ ကိုဒေါနနဲ့မစပယ်တို့ရဲ့ ဓာတ်ပုံတွေများရော မကျန်ရစ်ဘူးလား ဟင်'

'ဓာတ်ပုံ၊ အဲဒီခေတ်က ဓာတ်ပုံမရိုက်ကြသေးဘူးကွဲ့၊ ဓာတ်ပုံတွေတော့ ပေါ်နေပါပြီ၊ မြို့အရပ်မှာပဲ ရိုက်ကြတာကော၊ တို့တောအရပ်က လူတွေကတော့ ဓာတ်ပုံမရိုက်ဘူးကြပါဘူးကွယ်၊ အဘွားတောင် မှတ်ပုံတင်လက်မှတ်လုပ်မှ ဓာတ်ပုံရိုက်ဖူးတာကလား ငါ့မြေးရယ်'

'ဟုတ်တာပေါ့လေ. . '

'ဒါနဲ့ ကိုဒေါနနဲ့မစပယ်တို့ မုန်တိုင်းကြီးတို့ရဲ့ ပုံရိပ်ကို ဆယ်နှစ်တစ်ခါ မြင်ရတယ်ဆိုတာကကော အဘွား'

'ဒီလိုပါကွယ်၊ မမစပယ်တို့ဟာ အစိမ်းသေ သေသွားကြပေမယ့် ချောက်လှန့်မှု မရှိခဲ့ကြပါဘူး၊ ကျန်ရစ်သူတွေကလည်း အမျှအတန်းပေးဝေခဲ့ကြလို့ ပြိတ္တာဘဝတော့ မရောက်လောက်ဖူးလို့ ထင်ခဲ့ကြတာပေါ့၊ သေပြီး ဆယ်နှစ်ကြာတဲ့အခါကျမှပဲ ချောက်လှန့်တာနဲ့ ကြုံရတော့တယ်၊ ချောက်ပုံကလည်း ငါ့မြေးတို့မြင်ခဲ့တဲ့အတိုင်းပဲ၊ လူတစ်ဖက်သားကို ကြောက်လန့်အောင်ချောက်တာမျိုးမဟုတ်ဖူးကွဲ့၊ သူတို့ သေခဲ့စဉ်ကအတိုင်း

www.burmeseclassic.com

သူတို့ဟာသူတို့ လှုပ်ရှားနေပုံကို မြင်ကြရတာ၊ အဲ. . သူတို့ ကွယ်လွန်ပြီး ဆယ်နှစ်အကြာ ၁၂၈၄ခုနှစ် ဝါခေါင်လပြည့်နေ့မှာ ပေါ့၊ အဘွားရဲ့ခင်ပွန်းကိုယ်တိုင် သူတို့ပုံရိပ်တွေကို မြင်ခဲ့ရတာ'

'ဩော်. . '

'၈၄ခုမှာ အဘွားအသက်၁၉နှစ်၊ အဘွားအိမ်ထောင်ကျ နေပြီ၊ အဘွားခင်ပွန်းက တစ်ရွာသားကွဲ့၊ သူက အဘွားပြောပြ လို့ မမစပယ်တို့အကြောင်းကိုတော့ သိနေတယ်၊ အဲဒီနေ့က ဝါ ခေါင်လပြည့်နေ့၊ အဘွားခင်ပွန်းက သူ့ရွာကိုခဏပြန်ရာက ရွာ ကိုပြန်အလာမှာတွေ့ရတာပဲ၊ အချိန်ကလည်း ညနေခင်းအချိန်ပဲ၊ အခု မင်းတို့ မြင်ခဲ့တွေ့ခဲ့သလိုမျိုး မြင်ခဲ့ရတာပါပဲကွယ်'

'အို. . '

'အဘွားလည်း မမစပယ်တို့ မကျွတ်လွတ်ကြဘူးဆိုတာ သိရလို့ ကုသိုလ်ကောင်းမှုလုပ်အမျှအတန်းဝေခဲ့ပါတယ်၊ ပရိတ် ရေများနဲ့လည်း ချောင်းတစ်လျှောက်မှာလိုက်ဖြန်းပြီး ဆုတောင်း ခဲ့ပါသေးတယ်ကွယ်'

**!!! !!! !!!**

'ဒီလိုနဲ့ နောက်ဆယ်နှစ်ကြာတဲ့အခါမှာ ရွာကမိသားစု တစ်စုဟာ မြို့ကနေပြန်အလာ တွေ့ရပြန်ရော၊ နေ့ကလည်း ဝါ ခေါင်လပြည့်နေ့ပဲ၊ အချိန်ကလည်း နေဝင်ရီတရောအချိန်ပဲ၊ သူ တို့မိသားစုက ပြန်ပြောပြတော့ တစ်ရွာလုံးလည်း အံ့အားသင့် သွားကြတာပေါ့၊ သေပြီးတာအနှစ်၂၀ရှိပြီ၊ ဆယ်နှစ်ပြည့်တုန်းက တစ်ခါ၊ အနှစ်၂၀ပြည့်မှတစ်ခါ တွေ့ကြရတော့ ဆန်းကြယ်ပါ တယ်လို့ ဖြစ်ကုန်ကြတာပေါ့လေ၊ မမစပယ်တို့ မကျွတ်လွတ်ကြ သေးဘူးဆိုတာ သိရလို့ တစ်ရွာလုံးလည်း စိတ်မကောင်းကြဘူး'

'ဟုတ်တာပေါ့အဘွားရယ်'

'ထူးဆန်းတာကတော့ ဆယ်နှစ်ပြည့်မှ တစ်ခါတစ်ခါ မြင်ကြရတာပဲ၊ ၈၄ခုနှစ်နဲ့ ၉၄ခုနှစ်မှာ မြင်ကြရပြီး၊ ၁၃၀၄ခု၊ ၁၃၁၄ခုနဲ့ ၁၃၂၄ခုနှစ်များမှာ အနှစ်၅၀အတွင်း ဆယ်နှစ်တစ် ကြိမ် ငါးကြိမ်မြင်တွေ့ခဲ့ရတယ်ကွဲ့၊ အဘွားတို့ရွာဟာ ၁၂၉၇ခု နှစ်မှာ မီးကြီးလောင်တော့ ရွာဟောင်းနေရာကိုစွန့်ပစ်ပြီး ဟော ဒီနေရာမှာ ရွာသစ်တည်ခဲ့ကြတယ်၊ မမစပယ်တို့အဖြစ်ကိုတော့ ရွာနေရာပြောင်းပေမယ့် ဆယ်နှစ်တစ်ခါ မြင်တွေ့ရမြဲပဲ'

'အဘွားက မှတ်ဉာဏ်ကောင်းသားပဲနော်၊ ခုနှစ်သက္က ရာဇ်နဲ့တကွ ပြောပြနိုင်တယ်၊ မစပယ်တို့ကို တွေ့ခဲ့တဲ့နေ့တိုင်း ဟာ ဝါခေါင်လပြည့်ချည်းပဲပေါ့နော်၊ ဆယ်နှစ်ပတ်လည်မဟုတ် တဲ့ နှစ်တွေမှာရော၊ ဝါခေါင်လပြည့်ဆိုရင် မမြင်တွေ့ရဘူးလား အဘွား'

မာလာမွန်က မေးလိုက်သည်။

'ရွာက ကာလသားတချို့က ဝါခေါင်လပြည့်နေ့ရောက် တိုင်းများ ဒီမြင်ကွင်းကို မြင်ရလေမလားလို့ တခြားနှစ်တွေမှာ ချောင်းထိပ်ကနေ စောင့်ကြည့်ကြတယ်ကွဲ့၊ မမြင်ကြရပါဘူး ကွယ်'

'အင်း. . အတော်ထူးဆန်းတာပဲ'

'အဘွား ကိုယ်တိုင်ရော စောင့်ကြည့်ဖူးပါသလား အ ဘွား'

'မကြည့်ဘူးပါဘူး၊ အဘွားက တကယ့်အဖြစ်ကို မျက် မြင်ကိုယ်တွေ့ကြုံခဲ့သူ၊ နောက်တစ်ကြိမ် အဘွားမမြင်ဝံ့ပါဘူး ကွယ်၊ မမြင်ဝံ့ဘူးဆိုတာ မမစပယ်တို့ကို တစ္ဆေအနေနဲ့မြင်ရမှာ ကြောက်လို့မဟုတ်ဘူး၊ တွေ့များတွေ့ရင် တစ္ဆေပဲဖြစ်ဖြစ် အ ဘွားက မမစပယ်တို့ကို နှုတ်ဆက်လိုက်ချင်ပါသေးတယ်ကွယ်၊ အဘွား စောင့်မကြည့်ဘူးဆိုတာက. . ဒီလောက် ကြေကွဲစရာ ကောင်းတဲ့အဖြစ်မျိုးကို နောက်တစ်ကြိမ် မကြည့်ရက်၊ မမြင်ရက် တော့လို့ပါကလေးတို့ရယ်. . '

အဘွားဆယ်က ပြောရင်း အသံများတုန်ခိုက်လာလေ သည်။ မမြင်ရသောမျက်လုံးများသည် ဝေသီမှုံမှိုင်းကာ အတိတ် ဖြစ်ရပ်များကို မျှော်ကြည့်နေသယောင်ရှိလေ၏။

www.burmeseclassic.com

'လွန်ခဲ့တဲ့ဆယ်နှစ်က မတွေ့ရတော့ဘူးဆိုတာကကော အဘွား'

ဒေါက်တာမျိုးအောင်က ဝင်မေးလိုက်လေသည်။

'ဒီလိုကွဲ့၊ လွန်ခဲ့တဲ့ဆယ်နှစ်က အဘွားရဲ့သားအကြီး၊ ဟောဒီလုံမရဲ့အဖေဟာ မမစပယ်တို့ကို မြင်ရလေ့ရှိတယ်ဆိုတဲ့ ချောင်းထိပ်ကနေစောင့်ကြည့်နေခဲ့တယ်၊ အဲဒီအချိန်မှာ အဘွားကတော့ မျက်လုံးကွယ်နေပါပြီ'

'အို့..'

'ဒါပေမယ့် အဘွားသားဟာ အဲဒီနှစ်မှာ မမစပယ်တို့ကို မမြင်ခဲ့ရပါဘူးကွယ်၊ နေဝင်တဲ့အထိ စောင့်ကြည့်ပေမယ့် မမြင်ခဲ့ရဘူးကွဲ့၊ အဘွားလည်း ကိုကြီးဒေါနနဲ့မမစပယ်ရော၊ ကိုမုန်တိုင်းကြီးပါ ကျွတ်လွတ်သွားကြပြီဆိုပြီး ဝမ်းသာမိတာပေါ့ကွယ်'

'ဟုတ်တာပေါ့အဘွား'

'ခုတစ်ခါ ဆယ်နှစ်တစ်ပတ်လည်ပြန်မှ သားတို့က တွေ့ခဲ့ကြရပြန်တယ်ဆိုတော့ မမစပယ်တို့ မကျွတ်လွတ်သေးပါလားကွယ်၊ ဘုရား..ဘုရား.. သေတာတောင် ဝဋ်ဒုက္ခတွေကြီးမားလှချည်လား မမစပယ်တို့ရယ်'

'ပြီးခဲ့တဲ့ဆယ်နှစ်က မမြင်ရတာတော့ အတော်ဆန်းတာပဲနော်'

'ဟုတ်ပါရဲ့'

'အဲဒီနှစ်က ၁၃၄၄ခုနှစ်လေ၊ မိုးအတော်ခေါင်တဲ့နှစ်၊ သီးနှံတွေမရတဲ့နှစ်ပေါ့၊ မိုးခေါင်လွန်းလို့ ချောင်းထဲမှာ ရေတောင် ခပ်စပ်စပ်ပဲရှိတယ်လို့ပြောတယ်'

အဘွားဆယ်စကားကို နားထောင်ကာ ဒေါက်တာမျိုးအောင်က တွေးတွေးဆဆဖြင့်ပြောလိုက်သည်။

'ဒါဆိုရင် ဝိညာဉ်ပုံရိပ်တွေမြင်ရတဲ့အဖြစ်ဟာ ရာသီဥတုနဲ့များ ဆိုင်နေမလားမသိဘူး'

'ဘာဖြစ်လို့လဲမျိုးအောင်'

'မစပယ်တို့ဖြစ်ရပ် ဖြစ်ခဲ့တဲ့နေ့ဟာ တစ်နေ့လုံး မိုးတွေစွေနေတဲ့နေ့လေ၊ မင်းတို့မြင်ခဲ့ရတဲ့ မနေ့ကလည်း မိုးတွေစွေနေခဲ့တယ်၊ နှစ်တိုင်း ဒီလို ဝါခေါင်လအချိန်ဟာ ဒီအရပ်မှာ မိုးများတဲ့အချိန်ပဲ၊ ပြီးခဲ့တဲ့ဆယ်နှစ်က မိုးခေါင်တယ် ချောင်းထဲမှာတောင် ရေပါးတယ်ဆိုတော့ ဝိညာဉ်အရိပ်တွေဟာ သူတို့ဖြစ်ရပ်ဖြစ်ခဲ့တဲ့ရာသီဥတုမျိုးမဟုတ်လို့ နိုးထမလာကြတာဖြစ်မှာပေါ့'

'မင်း အတွေးအခေါ်က သိပ္ပံနည်းကျတယ် မျိုးအောင်၊ ဟုတ်ရင်လည်း ဟုတ်မှာပေါ့လေ'

'ကဲလေ.. မှန်တို့ပြန်ကြပါစို့၊ သိချင်တာတွေလည်း အဘွားဆီက သိရပြီ၊ အဘွားလည်း သမီးတို့ကိုပြောပြရလို့ စိတ်မကောင်းဖြစ်သွားရင် ခွင့်လွှတ်ပါအဘွား'

'ကိုကြီးဒေါနနဲ့မမစပယ်အကြောင်းကို ဘယ်အခါပြောပြော ရ မငြီးနိုင်ပါဘူးသမီးရယ်'

လူငယ်သုံးယောက်သည် အဘွားဒေါ်ကံဆယ်အား ကန်တော့ကာ နှုတ်ဆက်ကြလေ၏။

'ကိုကြီးဒေါနနဲ့ မမစပယ်ကိုရော၊ ကိုမုန်တိုင်းကြီးကိုပါ နာနာဘာဝအဖြစ်က ကျွတ်လွတ်ကြပါစေလို့ အမျှဝေဆုတောင်းပေးကြပါ ကလေးတို့ရယ်..'

♣♣♣♣♣

www.burmeseclassic.com

◆

အဘွားဆယ်၏ အိမ်မှထွက်လာပြီး လမ်းမပေါ်ရောက်သည်နှင့် မာလာမွန်က ပြောလိုက်လေသည်။

'ကိုမျိုးအောင်၊ ကျွန်မကို ရွာဟောင်းသင်္ချိုင်းကို လိုက်ပို့ပေးပါ'

'သင်္ချိုင်းဟောင်းကိုသွားရင် ချောင်းထိပ်အထိ လမ်းပြန်လျှောက်ရမယ် မာလာ'

'ရပါတယ်၊ ကျွန်မလျှောက်နိုင်ပါတယ်'

'အင်း. . နေတောင် အတော်ပူနေပြီ၊ မာလာက သင်္ချိုင်းဟောင်းကို ဘာလို့သွားချင်ရတာလဲ'

'ကိုဒေါနနဲ့မစပယ်ရဲ့အုတ်ဂူကို ကြည့်ချင်လို့ပေါ့ ကိုမျိုးအောင်ရယ်. .'

'ဒါဖြင့်. . သွားကြတာပေါ့လေ'

!!! !!! !!!

လာခဲ့သည့်ခရီးစဉ်အတိုင်း ချောင်းထိပ်ထိပြန်လျှောက်ခဲ့ရသည်။

ချောင်းကွေ့ထိပ်မှ တည့်တည့်ရှိ တောအုပ်အတွင်းသို့ ဝင်သွားသည့်အခါ. . ထိမ်းသိမ်းမှုကင်းမဲ့ကာ ပျက်စီးနေသော သင်္ချိုင်းကုန်းအဟောင်းကို တွေ့လိုက်ရလေ၏။

မြေပုံများမှာ မြေတွင်ပြားဝပ်နေကာ အချို့နေရာများ၌ ရေများဝပ်လျှက်ရှိသည်။ အုတ်ဂူအချို့သာလျှင် ခိုင်ခိုင်မာမာကျန်ရှိနေတော့၏။ အုတ်ဂူများမှာလည်း ရေညှိများတက်လျှက် မှိုင်းညို့နေပေသည်။

'ကိုဒေါနနဲ့မစပယ်တို့အုတ်ဂူက ဟိုဖက်ဒေါင့်မှာ'

ဒေါက်တာမျိုးအောင်က ရှေ့မှဦးဆောင်ကာ ခေါ်သွားလေသည်။

ပျက်စီးနေသော ဇရပ်ပျက်ကြီးကို ယိုင်ရွဲ့စွာတွေ့လိုက်ရလေသည်။ ဇရပ်၌ အမိုးများမရှိတော့ပဲ ကြမ်းပြင်များမှာလည်း ကျိုးပဲ့လျှက် ရှိလေပြီ။

'ဒါဟာ အဘွားဆယ်နဲ့ မစပယ်တို့ ကိုဒေါနကို စောင့်ခဲ့ကြတဲ့ သင်္ချိုင်းဇရပ်ကြီးပေါ့နော်'

'ဟုတ်တယ် ကောင်းတင်'

ဒေါက်တာမျိုးအောင်က တစ်နေရာအရောက်တွင် ရပ်လိုက်သည်။

ရှေ့မှအုတ်ဂူကြီးတစ်လုံးကို လက်ညှိုးထိုးပြလိုက်သည်။

'အဲဒါပဲ'

အုတ်ဂူကြီးသည် သာမန်ရှိရိုးရှိစဉ်ထက် ပို၍ကျယ်ပြန့်နေပေသည်။ လူနှစ်ယောက်ကို တစ်ပေါင်းတည်းပေါင်း၍ မြှုပ်နှံထားခြင်း မဟုတ်ပါလော။

မာလာမွန်က မြက်နွယ်များကိုကျော်လွှားကာ အုတ်ဂူဆီသို့ လျှောက်သွားလိုက်လေသည်။

အုတ်ဂူ၌ရေညှိများတက်ကာ မှိုင်းညို့နေသည်။ ပျက်စီးနေပေပြီ။

အုတ်ဂူအထက်မှစာသားများတွင်လည်း ရေညှိများ မြေမှုံများဝင်ရောက်ကာ ဖတ်ရခက်လျှက်ရှိပေ၏။

'ကျွန်တော်တို့ငယ်ငယ်ကတော့ ဒီအုတ်ဂူကြီးဟာ အမြဲသစ်လွင်နေတာပါပဲမာလာ၊ အဘွားဆယ်ကပဲ နှစ်စဉ် ထုံးသုတ်၊ သန့်ရှင်းရေးလုပ်ခဲ့တာပါ၊ အဘွားဆယ်လည်း မျက်စိကွယ်၊ ရွာနေရာလည်းပြောင်းသွားတော့ မပြုပြင်နိုင်တော့ဘူး ထင်ပါရဲ့၊ ကိုဒေါနက တခြားအရပ်သား၊ မစပယ်မှာလည်း ဆွေမျိုးမကျန်ရစ်တော့လို့ ပြုပြင်သူမရှိတော့တာပါ'

www.burmeseclassic.com

အဘွားဆယ်သည် ကိုကြီးဒေါနနှင့် မမစပယ်အပေါ်တွင် ကွယ်လွန်ပြီး နှစ်ပေါင်းများစွာကြာသည့်တိုင် အချစ်မပျယ်တွယ်တာနေဆဲဖြစ်သော 'မကံဆယ်ဆိုသည့် ကောင်မလေး တစ်ယောက်' ပါတကား။

ဒေါက်တာမျိုးအောင်က မြေပြင်မှ တုတ်တစ်ချောင်းကို ကောက်ယူကာ စာသားများထွင်းထားသည့်နေရာသို့ ခြစ်လိုက်လေသည်။ ထိုအခါ အုတ်ဂူပေါ်တွင် ထွင်းထားသည့်စာသားများမှာ ဖတ်ရအောင် ပေါ်လွင်လာလေတော့၏။

| |
|---|
| မောင်ဒေါန အသက် (၁၉) နှစ် |
| နှင့် |
| မစပယ် အသက် (၁၇)နှစ် |
| သက္ကရာဇ် ၁၂၇၄၊ ဝါခေါင်လပြည့်နေ့ |
| အင်္ဂါနေ့တွင် |
| အတူတကွကွယ်လွန်သည် |

သူတို့မြင်တွေ့ခဲ့ရသော ဝိညာဉ်ပုံရိပ်များကား ဆယ်နှစ်တစ်ကြိမ် ဤအုတ်ဂူထဲမှ ထထွက်လာသည့် ချစ်သူနှစ်ဦး၏ပုံရိပ်များပါတကား။

'ကိုဒေါနနဲ့ မစပယ်တို့ လက်ရှိဘဝက ကျွတ်လွတ်ပြီး ကောင်းရာမွန်ရာဘဝကို ကူးပြောင်းရောက်ရှိပါစေလို့ ကျွန်မဆုတောင်းခဲ့ပါတယ်ရှင်. . '

မာလာမွန်က အုတ်ဂူထဲတွင်လဲလျောင်းနေသော ချစ်သူနှစ်ဦး၏ရုပ်အလောင်းများကို ပြောသည့်သဖွယ် လှိုက်လှဲစွာပြောကြားလိုက်လေသည်။

သင်္ချိုင်းထဲမှ သူတို့ပြန်လည်ထွက်ခွာလာချိန်၌ ချစ်သူနှစ်ဦး၏အုတ်ဂူကြီးသည် တည်တံ့ခိုင်မြဲစွာကျန်ရှိနေခဲ့ပေတော့၏။

သင်္ချိုင်းအပြင်သို့အရောက်တွင်. . ကိုကောင်းတင်က ဒေါက်တာမျိုးအောင်ကို ပြောလိုက်လေသည်။

'နောင်ဆယ်နှစ်ကြာတဲ့အချိန်၊ ၁၉၉၂ခုနှစ်မှာ ငါ မင်းတို့ရွာကို ပြန်လာခဲ့ဦးမယ် မျိုးအောင်'

'ဘာဖြစ်လို့လဲ'

'နောင်ဆယ်နှစ် ဝါခေါင်လပြည့်နေ့ညနေခင်းမှာ မြင်ရမယ့် ကိုဒေါနနဲ့မစပယ်တို့ ဝိညာဉ်တွေကို စောင့်ကြည့်ချင်လို့ပေါ့ကွာ၊ ၁၉၉၂ခု ဝါခေါင်လပြည့်နေ့မှာ ကျောက်ကွေ့ရွာကို ငါ အရောက်ပြန်လာခဲ့မယ် မျိုးအောင်'

ကိုကောင်းတင်က လှိုက်လှဲစွာပြောကြားလိုက်လေ၏။

!!! ♣♣♣ !!! ♣♣♣ !!! ♣♣♣ !!!

www.burmeseclassic.com

# အပိုင်း - ၄

## စာရွေ့မြူးသော ညနေခင်း

◆

ကျွန်ုပ်ဒေါက်တာစိုးထိုက်သည် ဦးကောင်းတင်ပြန်လည်ပြောပြသောအတွေ့အကြုံများကို စိတ်ဝင်စားစွာနားထောင်နေခဲ့ပေ၏။

ဦးကောင်းတင်ကား ပင်စင်စားညွှန်ကြားရေးမှူးချုပ်တစ်ယောက်ဖြစ်ကာ ယခုအခါတွင် ကိုယ်ပိုင်ကုမ္ပဏီထောင်၍ သွင်းကုန်လုပ်ငန်းများ လုပ်ဆောင်နေကြောင်း သိရပေသည်။

ကျွန်ုပ်အား ဦးကောင်းတင် လာရောက်ဆက်သွယ်ချိန်မှာ. . ၂၀၀၂ခုနှစ်၊ ဇွန်လအတွင်း ရက်တစ်ရက်ဖြစ်ပေသည်။

'ကျွန်တော်ပြောတာတွေကို စိတ်ဝင်စားရဲ့လား ဒေါက်တာ'

'စိတ်ဝင်စားပြီကောဦးကောင်းတင်၊ ကျွန်တော်သုတေသနလုပ်နေတဲ့ မနောဝိညာဉ်ဘာသာရပ်နဲ့ တိုက်ရိုက်ပတ်သက်နေတာမို့ စိတ်လည်းဝင်စားတယ်၊ ဖြစ်နိုင်ရင် ဆောင်းပါးတစ်ပုဒ်ရေးနိုင်တဲ့အထိ အချက်အလက်ခိုင်ခိုင်လုံလုံလည်း ရချင်ပါတယ် ဦးကောင်းတင်'

'ဒါဆိုရင်တော့ ကျွန်တော်နဲ့ တွဲလို့ရပါပြီ ဒေါက်တာ၊ ကျွန်တော်ကလည်း လာမယ့် ဩဂုတ်စ်လထဲမှာကျမယ့် ဝါခေါင်လပြည့်နေ့အမီ. . ကျောက်ကွေ့ရွာကိုသွားဖို့ စိတ်ကူးထားတာ ဒေါက်တာရဲ့၊ ဒေါက်တာ့ရဲ့သတင်းကိုကြားရလို့ ဖြစ်နိုင်ရင် တစ်ပါတည်းလိုက်ပြီး လေ့လာနိုင်အောင် လာပြီးဆက်သွယ်တာပါပဲ ဒေါက်တာ'

'ဒါနဲ့ ၁၉၉၂ခုနှစ်မှာ သွားလေ့လာတဲ့အခါ တွေ့ရတဲ့ အတွေ့အကြုံလေးကို ပြောပြပါဦး ဦးကောင်းတင်၊ လွန်ခဲ့တဲ့ ဆယ်နှစ်၊ ၁၉၉၂ခုနှစ်မှာရော. . ကိုဒေါနနဲ့မစပယ်တို့ပုံရိပ်တွေကိုမြင်ခဲ့ရသလား'

'၉၂ခုနှစ်တုံးက ကျောက်ကွေ့ရွာကိုသွားမယ်လို့ အားခဲထားခဲ့ပေမယ့် ကျွန်တော်မသွားဖြစ်ခဲ့ပါဘူး ဒေါက်တာ'

'ဟင်. . ဘယ်လိုဖြစ်လို့လဲ'

'ဒီလိုပါ၊ ၉၂ခုနှစ်မှာ ကျွန်တော်ဟာ အစိုးရဝန်ထမ်းဘဝမှာပဲရှိပါသေးတယ်၊ ညွှန်ကြားရေးမှူးချုပ်ဖြစ်နေပါပြီ၊ ၉၂ခုနှစ်မတ်လကနေ နိုဝင်ဘာလအထိ နိုင်ငံတော်အစိုးရက နိုင်ငံခြားပညာတော်သင်ခရီးလွှတ်လို့ ကျွန်တော် ဂျာမနီနိုင်ငံကိုရောက်နေခဲ့ပါတယ်၊ ဂျာမနီမှာ ၉လကြာခဲ့ပါတယ်၊ အဲဒါကြောင့် ဆယ်နှစ်တိတိ ကြိုတင် အားခဲထားခဲ့ပေမယ့် မသွားဖြစ်ခဲ့ရတာပါ ဒေါက်တာ'

'သြော်. . ဖြစ်ရလေဗျာ'

'ကျွန်တော် မသွားဖြစ်ပေမယ့် ကျွန်တော့်သူငယ်ချင်း ဒေါက်တာမျိုးအောင်ကိုတော့ အဲဒီနှစ် ဝါခေါင်လပြည့်နေ့မှာ ချောင်းကွေ့ထိပ်ကနေ စောင့်ကြည့်ဖို့ အသေအချာမှာထားခဲ့ပါတယ်ဒေါက်တာ'

'ဒေါက်တာမျိုးအောင်က စောင့်ကြည့်ဖြစ်သလား'

'ကြည့်ဖြစ်ပါတယ်ဒေါက်တာ'

'ဒီတော့ မစပယ်တို့ပုံရိပ်ကို မြင်ရတာပဲတဲ့လား'

'ဒေါက်တာမျိုးအောင် ကျွန်တော့်ဆီ လှမ်းရေးလိုက်တဲ့ စာကိုသာ ဒေါက်တာဖတ်ကြည့်ပါတော့ဒေါက်တာ၊ မျိုးအောင်က ကျွန်တော်သိရအောင် ဂျာမနီအထိ ချက်ချင်းပဲစာရေးအကြောင်းကြားခဲ့ပါတယ်၊ သူ့စာ ကျွန်တော့်ဆီမှာပါလာပါတယ်'

ဦးကောင်းတင်က သူ၏လက်ဆွဲအိတ်ထဲမှ စာတစ်စောင်ကိုထုတ်ကာ ကျွန်ုပ်ထံ လှမ်းပေးလိုက်သည်။

www.burmeseclassic.com

'ဖတ်ကြည့်ပါဒေါက်တာ၊ စာဖတ်ပြီးရင် ဒီဖြစ်ရပ်နဲ့ပတ်သက်ပြီး ဒေါက်တာ့ဆီက သဘောထားကိုလည်း သိချင်ပါတယ်'

ကျွန်ုပ်က ဒေါက်တာမျိုးအောင်၏စာကို ဖွင့်ဖတ်ကြည့်လိုက်သည်။

*သူငယ်ချင်း ကောင်းတင်-*

*မင်းတာဝန်ပေးတဲ့အတွက်ရော၊ ငါကိုယ်တိုင်သိပ်စိတ်ဝင်စားလွန်းလို့ ဒီနှစ်ဝါခေါင်လပြည့်နေ့မှာ မစပယ်တို့ဝိညာဉ်တွေကို ငါစောင့်ကြည့်ခဲ့ပါတယ်၊*

*ငါတစ်ယောက်ထဲ မဟုတ်ဖူးကွ၊ ရွာအထက်တန်းကျောင်းကို နောက်ရောက်လာတဲ့ အထက်တန်းပြဆရာဦးကြည်လင်းလည်းပါတယ်၊ ဦးကြည်လင်းကလည်း ငါ ဒီအဖြစ်အပျက်ကိုပြောပြတော့ သိပ်စိတ်ဝင်စားတယ်၊*

*ငါနဲ့ဦးကြည်လင်းနဲ့ ကြိုတင်ပြင်ဆင်စရာတွေကို ဝါခေါင်လပြည့်နေ့ မတိုင်ခင်ကတည်းက ပြင်ဆင်ထားခဲ့ကြတယ်။ ပြင်ဆင်တယ်ဆိုတာ တခြားမဟုတ်ဖူး၊ မစပယ်တို့ဝိညာဉ်တွေကိုမြင်ရရင် ရိုက်ထားဖို့ ကင်မရာပေါ့ကွာ၊ ဦးကြည်လင်းကလည်း သူ့ကိုယ်ပိုင်ကင်မရာနဲ့၊ ငါကလည်း ငါ့ကင်မရာနဲ့၊ ကင်မရာနှစ်လုံးနဲ့တပြိုင်တည်း မှတ်တမ်းတင်မယ်ပေါ့။*

*ဒီလိုနဲ့ ဝါခေါင်လပြည့်နေ့ကို ရောက်လာခဲ့တယ်။*

*(ဩော်-ကြားဖြတ်ပြောရဦးမယ်၊ အဘွားဆယ်တော့ မနှစ်က ဆုံးသွားရှာပြီကွ၊ ဘွားဆယ်ဆုံးတော့ အသက်ကိုးနှစ်)*

*ဝါခေါင်လပြည့်နေ့အကြောင်း ဆက်ပြောမယ်။*

*ငါတို့နှစ်ယောက်ဟာ ညနေလေးနာရီလောက်ကတည်းက ချောင်းကွေ့ထိပ်ကို ရောက်နေကြတယ်၊ ရာသီဥတုကလည်း နှစ်စဉ်ဖြစ်နေကျ ရာသီဥတုမျိုးပဲ၊ မိုးက တစ်နေ့လုံးတဖွဲဖွဲစွေလို့၊ ခြောက်နာရီလောက်ကျတော့ လုံးလုံးတိတ်သွားတယ်ကွ၊ နေပြန်ပွင့်လာတယ်၊ မင်းတို့လာတဲ့ ၈၂ခုနှစ်ကလည်း ဒီလိုအခြေအနေမျိုးပဲလေ။*

*တို့နှစ်ယောက်ဟာ မစပယ်နဲ့ကိုဒေါန ပေါ်ထွက်လာမယ့် သချိုင်းအပေါက်ကို မျှော်ကြည့်နေကြတာပေါ့၊ ဒီလိုနဲ့ ၆နာရီကို လေးငါးမိနစ်လောက်လဲလွန်ရော သချိုင်းအဝကနေထွက်လာတဲ့ အရိပ်တစ်ခုကို မြင်ရတယ်ကောင်းတင်၊*

*အရိပ်ဟာ ဝိုးတဝါးပဲ၊ အရိပ်လို့ပဲပြောလို့ရမယ်၊ အဲဒါကို လူလို့ ငါတော့ ဘယ်လိုမှပြောလို့မရဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒါဟာ ငါတို့နဲ့ မလှမ်းမကမ်းရောက်တဲ့အထိ သဲသဲကွဲကွဲမမြင်ရပဲ မီးခိုးလုံးလိုလို မြူခိုးမြူငွေ့လိုလို မပီဝိုးတဝါးဖြစ်နေလို့ပဲ။*

*ပုံရိပ်သဏ္ဌာန်ကိုကြည့်ရတာတော့ ယောကျ်ားတစ်ယောက်ရဲ့ ပုံသဏ္ဌာန်ပဲ၊ အဲဒီသဏ္ဌာန်ဟာ သချိုင်းကနေချောင်းဖက်ကို ခပ်သုတ်သုတ်လျှောက်လာတယ်ကောင်းတင်၊*

*ခေါင်းမှာခေါင်းပေါင်းနဲ့၊ ခေါင်းပေါင်းဟာ ငါဘွားဆယ်အိမ်မှာမြင်ခဲ့ရတဲ့ အနီရောင်ပေါ်မှာ အနက်စက်လေးတွေပါတဲ့ခေါင်းပေါင်းဖြစ်နေတယ်ကောင်းတင်၊ ဒါဖြင့် ဒီအရိပ်အယောင်ဟာ ကိုဒေါနဆိုတာသေချာပြီပေါ့၊ ဒါပေမယ့် သူ့ဘေးမှာ မစပယ်ဘာလို့ပါမလာရတာလဲ၊ ဖြစ်ရပ်မှန်အတိုင်းဆိုရင် မစပယ်ဟာ ကိုဒေါနဘေးမှာ တွဲရက်ပါလာရမှာမဟုတ်လား။*

*ယောကျ်ားပုံရိပ်ဟာ တဖြည်းဖြည်းနဲ့ ချောင်းနားကို နီးလာတယ်၊ သူ့ကိုကြည့်ရတာဟာ ပီပီပြင်ပြင်မဟုတ်ဖူး၊ မင်းတို့မြင်ခဲ့ရတုန်းက အပြင်ကတကယ့်လူကိုမြင်ရသလို လူလုံးသဲသဲကွဲကွဲမြင်ခဲ့ရတာနော်၊ ဟုတ်တယ်မဟုတ်လား။*

*ငါတို့ကတော့ သူ့ကို မီးခိုးလုံးတစ်ခုရွေ့လာသလိုပဲ မပီဝိုးတဝါးပဲမြင်နေရတယ်ကွ။ ဘေးမှာ မစပယ်အရိပ်ကလည်းမပါတော့ ဒါဟာ သချိုင်းထဲက တခြားတစ္ဆေတစ်ကောင်လို့တောင် ငါ့စိတ်ထဲထင်မိသေးတယ်။*

*ဘာပဲဖြစ်ဖြစ် ငါတို့နှစ်ယောက်စလုံးဟာ သူ့ကိုဓာတ်ပုံရိုက်ထားဖို့မမေ့ခဲ့ပါဘူး၊ ငါရော ဦးကြည်လင်းရော၊*

www.burmeseclassic.com

နှစ်ယောက်စလုံး အဲဒီပုံရိပ် သချိုင်းထဲကစထွက်လာကတည်းက ရိုက်ဖြစ်ကြတယ်။

အနီးကပ်မြင်ရတော့ သူ့ကိုယ်ပေါ်က အဝတ်အစားတွေကိုပါ ကောင်းကောင်းမြင်ရတယ်ကောင်းတင်။ ဒါပေမယ့် သူ့ကိုယ်လုံးကြီးကိုဖောက်ပြီး တစ်ဖက်ကအရာဝတ္ထုတွေကို မြင်နေရတယ်ကွ၊ သူဟာ အခိုးအငွေ့အလုံးအခဲတစ်ခုလိုဖြစ်နေတယ်။ မင်းတို့မြင်ခဲ့တုန်းကတော့ ဒီလိုဟုတ်မယ်မထင်ဘူး။ မင်းကော မာလာကော လူစင်စစ်ကိုမြင်တဲ့အတိုင်း မြင်ရတာလို့ ပြောခဲ့ကြတယ်လေ။

သူဟာ ကိုဒေါနဟုတ်-မဟုတ် ငါအကဲမဖြတ်နိုင်ခဲ့သေးဘူး၊ ပုံရိပ်ဟာ ချောင်းထိပ်မှာ ရပ်နေတယ်၊ ဟိုဟိုဒီဒီ လှည့်ကြည့်တယ်၊ ငါတို့ရှိတဲ့ဖက်ကို လှည့်ကြည့်လိုက်ပေမယ့် ချောင်းဘေးသစ်ပင်အောက်က ငါတို့နှစ်ယောက်ကိုတော့ မြင်ပုံမရဘူး။ သူ့မျက်လုံးဟာ ဖန်ဂေါ်လီလုံးလို ကြောင်တောင်ကြီးကွ၊

ကောင်းတင်ရေ့ . ငါ ဦးကြည်လင်းကို အဖော်စပ်လာမိတာ မှန်သွားတယ်ဟေ့။ မကြောက်တတ်ပါဘူးလို့ အားတင်းထားတဲ့ကြားက အဲဒီတစ္ဆေပုံရိပ်ကြီးကိုမြင်ရတော့ ကြက်သီးတွေထ၊ အော်ဂလီဆန်ပြီး ကြောက်လိုက်တာကွာ၊ ငါတစ်ယောက်ထဲဆိုရင် လိပ်ပြာလွင့်သွားမယ်ထင်ပါရဲ့-

ခဏနေတော့ သချိုင်းအဝကနေ နောက်ထပ်ယောကျာ်းတစ်ယောက်ပုံရိပ် ပေါ်လာပြန်ရော၊ အဲဒီပုံရိပ်ကလဲ ပထမပုံရိပ်အတိုင်းပဲ၊ မီးခိုးငွေ့မီးခိုးလုံးကြီးပါပဲ၊ လူပုံသဏ္ဌာန် အခိုးအငွေ့အလုံးကြီးပေါ့ကွာ။ ဒါပေမယ့် အဲဒီသဏ္ဌာန်ဟာ မုန်တိုင်းဆိုတာတော့ သေချာသွားတယ်ကွ။ ဘာဖြစ်လို့လဲဆိုတော့ သူ့လက်ထဲမှာ ငှက်ကြီးတောင်ခေါးကို ကိုင်ထားတယ်၊ အနီးရောက်လို့ကြည့်လိုက်တော့ အင်္ကျီက ရင်ပတ်ဟပြဲနဲ့၊ ဆံပင်ကို ရောင်ထုံးထားတယ်၊ မင်းတို့မြင်ခဲ့ရတဲ့ မုန်တိုင်းပုံရိပ်ဟာလည်း ဒီအတိုင်းပဲမဟုတ်လား။

သူဟာ မုန်တိုင်းဆိုတာသေချာရင် ပထမပုံရိပ်ရှင်ဟာလဲ ကိုဒေါနဆိုတာ သေချာသွားပြီပေါ့၊

ကိုဒေါနဟာ မုန်တိုင်း နောက်ကနေလိုက်လာတာလဲမြင်ရော့ . ရုတ်တရက် ရေထဲကိုခုန်ချလိုက်တယ်ကောင်းတင်။ ရေထဲမကျခင် သူ့ခေါင်းက ပုဝါလေးကျွတ်ပြီး လေထဲလွင့်သွားတာ၊ သစ်ပင်ကိုင်းမှာ သွားငြိနေတာတွေအားလုံးဟာ မင်းတို့မြင်ခဲ့ရတဲ့အတိုင်းပါပဲကွာ။ (ဝိညာဉ်တွေ ပျောက်သွားလို့ ပုဝါလေးကိုကြည့်လိုက်တော့ သစ်ကိုင်းထိပ်မှာ မရှိတော့ဘူး)

မုန်တိုင်းကြီးလည်း ချောင်းထိပ်ရောက်တာနဲ့ ကိုဒေါနခုန်ချသွားတာကိုကြည့်ပြီး ဇဝေဇဝါဖြစ်နေပုံပဲ။ သူလည်း ဘေးဘီကို လှည့်ကြည့်လိုက်သေးတယ်။ ငါတို့ရှိတဲ့ဖက်ကိုလှည့်ကြည့်လိုက်ပေမယ့် ငါတို့ကိုမြင်ပုံမရဘူး။

မုန်တိုင်းကြီးဟာ ငှက်ကြီးတောင်ခေါးကို ရေထဲ ပစ်ချလိုက်တယ်၊ ပြီးတော့ သူကိုယ်တိုင်လည်း ရေထဲခုန်ဆင်းသွားတော့တယ်ကောင်းတင်။

ဒါပဲ။

ငါတို့မြင်လိုက်ရတဲ့မြင်ကွင်းကတော့ ဒါပဲ။

မုန်တိုင်းနှုတ်က ကြိမ်းဝါးတာတွေ ဘာတွေလဲ မကြားရဘူး။

အထူးဆန်းဆုံးကတော့ မစပယ်ကိုမတွေ့ရတာပဲ။

မစပယ် ဘာလို့မပါရတာလဲ။

သူတို့ကိုကြည့်ရတာဟာ ကနေကြပြဇာတ်တစ်ပုဒ်ကို စိတ်မပါပဲ တာဝန်အရ ကနေရတဲ့ ဇာတ်အဖွဲ့သားတွေနဲ့ တူနေတယ်ကောင်းတင်ရေ့ . မျက်မြင်ကိုယ်တွေ့မြင်ရတုန်းက ကြောက်မိပေမယ့် အခုတော့ ပြန်တွေးတိုင်း ရယ်ချင်နေမိတယ်။

တို့တွေ့ခဲ့ရတာဟာ ကိုဒေါနနဲ့ကိုမုန်တိုင်းဆိုတာတော့ သေချာပါတယ်။ ဝိညာဉ်နာနာဘာဝတွေ ဆိုတာလဲ သေချာတယ်ကောင်းတင်ရေ။ ဒါပေမယ့် မစပယ်က ဘာလို့မပါရတာလဲ။ ကိုဒေါနနဲ့ကိုမုန်တိုင်းတို့ရဲ့တစ္ဆေတွေဟာလဲ မစပယ်

www.burmeseclassic.com

*မပါလို့ စိတ်မပါလက်မပါ ပျင်းရိပျင်းတွဲဖြစ်နေပုံပဲကွ၊ မထူးဆန်းဘူးလား၊ ရယ်စရာမကောင်းဘူးလားကွာ။*

*ငါ့စိတ်အထင် မစပယ်တစ်ယောက်ကတော့ ကျွတ်လွတ်သွားပြီထင်ပါရဲ့ကွာ။ ပရလောကမှာ ကိုဒေါနနဲ့ကိုမုန်တိုင်းနှစ်ယောက်ထဲ ပျင်းချောက်ချောက်နဲ့ ကျန်ခဲ့တယ်ထင်ပါရဲ့၊*

*ဘာပဲဖြစ်ဖြစ် မြင်ရတွေ့ရသမျှအားလုံးကို ငါရော၊ ဦးကြည်လင်းရော တစ်ကွက်မှမလပ်ရအောင် ဓာတ်ပုံရိုက်မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။*

*ကောင်းတင်ရေ၊ စိတ်မကောင်းစရာပဲကွာ၊ မြို့တက်ပြီး ဓာတ်ပုံတွေကူးကြည့်တော့ ဓာတ်ပုံထဲမှာ ငါတို့မြင်ခဲ့ရတဲ့ ဝိညာဉ်တွေဟာ ပုံရိပ်မထင်ဘူးကွ။ ဓာတ်ပုံတွေအားလုံးဟာ ချောင်းပတ်ဝန်းကျင်က မြင်ကွင်းတွေအတိုင်းထွက်လာတယ်*

*ကဲ- ဘယ်လိုအဖြေရှာကြမလဲကောင်းတင်။*

*ဆယ်နှစ်တစ်ခါမှ မြင်ရတဲ့ပွဲကို ကြိုတင်အားခဲထားတဲ့ကြားက ကြုံဖန်လွဲရတဲ့မင်းအတွက် စိတ်မကောင်းပါဘူးကွာ။*

*ကြည့်ခွင့်ကြုံရတဲ့ ငါ့အဖို့လည်း အူကြောင်ကြောင်ဖြစ်ကျန်ခဲ့ပြီကောင်းတင်ရေ. .*

*မင်းစိတ်ဝင်စားသေးရင်တော့ နောက်လာမယ့်ဆယ်နှစ်၊ ၂၀၀၂ခုနှစ် ဝါခေါင်လပြည့်နေ့ကိုစောင့်ကြသေးတာပေါ့။*

*မင်းသူငယ်ချင်း*
**မျိုးအောင်**
*ကျောက်ကွေ့ရွာ*

**!!!   !!!   !!!**

'ဒီကိစ္စနဲ့ပတ်သက်ပြီး ဒေါက်တာဘယ်လိုယူဆပါသလဲဒေါက်တာ'

ဒေါက်တာမျိုးအောင်စာကို ကျွန်ုပ်ဖတ်အပြီးတွင် ဦးကောင်းတင်က မေးလိုက်သည်။

ကျွန်ုပ်သည် ဒေါက်တာမျိုးအောင်စာကို ဖတ်ရသည့်အတွက် စိတ်ထဲ၌ ခိုးလိုးခုလုဖြစ်သွားရလေသည်။

'အင်း. . ဒေါက်တာမျိုးအောင်စာကို မဖတ်ရခင်က ကျွန်တော့်အထင်အမြင်ကတစ်မျိုးပါ၊ ဒေါက်တာမျိုးအောင်စာကို ဖတ်လိုက်ရမှ ကျွန်တော်လည်း သူ့လိုအူလည်လည်ဖြစ်သွားရပြီ ဦးကောင်းတင်ရေ'

'ပြောပါဒေါက်တာ၊ ဒေါက်တာ့ရဲ့ နဂိုအယူအဆကိုပဲပြောပြပါဦး'

'ကျွန်တော့် အယူအဆက ဒီလိုပါ၊ ဦးကောင်းတင်တို့ကျောက်ကွေ့ရွာရောက်စဉ်က ဒေါက်တာမျိုးအောင် ပြောခဲ့တဲ့ထင်မြင်ယူဆချက်အတိုင်းပါပဲ၊ လောကမှာ ဖြစ်ပျက်ခဲ့ပြီးသမျှ အဖြစ်အပျက်တွေဟာ ပျောက်ပျက်မသွားပါဘူးဦးကောင်းတင်၊ သဘာဝတရားကြီးဟာ လောကရဲ့ အဖြစ်အပျက်တွေ၊ အသံတွေ၊ လှုပ်ရှားမှုတွေ အားလုံးကို မှတ်တမ်းတင်ထားပါတယ်၊ အဲဒီလိုမှတ်တမ်းတင်ခံထားရတဲ့ ပုံရိပ်တွေဟာ အဖြစ်အပျက်တွေ ဖြစ်ပျက်ခဲ့စဉ်ကအတိုင်း ရာသီဥတု၊ သဘာဝပတ်ဝန်းကျင်အနေအထားတွေ ပြန်လည် ကိုက်ညီသွားရင် တစ်ဖန်ပြန်ပြီး ပုံရိပ်ထင်တတ်ပါတယ်၊ အဲဒါကို **အတိတ်ပုံရိပ်ယောင် ထင်ဟပ်ခြင်း** လို့ခေါ်ပါတယ် ဦးကောင်းတင်'

'ဟုတ်ကဲ့'

'ရုပ်ရှင်ဇာတ်ကားကြောင့် အခု ပြန်ပြီး ခေတ်စားနေတဲ့တိုက်တန်းနစ်သင်္ဘောကြီးရဲ့အဖြစ်ကိုပဲ နမူနာထားပြီး ပြောပါရစေ၊ တိုက်တန်းနစ်သင်္ဘောကြီးဟာ လွန်ခဲ့တဲ့နှစ်ပေါင်း၉၀ကျော်က ရေခဲတောင်နဲ့တိုက်မိပြီး နစ်မြုပ်ခဲ့ပါတယ်၊ ဖြစ်ခဲ့တဲ့ရက်စွဲကတော့ ဧပြီလ၁၄-ရက်ပါ ဦးကောင်းတင်၊ တိုက်တိုက်ဆိုင်ဆိုင်

www.burmeseclassic.com

ကျွန်တော်တို့မြန်မာတွေရဲ့ သကြိန်အကျနေ့နဲ့ တိုက်ဆိုင်နေတယ်ဗျ'

'ဟုတ်ပါရဲ့ဒေါက်တာ၊ တိုက်တန်းနစ်အကြောင်းတော့ စာထဲမှာလည်း ဖတ်ဖူး၊ ရုပ်ရှင်ကားလည်း ကြည့်ရလို့ သိနေပါတယ်'

'နှစ်စဉ် နှစ်စဉ် ဧပြီလ၁၄ရက်နေ့မှာ တိုက်တန်းနစ်သဘော် နစ်မြုပ်ခဲ့တဲ့နေရာကို ရောက်သွားတဲ့ သင်္ဘောတိုင်းဟာ တိုက်တန်းနစ်သင်္ဘောကြီးကို မီးတွေထိန်ထိန်ညီးအောင် ထွန်းညှိပြီး ပင်လယ်ပြင်မှာ ခုတ်မောင်းနေတာကို တွေ့ကြရတယ်တဲ့ ဦးကောင်းတင်'

'အို့ . '

'တချို့သင်္ဘောများကတော့ ပင်လယ်ရေပြင်ပေါ်မှာရပ်ပြီး သင်္ဘောမနစ်မြုပ်ခင် ဆုတောင်းစာများရွတ်ဆိုနေတဲ့ ခရီးသည်များရဲ့ပုံရိပ်ကို မြင်တွေ့ရတယ်တဲ့၊ အဲဒါတွေဟာ တစ်ဦးတစ်ယောက်ထဲရဲ့ ထင်ယောင်ထင်မှားဖြစ်ရပ်မဟုတ်ဖူး၊ ဧပြီလ ၁၄ရက်နေ့မှာ အဲဒီနေရာကိုရောက်သွားတဲ့ သင်္ဘောတိုင်းက သင်္ဘောသားတိုင်း မြင်ရတွေ့ရတဲ့မြင်ကွင်းတွေပါဦးကောင်းတင်'

'သင်္ဘောနစ်ရာမှာ ပါဝင်ကွယ်လွန်သွားတဲ့သူတွေက ချောက်လှန့်တာပေါ့နော် ဒေါက်တာ'

'သမားရိုးကျအမြင်အားဖြင့်တော့ အဲဒီလိုပြောရမှာပါပဲ၊ သရဲချောက်ခံရတယ်ပေါ့၊ သိပ္ပံနည်းအရ အဖြေရှာပြီး လေ့လာဆန်းစစ်ချက်အရတော့ သရဲချောက်တာမဟုတ်ပါဘူး ဦးကောင်းတင်'

'ဒါဖြင့် . . '

'ဧပြီလ၁၄-ရက်မှာ ဖြစ်လာတဲ့ ရာသီဥတုအခြေအနေ၊ ပတ်ဝန်းကျင် အနေအထားတွေဟာ သင်္ဘောကြီးနစ်မြုပ်စဉ်ကအတိုင်း တစ်သဝေမတိမ်းပြန်လည်တူညီလာတဲ့အခါ ဖြစ်ခဲ့ဖူးတဲ့အဖြစ်အပျက်ဟာ ပြန်လည် ရုပ်လုံးပေါ်လာရတာပါတဲ့၊ သိပ္ပံပညာက အဲဒီလို အဖြေထုတ်ပါတယ်ဦးကောင်းတင်၊ ဆိုလိုတာက ဧပြီလ၁၄ရက်နေ့လည်း ဖြစ်ရမယ်၊ ပတ်ဝန်းကျင်နဲ့ရာသီဥတုကလဲ သင်္ဘောနစ်စဉ်အချိန်ကနဲ့ တူသွားလို့. . သဘာဝတရားကြီးက သိုမှီးမှတ်တမ်းတင်ထားတဲ့ မှတ်တမ်းပုံရိပ်တွေဟာ အဲဒီပတ်ဝန်းကျင်မှာ ပြန်လည်ထင်ဟပ်လာခြင်းဖြစ်ပါတယ်'

'သရဲချောက်တာ မဟုတ်ဖူးပေါ့'

'ဟုတ်ကဲ့၊ **အတိတ်ပုံရိပ်ယောင် ထင်ဟပ်ခြင်း**-ပါ ဦးကောင်းတင်၊ အဲဒီနမူနာအတိုင်းပဲ. . မစပယ်တို့ကိုမြင်ရတဲ့ဖြစ်ရပ်ဟာလည်း ဆယ်နှစ်တစ်ကြိမ်မှပေါ်တယ်၊ မြင်ရတာကလည်း သူတို့ကွယ်လွန်တဲ့ ဝါခေါင်လပြည့်နေ့ဖြစ်နေတယ်ဆိုတော့ကာ တိုက်တန်းနစ်သင်္ဘောကြီးရဲ့အဖြစ်မျိုး အတိတ်ပုံရိပ်ယောင် ထင်ဟပ်တာလို့ ကျွန်တော်က ယူဆမိတာပါ'

'သဘာဝကျပါတယ်၊ ဒေါက်တာမျိုးအောင်ရဲ့ယူဆချက်နဲ့လည်း တိုက်ဆိုင်နေပါတယ်ဒေါက်တာ၊ ကျွန်တော့်သူငယ်ချင်း မျိုးအောင်ကလဲ ဒေါက်တာပြောသလို ပြောခဲ့တာပါပဲ၊ မစပယ်တို့ပုံရိပ်ကို အနှစ်၆၀မြောက် ဆယ်နှစ်ပိုင်းတုန်းက မတွေ့ရတော့ အဘွားဆယ်က ကျွတ်လွတ်သွားပြီလို့ ထင်မှတ်ခဲ့တယ်၊ ကျွန်တော်ဇနီးမောင်နှံက အနှစ်၇၀ပြည့်တဲ့ ဆယ်နှစ်ပိုင်းမှာ ပြန်မြင်ရပြန်တယ်၊ မိုးခေါင်တဲ့နှစ်တစ်နှစ်မှာပဲ မမြင်တွေ့ရတာဖြစ်လို့ ကိုမျိုးအောင်က ဝိညာဉ်ရိပ်တွေမြင်ရခြင်းဟာ ရာသီဥတုနဲ့သက်ဆိုင်လိမ့်မယ်လို့ ထင်ကြေးပေးခဲ့တာပါဒေါက်တာ'

'ဟုတ်ပါလိမ့်မယ်၊ ဒါပေမယ့် ၉၂ခုနှစ်မှာ ဒေါက်တာမျိုးအောင်မြင်ခဲ့ရတဲ့ဖြစ်ရပ်က အဲဒီ သိပ္ပံနည်းကျတဲ့ အမြင်ကို ဖျက်ပစ်လိုက်သလိုဖြစ်သွားပါပြီ ဦးကောင်းတင်'

'ဘာဖြစ်လို့လဲဒေါက်တာ'

'**အတိတ်ပုံရိပ်ယောင် ထင်ဟပ်ခြင်း** သာ မှန်ခဲ့ရင် ဆယ်နှစ်ပိုင်းတိုင်းမှာ မြင်ရတဲ့ ပုံရိပ်တွေဟာ တူညီနေရမယ်လေ၊ ဒါတွေဟာ ပုံရိပ်သာဖြစ်တယ်၊ ဝိညာဉ်နာနာဘာဝမဟုတ်ဖူးလို့ မှတ်ယူရမှာကိုး၊ နောက်ဆုံး ၉၂ခုနှစ်မှာတွေ့ခဲ့တော့ မစပယ်ပါမလာတော့ဘူး၊ သဘာဝတရားက ပုံရိပ်ကိုထင်ဟပ်ပြရင် အဖြစ်

www.burmeseclassic.com

မှန်အတိုင်း တညီတညာထဲ ဖြစ်နေရမယ်မဟုတ်လား ဦးကောင်းတင်'

'ဒါလဲ ဟုတ်တာပဲ၊ ဒီလိုဆိုရင် မစပယ်တို့သုံးယောက်ရဲ့ ပုံရိပ်တွေဟာ သူတို့ရဲ့ ဝိညာဉ်အစစ်တွေလို့ပဲ မှတ်ရတော့မှာပေါ့'

'နောက်ဆုံးမြင်ရတဲ့ မြင်ကွင်းမှာ မစပယ်မပါတာကိုလဲ ဒေါက်တာမျိုးအောင် ယူဆသလို မစပယ်တစ်ယောက်ကတော့ ကျွတ်လွတ်သွားပြီလို့ ယူဆရတော့မှာပေါ့ ဦးကောင်းတင်'

'အဖြေမှန်ကိုတော့ လာမယ့် ဝါခေါင်လပြည့်နေ့ကျမှပဲ သိနိုင်တော့မယ်ဒေါက်တာ၊ အဲဒါကြောင့် ကျွန်တော်က ဒီနှစ်တော့ ကျောက်ကွေ့ရွာကို ဝါခေါင်လပြည့်မတိုင်မီ ရောက်အောင်သွားမယ်လို့ ဆုံးဖြတ်ထားပါတယ်ဒေါက်တာ၊ ဒေါက်တာ့ကိုလဲ လိုက်ပြီး သုတေသနပြုစေချင်လို့ ဖိတ်ခေါ်ပါတယ်ဒေါက်တာ'

'လိုက်ပါမယ်၊ ကျွန်တော်လိုက်ပါမယ်၊ ဖြစ်ရပ်က ကျွန်တော် သုတေသနပြုနေတဲ့ မနောဝိညာဉ်ဘာသာရပ်နဲ့ ကွက်တိအံဝင်ဂွင်ကျဖြစ်နေလို့ ကျွန်တော်သိပ်စိတ်ဝင်စားပါတယ်၊ လိုက်ဖြစ်အောင်ကို လိုက်ပါမယ် ဦးကောင်းတင်'

'ဝမ်းသာလိုက်တာဗျာ'

'**အတိတ်ပုံရိပ်ယောင် ထင်ဟပ်ခြင်း**နဲ့ ပတ်သက်တဲ့ အထောက်အထားတွေရော၊ ဒီနည်းနှင်နှင် ဖြစ်ဖူးတဲ့အဖြစ်မျိုးတွေရော. . ယခင်က ရှိ-မရှိကို စာအုပ်စာတမ်းတွေထဲကနေ ကျွန်တော်လေ့လာထားပါမယ်ဦးကောင်းတင်'

'ကျောက်ကွေ့ကိုသွားမယ့်ရက်ကိုလည်း နီးမှ ဒေါက်တာနဲ့လာပြီးညှိနှိုင်းပါ့မယ်၊ အခုတော့ လေးငါးလလောက်လိုပါသေးတယ်၊ ဒါနဲ့ ဒေါက်တာ၊ ကျွန်တော့်သူငယ်ချင်း ဒေါက်တာမျိုးအောင်ကိုရော၊ ဒေါက်တာသိပါသလား'

'ဒေါက်တာမျိုးအောင်က ဘယ်အသက်အရွယ်လောက်ရှိပြီလဲ၊ ဘယ်ကျောင်းကဆင်းတာလဲ ဦးကောင်းတင်'

'ဆေး၁ကဆင်းတာပါ၊ ၁၉၇၈ခုနှစ်ကပါ၊ အသက်ကတော့ ကျွန်တော်နဲ့ရွယ်တူ ဒီနှစ်ထဲမှာ ၄၈နှစ်ပြည့်ပါတယ်'

'ဒါဖြင့် ဦးကောင်းတင်တို့က ကျွန်တော့်ထက် အသက်တစ်နှစ်ပိုကြီးတာပဲ၊ ဒေါက်တာမျိုးအောင်ကလည်း ကျောင်းမှာ ကျွန်တော့်ထက် တစ်နှစ်စောပါတယ်၊ မျိုးအောင်ဆိုတဲ့နာမည်က များတော့ ဘယ်ကိုမျိုးအောင်ဖြစ်မလဲမသိဘူး၊ လူတွေ့ရင်တော့ နာမည်နဲ့လူနဲ့ တွဲမိမှာပါ'

'နောက်တစ်ခေါက်လာမှ ကိုမျိုးအောင်ဓာတ်ပုံကို ကျွန်တော်ယူခဲ့ပါမယ်ဒေါက်တာ၊ ဒီကိစ္စညှိနှိုင်းဖို့ ကျွန်တော်လာခဲ့ဦးမှာပါ'

♣♣♣♣♣

◆

ဦးကောင်းတင်သည် ကျွန်ုပ်တို့ ကျောက်ကွေ့ရွာသို့မသွားမီ. . ကျွန်ုပ်ထံသို့ နောက်ထပ်၂ကြိမ် ရောက်ရှိလာခဲ့ကာ ထိုအကြောင်းကို ဆွေးနွေးခဲ့ပေသည်။

ဒုတိယအခေါက် လာရောက်ရာတွင် သူငယ်ချင်းဖြစ်သူ ဒေါက်တာမျိုးအောင်၏ဓာတ်ပုံကို ယူလာသဖြင့် ကျွန်ုပ်ကြည့်ရှုရလေသည်။ ထိုအခါ ဒေါက်တာမျိုးအောင်ဆိုသူမှာ ကျွန်ုပ်နှင့် တစ်နှစ်သာကွာသော ကျောင်းတုန်းကတွေ့မြင်ဖူးသူတစ်ယောက်ဖြစ်ကြောင်း သိရလေတော့သည်။ ကျွန်ုပ်နှင့် မရင်းနှီးခဲ့သော်လည်း ၎င်း၏ပျော်ပျော်နေတတ်ပုံ၊ နှစ်ပတ်လည်မိတ်ဆုံစားပွဲများ၌ သီချင်းဆိုလေ့ရှိပုံများကို ပြန်လည်သတိရမိပေတော့သည်။

'ဒီ ဒေါက်တာမျိုးအောင်ဆိုရင်တော့ ကျွန်တော်ကောင်းကောင်းမြင်ဖူးတာပေါ့၊ သူက ဦးကောင်းတင်သူငယ်ချင်းကိုး'

www.burmeseclassic.com

'အတန်းကျောင်းမှာ မူလတန်းကတည်းက တစ်ခန်းထဲ တက်လာတဲ့သူငယ်ချင်းပါဒေါက်တာ၊ မိဘများက ပညာတတ်စေချင်လို့ ရန်ကုန်မှာ ကျောင်းလာထားတာပါ။ ခုတော့ မျိုးအောင်လည်း သူ့ရွာရဲ့ကျန်းမာရေးကို စောင့်ရှောက်တဲ့အနေနဲ့ ဆရာဝန်ဖြစ်ကတည်းက ရွာမှာပဲ ဆေးခန်းဖွင့်ထားတာ အစိုးရအလုပ်တောင် မဝင်ဖြစ်တော့ပါဘူး'

'ကောင်းသောရည်ရွယ်ချက်ပါလေ၊ ဒါနဲ့ ကျွန်တော်ရှာဖွေထားတဲ့ဆောင်းပါးလေးတွေဖတ်ကြည့်ပါဦး၊ မနောသုတေသနအသင်းကြီးက ထုတ်ဝေတဲ့စာစောင်တွေထဲမှာ ပါတဲ့ ဆောင်းပါးတွေပါ၊ စာရေးဆရာ B. Steiger ရေးတဲ့ ဆောင်းပါးနှစ်ပုဒ်ဟာ ကျောက်ကွေ့ရွာက မစပယ်တို့ဖြစ်ရပ်နဲ့ သဘောသဘာဝချင်းတူနေပါတယ်'

ကျွန်ုပ်က ကျွန်ုပ်ရှာဖွေထားသော ဆောင်းပါးနှစ်ပုဒ်ကို ဦးကောင်းတင်ဖတ်ရှုရန် ပေးလိုက်လေသည်။

ဆောင်းပါးများတွင် ဖော်ပြထားသောဖြစ်ရပ်များမှာ. .

ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဂျာမန်တို့သိမ်းပိုက်ထားသည့် ပြင်သစ်နိုင်ငံကမ်းခြေရှိ ဒက်ပ်ပါမြို့ကလေးအား ဗြိတိသျှပြောက်ကျားများက ဝင်ရောက်တိုက်ခိုက်ခဲ့လေသည်။

ဂျာမန်တို့က ပြင်းပြင်းထန်ထန် ခုခံတိုက်ခိုက်ခဲ့သဖြင့် ဗြိတိသျှတပ်များ အကျအဆုံးများစွာနှင့် ပြန်လည်ဆုတ်ခွာသွားရသည်။ မှတ်တမ်းများအရ ကနေဒါနိုင်ငံသားပေါင်း တစ်ထောင်ကျော် ကျဆုံးခဲ့ရပေသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံး၍ ၉နှစ်ကြာမြင့်ပြီးဖြစ်သော ၁၉၅၁ခုနှစ်၊ ဩဂုတ်လအတွင်း၌ အင်္ဂလိပ်အမျိုးသမီးနှစ်ဦးတို့သည် ဖော်ပြပါ ပြင်သစ်နိုင်ငံ ဒက်ပ်ပါမြို့သို့ သွားရောက်လည်ပတ်ခဲ့ကြလေသည်။ သူတို့တည်းခိုသောအဆောက်အဦးမှာ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဂျာမန်တပ်များ စခန်းချသည့်နေရာဖြစ်နေသည်။

၁၉၅၁ခုနှစ်၊ ဩဂုတ်လ ၄-ရက်နေ့ နံနက်စောစောတွင် အမျိုးသမီးနှစ်ယောက်တို့သည် သေနတ်သံ၊ အမြောက်သံများကြောင့် နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျနေရာမှ နိုးလာကြသည်။ လေယာဉ်ပျံသံ၊ ဗုံးကြဲချသည့်အသံ၊ ကမ်းတက်လေယာဉ်များ၏ အသံများကိုပါကြားရသဖြင့် အင်္ဂလိပ်မ၂ဦးမှာ ထိတ်လန့်ချောက်ချားနေကြလေသည်။ ကမ်းတက်တပ်သားများ၏ အော်ဟစ်သံ၊ နာဇီတပ်သားများ၏ အော်ဟစ်သံများကိုပါ ကြားရသည်ဟုဆိုသည်။

အသံများ ရပ်စဲသွားသည့်အခါမှ အမျိုးသမီးနှစ်ဦးတို့သည် အိပ်ခန်းထဲမှထွက်ခဲ့ကာ အကျိုးအကြောင်းကို မေးမြန်းစုံစမ်းကြလေ၏။ ထိုအခါ အခြားတည်းခိုနေထိုင်သူအားလုံးသည် သူတို့ကြားရသောအသံများကို လုံးဝပင်မကြားရကြောင်း သိရှိလိုက်ရပေတော့၏။

သူတို့အတွေ့အကြုံမှာ ဆန်းကြယ်လွန်းလှသဖြင့် ထိုအကြောင်းကိုစာဖြင့်ရေးသားကာ ဗြိတိသျှမနောသုတေသနအသင်းကြီးသို့ ပေးပို့လိုက်လေသည်။

မနောသုတေသီဆရာများက စာထဲတွင်ပါသည့် တိုက်ပွဲဖြစ်ပွားချိန်၊ ကမ်းတက်ယာဉ်များချီတက်ချိန်၊ ပြန်လည်ထွက်ခွာချိန်များကို လန်ဒန်၊ စစ်ရုံးကြီးရှိ ဒက်ပ်ပါတိုက်ပွဲအစီရင်ခံစာနှင့် တိုက်ဆိုင်စစ်ဆေးကြည့်ရာ. . အချိန်များမှာ တိတိကျကျ အံ့ဩဖွယ်ကောင်းလောက်အောင် တူညီနေကြောင်း တွေ့ကြရလေ၏။

၎င်းဖြစ်ရပ်နှင့်ပတ်သက်၍ ဆောင်းပါးရှင်က နာမည်ကျော်သိပ္ပံပညာရှင်ကြီး **သောမတ်စ် အက်ဒီဆင်**၏ အဆိုအမိန့်တစ်ခုဖြစ်သော **'စွမ်းအင် Energy မှန်သမျှ ထာဝရ ဆုံးရှုံးပျောက်ကွယ်သွားခြင်းမရှိ'** ဆိုသည့်အဆိုဖြင့် ကိုးကားဖော်ပြခဲ့လေသည်။

နောက်ထပ် ဆောင်းပါးတစ်ပုဒ်၌ အတိတ်ပုံရိပ်ပေါ်ထင်ဟပ်ခြင်း ကိုယ်တွေ့ဖြစ်ရပ်တစ်ခုကို အောက်ပါအတိုင်းဖော်ပြထားလေသည်။

ဆီဘော်စကီဆိုသူတစ်ဦး အသက်ဆယ်နှစ်အရွယ်က ကြုံတွေ့ခဲ့ရသည့်ဖြစ်ရပ်မှာ ဤသို့ဖြစ်သည်။

www.burmeseclassic.com

ဆီဘော်စကီသည် ပလိုင်းမောက်မြို့ ဇာတိဖြစ်ပြီး သူ့အသက်၁၀နှစ်အရွယ်၊ ၁၉၃၇ခုနှစ်တွင် ကြုံတွေ့ခဲ့ရခြင်းဖြစ်၏။ သူတို့နေထိုင်ရာလမ်းပေါ်တွင် အငှားကားစီးလာသူနှစ်ဦး ခိုက်ရန်ဖြစ်ပွားခဲ့ကြလေသည်။ ရန်ပွဲတွင် အသက်၂၀ခန့်လူငယ်လေးက အသက်ကြီးရင့်သော ထွားကြိုင်းသန်မာသည့်လူကြီးတစ်ဦးကို လက်သီးဖြင့်အလဲထိုးကာ ကားကိုမောင်းထွက်သွားခဲ့လေသည်။

ကျန်ရစ်ခဲ့သည့်လူထွားကြီးသည် သူ့အိတ်ထဲမှ စီးကရက်ကို အေးအေးဆေးဆေးထုတ်သောက်၍ ထိုနေရာမှထွက်ခွာသွားခဲ့လေသည်။

အထက်ပါအဖြစ်အပျက် ဖြစ်ပျက်ပြီး နှစ်ပေါင်းများစွာကြာသည့်အထိ. . ဆီဘော်စကီသည် ထိုမြင်ကွင်းကို မကြာခဏ ပြန်လည် မြင်တွေ့ရသည်ဟုဆို၏။ ရန်ဖြစ်သူနှစ်ဦးစလုံးကို ဆီဘော်စကီကသိနေပြီး ထိုနှစ်ဦးစလုံးသည် ဒုတိယကမ္ဘာစစ်ကြီးအတွင်း ကွယ်လွန်သွားခဲ့ကြပြီဖြစ်သည်။

သို့ရာတွင် ဆီဘော်စကီ၏ ဘ၀တလျှောက်လုံး ထိုမြင်ကွင်းကို ထိုနေရာရောက်တိုင်း အထပ်ထပ်အဖန်ဖန် ပြန်လည်မြင်တွေ့နေရလေ၏။ မြင်ကွင်းကို ရုပ်ရှင်ကြည့်နေသည့်သဖွယ် ထင်ထင်ရှားရှားမြင်နေရခြင်းဖြစ်လေသည်။

ဆီဘော်စကီသည် နှစ်ပေါင်း၂၀အတွင်း ထိုမြင်ကွင်းကို ၁၃ကြိမ်တိတိမြင်တွေ့ခဲ့ရလေ၏။ ထူးဆန်းသည်မှာ ထိုနေရာသို့ သူရောက်သွားသည့်အခါတိုင်း ၁၉၃၇ခုနှစ်က ခံစားရသည့်အတိုင်း ခံစားလာရကာ အတိတ်က သိစိတ်မျိုးအတိုင်းပြန်လည်ဖြစ်ပေါ်လာရခြင်းဖြစ်ပေ၏။

ထိုဖြစ်ရပ်အပေါ် စိတ်အာရုံနှီးကြွလွယ်သူများသာ ထိုသို့ကြုံတွေ့ရတတ်ကြောင်း မနောသုတေသီများက မှတ်ချက်ချခဲ့ကြပေသည်။

အထက်ပါဖြစ်ရပ်များကား မနောသုတေသနအသင်းကြီးမှထုတ်ဝေသော စာစောင်များတွင် ဖော်ပြထားချက်များမှ ကောက်နှုတ်ချက်ဖြစ်ပါသည်။

ဖြစ်ရပ်နှစ်ခုသည် ကိုဒေါန၊ မစပယ်၊ ကိုမုန်တိုင်းတို့၏ သုံးပွင့်ဆိုင် ကိုယ်ထင်ပြ အတိတ်ပုံရိပ်ထင်ခြင်းနှင့် သဘောတရားချင်း တူညီနေကြသည်မဟုတ်ပါလော။

♣♣♣♣♣

◆

၂၀၀၂ခုနှစ်၊ ဩဂုတ်လ ၁၀-ရက် စနေနေ့တွင် ကျွန်ုပ်ထံသို့ ဦးကောင်းတင်ရောက်ရှိလာပြန်သည်။

ဝါခေါင်လပြည့်နေ့သို့ရောက်ရှိရန် နီးကပ်လာပြီဖြစ်ရာ ကျောက်ကွေ့ရွာသို့ သွားရောက်မည့်ခရီးစဉ်အတွက် လာရောက်ညှိနှိုင်းခြင်းပင် ဖြစ်လေသည်။

ဦးကောင်းတင်နှင့်အတူ ဇနီးဖြစ်သူ ဒေါ်မာလာမွန်ပါလိုက်ပါလာလေသည်။

ဦးကောင်းတင်က သူ၏ဇနီးနှင့် ကျွန်ုပ်အား မိတ်ဆက်ပေးပြီး. .

‘မွန်က ဒေါက်တာရှာပေးလိုက်တဲ့ ဆောင်းပါးတွေဖတ်ပြီး လွန်ခဲ့တဲ့အနှစ်၂၀က အတွေ့အကြုံကို ပြန်ပြီး သုတေသနပြုဖို့ သိပ်စိတ်အားထက်သန်နေတယ်ဒေါက်တာ’

‘ဟုတ်ပါတယ် ဒေါက်တာ၊ ဒေါက်တာ ရှာပေးလိုက်တဲ့ ဆောင်းပါးနှစ်စောင်ထဲကဖြစ်စဉ်တွေက ကျွန်မတို့အတွေ့အကြုံနဲ့ သိပ်တူတာပဲ၊ ကျွန်မတို့ဟာ အတိတ်ပုံရိပ်ယောင်ထပ်ဟပ်ခြင်းကိုမြင်တွေ့ရတာလား၊ မစပယ်တို့ရဲ့ နာနာဘာဝဝိညာဉ်တွေကိုမြင်ရတာလားဆိုတာ လာမယ့်ဝါခေါင်လပြည့်ကျရင်တော့ အဖြေပေါ်မယ်ထင်ပါရဲ့ရှင်’

‘တိကျတဲ့အဖြေကို ရမယ်လို့တော့ သေချာပေါက်မျှော်လင့်မထားပါနဲ့ ဒေါ်မာလာမွန်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ သုတေသနပြုမယ့်ဘာသာရပ်ဟာ လက်ဆုပ်လက်ကိုင်

www.burmeseclassic.com

ပြနိုင်ခြင်းမရှိတဲ့ ဖြစ်ရပ်မျိုးမို့ အဖြေကို တိတိကျကျမျှော်မှန်းလို့ ရတာမျိုးမဟုတ်ပါဘူး၊ တစ်ခါတရံမှာ မှန်းဆချက်လောက်နဲ့ပဲ အဖြေထုတ်ရတာမျိုးရှိပါတယ်'

'ဟုတ်ကဲ့ဒေါက်တာ၊ ဘာပဲဖြစ်ဖြစ် ဒေါက်တာ့လို မနော သုတေသီတစ်ယောက်ကိုယ်တိုင် ကျွန်မတို့နဲ့ လိုက်ပါပြီး သုတေ သနပြုပေးမယ်ဆိုတာကတော့ ကျွန်မတို့အတွက် တအားပါပဲရှင်'

'ဒေါ်မာလာမွန်က မစပယ်တို့ဖြစ်ရပ်ကို အတော်စိတ် ဝင်စားပုံရတယ်'

'စိတ်ဝင်စားပြီလားဒေါက်တာရယ်၊ လွန်ခဲ့တဲ့နှစ်ပေါင်း ၇၀-က ကွယ်လွန်ခဲ့ပြီးတဲ့လူတွေရဲ့ပုံရိပ်ကို မျက်ဝါးထင်ထင်မြင် ခဲ့ရတာကိုး၊ အဘွားဆယ်ပြောပြတဲ့ ကိုဒေါနနဲ့မစပယ်တို့ရဲ့ ရင် နင့်စရာအဖြစ်ကို ကြားရပြန်တော့ ပိုပြီး ဂရုဏာသက်မိတာပေါ့ ဒေါက်တာ'

'ဟုတ်တာပေါ့လေ'

'ကျွန်မဖြင့် ၈၂ခုနှစ်က ကျောက်ကွေ့ကပြန်လာပြီး အ ချိန်အတော်ကြာတဲ့အထိ မစပယ်ကို အိပ်မက်ထဲမှာ မြင်မက်နေ မိတယ်ဒေါက်တာ၊ သူတို့ ဝိညာဉ်ဘဝက ကျွတ်လွတ်အောင်လဲ သူတို့ရဲ့အုတ်ဂူရှေ့မှာ ဆုတောင်းခဲ့ပါသေးတယ်'

'မစပယ်ကို အိပ်မက်မက်တယ်၊ အင်း . . ဟုတ်သားပဲ၊ ဒေါ်မာလာမွန်တို့က မစပယ်ကို မျက်မြင်ကိုယ်တွေ့မြင်ခဲ့ဖူးတာ ကိုး'

'မစပယ်ဟာ သူ့ခေတ်မှာ ဓာတ်ပုံတောင်မရိုက်ခဲ့ဖူးတဲ့ မိန်းကလေးတစ်ယောက်ပါဒေါက်တာ၊ မစပယ်ရုပ်ရည်ဘယ်လိုရှိ တယ်ဆိုတာ ကျောက်ကွေ့ရွာသားတွေတောင်မသိကြပါဘူး၊ တစ် ရွာထဲသားဖြစ်တဲ့ ကိုမျိုးအောင်တို့လည်း မစပယ်ကို မမြင်ဖူးကြ ပါဘူး၊ မစပယ်ကို ထင်ထင်ရှားရှား မြင်ခဲ့ရတာဟာ ကျွန်မတို့ ကုသိုလ်ထူးလို့ မဟုတ်လား'

'ဟုတ်ပါတယ် ဒေါ်မာလာမွန်'

'ကဲ- ဒီတော့ ကျောက်ကွေ့ရွာသွားမယ့်ရက်ကို ရွေးကြ ပါစို့ဒေါက်တာ'

ဦးကောင်းတင်က ပြောလိုက်သည်။

'ဝါခေါင်လပြည့်နေ့ဟာ ဒီနှစ်ထဲမှာ ဩဂုတ်လ၂၃ရက် နေ့ကျတယ်ဒေါက်တာ'

ကျွန်ုပ်က နံရံတွင်ချိတ်ထားသော ပြက္ခဒိန်ကိုလှမ်းကြည့် လိုက်သည်။

'အင်း . . ဒီနေ့ ၁၀-ရက်ဆိုတော့ ဆယ်ရက်ကျော်ကျော် ပဲ လိုတော့တာပါလား'

'သွားတာတော့ အိမ်က ဆာ့ဖ်ကားနဲ့ပဲသွားမယ်ဒေါက် တာ၊ ကျယ်ကျယ်ဝယ်ဝယ်လည်းရှိတယ်၊ ကားကလည်း ကြံ့ခိုင်မှု အပြည့်ရှိပါတယ်၊ လေးယောက် ကောင်းကောင်းခရီးသွားနိုင်ပါ တယ်'

'လေးယောက်၊ ဟုတ်လား၊ ဘယ်သူပါဦးမှာမို့လဲ ဦး ကောင်းတင်'

'ကျွန်မတို့သမီးလေး **ကေသီကောင်းမွန်**ပါ ဒေါက်တာ'

'ဩော် . . ဩော် . . '

'သမီးက တစ်ဦးတည်းသော သမီးလေးလေ၊ မိသားစု သုံးယောက်ထဲရှိတာဆိုတော့ ခရီးထွက်ရင် ထားခဲ့ဖို့စိတ်မချဘူး၊ သမီးကလည်း ရှမ်းပြည်ဖက် ရောက်ဖူးချင်တယ်ဆိုလို့ ခေါ်ခဲ့မှာ ပါဒေါက်တာ'

'ကောင်းပါတယ်ဒေါ်မာလာမွန်၊ ကျွန်တော်က ဒေါ်မာ လာမွန်တို့ မိသားစုအကြောင်းကိုမစပ်စုရသေးတော့ သမီးရှိမှန်း သိမထားလို့ပါ၊ သမီးလေး ဒီတစ်ယောက်ထဲရှိတာပေါ့နော်'

'ဟုတ်ပါတယ်၊ သမီးက ကွန်ပြူတာတက္ကသိုလ်မှာ ဒုတိ ယနှစ်တက်နေပါတယ်ဒေါက်တာ၊ အသက်၁၉နှစ်ရှိပါပြီ'

'ကိုယ်တို့ ဘယ်နေ့လောက်ထွက်ကြမလဲမွန်၊ ဒေါက်တာ ရော အချိန်ပေးနိုင်ပါရဲ့လား'

'ကျွန်တော့်အတွက် မပူပါနဲ့ဦးကောင်းတင်၊ ဦးကောင်း တင်တို့အဆင်ပြေမယ့်ရက်ကိုသာ စီစဉ်ပါ'

www.burmeseclassic.com

'ကျွန်တော်လည်း အနှစ်နှစ်အလလ စောင့်ဆိုင်းထားရတဲ့ ကိစ္စကြီးမို့သာ သွားရမှာဒေါက်တာ၊ အားလပ်လှတယ်မဟုတ်ပါဘူး၊ ရောက်ပြန်သဘောပဲသွားရင် ဒေါက်တာ သိပ်ပင်ပန်းနေမလားလို့၊ အားနာလို့ပါ'

'ကိစ္စမရှိဘူးဦးကောင်းတင်၊ ကိုယ်ပိုင်ကားနဲ့ သွားမယ့်ခရီးပဲဗျာ၊ မပင်ပန်းပါဘူး'

'ဒါဖြင့် ကျွန်တော်တော့ ဩဂုတ်လ ၂၁-ရက်နေ့မှ စထွက်ချင်တယ်ဒေါက်တာ၊ ရန်ကုန်က မနက်စောစောထွက်ပြီး တစ်နေကုန်မောင်းရင် မန္တလေးကို ညပိုင်းရောက်ပါတယ်၊ မန္တလေးမှာ တစ်ညအိပ်ကြတာပေါ့၊ ၂၂-ရက်နေ့ မနက်စောစောမှာ မန္တလေးကနေ ကျောက်ကွေ့ကို ခရီးဆက်ကြမယ်၊ သိပ်မဝေးတော့ပါဘူး၊ နေ့လည်ခင်း ၃နာရီလောက်ဆို ကျောက်ကွေ့ကို ရောက်မှာပါ။ ၂၂-ရက် တစ်ရက် ကျွန်တော်တို့ နားနိုင်ပါသေးတယ်၊ လပြည့်နေ့က နောက်တစ်နေ့ ၂၃ရက်နေ့လေ၊ လေ့လာရမယ့်ကိစ္စက ညနေပိုင်းမှဆိုတော့ မပင်ပန်းလောက်ပါဘူး'

'ဟုတ်ကဲ့၊ ဦးကောင်းတင်စီစဉ်တာ အဆင်ပြေပါတယ်'

'ဒါဖြင့် ၂၁-ရက်နေ့ မနက်စောစော၊ မနက် ငါးနာရီလောက်ပေါ့၊ ဒေါက်တာ့ကို ကျွန်တော်တို့ ဝင်ခေါ်ပါ့မယ်၊ ဒေါက်တာသာ အဆင်သင့်ပြင်ထားပါတော့ဒေါက်တာ'

'ကောင်းပါပြီ ဦးကောင်းတင်'

ဦးကောင်းတင်နှင့် ဒေါ်မာလာမွန်တို့က ကျွန်ုပ်အား နှုတ်ဆက်ပြီး ပြန်သွားလေတော့သည်။

♣♣♣♣♣

◆

၂၀၀၂ခုနှစ်၊ ဩဂုတ်လ ၂၁-ရက် ဗုဒ္ဓဟူးနေ့နံနက် ဝေလီဝေလင်းအချိန်။

နံနက်လေးနာရီခွဲသည်နှင့် ဦးကောင်းတင်တို့ကားလေး ကျွန်ုပ်အိမ်ရှေ့သို့ ဆိုက်ရောက်လာလေသည်။ ကျွန်ုပ်လည်း အဆင်သင့်ပြင်ဆင်ပြီးသည်နှင့် အိမ်ထဲမှထွက်ခဲ့ကာ တခါးကိုသော့ခတ်လိုက်လေ၏။

ဦးကောင်းတင်သည် ကျွန်ုပ်ရှိရာသို့ရောက်လာကာ အဝတ်အစားအိတ်အား ကူညီဆွဲယူလိုက်လေသည်။

'ကိစ္စမရှိပါဘူး ဦးကောင်းတင်'

'ဒေါက်တာ့ကို တစ်ခုမှာထားစရာရှိလို့ပါ၊ ကျွန်တော့်သမီးလေး ဒီခရီးစဉ်မှာပါလာတယ်၊ ကျွန်တော်တို့က သမီးကို ကျွန်တော်တို့သွားမယ့်ကိစ္စအကြောင်း ပြောမထားဘူး၊ ကလေး စိတ်ညှိုးနွမ်းသွားမှာ စိုးလို့ပါ၊ သူ့ရှေ့မှာ ဟိုအကြောင်းကို မပြောစေချင်ဘူးဒေါက်တာ'

'ရပါတယ်ဦးကောင်းတင်၊ ရပါတယ်ဗျာ'

ကားဆီသို့ ကျွန်ုပ်တို့လျှောက်လာရာ ဒေါ်မာလာမွန်နှင့် သမီးဖြစ်သူက ကားအောက်တွင်ဆင်းရပ်ရင်း ကြိုဆိုနေကြလေ၏။

'ဒေါက်တာ၊ ဟောဒါ ကျွန်မတို့သမီး ကေသီကောင်းမွန်ပါရှင့်၊ သမီး.. ဟောဒီဆရာကြီးက မနောဝိဉာဉ်သုတေသီ ဒေါက်တာစိုးထိုက်ဆိုတာပဲ၊ ဆရာဝန်တစ်ယောက်ပဲသမီး'

'ဟုတ်ကဲ့၊ တွေ့ရတာဝမ်းသာပါတယ်အန်ကယ်'

မိန်းကလေးက ကျွန်ုပ်အား လက်အုပ်ကလေးချီကာ ယဉ်ကျေးသိမ်မွေ့စွာ နှုတ်ဆက်လိုက်လေသည်။

ကေသီကောင်းမွန်လေးသည် အဖေနှင့်အမေ၏အချောအလှများ ပေါင်းစုကာ လှပချောမော၍ ချစ်စရာကောင်းသော မိန်းမပျိုလေးဖြစ်ပေ၏။

'ကဲ- ကားထွက်ဖို့အချိန်ကောင်းပဲ၊ နေရာယူကြပေတော့'

ဦးကောင်းတင်ကကျွန်ုပ်၏လက်ဆွဲအိတ်ကို ကားနောက်ခန်းတွင် နေရာချထားပြီးနောက် ပြောလိုက်လေသည်။

www.burmeseclassic.com

ကားကို ဦးကောင်းတင်က မောင်းကာ ကျွန်ုပ်က ရှေ့တန်းတွင် ဦးကောင်းတင်နှင့်အတူထိုင်လိုက်ခဲ့၏။ ဒေါ်မာလာမွန်နှင့်ကေသီကောင်းမွန်တို့က နောက်တန်းတွင် ထိုင်ကြလေသည်။

ကားကလေးသည် နံနက်ငါးနာရီအချိန်ခန့်တွင် ရန်ကုန်မြို့မှ စတင်ထွက်ခွာခဲ့လေတော့၏၊

!!! !!! !!!

ဦးကောင်းတင် ကားမောင်းကျွမ်းကျင်မှုကြောင့် ကျွန်ုပ်တို့သည် မည်သည့်အခက်အခဲမှမတွေ့ပဲ မန္တလေးသို့ ညနေ၆နာရီအချိန်တွင် ဆိုက်ရောက်ခဲ့ကြလေသည်။

ဦးကောင်းတင်တို့ ကြိုတင်စီစဉ်ထားသည့်အစီအစဉ်အတိုင်း မန္တလေးကျုံးဒေါင့်ရှိ ဆီဒိုးနားဟိုတယ်တွင် တည်းခိုခဲ့ကြလေသည်။

တောက်လျှောက် ခရီးပန်းလာသည့်အတွက် မည်သည့်နေရာကိုမှမသွားကြတော့ပဲ. . ထိုညအဖို့ ဟိုတယ်မှာပင် မှာယူစားသောက်ကာ အနားယူအိပ်စက်လိုက်ကြလေ၏။

နောက်တစ်နေ့မနက် ဩဂုတ်လ၂၂ရက်တွင် နံနက်၆နာရီ၌ ဟိုတယ်မှထွက်ခဲ့ကာ. . ခရီးဆက်ခဲ့ကြလေ၏။

ယခင်နေ့က ကားတောက်လျှောက်မောင်းလာရ၍ ပင်ပန်းနေမည်စိုးကာ ကျွန်ုပ်က ကားကို ကျွန်ုပ်တစ်လှည့်မောင်းမည်ဟု အရေးဆိုသော်လည်း ဦးကောင်းတင်က ကိစ္စမရှိကြောင်း၊ သူမောင်းနိုင်ပါကြောင်း ပြောလေသည်။ အချို့သောသူများသည် မိမိကားကို အခြားသူမောင်းနှင်သည်ကို မကြိုက်တတ်သည်နှင့် ကျွန်ုပ်လည်း ဆက်မပြောတော့ပေ။

ဦးကောင်းတင်မှာ ကားမောင်းကျွမ်းသူတစ်ဦးဖြစ်ပေ၏၊ မောင်းနေကျမဟုတ်သော ပြင်ဦးလွင်အသွား တောင်တက်လမ်းကို ချောမောစွာပင် မောင်းနှင်ခဲ့ပေသည်။

ကားကလေးသည် ပြင်ဦးလွင်၌ နံနက်စာစားစဉ်ခဏသာရပ်နားပြီး မြောက်ပိုင်းရှမ်းပြည်ဖက်ဆီသို့ ဦးတည်ကာ ဆက်လက်ခရီးနှင်ခဲ့ပေ၏။

ဦးကောင်းတင် ကြိုတင်တွက်ဆထားသည့် အတိုင်းပင် ကျွန်ုပ်တို့ကားလေး ကျောက်ကွေ့ရွာသို့သွားသော လမ်းချိုးသို့ရောက်သည့်အခါ နေ့လည်၂နာရီခွဲပေပြီ။

ကျွန်ုပ်က ကျောက်ကွေ့ရွာသို့လမ်းညွှန်ထားသော အင်တေဖြင့်အကျအနပြုလုပ်ထားသည့် အုတ်တိုင်ကြီးကို လှမ်းကြည့်လိုက်သည်။




'ဟော. . ကိုရေ၊ ကြည့်စမ်း၊ မွန်တို့အရင်တစ်ခေါက်လာတုန်းက ဒီဆိုင်းဘုတ်ဟာ သွပ်ပြားဆိုင်းဘုတ်ကြီးနော်၊ အခုအင်တေနဲ့ အခိုင်အမာဖြစ်နေပြီ၊ ရွာကိုလည်း စံပြကျေးရွာဆိုပါလား'

'ခေတ်ချင်းက မတူတော့ဘူးကိုးမွန်ရဲ့'

ဦးကောင်းတင်က ကားကို ကျောက်ကွေ့ရွာသွားသောလမ်းညာဖက်သို့ ချိုးကွေ့ရင်းပြောလိုက်သည်။

'ကြည့်လေ၊ လမ်းကလည်း ဟိုတစ်ခေါက် ကိုယ်တို့လာတုန်းက မြေနီလမ်းကြမ်းကြီးရယ်၊ ခုတော့ ကတ္တရာလမ်းကြီးမှဖြူးလို့'

'ဟုတ်ပါရဲ့နော်'

ယခင်က မည်သို့ရှိသည်တော့မသိ။ ကျောက်ကွေ့ရွာသွားသောလမ်းသည် ညီညာသောကတ္တရာလမ်းနှင့်ဖြစ်ကာ ဖြူးဖြောင့်နေပေသည်။

www.burmeseclassic.com

'ကိုမျိုးအောင်စာထဲမှာလဲ ပါတယ်လေ၊ ရွာကိုလာရင် ချောင်းကွေ့ထိပ်အထိ သွားစရာမလိုတော့ဘူးတဲ့၊ ချောင်းကွေ့မရောက်ခင် ချောင်းကိုဖြတ်ပြီး တံတားထိုးထားပြီတဲ့'

'ကျောက်ကွေ့ရွာက နဂိုကတည်းက စီးပွားရေးလည်း ကောင်း၊ သီးနှံအထွက်လည်း ကောင်းတော့ အစိုးရရဲ့ဖွံ့ဖြိုးရေးစီမံကိန်းတွေအရ လမ်းတံတားဆောက်လုပ်တဲ့အစီအစဉ်ထဲမှာပါသွားတာပေါ့ကွာ၊ ကောင်းသောတိုးတက်မှုတွေပါပဲ'

ကားကလေးက ကတ္တရာလမ်းတလျှောက် အရှိန်မှန်စွာ ပြေးလျှက်ရှိလေသည်။

ထိုစဉ် ကေသီကောင်းမွန်က စကားတစ်ခွန်း ဝင်ပြောလိုက်လေ၏။

'ဖေဖေတို့ မေမေတို့ အရင်တစ်ခေါက်လာတာ ဘယ်နှခုနှစ်ကလဲဟင်'

'၁၉၈၂ခုနှစ်ကပေါ့သမီး'

'အဲဒီတုန်းက သမီးပါသလားဟင်'

ကေသီကောင်းမွန်အမေးကြောင့် မိဘနှစ်ပါးကနှစ်ချိုက်စွာရယ်မောလိုက်ကြလေ၏။

'ကြုံကြုံဖန်ဖန်ကွယ်၊ သမီးက ကိုယ့်မွေးသက္ကရာဇ်ကိုယ်တောင် မေ့ပြီလား၊ သမီးက ၁၉၈၃ခုနှစ် ဇွန်လမှမွေးတာလေကွယ်၊ မေမေတို့ ကျောက်ကွေ့ကိုလာတော့ သမီးဘယ်ဆီနေမှန်းတောင်မသိသေးဘူး၊ ဖေဖေနဲ့မေမေ မင်္ဂလာဆောင်ပြီး ၅လအကြာမှာ အန်ကယ်ဦးမျိုးအောင်ကဖိတ်လို့ ဟန်နီးမွန်းခရီးအနေနဲ့ ကျောက်ကွေ့ကိုလာလည်ကြတာ သမီးရဲ့'

'သမီးစိတ်ထဲမှာ ဒီရှုခင်းတွေကိုကြည့်ပြီး သမီးဒီနေရာတွေကိုရောက်ဖူးတယ်လို့ ထင်နေတယ်မေမေ၊ အဲဒါကြောင့် သမီးငယ်ငယ်ကများ ဒီနေရာကိုပါလာဖူးသလားလို့ မေးကြည့်တာပါ'

'သမီးတစ်သက်မှာ ခရီးဝေးဝေး ဘယ်တုန်းက သွားဖူးလို့လဲကွယ်၊ အဝေးဆုံးဆိုလို့ ရေလယ်ကျောက်တန်းအထိပဲသွားဖူးတာကို'

ဦးကောင်းတင်နှင့် ဒေါ်မာလာမွန်တို့သည် ကေသီကောင်းမွန်၏အပြောကို ရယ်မောနေကြလေ၏။

ကားကလေးမှာ ချောင်းတစ်ခု၏နဘေးသို့ရောက်ရှိလာပြီး ချောင်းနှင့်အပြိုင်ဖောက်ထားသောလမ်းအတိုင်း သွားလျှက်ရှိပေသည်။

'ဟော. . ဟောဒီချောင်းကြီးကိုလည်း သမီး မြင်ဖူးတယ်မေမေ၊ သမီးစိတ်ထဲမှာ ရင်းရင်းနှီးနှီးကို သိနေပါတယ်'

ကေသီကောင်းမွန်က ချောင်းရိုးတလျှောက် မျှော်ကြည့်ကာပြောလိုက်ပြန်သည်။

'တောတောင်ရှုခင်းဆိုတာ တစ်ဒေသနဲ့တစ်ဒေသ သိပ်ကွဲပြားမှုမရှိတတ်ဘူးသမီးရဲ့၊ သမီးကြည့်ဖူးတဲ့ ရှုခင်းဓာတ်ပုံတွေ၊ နိုင်ငံခြားရုပ်ရှင်ကားထဲက ရှုခင်းတွေနဲ့တူလို့ စိတ်ထင်ယောင်ထင်မှားဖြစ်တာ ဖြစ်ပါလိမ့်မယ်ကွယ်'

ကျွန်ုပ်က ကေသီကောင်းမွန်အား ဝင်၍ရှင်းပြလိုက်လေသည်။

ကေသီကောင်းမွန် ပြောသောစကားများကို ကျွန်ုပ်တို့လူကြီးသုံးယောက်မှာ ထိုစဉ်က ခပ်ပေါ့ပေါ့ပင် သဘောထားခဲ့ကြလေ၏။

ကျွန်ုပ်က စကားလမ်းကြောင်းပြောင်းစေရန် ဦးကောင်းတင်အား ဒေါက်တာမျိုးအောင်အကြောင်း မေးကြည့်လိုက်လေသည်။

'ဒါနဲ့ ဦးကောင်းတင်၊ ဒေါက်တာမျိုးအောင်ရော ဘယ်သူနဲ့အိမ်ထောင်ကျသလဲ'

ကျောင်းတုန်းက ဒေါက်တာမျိုးအောင်နှင့် တွဲနေသည့် ဆေးကျောင်းသူမှာ ဆရာဝန်ဖြစ်ပြီးမကြာမီ နိုင်ငံခြားသို့အပြီးအပိုင်ထွက်ခွာသွားသည်ကို သတိရမိ၍ မေးကြည့်လိုက်ခြင်းဖြစ်ပါသည်။

www.burmeseclassic.com

'သူ့ရွာကိုရောက်လာတဲ့ မန္တလေးက အထက်တန်းပြ ဆရာမတစ်ယောက်နဲ့ အိမ်ထောင်ကျသွားပါတယ် ဒေါက်တာ၊ ဆရာမက အခု အလုပ်ကထွက်လိုက်ပါပြီ၊ သူတို့ ကလေးနှစ်ယောက်ထွန်းကားပါတယ်၊ သူ့ကလေးတွေတောင် ကျွန်တော် မမြင်ဖူးသေးဘူးဗျာ၊ မျိုးအောင် ရန်ကုန်ရောက်ရောက်လာတတ်ပေမယ့် ကလေးတွေ ပါမလာကြဘူး၊ သူ့ဇနီးတော့ တစ်ခါတွေ့ဖူးပါရဲ့၊ အင်း. . ငယ်ကသူငယ်ချင်းတွေ ဘယ်လောက်ခင်ခင် ကိုယ့်ဘဝနဲ့ကိုယ်ဆိုတော့လည်း ဆုံချင်းတိုင်း ပြန်ဆုံလို့မရတော့ဘူးနော်'

'တချို့ဆို တစ်သက်လုံး ပြန်မတွေ့ရတော့ပဲ ကွဲကွာသွားတာတွေတောင် ရှိသေးတာပဲ ဦးကောင်းတင်၊ ဘဝဆိုတာ ဒီလိုပါပဲဗျာ'

စကားတပြောပြောဖြင့် မောင်းနှင်လာခဲ့ရာ ရွာနှင့်နီးကပ်လာသောအရိပ်အယောင်များကို မြင်လာရလေ၏။

'ချောင်းရဲ့ဟိုဖက်မှာ မြင်နေရတဲ့ရွာဟာ ကျောက်ကွေ့ရွာပါပဲဒေါက်တာ'

ဒေါ်မာလာမွန်က ချောင်းတစ်ဖက်ကမ်းရှိ အဆောက်အဦးများစုနေသောနေရာကို လက်ညှိုးထိုးပြကာ ပြောလိုက်၏။

'ဘဲ့နဲ့လဲသမီး၊ ကျောက်ကွေ့ရွာကို လှမ်းကြည့်လိုက်ပါဦး၊ အဲဒီရွာကိုရော သမီးရောက်ဖူးတယ်လို့ ထင်နေသေးလားဟင်'

ဒေါ်မာလာမွန်က ရယ်သံတစ်ဝက်ဖြင့် မေးလိုက်လေသည်။

'အို. . သမီး၊ ဘာဖြစ်သွားတာလဲ'

ဒေါ်မာလာမွန်ထံမှ ရုတ်တရက် ထွက်ပေါ်လာသောထိတ်လန့်တကြားအသံကြောင့် ကျွန်ုပ်က နောက်ဖက်သို့လှည့်ကြည့်လိုက်လေသည်။

ကေသီကောင်းမွန်သည် သူမ၏နားထင်ကိုလက်နှစ်ဖက်ဖြင့်ထောက်ကာ မျက်နှာမှာ မဲ့ရှုံ့နေလေသည်။

'ဘာဖြစ်သွားတယ်မသိပါဘူးမေမေရယ်၊ သမီးစိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ ရင်ထဲမှာလဲ မကောင်းဘူး'

'ခရီးနှစ်ရက်ဆက်သွားလိုက်ရလို့ထင်ပါရဲ့၊ မေမေ့ပေါင်ပေါ်မှာမှိန်းနေလိုက်သမီး'

ကေသီကောင်းမွန်က မိခင်ပေါင်ပေါ်တွင် မှီအိပ်ရင်းလိုက်ပါလာလေသည်။

'ကားရပ်ပေးရမလားသမီး'

ဦးကောင်းတင်က ကားမောင်းနေရင်းမှ လှမ်းမေးလိုက်သည်။

'ကိစ္စမရှိဘူးဖေဖေ၊ ကတုန်ကယင်ကြီး ဖြစ်သွားတာပါ၊ ရပါတယ်'

'အေး- ရွာလည်း ရောက်လုနီးပါပြီသမီးရယ်၊ တံတားကိုတောင် မြင်နေရပြီ'

!!! !!! !!!

ချောင်းကိုဖြတ်ကူးထားသော ကွန်ကရစ်တံတားကြီးထိပ်သို့ရောက်ရှိလာခဲ့လေသည်။

ဦးကောင်းတင်က ကားကို တံတားထိပ်တွင် ရပ်လိုက်လေ၏။

'ဒေါက်တာ၊ ကျွန်တော်တို့ အရင်တစ်ခေါက်လာတုန်းက ဒီတံတားမရှိသေးဘူး၊ ရွာကို ဒီနေရာကနေ တည့်တည့်မြင်နေရပေမယ့် ချောင်းဆုံးအောင် သွားရသေးတယ်၊ ဟိုးနေရာမှာ ချောင်းကြီးကွေ့သွားတာမြင်သလားဒေါက်တာ'

ကျွန်ုပ်က ချောင်းကွေ့နေရာကို မျှော်ကြည့်လိုက်လေ၏။

'မြင်ရပါတယ် ဦးကောင်းတင်'

'ဟိုကိစ္စဖြစ်တာ အဲဒီနေရာပါပဲဒေါက်တာ၊ အင်းလေ. . ထားပါတော့၊ ညနေမှ ကျွန်တော်တို့ အဲဒီနေရာသွားကြည့်ကြတာပေါ့၊ ခုလို ရွာနဲ့တည့်တည့်မှာ တံတားဖြတ်ထိုးလိုက်တော့ လမ်းပန်းလည်းသာ၊ ခရီးလည်းတိုသွားတာပေါ့လေ'

www.burmeseclassic.com

ကျွန်ုပ်တို့သည် ကားပေါ်မှမဆင်းပဲ ပတ်ဝန်းကျင်ကို လေ့လာနေကြခြင်းဖြစ်သည်။

ကျွန်ုပ်က တံတားပေါ်သို့လှမ်းကြည့်လိုက်သောအခါ. . တံတားပေါ်မှလျှောက်လာနေသော လူတစ်ယောက်ကို မြင်လိုက်ရလေ၏။

'တံတားပေါ်ကလာနေတာ ဒေါက်တာမျိုးအောင်မဟုတ်လား ဦးကောင်းတင်'

'အို. . ဟုတ်ပါရဲ့ မျိုးအောင်ကြီးပါလား'

ဒေါက်တာမျိုးအောင်က ကျွန်ုပ်တို့ကားလေးကိုမြင်ကာ ခပ်သွက်သွက်လျှောက်လာလေသည်။

ကျွန်ုပ်နှင့် ဦးကောင်းတင်လည်း ကားပေါ်မှ ဆင်းလိုက်ကြလေ၏။

'ဟေ့ကောင်ကြီး ကောင်းတင်၊ ဘာလို့ ဆက်မောင်းမလာပဲ ရပ်နေရတာလဲကွ'

'ဒေါက်တာ့ကို အရင်အခြေအနေနဲ့ အခုအခြေအနေ ကွာခြားပုံတွေ ပြောပြနေတာပါကွာ'

'ဟော. . ဒေါက်တာစိုးထိုက်မဟုတ်လား၊ ဒေါက်တာပါလာမယ့်အကြောင်း ကောင်းတင် ကြိုပြောထားပါတယ်၊ ကျောင်းတုံးကမြင်ဖူးတွေ့ဖူးခဲ့ပါတယ်၊ မှတ်မိသလားဒေါက်တာ'

'ကောင်းကောင်း မှတ်မိပါတယ်ဆရာ၊ ဆရာက ကျွန်တော့်ထက် တစ်နှစ်စောပါတယ်'

'တွေ့ရတာဝမ်းသာတယ်ဗျာ'

ဒေါက်တာမျိုးအောင်က ကျွန်ုပ်လက်ကို ဆွဲကိုင် လှုပ်ယမ်းလိုက်လေသည်။

ကျွန်ုပ်နှင့် ဒေါက်တာမျိုးအောင်မှာ တွေ့မြင်ဖူးပြီးသားဖြစ်သည့်အပြင် ဆရာဝန်အချင်းချင်းဖြစ်၍ အထူးမိတ်ဆက်ပေးစရာမလိုပဲ ရင်းနှီးသွားကြလေ၏။

'မာလာရော နေကောင်းရဲ့လား၊ လမ်းမှာအဆင်ပြေရဲ့လားဗျို့'

ဒေါက်တာမျိုးအောင်က ကားပေါ်တွင်ထိုင်နေသောဒေါ်မာလာမွန်ကို နှုတ်ဆက်လိုက်သည်။

တစ်ဆက်ထဲပင်. .

'ဒါနဲ့ မင်းတို့သမီးလေးကိုခေါ်လာမယ်ဆို'

မိခင်ပေါင်ပေါ်တွင် မှိန်းနေသော ကေသီကောင်းမွန်ကို မမြင်ရ၍ ဆက်မေးလိုက်လေသည်။

'သမီးက ကျွန်မ ပေါင်ပေါ်မှာ မှိန်းနေပါတယ် ကိုမျိုးအောင်၊ ပါပါတယ်'

'ဟင်. . ဘာဖြစ်လို့လဲဗျ'

'ခရီးပန်းလို့ထင်ပါရဲ့ရှင်၊ ဒီနားရောက်မှ ရုတ်တရက် နေမကောင်းသလိုဖြစ်သွားတယ်'

'ဒါဖြင့် အိမ်ကိုသွားကြစို့၊ အိမ်ကျမှ အေးအေးဆေးဆေး အနားယူကြတာပေါ့'

ဒေါက်တာမျိုးအောင်ပါ ကားရှေ့ခန်း၌ တက်ထိုင်ကာ တံတားကိုဖြတ်၍ ရွာထဲသို့မောင်းဝင်ခဲ့လေသည်။

♣♣♣♣♣

www.burmeseclassic.com

◆

ဧည့်သည်လာမည်ကို ကြိုသိထား၍ပဲဖြစ်မည်။

အိမ်သားသုံးဦး အိမ်တခါးဝမှရပ်စောင့်နေသည်ကို မြင်လိုက်ရလေ၏။ အသက်၆၀ကျော် အဘွားအိုတစ်ဦး၊ ဒေါက်တာမျိုးအောင်၏ဇနီးဖြစ်ပုံရသော လေးဆယ်ကျော်အမျိုးသမီးတစ်ဦးနှင့် ဆယ်ကျော်သက်မိန်းကလေးတစ်ဦးတို့ဖြစ်ပေသည်။

ကျွန်ုပ်သာလျှင်လူစိမ်းဖြစ်သည်မို့ ဒေါက်တာမျိုးအောင်က အိမ်သားများအား ကျွန်ုပ်ကိုဦးတည်ကာ မိတ်ဆက်ပေးလိုက်လေသည်။

'ဟောဒါက ကျွန်တော့်အစ်မကြီး ဒေါ်လှယဉ်ပါ ဒေါက်တာ၊ ဒီဖက်က ကျွန်တော့်ဇနီး မခင်ထားမေပါ၊ အရင်ကတော့ အထက်တန်းပြဆရာမပေါ့၊ အလုပ်ကထွက်လိုက်တာ ၂နှစ်ရှိပါပြီ'

'တွေ့ရတာဝမ်းသာပါတယ် ဒေါက်တာ'

'ဒါလေးက ကျွန်တော့်ရဲ့သမီးအငယ် ငုဝါအောင်ပါ၊ သူက ဒီနှစ် ၆တန်းလေ'

ဒေါက်တာမျိုးအောင်က သမီးလေးကို ယုယစွာထွေးပိုက်ရင်း မိတ်ဆက်ပေးလိုက်သည်။

'သားအကြီးကောင်ကတော့ ဒီနှစ်ဆယ်တန်းမို့လို့ ပြင်ဦးလွင်မှာ ကျောင်းအိပ်ကျောင်းစားပို့ထားပါတယ်'

ကျွန်ုပ်တို့မိတ်ဆက်စကားပြောနေစဉ် ကားနောက်ခန်းမှ ဒေါ်မာလာမွန်နှင့်ကေသီကောင်းမွန်တို့ ဆင်းလာကြသည်။

ဒေါ်လှယဉ်က ဒေါ်မာလာမွန်တို့ထံလျှောက်သွားကာ-

'မာလာမွန်က အသက်သိပ်ကြီးသွားပုံ မရပါလားဟေ့၊ ဟိုတစ်ခေါက် လာတုံးကအတိုင်းပဲ'

'ကြံကြံဖန်ဖန်မမကြီးရယ်၊ အနှစ်နှစ်ဆယ်တောင်ကြာပြီဟာ၊ ကျွန်မ အဘွားကြီးဖြစ်နေပါပြီရှင်'

'အို. . သမီးလေးက ဘာဖြစ်လို့လဲ'

ဒေါ်လှယဉ်က မိခင်ကိုမှီတွယ်ထားသောကေသီကောင်းမွန်ကိုကြည့်၍ မေးလိုက်သည်။

'သိပ်နေမကောင်းလို့ပါမမကြီး'

'လာ. . လာ. . အိမ်ထဲဝင်ကြစို့၊ မောင်မျိုးအောင်ကို အဖျားလေးဘာလေး တိုင်းခိုင်း'

ထိုစဉ် မည်သူမှမျှော်လင့်မထားသော အဖြစ်တစ်ခု ရုတ်တရက်ဖြစ်ပေါ်သွားလေသည်။

အိမ်ထဲမှခွေးနက်ကြီးတစ်ကောင် မာန်ဖီလျှက်ထွက်လာကာ ကေသီကောင်းမွန်အား စူးစူးဝါးဝါးထိုးဟောင်လိုက်လေ၏။

မည်သူမှ မဟန့်တားနိုင်မီမှာပင် ခွေးနက်ကြီးသည် ကေသီကောင်းမွန်အား ကိုက်ခဲမည့်ဟန်ဖြင့် ခုန်အုပ်လိုက်လေသည်။

'ကျားဘို၊ ကျားဘို'

အမျိုးသမီးများ၏အသံများ စူးကနဲထွက်လာလေ၏။

'ဟေ့ကောင်ကြီး'

ဒေါက်တာမျိုးအောင်က လျှင်မြန်စွာ ခွေး၏လည်ပတ်ကို လှမ်းဆွဲထားလိုက်လေသည်။

ဒေါက်တာမျိုးအောင်သာအချိန်မီမဆွဲလိုက်ပါက ကေသီကောင်းမွန်၏လည်မျိုကို ကိုက်ခဲမိသွားနိုင်ပေသည်။

ကေသီကောင်းမွန်သည် ရုတ်တရက်လန့်သွားကာ မိခင်ရင်ခွင်ထဲခေါင်းထိုးဝင်ရင်း ငိုလိုက်လေ၏။

'ကျားဘိုဘယ်လိုဖြစ်ပါလိမ့်'

'ဒီကောင်ကြီး ရန်မလိုတတ်ပါဘူး၊ သိပ်လန့်သွားသလားသမီး'

ကေသီကောင်းမွန်က ငိုနေဆဲပင်။

'မောင်မျိုးအောင်၊ မင်းခွေးကြီး လှောင်အိမ်ထဲသည့်ထားလိုက်၊ ဧည့်သည်တွေ အားနာစရာကွယ်'

ဒေါ်လှယဉ်က ပြောလိုက်လေသည်။

www.burmeseclassic.com

ဒေါ်ခင်ထားမေက ကေသီကောင်းမွန်ကို ဖေးမတွဲခေါ်ရင်း အိမ်ထဲသို့ခေါ်သွားလေသည်။

ကျားဘိုဆိုသောခွေးနက်ကြီးက ဒေါက်တာမျိုးအောင်ဆွဲခေါ်သွားရာနောက် ပါသွားရင်းမှပင် ကေသီကောင်းမွန်ကိုကြည့်ကာ စူးစူးဝါးဝါးထိုးဟောင်နေသေး၏။

ကျွန်ုပ်တို့အားလုံး အိမ်ထဲရောက်သည်အထိပင် ကျားဘို၏မာန်ဖီသံ ဟောင်သံများကို ကြားနေရဆဲပင်။

'သမီးငုဝါ မမအိပ်ရာထဲလှဲရအောင် မမတို့အတွက်လုပ်ထားတဲ့အခန်းထဲမှာ အိပ်ရာပြင်ချည်ကွယ်'

ဒေါ်ခင်ထားမေက သမီးဖြစ်သူငုဝါအောင်ကိုပြောလိုက်၏။

'ကိစ္စမရှိပါဘူး၊ ကျွန်မလုပ်ပါ့မယ် မထား'

'မဟုတ်တာမမာလာ၊ ကျားဘိုကြောင့် ကျွန်မအားနာလိုက်တာရှင်၊ ကျားဘိုဟာ အရင်က ဒီလိုမဟုတ်ပါဘူး'

'ဟုတ်တယ်နော်မေမေ၊ ကျားဘိုကြီး ဘာဖြစ်သွားတာလဲ မသိဘူး'

ထိုစဉ် ကျားဘိုကိုလှောင်ချိုင့်ထဲသွားထည့်သော ဒေါက်တာမျိုးအောင် အိမ်ထဲပြန်ဝင်လာလေသည်။

'ကျွန်တော့်ခွေးကြီးက အရင်ဒီလိုမဟုတ်ဖူးဗျ၊ ဆေးခန်းကိုလူနာတွေဥဒဟိုလာနေတာတောင် ဒီတိုင်းလွှတ်ထားတာ၊ ဒီနေ့မှ ဘယ်လိုဖြစ်သွားတယ်မသိပါဘူးဗျာ'

အိမ်သားအားလုံးက ခွေးနက်ကြီးကျားဘိုအကြောင်းကိုသာ တအံ့တဩပြောဆိုနေကြပေတော့သည်။

♣♣♣♣♣

◆

ညနေပိုင်းတွင် ကျွန်ုပ်၊ဦးကောင်းတင်နှင့် ဒေါက်တာမျိုးအောင်တို့သည် ချောင်းကွေ့ထိပ်သို့ လာခဲ့ကြလေသည်။

မနက်ဖန် ဝါခေါင်လပြည့်နေ့တွင် စောင့်ကြည့်ကြမည့်ကိစ္စအတွက် ကြိုတင်လေ့လာထားရန် သွားရောက်ကြခြင်းဖြစ်လေ၏။

ကေသီကောင်းမွန် နေမကောင်းဖြစ်နေသည်မို့ ဒေါ်မာလာမွန်ကတော့ လိုက်မလာနိုင်ပေ။

ဒေါက်တာမျိုးအောင်က ယခင်က ဤချောင်းကွေ့ထိပ်ကိုဖြတ်သန်းလာမှသာ ရွာကိုရောက်ကြောင်း၊ တံတားဆောက်ပြီးနောက်ပိုင်း ချောင်းကွေ့အထိ လာစရာမလိုတော့ကြောင်း၊ ထို့ကြောင့် ဤနေရာသည် လူသူအရောက်အပေါက်မရှိသောနေရာဖြစ်သွားပြီဖြစ်ကြောင်း၊ ဤနေရာမှလွန်၍သွားလျှင် ရိုးမတောင်နှင့် ရိုးမတောသာရှိတော့ကြောင်း၊ ထို့ကြောင့် မနက်ဖန်တွင်လေ့လာမည့်ကိစ္စကို မည်သူ့အနှောက်အယှက်မှမရှိပဲ လုပ်နိုင်မည်ဖြစ်ကြောင်း. . ရှင်းပြလေသည်။

'လွန်ခဲ့တဲ့ဆယ်နှစ်က ဆရာစောင့်ကြည့်စဉ်ကရော တံတားကြီးဆောက်ပြီးပြီလားဆရာ'

ကျွန်ုပ်က ဒေါက်တာမျိုးအောင်ကိုမေးလိုက်သည်။

'မဆောက်ရသေးပါဘူးဒေါက်တာ၊ တံတားက ဧစခုနှစ်ကမှ ဆောက်တာပါ၊ လေးနှစ်ပဲရှိပါသေးတယ်'

'ဒါနဲ့ မင်းနဲ့အတူစောင့်ကြည့်ခဲ့တဲ့ ဆရာဦးကြည်လင်းဆိုတာကော မျိုးအောင်'

ဦးကောင်းတင်က မေးလိုက်သည်။

'ဦးကြည်လင်း အညာဖက်ကို ပြောင်းရတယ်၊ အခု မြို့နယ်ပညာရေးမှူးတောင်ဖြစ်နေပြီ'

ကျွန်ုပ်တို့သည် မနက်ဖန်တွင် စောင့်ကြည့်မည့်နေရာကို ရွေးချယ်ကြလေ၏။

ချောင်း၏ အနောက်ဖက်တွင် ညောင်မှတ်ဆိတ်ပင်ကြီးတစ်ပင်ပေါက်နေရာ ထိုအပင်ကြီးအောက်ကိုပင် ရွေးချယ်လိုက်ကြလေ၏။ အပင်ကြီးက အကာအကွယ်ရသည့်အပြင် ထိုင်စရာကျောက်တုံးကြီးများလည်း အပင်အောက်၌ရှိနေ၏။

www.burmeseclassic.com

ညောင်မုတ်ဆိတ်ပင်ကြီးအောက်မှ ချောင်းထိပ်အထိ ဝါးနှစ်ရိုက်ခန့်သာကွာကာ ချောင်းထိပ်မြင်ကွင်းကို ထင်ထင်ရှားရှားမြင်ရနိုင်ပါသည်။ ထိုမြင်ကွင်း၏နောက်ဖက်တွင် ရွာကိုလည်း ခပ်ရေးရေးမြင်တွေ့နေရပေသည်။

ကျွန်ုပ်တို့သည် ယခင်ဆယ်နှစ်က ဒေါက်တာမျိုးအောင် ဓာတ်ပုံရိုက်ခဲ့ရာတွင် ဝိညာဉ်များ၏ပုံရိပ် မထင်ဟပ်ကြောင်း သိပြီးသော်ငြား. . ဓာတ်ပုံရိုက်ရန် စီစဉ်ထားပြီးဖြစ်ပါသည်။ ကျွန်ုပ်နှင့်ဦးကောင်းတင်တွင် ဒစ်ဂျစ်တယ်ကင်မရာတစ်လုံးစီ ပါလာခဲ့လေသည်။ ဒစ်ဂျစ်တယ်ကင်မရာမှာ လှုပ်ရှားမှု(ဗွီဒီယို)ပါရိုက်လို့ရသည်မို့ အခြေအနေပေးပါက ဗီဒီယိုဖြင့် ရိုက်ကူးရန်ပါ စီစဉ်ထားလေ၏။

မနက်ဖန်အတွက် လိုအပ်သမျှ စီစဉ်အကွက်ရိုက်ပြီးသည့်အခါ. . ဒေါက်တာမျိုးအောင်က ကိုဒေါနနှင့်မစပယ်တို့ မြှုပ်နှံထားရာသင်္ချိုင်းဂူအား ကျွန်ုပ်ကိုလိုက်ပြခဲ့ပေသည်။

သင်္ချိုင်းဟောင်းကြီးသည်ကား တောကြီးမျက်မည်း အဖြစ် ပြောင်းလဲခဲ့ပေပြီ။ မြက်ပင်၊ ကိုင်းပင်ရှည်များပေါက်ရောက်နေ၍ မြေပုံများ၊ အုတ်ဂူများကို မမြင်သာတော့ပေ။ လွန်ခဲ့သောနှစ်၂၀က ဦးကောင်းတင်တို့မြင်ခဲ့ရသည့် သင်္ချိုင်းဇရပ်ပျက်ကိုလည်း အပျက်အစီးအနေဖြင့်ပင် မမြင်ရတော့ပါ၊ ပျက်စီးပျိုကျ၍ မြေခပျောက်ကွယ်ခဲ့လေပြီ။

ဒေါက်တာမျိုးအောင်က ကိုဒေါနနှင့်မစပယ်တို့အုတ်ဂူရှိရာသို့ ကိုင်းပင်များကိုဖယ်ရှားကာ ရှေ့မှသွားနှင့်သည်။

ကိုင်းပင်ရှည်များကြားဝယ်မြုပ်ကွယ်နေသော ကျယ်ပြန့်လှသည့် အုတ်ဂူကြီးကို မြင်လိုက်ရလေပြီ။

အုတ်ဂူပေါ်၌ခွေးလေးတစ်ကောင်အိပ်နေသည်ကို တွေ့လိုက်ရလေ၏။ ကျွန်ုပ်တို့အနားရောက်သွားသည့်အခါ ခွေးကလေးက ခေါင်းထောင်၍ကြည့်လိုက်ရင်း အုတ်ဂူပေါ်မှ ဆင်းပြေးသွားလေ၏။

ခွေးကလေးသည် အမွေးများတစ်ကိုယ်လုံးဖြူနေသော ရိုးရိုးအိမ်မွေးခွေးလေးသာဖြစ်ပေ၏။ ကြည့်ရသည်မှာ အုတ်ဂူပေါ်တွင် အေးမြသောကြောင့် လာနေနေဟန်တူပေသည်။

ခွေးကလေးက ကျွန်ုပ်တို့အား အုတ်ဂူနှင့်ခပ်လှမ်းလှမ်းမှ ကြည့်နေပေသည်။

အုတ်ဂူပေါ်တွင် အပင်များ တွယ်ကပ်ပေါက်ရောက်နေကာ ရေညှိများလည်း တက်လျှက်ရှိလေသည်။ အုတ်ဂူ၏သက်တမ်းကား နှစ်ပေါင်း၉၀ကြာခဲ့လေပြီတည်း။ ကဗ္ဗည်းထိုးထားသောစာတမ်းများကိုလည်း ရေညှိများဖုံးကွယ်ထား၍ မမြင်သာတော့ပါပေ။

သြော်. . မနက်ဖန် ဝါခေါင်လပြည့်နေ့ဆိုလျှင် အုတ်ဂူထဲ၌လဲလျောင်းနေကြသည့် ချစ်သူနှစ်ဦး၏ဝိညာဉ်များသည် အပြင်လောကသို့ ထွက်လာကြဦးမှာပါတကား။

♣♣♣♣♣

www.burmeseclassic.com

◆

ခရစ်နှစ် ၂၀၀၂ခုနှစ်၊ ဩဂုတ်လ ၂၃-ရက်၊ မြန်မာသက္ကရာဇ် ၁၃၆၄ခုနှစ် ဝါခေါင်လပြည့်နေ့သို့ ရောက်ရှိလာခဲ့လေပြီ။

ထိုနေ့ကား ကိုဒေါနနှင့်မစပယ်တို့ ကွယ်လွန်ခဲ့သည်မှာ နှစ်ပေါင်း၉၀ပြည့်သောနေ့ပင်ဖြစ်တော့သည်။

ကျွန်ုပ်တို့သည် ညနေ၄နာရီအချိန်ကပင် ချောင်းကွေ့ထိပ်သို့ရောက်ရှိနေကြလေ၏။

ကျွန်ုပ်ဒေါက်တာစိုးထိုက်၊ ဒေါက်တာမျိုးအောင်နှင့် ဦးကောင်းတင်၊ ဒေါ်မာလာမွန်တို့ဖြစ်ကြလေသည်။

ကေသီကောင်းမွန်လေးမှာ အိပ်ပျော်နေ၍ ဒေါ်လှယဉ်တို့အားအပ်ထားခဲ့ပေသည်။ ကေသီကောင်းမွန် အိပ်ပျော်မနေလျှင်လည်း ကျွန်ုပ်တို့ကခေါ်ခဲ့မည်မဟုတ်ပေ။ တစ်နည်းတစ်ဖုံဖြင့် လှည့်ပတ်ထားခဲ့မည်သာဖြစ်သည်။

ကျွန်ုပ်တို့ လုပ်ဆောင်နေသည့်ကိစ္စကို လူကြီးများဖြစ်သော ဒေါ်လှယဉ်နှင့် ဒေါ်ခင်ထားမေတို့သာသိရှိပြီး၊ ငုဝါအောင်မှာမူ ဤအကြောင်းများကို သိမထားပါပေ။ ကေသီကောင်းမွန်ကိုကား ရှေးဦးကတည်းကပင် ပြောပြမထားခဲ့ပါ။

ထိုနေ့က မိုးသည် မနက်ပိုင်းကတည်းက သည်းလိုက်စည်းလိုက်နှင့် မရွာတစ်လှည့် ရွာတစ်လှည့်ဖြစ်နေပေ၏။ ညနေပိုင်း၌ ခပ်ဖွဲဖွဲလေးမျှသာ မပြတ်ရွာသွန်းနေပြန်တော့သည်။

ကျွန်ုပ်တို့ယောက်ျားသားသုံးယောက်မှာ မိုးကာကိုယ်စီနှင့်ဖြစ်ပြီး ဒေါ်မာလာမွန်ကမူ ထီးတစ်လက်ဆောင်းထားပေ၏။ ယောကျ်ားသုံးယောက်သည် ကင်မရာကိုယ်စီလွယ်ကာ ရိုက်ကူးရန်အသင့်ပြင်ဆင်ထားကြလေသည်။

ဒေါ်မာလာမွန်ကား ပွဲကြည့်ပရိသတ်သက်သက်အဖြစ်လိုက်ပါလာခြင်းပင်။

ကျွန်ုပ်တို့သည် ညောင်မုတ်ဆိပ်ပင်ကြီးအောက်တွင် တွဲကျနေသော ညောင်ကိုင်းများကြား၌ မိုးခိုကာ စောင့်ဆိုင်းလျှက်ရှိကြပေ၏။

ညနေလေးနာရီကတည်းကပင် ဝိရိယပိုစွာ လာရောက်စောင့်ဆိုင်းနေခြင်းဖြစ်လေတော့သည်။

ညနေငါးနာရီကျော်ကျော်ခန့်တွင် မိုးသည် ရုတ်တရက်တိတ်သွားလေ၏။ နေလည်း ပြန်ပွင့်လာလေသည်။

ကျွန်ုပ် ဝမ်းသာသွားမိလေသည်။

ကျွန်ုပ်၏ **အတိတ်ပုံရိပ်ယောင်ထင်ဟပ်ခြင်း**-သဘောတရားအရဆိုလျှင်. . လွန်ခဲ့သောနှစ်ပေါင်း၉၀၊ ဝါခေါင်လပြည့်နေ့က ရာသီဥတု အခြေအနေအတိုင်း ဖြစ်ပေါ်နေပြီ မဟုတ်ပါလော။

သဘာဝတရားက ထိမ်းသိမ်းသိုမှီးထားသော နှောင်းအတိတ်ကာလ၏ ပုံရိပ်များသည် ထပ်တူကျသော ရာသီဥတုအခြေအနေတွင် တစ်ဖန်ပြန်၍ ထင်ဟပ်လာမည်ဟု မျှော်လင့်ရပေ၏။

သို့နှင့် ညနေခြောက်နာရီအချိန်သို့ ရောက်ရှိလာလေသည်။

အခြေအနေကမူ မထူးခြားသေး။

ကျွန်ုပ်တို့အားလုံး၏ မျက်လုံးများကမူ သချိုင်းကုန်းအဟောင်းရှိရာ တောစပ်သို့ မျှော်ကြည့်နေကြလေသည်။

၆နာရီထိုး၍ ငါးမိနစ်လွန်ချိန်ထိ သချိုင်းကုန်းဆီမှ မည်သည့်အပြောင်းအလဲမှ ဖြစ်ပေါ်မလာသေးချေ။ ၁၉၉၂ခုနှစ်က ဒေါက်တာမျိုးအောင်၏အတွေ့အကြုံအရဆိုသော်. . သချိုင်းထဲမှဝိညာဉ်များ ထွက်ပေါ်လာချိန်တိုင်ပြီမဟုတ်ပါလော။

ကျွန်ုပ်တို့ မျှော်ကြည့်နေကြစဉ်မှာပင်. . သချိုင်းတောစပ်ဆီမှ ထွက်ပေါ်လာသော အရိပ်တစ်ခုကိုမြင်လိုက်ရလေသည်၊

အရိပ်သဏ္ဍာန်ကို သဲကွဲစွာ မြင်လိုက်ရသည်တွင်တော့ စိတ်ဇောကြီးစွာစောင့်မျှော်နေသော ကျွန်ုပ်တို့အားလုံး စိတ်ပျက်သွားကြလေတော့၏။

သချိုင်းထဲမှထွက်ပေါ်လာသောအရာမှာ ခွေးလေးတစ်ကောင်သာဖြစ်လေသည်။ အဖြူရောင်အမွေးများနှင့် ခွေးဖြူလေး

www.burmeseclassic.com

သည် သချိုင်းတောစပ်မှ ထွက်ခွာကာ ချောင်းဖက်ဆီသို့လာလျှက်ရှိပေ၏။

ကျွန်ုပ်တို့က ခွေးကလေးကိုမှတ်မိလိုက်လေ၏။ မနေ့က ကိုဒေါနနှင့်မစပယ်တို့အုတ်ဂူပေါ်တွင် အိပ်စက်နေသောလေလွင့်ခွေးကလေးပင်ဖြစ်ပေသည်။

ကျွန်ုပ်တို့ကား သချိုင်းဆီသို့သာ ဆက်၍မျှော်ကြည့်နေကြပြန်လေသည်။

ဝိညာဉ်တို့၏အရိပ်အယောင်ကိုကား မမြင်ရသေး။

သူတို့ ဘာလို့ထွက်မလာကြသေးပါလိမ့်။

ခွေးဖြူလေးသည် တရွေ့ရွေ့လျှောက်လာရာမှ ချောင်းနှင့်နီးလာသည့်အခါ ချောင်းထိပ်ဆီသို့ ပြေးလာလေသည်။

ခွေးဖြူလေးက ချောင်းကွေ့ထိပ်တွင် ရပ်လိုက်လေ၏။ ခွေးကလေးသည် ခေါင်းကိုပတ်ချာလှည့်၍ ပတ်ဝန်းကျင်ကို ဟိုသည်လှည့်ပတ်ကြည့်ရှုပြီးနောက်. . သံရှည်ဆွဲကာ အူလိုက်လေသည်။

'ဟာ. . ဒီခွေးက အနှောက်အယှက်လာပေးနေပြန်ပါပြီ'

ဒေါက်တာမျိုးအောင်က ငြီးငြူလိုက်လေသည်။

'ကိစ္စမရှိပါဘူး၊ ဝိညာဉ်တွေဟာ အနီးအနားမှာ ဘာဖြစ်နေနေ သူတို့ရောက်ချိန်တန်ရင် ရောက်လာတာပဲမဟုတ်လား၊ စောင့်ကြည့်ကြသေးတာပေါ့'

ဦးကောင်းတင်က ပြောလိုက်လေ၏။

ခွေးဖြူလေးက ခေါင်းကိုအထက်သို့မော်ကာ သံရှည်ဆွဲ၍အူနေဆဲပင်။

ထိုစဉ် ကျွန်ုပ်တို့မြင်ကွင်းထဲသို့ ရွာဖက်မှလာနေသောလူနှစ်ဦး၏ပုံရိပ် ဝင်လာလေသည်။

ကျွန်ုပ်တို့ ထိုင်နေသည်မှာ ချောင်းဖက်မျက်နှာလှည့်၍ ထိုင်နေခြင်းဖြစ်ရာ ချောင်းတစ်ဖက်မှရွာရှုခင်းကို မြင်နေရပေ၏၊

ရွာဖက်မှ ချောင်းဆီသို့လျှောက်လာနေသောလူနှစ်ဦးကိုလည်း မြင်နေရပေသည်။

လူနှစ်ဦးသဏ္ဍာန်မှာ နီးလာသည်နှင့်အမျှ ပီပြင်လာရာ မိန်းကလေးနှစ်ဦးဖြစ်နေသည်ကို တွေ့လိုက်ရ၏။ ထိုမိန်းကလေးနှစ်ဦးမှာလည်း အခြားမဟုတ်။ ကေသီကောင်းမွန်နှင့်ငုဝါအောင်တို့ဖြစ်နေကြပေသည်။

'ဟင်. . ဟိုမှာ သမီးတို့နှစ်ယောက်ပါလား'

ဒေါ်မာလာမွန်က တအံ့တသြရေရွတ်လိုက်သည်။

'ပျင်းလို့လိုက်လာကြတာထင်ပါရဲ့မွန်'

ဦးကောင်းတင်က ပြောလိုက်လေသည်။

ထိုအခိုက်မှာပင်. . အဖြစ်အပျက်တို့က လျှင်မြန်စွာပင် ဇယ်ဆက်သလို ဆက်တိုက်ဖြစ်ပေါ်သွားပါလေတော့၏။

ချောင်းထိပ်မှ ခွေးဖြူလေးက အူနေဆဲ. .

ကေသီကောင်းမွန်သည် ချောင်းအနီးအရောက်တွင် ငုဝါအောင်နှင့်အတူလက်တွဲလျှောက်လာရာမှ ငုဝါအောင်၏လက်ကိုဖြုတ်ချကာ ချောင်းထိပ်ဆီသို့ပြေးလာလေသည်။

ငုဝါအောင်က နောက်တွင် ကျန်နေရစ်ခဲ့လေ၏။

ကေသီကောင်းမွန်က ချောင်းထိပ်မှ ခွေးဖြူလေးဆီသို့ အရောက်ပြေးလာကာ ခွေးဖြူလေးအနီးတွင် ရပ်လိုက်လေ၏။ ခွေးဖြူလေးသည်လည်း ကေသီကောင်းမွန် ရောက်အလာတွင် အူနေသည်ကို ရပ်လိုက်ကာ ကေသီကောင်းမွန်အား မော်ကြည့်နေလေသည်။

ကေသီကောင်းမွန်သည် မြေတွင်ဒူးထောက်ထိုင်ချလိုက်ကာ. . ခွေးဖြူလေးအား ပွေ့ဖက်လိုက်လေသည်။

ခွေးဖြူလေးက ကေသီကောင်းမွန်၏ခန္ဓာကိုယ်အနံ့ကိုလိုက်လံနမ်းရှုံ့ကာ တအီအီအသံပေးနေလေ၏။

ကျွန်ုပ်တို့အားလုံးသည် လှုပ်ရှားရန်သတိမရမိပဲ မြင်ကွင်းကို အံ့သြစွာ ငေးမောကြည့်နေမိကြ၏။

ထိုအခိုက်တွင်. . မမျှော်လင့်သော နောက်ထပ်ဖြစ်ရပ်တစ်ခုက ရုတ်တရက်ပေါ်ပေါက်လာပြန်လေ၏။

www.burmeseclassic.com

ရွာဖက်ဆီမှ အပြေးလာနေသော ခွေးနက်ကြီးကျားဘို။

ကျားဘိုသည် ကျယ်လောင်စွာဟိန်းဟောင်ကာ ချောင်းထိပ်ဆီသို့ပြေးလာလေသည်။

ကေသီကောင်းမွန်နှင့် ခွေးဖြူလေး ပွေ့ဖက်နေသည့်နေရာသို့ဦးတည်ကာ အငြိုးတကြီး ကိုက်ခဲတော့မည်ဟန်ဖြင့် ပြေးလာခြင်းဖြစ်လေသည်။

အဦးဆုံး သတိဝင်လာသူမှာ ဒေါက်တာမျိုးအောင်ဖြစ်လေသည်။

ဒေါက်တာမျိုးအောင်သည် ကင်မရာကို မြေပေါ်တွင်ချခဲ့ကာ သစ်ပင်အောက်မှ ခုန်ထွက်လိုက်သည်။

'ဟေး. . ကျားဘို၊ ကျားဘို၊ သွား-သွား'

ဒေါက်တာမျိုးအောင်က ပြေးသွားရင်း ကျားဘိုကိုဟန့်တားလိုက်လေ၏။

သို့ရာတွင် ဒေါက်တာမျိုးအောင်သည် ကျားဘိုထက်နောက်ကျကာ ထိုနေရာသို့ရောက်သွားလေသည်။

ကျားဘိုသည် ကေသီကောင်းမွန်နှင့် ခွေးဖြူလေးအားခုန်အုပ်လိုက်လေ၏။

'ဟာ. . '

'အို. . '

'အမလေး. . '

လျှပ်တစ်ပျက်အတွင်း၌ ခွေးနှစ်ကောင် လုံးထွေးကိုက်ခဲနေသည့်မြင်ကွင်းကို ကျွန်ုပ်တို့မြင်လိုက်ရလေ၏။

တော်ပေသေးသည်။ ကျားဘိုသည် တောက်လျှောက်ရန်လိုလာခဲ့သော ကေသီကောင်းမွန်ကို ကိုက်ခဲခြင်းမဟုတ်ပဲ ခွေးအချင်းချင်းသာ ရန်သူသဖွယ် ကိုက်ခဲလျှက်ရှိပေသည်။

ဒေါက်တာမျိုးအောင်က အနီးသို့အရောက်တွင် ကေသီကောင်းမွန်အား မြေမှဆွဲထူကာ ရင်ခွင်ထဲတွင် ပွေ့ပိုက်ထားလိုက်လေ၏။

'သမီး. . သမီး. . '

ကေသီကောင်းမွန်သည် ဒေါက်တာမျိုးအောင်ရင်ခွင်ထဲတွင် ညွတ်ခွေကျကာ သတိလစ်သွားလေတော့သည်။

ခွေးနှစ်ကောင်သည်လည်း လုံးထွေး ကိုက်ခဲကြရင်းမှ အားလွန်ကာ ချောင်းထဲသို့ကျသွားကြလေသည်။ ချောင်းရေများသည် ဂယက်ထသွားလေ၏။

ခွေးနှစ်ကောင်ကား ရေထဲကျသွားသည့်တိုင် ကိုက်ခဲနေကြဆဲပင်။ ထို့နောက် အစီးသန်လှသောချောင်းရေထဲတွင် မျောပါကာ ဝဲကတော့တစ်ခုက သူတို့နှစ်ကောင်ကိုစုပ်ယူလိုက်လေသည်။

ရေပြင်တည်ငြိမ်သွားသည်တွင် ခွေးနှစ်ကောင်ကိုလည်း မတွေ့မြင်ရတော့ပါပေ။

ကျွန်ုပ်သည် ဖြစ်ရပ်ကို စာဖြင့်အသေးစိတ်ရေးသားတင်ပြနေခြင်းဖြစ်၍ အဖြစ်မှာ ကြာမြင့်သည်ဟု ထင်ကောင်းထင်ပေလိမ့်မည်။ အမှန်မှာ စက္ကန့်ပိုင်းအတွင်း လျှင်မြန်စွာဖြစ်ပျက်သွားခြင်းဖြစ်ပါသည်။

ဒေါက်တာမျိုးအောင်နှင့် ကေသီကောင်းမွန်တို့ဆီသို့ ကျွန်ုပ်၊ ဦးကောင်းတင်နှင့်ဒေါ်မာလာမွန်တို့ အပြေးရောက်ရှိသွားကြလေ၏။ ငှဝါအောင်လေးလည်း ရောက်လာလေသည်။

'သမီး. . သမီး. . ကေသီ. . '

ဒေါ်မာလာမွန်က ကေသီကောင်းမွန်၏မေးဖျားကိုလှုပ်ယမ်းကာ ခေါ်လိုက်လေသည်။

'အင်. . အင်. . '

ကေသီကောင်းမွန်က ငြီးငြူရင်း သတိပြန်လည်လာလေသည်။

'သမီးရယ် ဘာဖြစ်လို့ ဒီကိုလိုက်လာရတာလဲကွယ်'

ဒေါ်မာလာမွန်က ကေသီကောင်းမွန်ကို ရင်ခွင်ထဲ၌ပွေ့ထားလိုက်လေသည်။

www.burmeseclassic.com

'မသိဘူးမေမေ၊ သမီး မေမေတို့နောက်ကိုလိုက်ချင်စိတ်ပေါ်ပြီး ငုဝါလေးကိုလိုက်ပို့ခိုင်းတာပါ၊ ဒီရောက်တော့ ခွေးကလေးကိုကြည့်ပြီး ဘယ်လိုသနားမိမှန်းမသိဘူး'

'အို. . '

'ပြန်ကြစို့၊ ကိုယ်တို့ပြန်ကြစို့မွန်၊ လာ. . သမီး'

ဦးကောင်းတင်က ကေသီကောင်းမွန်ကို တစ်ဖက်မှတွဲလိုက်ကာ. . မိဘနှစ်ပါးက တစ်ဖက်တစ်ချက်စီတွဲခေါ်ရင်း ရွာဖက်သို့လျှောက်သွားကြလေတော့သည်။

ကျွန်ုပ်၊ ဒေါက်တာမျိုးအောင်နှင့် ငုဝါအောင်တို့သည် ခပ်လှမ်းလှမ်းမှ နောက်ချန်ကာ လိုက်လာကြလေ၏။

'ဖေဖေ၊ ကျားဘိုကြီးကို ပြန်ပြီးမရှာတော့ဘူးလားဟင်'

'မရှာတော့ဘူးသမီး၊ ခွေးပဲ၊ ရေကူးတတ်ပါတယ်ကွယ်၊ ပြန်လာနိုင်ရင် သူ့ဟာသူပြန်လာပါလိမ့်မယ်၊ ဖေဖေတော့ သူပြန်လာတော့မယ် မထင်ပါဘူး၊ ဒါနဲ့ ကျားဘိုက ဘယ်လိုလွတ်လာတာလဲ၊ သမီးခေါ်လာတာလား'

'မဟုတ်ဖူးဖေဖေ၊ မမကေသီကိုမှ ကျားဘိုကမတည့်တာ၊ သမီးခေါ်လာတာ မဟုတ်ပါဘူး၊ နေ့လည်က မေမေထမင်းကျွေးရင်း လှောင်အိမ်ကလန့်ထိုးဖို့ မေ့သွားလို့ထင်ပါရဲ့ဖေဖေ'

ကျွန်ုပ်တို့သည် စကားဆက် မပြောဖြစ်တော့ပဲ တိတ်ဆိတ်စွာပင် ရွာဆီသို့ပြန်လာခဲ့ကြလေ၏။

ကျွန်ုပ်၏ အတွေးထဲဝယ် ကျောက်ကွေ့ရွာလမ်းချိုးသို့ ဝင်လာကတည်းက ဤနေရာဒေသသို့ ရောက်ဖူးသည်ဟုထင်နေကြောင်း ကေသီကောင်းမွန်ပြောခဲ့သည့်စကားများကို ပြန်ကြားယောင်နေမိလေသည်။

ထို့အပြင် ရန်ကုန်တွင် ဒေါ်မာလာမွန်ပြောပြခဲ့သော လွန်ခဲ့သောနှစ် ၂၀၊ ကျောက်ကွေ့မှပြန်အလာတွင် မစပယ်ကို မကြာခဏအိပ်မက်မြင်မက်ကြောင်း ပြောခဲ့သည်ကိုလည်း ပြန်၍ကြားယောင်မိပေသည်။

သို့ဆိုပါလျှင်. . . .

!!! !!! !!!

အိမ်ပြန်အရောက်တွင် ဧည့်ခန်း ဆက်တီခုံပေါ်၌ ထိုင်ရင်း ကျွန်ုပ်နှင့်ဒေါက်တာမျိုးအောင်သည် စကားမပြောမိကြပဲ အတွေးများဖြင့် ငေးငိုင်နေကြလေသည်။

'ဘဲ့နဲ့လဲကွဲ့၊ မင်းတို့သွားတဲ့ကိစ္စ အောင်မြင်ခဲ့ရဲ့လား၊ ဟိုဟာတွေကို မြင်ခဲ့ကြရဲ့လား'

ဒေါ်လှယဉ်သည် ရေနွေးကြမ်းနှင့် လက်ဖက်သုပ်ပွဲပါသောဗန်းကို မ,ယူလာရင်း ဒေါက်တာမျိုးအောင်အား မေးလိုက်လေသည်။

'မမြင်ခဲ့ရပါဘူး မမကြီး'

'ကောင်းပါလေ့ကွယ်၊ မမြင်ရဘူးဆိုရင် သူတို့ ကျွတ်လွတ်သွားကြလို့ပေါ့၊ နှစ်ပေါင်းကလည်း ကြာခဲ့ပြီကိုး၊ ကျွတ်ကြလွတ်ကြပါစေ၊ ကောင်းရာဘုံဘဝရောက်ကြပါစေကွယ်'

ဒေါ်လှယဉ်က ရေနွေးဗန်းကို စားပွဲပေါ်ချပေးခဲ့ပြီး ပြန်ထွက်သွားလေသည်။

'ဒေါက်တာ၊ ဒီအကြောင်းကို ကျွန်တော်ဘယ်တော့မှ မဆွေးနွေးတော့ဘူး၊ မပြောတော့ဘူးဗျာ၊ ရင်ထဲမှာပဲ သိမ်းထားလိုက်တော့မယ်'

'ဟုတ်ကဲ့ဆရာ၊ ကောင်းပါတယ်'

'ဆေးခန်းထဲမှာ ကျွန်တော့်လူနာတွေစောင့်နေလို့ သွားလိုက်ဦးမယ်ဒေါက်တာ၊ ရေနွေးကြမ်းသောက်ပါဦး'

ဒေါက်တာမျိုးအောင်က ကျွန်ုပ်ကိုနှုတ်ဆက်ကာ ဆေးခန်းဆီသို့ထွက်သွားလေသည်။

ဦးကောင်းတင်နှင့်ဒေါ်မာလာမွန်တို့ ဧည့်ခန်းသို့ရောက်လာလေ၏။

'ကေသီလေးအခြေအနေဘယ်လိုလဲ'

www.burmeseclassic.com

'ကောင်းနေပါတယ်၊ အိပ်ရာထဲမှာ မှိန်းခိုင်းထားတယ် ဒေါက်တာ'

'သူ ဘာမေးသေးလဲ'

'ဘာမှမမေးရှာပါဘူး၊ သူဘာကိုမှလည်း သိပုံမရဘူး၊ ခွေးဖြူလေးကို သနားတယ်လို့ပဲပြောတယ်'

'ဒုက္ခပါပဲရှင်၊ ကျွန်မတို့ ဒီကိုလာမိတာ မှားပြီထင်ပါရဲ့ ဒေါက်တာ'

ဒေါ်မာလာမွန်က ထိုင်ခုံတွင် ဝင်ထိုင်ရင်း ပြောလိုက်သည်။

'ဘာဖြစ်လို့လဲဒေါ်မာလာမွန်'

'ပြဿနာရဲ့အဖြေဟာ **"ဘာ"** ဆိုတာ သိလိုက်ရပြီပဲရှင်၊ ပြောဖို့လိုသေးလို့လား'

'ဒေါ်မာလာမွန်စိတ်မကောင်းဖြစ်နေသလား'

'ဟုတ်တယ်ဒေါက်တာ၊ ကျွန်မသမီးလေးကို မစပယ် မဖြစ်စေချင်ဘူးရှင်'

'ဒေါ်မာလာမွန်ပဲ မစပယ်ကို သနားတယ်ဆို၊ ဝိညာဉ်ဘဝက ကျွတ်လွတ်အောင် ဒေါ်မာလာမွန်ကိုယ်တိုင် ဆုတောင်းပေးခဲ့တာမဟုတ်လား'

'ဟုတ်ပါတယ်၊ ကျွန်မသနားတယ်ဆိုတာက သူ့ဘဝကို သနားတာပါ။ ကျွန်မတို့မြင်ခဲ့ရတဲ့ ပုံရိပ်တွေကို ဂရုဏာသက်မိတာပါ။ ကျွန်မသမီးလေးကိုတော့ မစပယ် မဖြစ်စေချင်ပါဘူး ဒေါက်တာရယ်'

'ကေသီကောင်းမွန်လေးဟာ မစပယ် ဖြစ်စေဦးတော့ ဒေါ်မာလာမွန်တို့အနေနဲ့ စိုးရိမ်စရာမရှိပါဘူးဗျာ၊ မစပယ်က လူတစ်ကိုယ် ဘဝတစ်ခုသပ်သပ်ပါ။ ကေသီကောင်းမွန်က ဘဝတစ်ခုသပ်သပ်ပါ။ ခေတ်ကာလချင်းကလည်း မတူတော့ပါဘူး ဒေါ်မာလာမွန်၊ မစပယ်ခေတ်က လူမှုရေးအခြေအနေနဲ့ ခုခေတ်အခြေအနေဟာလည်း ကွာခြားနေပါပြီ၊ ကေသီကောင်းမွန်လေးဟာ ကွန်ပြူတာကျောင်းသူခေတ်ပညာတတ်လေးပဲ၊ သူ့ဘဝက လှပနေပါတယ်၊ မစပယ်လို ချစ်ကံဆိုးတဲ့ဘဝရှင် မဖြစ်နိုင်တော့ပါဘူးလေ'

ဒေါ်မာလာမွန်နှင့် ဦးကောင်းတင်က ကျွန်ုပ်ပြောသောစကားများကို ငေးငိုင်ကာ နားထောင်နေကြလေသည်။

'တကယ်တော့ ဒါတွေဟာ အဆန်းတကြယ်တွေလဲ မဟုတ်ပါဘူးဗျာ၊ ကျွန်တော်တို့ သတ္တဝါတွေဟာ နိဗ္ဗာန်မရခင်စပ်ကြားမှာ ဘဝပေါင်းများစွာကို ကျင်လည်ရောက်ရှိရတာပဲမဟုတ်လား၊ လူဖြစ်လိုက် တိရစ္ဆာန်ဖြစ်လိုက်နဲ့ သံသရာလည်နေကြတဲ့ သံသရာခရီးသည်တွေပါ ဒေါ်မာလာမွန်၊ ကျွန်တော်တို့ရဲ့ ဗုဒ္ဓဘုရားရှင်ကိုယ်တော်တိုင် လူ့ဘဝ တိရစ္ဆာန်ဘဝ ကျေးငှက်သာရကာဘဝများကို အထပ်ထပ်အဖန်ဖန်ရောက်ရှိရင်းက ပါရမီဖြည့်ဆည်းခဲ့ရတာမဟုတ်လားဗျာ'

'ဒေါက်တာက စိတ်ငြိမ်းချမ်းမှုရအောင် တရားတော်နဲ့လည်း နှစ်သိမ့်တတ်ပါပေ့ရှင်၊ ဟုတ်ကဲ့၊ ကျွန်မစိတ်ကို ဖြေသိမ့်လို့ရပါပြီဒေါက်တာ'

'ကေသီကောင်းမွန်လေးက အကြောင်းစုံကို ဘာမှကောင်းကောင်းသိရှာတာမှမဟုတ်ပဲ၊ ဒါတွေကိုလည်း ခဏနေရင် မေ့သွားမှာပါ။ ကျွန်တော်တို့က ဒီအကြောင်းအရာတွေကို မဖော်ထုတ် မပြောဆိုတော့ပဲ နေလိုက်ကြရုံပေါ့ ဒေါ်မာလာမွန်'

'ဟုတ်ကဲ့ဒေါက်တာ၊ ချောင်းထဲကိုကျသွားတဲ့ သတ္တဝါနှစ်ကောင်ဟာလည်း မပြောကောင်းမဆိုကောင်း. . ကိုဒေါနနဲ့ ကိုမုန်တိုင်းတို့ဖြစ်ခဲ့ရင် သူတို့အတွက် ဒါဟာ နောက်ဆုံးဘဝဖြစ်ပါစေလို့ ဆုတောင်းလိုက်ပါတယ်ရှင်. . '

♣♣♣♣♣

www.burmeseclassic.com

◆

နောက်တစ်နေ့မနက်၌ ကျွန်ုပ်တို့သည် ကျောက်ကွေ့ရွာမှ နံနက်စောစောပင် ပြန်လည်ထွက်ခွာခဲ့ကြလေ၏။

နဂိုအစီအစဉ်အရ နှစ်ရက်ခန့်နေထိုင်အပန်းဖြေမည်ဟု ရည်စူးခဲ့သော်လည်း ကြုံရသောအဖြစ်များကြောင့် စိတ်နှလုံးညှိုးနွမ်းကာ ဆက်လက်နေလိုစိတ်ကုန်ခမ်းခဲ့ရခြင်းဖြစ်တော့သည်။

အကြောင်းစုံကို မသိရှာသော ဒေါ်လှယဉ်နှင့် ဒေါ်ခင်ထားမေတို့က တားမြစ်သေးသော်လည်း ဒေါက်တာမျိုးအောင်ကမူ တားမြစ်ခြင်းမပြုတော့ပေ။

ဒေါက်တာမျိုးအောင်သည် ချောင်းကူးတံတားတစ်ဖက်ထိပ်အထိလိုက်ပို့ကာ. . တံတားထိပ်၌ ဆင်းနေရစ်ခဲ့ပေ၏။

ဒေါက်တာမျိုးအောင်က ကျွန်ုပ်တို့အဖွဲ့ကို လက်ပြကာကျန်ရစ်ခဲ့ပေသည်။

ကျွန်ုပ်သည် ဒေါက်တာမျိုးအောင်ကိုငှင်း၊ ဖွံ့ဖြိုးတိုးတက်လျှက်ရှိသော ကျောက်ကွေ့ရွာကြီးကိုငှင်း၊ ရှမ်းရိုးမတောင်တန်းများကိုငှင်း မျှော်၍ကြည့်လိုက်ကာ. .

ဤနေရာဤဒေသတွင် လွန်ခဲ့သောနှစ်ပေါင်း၉၀ကဖြစ်ပွားခဲ့သော ရင်နင့်ကြေကွဲဖွယ် ဖြစ်ရပ်ဆိုးမျိုး ထပ်မံမဖြစ်ပွားပါစေကြောင်းနှင့်. . လူသားအားလုံး တစ်ဦးပေါ်တစ်ဦး မေတ္တာထားနိုင်ပါစေကြောင်း . .

လေးနက်စွာ ဆုတောင်းလိုက်မိလေတော့သတည်း။

**!!! ♣♣♣ !!! ♣♣♣ !!! ♣♣♣ !!!**

ဆောင်းလုလင်

၂-၉-၂၀၀၆

၈-၁၀-၂၀၀၆

www.burmeseclassic.com